ဦးပဂျိုင့်-ရေး

# ဝိပဿနာ
# အခြေခံနှင့်အဖြေမှန်

မဟာဝိဇ္ဇာစာပုံနှိပ်တိုက် နှင့် စာပေဖြန့်ချီရေးဌာန၊
အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့။

၁၆၈၇၀

# ဝိပဿနာ အခြေခံနှင့် အခြေပြမှန်

ကျမ်းပြုသူ-ဦးပဂိုင့်

ပညာမဥ္ဇူပိဋကတ်စာအုပ်ဆိုင်၊
အမှတ်-၁၇၊ ရွှေတိဂုံဘုရားလမ်း၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့၊

မဟာဝိဇ္ဇာ [က]

ပဋ္ဌမအကြိမ် ပုံနှိပ်ခြင်း၊

စာအုပ်ရေ (၂၅၀၀)။

၁၉၇၁-ခုနှစ်၊ မေလ။

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၆၁၉)]

[ပညာမဥ္ဇူ စိဋကတ်စာအုပ်ဆိုင်၊ အမှတ်-၁၇၊
ရွှေတိဂုံဘုရားဈေး၊ ရန်ကုန်မြို့-မှ ဖြန့်ချိသည်။]


ဦးအောင်သင်း (မောင်သင်းဦး) မှတ်ပုံတင်အမှတ် (မြ-၀၁၀၅၅) သင်းစာပေတိုက်၊ အမှတ်-၂၄၄ (က)၊ ၆-လမ်း၊ မြင်သာ တိုးချဲ့ရပ်ကွက်၊ တောင်ဥက္ကလာပမြို့-မှ ထုတ်ဝေ၍၊ ဒေါ်စန်းရီ၊ မှတ်ပုံတင်အမှတ် (မြ-၀၀၂၇) က၊ မဟာဝိဇ္ဇာစာပုံနှိပ်တိုက်၊ အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့-တွင် ရိုက်နှိပ်သည်။

[ဖိုး-၁၄၇၉၅]



ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

သေခါနီး မိဘ မှာကြားသော စကားသည် အရေး
ကြီး၏။ ထိုထက် ပရိနိဗ္ဗာန်ပြုမည့်ဆဲဆဲ ဘုရားရှင်
မှာကြားတော်မူခဲ့သော စကားသည် အရေး
ကြီးလှပေ၏။ အထက်ပါ ပါဠိတော်
သည် ဘုရားရှင် အရေးတကြီး
နောက်ဆုံး လေးနက်စွာ မှာကြားတော်
မူခဲ့သော စကားဖြစ်သည်။ ဤစာအုပ် တအုပ်လုံး၏
လိုရင်းမှာ ဘုရားရှင် အလိုရှိဆုံးဖြစ်သော ဥဒယဗ္ဗယ နှင့်
ဝယ ဓမ္မာ သင်္ခါရာကို ပဓာန ထား၍ ရေးသားခြင်း ဖြစ်၏။
စာမျက်နှာ - ၂၇၇ ဥဒယဗ္ဗယ ဉာဏ်ခန်း၌ တွေ့ရလတံ့။




၃၁ - ဘုံကို အလိုမရှိဘဲ နိဗ္ဗာန်သို့ ရောက်ရှိရန် ကျိုးစားရာ၌ သမထနည်း ဝိပဿနာနည်းဟူ၍ နည်း ၂ - နည်းရှိ၏။ သမာဓိကို မူတည်၍ ပညာကို နောက်မှ ကျိုးစားခြင်းသည် သမထ ယာနိက ဖြစ်၏။ ပညာကိုမူတည်၍ သမာဓိကို နောက်လိုက်စေခြင်းသည် ဝိပဿနာ ယာနိက ဖြစ်၏။

# နိဗ္ဗာန်

နောက်ဆုံး၌

တက်ခါ ဤသို့ပင်

ဤကဲ့သို့ ဆင်းရှာ

လူတို့သည် ရတော့၏။

## ဝိပဿနာ ဘာဝနာကို

အားထုတ်ကြ၍ သောတာပန် ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှာ အောက်သို့ မဆင်းရဲတော့ဘဲ၊ တက်သည်ထက် တက်ခါသာ နေကြ၍ နောက်ဆုံး၌ နိဗ္ဗာန်သို့ ရောက်ရပေတော့၏။ သောတာပန် ဖြစ်ကြကုန်သော ဝိသာခါ၊ အနာထပိဏ်၊ သိကြားမင်း စသည့် ပုဂ္ဂိုလ်တို့မှာ နတ်ပြည်တွင် စည်းစိမ် အမျိုးမျိုးကို ခံစားလျက် ရှိနေကြကုန်၏။ သောတာပန်ဖြစ်ရန်မှာ ဒါန, သီလကို ပြုရုံလောက်မျှနှင့် မပြီးသေး၊ ဝိပဿနာ ဘာဝနာကို ကျိုးစားအားထုတ် ရလေသေး၏။ ဒါန,သီလသည် နတ်ပြည်ကိုကား ရောက်၏။ ပြန်မကျအောင် မတတ်နိုင်၊ ဝိပဿနာမှသာ တတ်နိုင်၏။

# ဤကျမ်းကို ပြုစုရခြင်းသည်

မိမိ၏ ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးတို့ကို မထိန်ကျန် မသိဝှက်ရသည်နှင့်အညီ နှစ်ပေါင်း များစွာက အစပြု၍ တရားဓမ္မကို သင်ကြားပြသ ပေးတော်မူခဲ့ကြကုန်သော ရန်ကုန်မြို့ တောင်လုံးပြန် ရွှေတောင် ပိဋကတ် ကျောင်းတိုက် ဆရာတော် ဦးတေဇိန္ဒနှင့် ကွယ်လွန်သွားရှာသော ပါဠိဆရာကြီး ဆရာဘိုတို့အားရင်း၊ ပဋ္ဌာန်းပါဠိတော်ကို မြည်းနိုင်ရန် သင်ကြားပေးတော်မူကုန်သော မန္တလေး မစိုးရိမ် ဆရာတော်နှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပဋ္ဌာန်း ဆရာတော်အားရင်း၊ ဝိပဿနာ လုပ်ငန်းကို ပါဠိတော် အဋ္ဌကထာများနှင့် ယှဉ်တွဲသင်ပြ ပေးတော်မူသော ရန်ကုန်မြို့ သိမ်ကုန်း ဓမ္မိကာရုံ ကျောင်း ( ညောင်တုံး ) ဆရာတော် ဦးရေဝတဓမ္မအားရင်း၊ ထို့အတူ ဝိပဿနာ လုပ်ငန်းကို တိကျစွာ သင်ကြား ပြသပေးသော အစ်ကိုဝမ်းကွဲတော်စပ်သူ ဟသ်ာတ ဦးသူတော်အားရင်း၊ ကျေးဇူးဆပ်သည် မည်ပါစေသတည်း။

ပရိုဒို

(၁၂–၈–၅၂)။

၁၆၈၁၀

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ချမ်းသာသုခအမျိုးမျိုး | ၁ |
| စာသင်ခြင်းသုံးမျိုး | ၃ |
| ပညာရှာခြင်း | ၆ |
| တရားဂုဏ်ကျေးဇူး | ၇ |
| ဗြဟ္မာတို့ကောင်းချီးပေးခြင်း | ၉ |
| ဘုရားရှင်၏ ဉာဏ်တော် | ၁၃ |
| သံဃာတော်တို့၏ ကျေးဇူး | ၂၀ |
| မင်းတုန်းဘုရင် | ၂၃ |
| ရတနာသုံးပါး ယုံကြည်မှု | ၂၅ |
| သမေစိတ္တော-သမံဖလံ | ၂၇ |
| တဏှာပါသောကုသိုလ် | ၂၉ |
| ဝိပဿနာကုသိုလ် အကျိုးပေးပုံ | ၃၆ |
| အနာထပိဏ်သူဌေးကြီး ငိုရှာခြင်း | ၄၂ |
| ခနဠာနိပုဏ္ဏားကြီး | ၄၄ |
| အရှင်စူဠပန် | ၄၄ |
| ဝိဝဋ္ဋကုသိုလ် | ၄၅ |
| ပေါဋ္ဌိလမထေရ် | ၄၆ |
| အတ္ထဒတ္ထမထေရ် | ၄၇ |
| ဝက္ကလိမထေရ် | ၄၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အစဉ်မပြတ် ဆင်ခြင်ရမည့်တရား | ၅၁ |
| လူတိုင်းနှင့်လျော်သော ကမ္မဋ္ဌာန်း | ၅၃ |
| သိကြားမင်းပင် လေးစားရခြင်း | ၅၅ |
| အသက်တရာနှင့် ခဏိကမရဏ | ၅၇ |
| ပုဂ္ဂိုလ်လေးဦး | ၆၁ |
| ရှင်သာရိပုတ္တရာ | ၆၃ |
| စာဘတ်ရမည် | ၆၆ |
| စာအုပ်ဘိုးနှင့် ဆရာကောင်း | ၆၇ |
| သောတာပန်ဖြစ်ရန် အကြောင်း ၄-ပါး | ၇၀ |
| စာသင်ကြားရန်လို၏ | ၇၁ |
| မဂ္ဂင်ရှစ်ပါး | ၇၄ |
| ဗောဇ္ဈင် ၇-ပါး | ၇၉ |
| သူတော်ကောင်း ဥစ္စာ ၇-ပါး | ၈၄ |
| သုပ္ပဗုဒ္ဓ | ၈၈ |
| ဝိပဿနာ အရသာ | ၈၉ |
| ၁၂-ပါးသော တိရစ္ဆာနကထာ | ၈၉ |
| ဥပက္ကိလေသာ ၁၀-ပါး | ၉၂ |
| ဆရာတော်ကြီး ၂-ပါး | ၉၅ |
| အဆိပ်ကို ပျားရေဖုံးထားခြင်း | ၉၇ |
| ကာဏကစ္ဆပလိပ်ကန်း | ၉၉ |
| ငရဲကြီးရှစ်ထပ် | ၁၀၀ |
| အိပ်မက်ဘဝ | ၁၀၁ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သေလျှင်အဘယ်ဘုံသို့ | ၁၀၂ |
| တမ္ဗဒါဓိက | ၁၀၄ |
| အာသန္နကံနှင့်-တိဿမထေရ် | ၁၀၅ |
| ဧရကပတ္တနဂါးနှင့် မလ္လိကာ | ၁၀၆ |
| အသောကမင်းကြီး | ၁၀၇ |
| ဘာဝနာ ၂-ပါးသာလျှင် | ၁၀၈ |
| ဒုလ္လဘတရား ၅-ပါး | ၁၀၉ |
| ကိလေသာ ခေါင်းပါးမှု | ၁၁၀ |
| အနုသယပြုတ်ရန် | ၁၁၅ |
| အဝိဇ္ဇာတိုးတက်နေခြင်း | ၁၂၀ |
| အရှင်စိတ္တဂုတ္တမထေရ် | ၁၂၄ |
| မဟာမိတ္တမထေရ်မြတ် | ၁၂၇ |
| ဗာဟိယဒါရုစိ | ၁၂၈ |
| ငါ-မပါရ ပဌာန်းပဉ္စာဝါရ | ၁၃၆ |
| မဂ်ဖြင့်ဖြတ်အပ်သော သံယောဇဉ် | ၁၄၂ |
| မရှိဘဲလျက် ရှိနေသော ခန္ဓာ ၅-ပါး | ၁၄၅ |
| ပညတ် နှင့် ပရမတ် | ၁၄၇ |
| လမ်းမှန်သို့လိုက်ရန် | ၁၅၄ |
| သိကြားမင်းထူးခြားစွာ အကျိုးခံစားရပုံ | ၁၅၆ |
| ဝေဒနာခံစားလိုမှု | ၁၆၀ |
| နဂါးအမေး-ဘုရားရှင်အဖြေ | ၁၆၄ |
| ဒွါရ ၆-ပေါက် | ၁၆၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အဇ္ဇေဝကိစ္စံ-အာတပ္ပံ | ၁၆၉ |
| ဖြဟ္မာ့အဆို နှင့် ဘုရားရှင်အလို | ၁၇၁ |
| **အရေးကြီးသော ဝိပဿနာဉာဏ် ၄-ပါး** | ၁၇၅ |
| အနတ္တတရား | ၁၇၇ |
| ၃၂-ကောဋ္ဌာသ | ၁၇၈ |
| **နာမရူပ ပရိစ္ဆေဒဉာဏ်** | ၁၉၃ |
| (ဇယား)နာမ် နှင့် ရုပ် | ၂၁၅ |
| **ပစ္စယပရိဂ္ဂဟာဉာဏ်** | ၂၁၉ |
| (ဇယား)အာယတန နှင့် ဓာတ် ၁၈-ပါး | ၂၂၁ |
| (ဇယား)စိတ်တလုံး ဖြစ်ရပုံ | ၂၂၆ |
| **သမ္မသနဉာဏ်** | ၂၄၉ |
| ဃော ၄၀ | ၂၅၉ |
| **ဥဒယဗ္ဗယဉာဏ်** | ၂၇၇ |
| ခုဇ္ဇုတ္တရာ | ၂၇၉ |
| လောသကတိဿ | ၂၈၁ |
| မဟာသိဝမထေရ် | ၂၉၇ |
| မာရ်နတ်နှင့်အလောင်းတော် | ၃၀၁ |
| ရဟန္တာမဆိတ်ကြောင်း | ၃၀၃ |
| **ဘင်္ဂဉာဏ်** | ၃၀၄ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဘယဉာဏ် | ၁၀၅ |
| အာဒီနဝဉာဏ် | ၁၀၈ |
| နိဗ္ဗိဒါဉာဏ် | ၁၁၀ |
| ဝိပဿနာနတ်သား | ၁၁၂ |
| မုဥ္စိတုကမျတာဉာဏ် | ၁၁၅ |
| ပဋိသင်္ခါဉာဏ် | ၁၁၇ |
| သင်္ခါရုပေက္ခာဉာဏ် | ၁၁၈ |
| မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် | ၁၂၂ |
| နိဗ္ဗာန် နှင့် သောတာပန် | ၁၂၅ |
| နိဗ္ဗာန်အယူအဆ | ၁၂၈ |



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ချမ်းသာ သုခ အမျိုးမျိုး

ကာမသုခ

ဈာနသုခ

ဖလသုခ

နိဗ္ဗာနသုခ

ချမ်းသာသုခ တို့တွင် ကိလေသာ ကာမဖြင့် သုံးဆောင်ခံစား ခြင်းကြောင့် ကာမ သုခမည်၏။ ပဌမ ဈာန်အစ နေဝသညာ နာသညာ ယတန ဈာန်အဆုံး၊ အလုံးစုံသော ဈာန်ချမ်းသာ သည် ဈာနသုခမည်၏။ သောတာပတ္တိဖိုလ်အစ အရဟတ္တဖိုလ် အဆုံး၊ အလုံးစုံသော ဖိုလ်ချမ်းသာသည် ဖလသုခ မည်၏။ ဒုက္ခအပေါင်း ချုပ်ရာချုပ်ကြောင်း ချမ်းသာစင်စစ် အနှစ် ဖြစ်သော နိဗ္ဗာန်ချမ်းသာသည် နိဗ္ဗာနသုခ မည်၏။

## (၂) ဝိပဿနာ အခြေခံနှင့် အဖြေမှန်

ကာမသုခချမ်းသာသည် အညံ့ဆုံး ဟီန ချမ်းသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုရသော် ၎င်းချမ်းသာကို ခံစားလျှင် အကုသိုလ်တရားတို့ကို ပွားများစေတတ်သောကြောင့်၎င်း၊ ယုတ်သောအဖြစ်သို့ လားစေတတ်သော ကြောင့်၎င်း၊ ကြီးစွာသောသောက, ပရိဒေဝ စသော ဒုက္ခအပေါင်းတို့ကို ဖြစ်စေတတ်သော သဘောတို့ကြောင့်တည်း၊ ရှေ့စာမျက်နှာ များတွင် ထင်ရှားလတံ့။

ဈာန်တရားတို့၌ ရှိသော ဈာနသုခသည် အလယ်အလတ်ဖြစ်သော မဇ္ဈိမ ချမ်းသာ မည်၏။ အကြောင်းသော်ကား ကာမသုခနှင့် လောကုတ္တရာ သုခ ၂-ပါးတို့၏ အကြား၌တွင် ရှိခြင်းကြောင့်တည်း။ ဖိုလ် ၄-ပါးတို့၌ ရှိသော ချမ်းသာသည် အမြတ်ဖြစ်သော ပဏီတ ချမ်းသာမည်၏။ ၎င်းဖိုလ် ချမ်းသာမှာ တပါးသော ကိစ္စကိုမပြုမူ၍ တနေ့ပတ်လုံး သုံးဆောင်ဝင်စားပြီး နေသော်လည်း အားရရောင့်ရဲခြင်း မဖြစ်ဘဲ နေနိုင်သောကြောင့်တည်း။ ဤ၌ ဋီကာအလို ချဲ့ရသော်....

မီးသည် လောင်စာဖြင့် မရောင့်ရဲ၊ မဟာသမုဒ္ဒရာသည် မြစ်ကြီး မြစ်ငယ်တို့မှ စီးဝင်လာသော ရေတို့ဖြင့် မရောင့်ရဲ။ မင်းတို့သည် တိုင်းပြည် နယ်ပယ်တို့ဖြင့် မရောင့်ရဲ။ အလိုကြီးသော ပုဂ္ဂိုလ်သည် ဥစ္စာပစ္စည်းတို့ဖြင့် မရောင့်ရဲကြကုန်။

ထို့အတူ သေက္ခပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော မိမိတို့ ဖလသမာပတ်၌ မရောင့်ရဲနိုင်ပေ။ ။ဤသို့ ဖိုလ် ၄-ပါးတို့၌ရှိသော သုခသည် သုံးဆောင် ခံစား၍ အားရရောင့်ရဲခြင်းကို မဖြစ်စေတတ်သောကြောင့် ပဏီတသုခ မည်၏။

ထို့ကြောင့် တမင်္ဂတဖိုလ်ရ၍ သောတာပန်အဆင့်အတန်းမျှ ရရှိပါမူ၊ မိမိကိုယ်တိုင်လည်း ငရဲ-တိရစ္ဆာန်-ပြိတ္တာ အသုရကာယ် အပါယ် ၄-ဘုံသို့ မကျရောက်တော့ဘဲ ရသေ့တပါးသည် နတ်သမီးအတွေ့နှင့် ၃-နှစ်တိုင်တိုင် မေ့သည် ဆိုရသော ကာမသုခထက် ဆယ့်ပေါင်းများစွာ သာလွန် မွန်မြတ်သော ဖလသုခကို အလိုရှိသလောက် ခံစားနိုင်ရာ၏။ နိဗ္ဗာန်ချမ်းသာ သုခသည်ကား အထက်၌ပြဆိုခဲ့သော ကာမသုခ၊ ဈာနသုခ၊ ဖလသုခတို့ထက် ဆယ့်ပေါင်းများစွာ မနှိုင်းယှဉ် သာအောင် လွန်ကဲ မွန်မြတ် လှပေတော့၏။ နိဗ္ဗာန်သုခ ချမ်းသာနှင့် တူသော သုခချမ်းသာသည်မရှိ။ ထိုကြောင့် ဘုရားရှင်သည် နိဗ္ဗာနံ ပရမံ သုခံ-ဟု ဟောတော်မူခဲ့လေသည်။

—‡—

## စာသင်ခြင်း ၃-မျိုးနှင့် ဥပသာနာလုပ်ငန်း

၁။ အလဂဒ္ဒူပမာ ပရိယတ္တိ။

၂။ ဘဏ္ဍာဂါရိက ပရိယတ္တိ။

၃။ နိဿရဏ ပရိယတ္တိ။

ဘုရားရှင်၏ တရားစာပေများကို သင်ကြား မှတ်သားရာတွင် အကြောင်း ၃-ပါးကို ရည်ရွယ်၍ သင်ကြားကြခြင်း ဖြစ်သည်ကို မူလပဏ္ဏာသ အဋ္ဌကထာ အလဂဒ္ဒူပမာသုတ်တွင်

လာ၏။ ထို ၃-ပါးမှာ အလဂဒ္ဒူပမာ ပရိယတ္တိ၊ ဘဏ္ဍာဂါရိက ပရိယတ္တိ၊ နိဿရဏ ပရိယတ္တိတို့ ဖြစ်၏။

အလဂဒ္ဒူပမာ ပရိယတ္တိ သင်နည်း ဆိုသည်မှာ ဘုရားတရားတော်ကို တတ်မြောက် သိနားလည်သည်ရှိသော် ငါ့အား လာဘ်လာဘ များလတံ့၊ ပရိသတ်အလယ်၌ တင့်တယ်ကျော်ကြားဘွယ်ဖြစ်လတံ့ စသည်တို့ကို အလိုရှိ၍ သင်ကြားနည်းဖြစ်၏။ ဤသင်ခြင်းမှာ မြွေဖမ်း ဥပမာရှိသော စာသင်ခြင်းမည်၏။ အကြောင်းမှာကား မြွေဖမ်း မတတ်ခြင်းကြောင့် မြွေက မိမိကို ပြန်ပေါက်သတ်သကဲ့သို့ မိမိသင်ယူသော စာပေက မိမိကို နစ်နာစေခြင်းကြောင့်ပင်တည်း။

ဆိုလိုရင်းကား ဘုရားတရားတော်ကို သင်ကြားလေ့ကျက်ရည်ရွယ်ချက်မှာ ကြွားဝါလို၍ လာဘ်လာဘကို အလိုရှိ၍ ဤစာဖြင့် သူတပါးကို ချိုးဖဲ့ နှိမ်နင်းလိုသော စိတ်မျိုးဖြင့် မသင်သင့်ကြောင်းကို ဆိုလိုပေသည်။ ထိုကြောင့် အဋ္ဌကထာဆရာမြတ်သည် ထိုသို့သော ရည်ရွယ်ချက်ဖြင့် သင်ခြင်းထက် မသင်ဘဲ အိပ်၍နေခြင်းက ပိုမိုကောင်းလှပေ၏ဟု မိန့်ဆိုတော်မူခဲ့ပြီ။

ဘဏ္ဍာဂါရိက ပရိယတ္တိဆိုသည်မှာ စကြာမင်း၏ ဘဏ္ဍာစိုးနှင့်တူသော ရဟန္တာပုဂ္ဂိုလ်တို့၏ သင်ယူခြင်းဖြစ်၏။

နိဿရဏ ပရိယတ္တိ သင်နည်း ဆိုသည်မှာ ငါသည်ဘုရားတရားတော်ကို တတ်မြောက် သိမြင်က ထိုတရားတော်အတိုင်း သီလသုံး၊ သီလ၏။ အာဂတဋ္ဌာနေ၊ လာရာ၌။ သီလံ၊ သီလကို။

ပူရေတွာ၊ ဖြည့်၍။ သမာဓိယ၊ သမာဓိ၏။ အာဂတဋ္ဌာနေ၊ လာရာ၌။ သမာဓိဂဗ္ဘံ၊ သမာဓိဟူသောတိုက်ကို။ ဂဏှာပေတွာ၊ ယူစေ၍။ ဝိပဿနာယ၊ ဝိပဿနာ၏။ အာဂတဋ္ဌာနေ၊ လာရာ၌။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာဂတဋ္ဌာနေ၊ လာရာ၌။ မဂ္ဂံ၊ မဂ်ကို။ ဘာဝိတာမိ၊ ပွားအံ့။ ဝါ၊ ဖြစ်စေအံ့။ ဖလံ၊ ဖိုလ်ကို။ သစ္ဆိကရိဿာမိ၊ မျက်မှောက်ပြုအံ့။ ဣတိ၊ ဤသို့။ ဥဂ္ဂဏှိ၊ သင်ယူ၏။ တဿ၊ ထိုသူ၏။ သာပရိယတ္တိ၊ ထိုဘုရား တရားတော်ကို သင်ယူခြင်းသည်။ နိဿရဏ ပရိယတ္တိနာမံ၊ သံသရာဝဋ်မှ ထွက်မြောက်ခြင်းငှာ သင်သည်မည်၏။

ဆိုလိုရင်းမှာ ဘုရားတရားတော်ကို သင်ကြားပြီး၍ သိရှိသော အခါ ဝိပဿနာလုပ်ငန်းကိုလုပ်၍တမဂ်တဖိုလ်ရအောင်ကြိုးစားအံ့ ဟူသော ရည်ရွယ်ချက်ဖြင့်သာ သင်ကြားရမည်ဟု ဆိုလိုရင်း ဖြစ်၏။ ထိုကြောင့် ပေါဋ္ဌိလမထေရ်ကြီးအား စာကို ချောက်ချား အောင် တတ်မြောက်ပြီး စာသင်သားတို့အား စာပေကို ပို့ချနေပါလျက် မိမိအတွက် တမဂ်တဖိုလ် အလို့ငှာ မကျင့်သဖြင့် တုစ္ဆ၊ တုစ္ဆ၊ အချီးနှည်း ရဟန်းကြီး၊ အချီးနှည်း ရဟန်းကြီးဟု ဘုရားရှင် ခေါ်ဆိုတော်မူခြင်း ဖြစ်၏။ ထို့ကြောင့် ပညာရှိ သူတော်ကောင်းတို့သည် စာတတ်မြောက်ရာတွင် ရပ်၍မနေဘဲ၊ တမဂ်တဖိုလ်အလို့ငှာ ဝိပဿနာ လုပ်ငန်းကို လုပ်ဆောင်နိုင်ကြ ပါစေကုန်သတည်း။

—‡—

## ပညာရှာခြင်း

ပညာရှာနေစဉ် မိမိ၏ကိုယ်တွင် အလွန်မှန်မြတ်သော စိတ်ကို မွေးမြူ၍ ပညာဗဟုသုတ ရှာအပ်လေသည်။ အသို့နည်းဟူမူ ငါ ပညာ တတ်မြောက်ပါက ငါ၏ပညာအစွမ်းဖြင့် အများ သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် ငါဆောင်ရွက် မည်၊ ငါကြိုးစားခြင်းဖြင့် ငါတယောက်ထည်းပြန်၍ အကျိုး ခံစားရခြင်းသည် အမြတ်မထွက်၊ ငါကြိုးစားခြင်းဖြင့် ငါသာ မက ကျန်သတ္တဝါတွေ ချမ်းသာနိုင်သလောက် ချမ်းသာစေမှသာ ငါအမြတ်ရမည် ဆိုသော စိတ်မှန် စိတ်မြတ်တို့ကို အစဉ်အာရုံပြု၍ ပညာရပ်ကို ရှာဖွေသည်းပူးရာ၏။

ထိုသို့မဟုတ်မူ၍ ငါပညာတတ်လျှင် မည်သူ့ကို ချိုးလိုက် မည်၊ မည်သူ့ကိုနှိမ်လိုက်မည်၊ မည်သို့ မော်လိုက်မည်၊ မည်သို့ ကြွားလိုက်မည်ဆိုသော စိတ်မျိုးနှင့် ပညာရှာဖွေသော် ပညာ ရှာဖွေနေစဉ်ပင် အကုသိုလ်စိတ်များ ဖြစ်၍နေခြင်း၊ ထိုသူမှာ အကျိုးမများသဲ့ မိမိ ပညာရှာဖွေ မိသည်အတွက် မိမိ၌သာ အကျိုးယုတ်တွယ်ရှိလေသည်၊ (ဥစ္စာရှာရာ၌လည်း ဤအတိုင်း ပင်။)

ထိုမှတပါး ပညာတတ်မြောက်လာပါကလည်း မိမိကိုယ်ကို ဂုဏ်ပုဒ်အမျိုးမျိုး ဖော်ခြင်း ဟူသော အတ္တုက္ကံသန ဖြင့်ခြင်း ကိုလည်း ပညာရှိ သူတော်ကောင်း ပီသစိမ့်သောငှာ ဝါကြွား ပလွှားခြင်းကို မပြုအပ်ချေ။ ထိုပြင် ပရဝမ္ဘနဟု ခေါ်ဆိုလေ့ ရှိသော သူတပါး၏ ဂုဏ်ပုဒ်ကို ချိုးနှိမ်ကဲ့ရဲ့ နေခြင်းများ ကိုလည်း လုံးကဲစွာ ရှောင်ကြည်ရာသည်။ ဤသို့သော

အလဂဒ္ဒူပမာ ပညာရှာခြင်း၊ အတ္တုက္ကံသန ပြုခြင်း၊ ပရဝမ္ဘ ပြုခြင်းမျိုးမှာ တမင်္ဂတဖိုလ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့ များစွာ ရှောင်ကြဉ်အပ်သော အရာများ ဖြစ်လေသည်။

—— ❖ ——

## တရားတော်၏
## ကျေးဇူးတော်ဂုဏ်

မည်သည့် အလုပ်မဆို လုပ်ကိုင်ရာတွင် အကြောင်းအကျိုး အဓိပ္ပါယ်ကို ကျနစွာသိ၍ လုပ်ကိုင်ရခြင်း နှင့် အကြောင်း အကျိုးမသိ အများလုပ်၍ လုပ်လေ့ရှိသော သူ ၂-ဦး တို့၏ အကျိုးကျေးဇူး ခံစားရပုံတို့မှာ တဦးနှင့်တဦး မတူနိုင်ချေ။ အကြောင်းအကျိုး ကိစ္စ၏ သဘောတရားကို ကျနစွာ သိရှိသူက ပိုမိုအကျိုးကျေးဇူးခံစားရ၏။

ဥပမာဆိုသော် တရားခမ္မ အားထုတ် ကြိုးစားကြရာတွင် လည်း တရားသဘော သဘာဝကို များစွာသိ၍ အားထုတ်သူနှင့် အနည်းငယ်မျှသာ သိ၍ အားထုတ်သူ ၂-ဦးမှာ ပြန်လည် ရရှိသော အကျိုးကျေးဇူးချင်း မတူနိုင်ကြချေ။ တရားဓမ္မ၏ အကျိုးအပြစ်ကို ပိုမိုသိရှိသူက ပိုမိုအကျိုးကျေးဇူး ခံစားရ လေသည်။

ထိုကြောင့်ဘုရားရှင်က ရှင်သာရိပုတ္တရာအား ပေးလှူသော အလှူဒါနနှင့် ရှင်သာရိပုတ္တရာက ဘုရားရှင်အား ပေးလှူသော အလှူဒါနတွင် လှူဘွယ်ဝတ္ထုပစ္စည်း တူသည်ရှိသော် မည်သည့် ဒါနက ပို၍ အကျိုးကျေးဇူး ပြန်လည် ရရှိနိုင်ပါသနည်းဟု

မေးသော် ဘုရားရှင်က ရှင်သာရိပုတ္တရာအား လူသော အလူကာ ပိုမို ကျေးဇူးရှိကြောင်း အဌကထာ ဆရာရှင် ဆိုလေသည်။ အကြောင်းသော်ကား တရားတော်၏ အကျိုး အာနိသင်ကို ဘုရားရှင်ကဲ့သို့ တစုံတယောက်သော သူမျှ မသိနိုင် ခြင်းကြောင့် တည်း။

ဤ၌ ဆိုလိုရင်းကား တရားကိုလိုက်စားလိုသူသည် ပဌမ ရှေးဦးစွာ တရား၏ တန်ဘိုးကို တိတိကျကျသိ၍ တရား၏ တန်ခိုး အာနိသင်ကို လေးနက်စွာသိရှိဘို့ အရေးကြီးလေသည်။

ဘုရား ရှင်တွေ့ရှိအပ်သော တရားဓမ္မတို့သည် တကယ်တန်း ယုံကြည်လေးစား၍ ရှိသေစွာ လိုက်နာပြုကျင့်သည် ဖြစ်အံ့။ ထိုသူသည် နောင်တမလွန်ဘဝကျမှ အကျိုးကျေးဇူးကို ခံစားရမည်မဟုတ်၊ ယခုမျက်မှောက်ဘဝတွင်လည်း နေ့ခြင်း ညခြင်း အခါမလင့် အကျိုးကျေးဇူး ခံစားနိုင်သည် သာတည်း။ ထိုကြောင့် ပါဠိတော်၌ ...

သွာက္ခာတော, ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော, အကာလိကော
ဧဟိပဿိကော, ဩပနေယိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော, ဝိညူဟီတိ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မော၊ တရားတော်သည်။ သန္ဒိဋ္ဌိကော၊ အခါမလင့် ပစ္စုပ္ပန်မျက်မှောက်၌ အကျိုးကို ပေးတတ်၏။ ဧဟိပဿိကော၊ လာလှည့်ရှုလှည့်ဟူသော စကားကိုဆိုခြင်းငှာ

သိုက်၏။ သြပနေယိကော၊ နတ်ရွာနိဗ္ဗာန်သို့ ဆောင်ခြင်းငှာ သိုက်၏။ ပစ္စတ္တံ-ပဋိအတ္တံ၊ အသီးသီး မိမိ မိမိတို့၌။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏ဟု လာရှိလေသည်။

အထက်ပါ-ပါဠိတော်အတိုင်း တရားဓမ္မ၏ အကျိုးကို သိနိုင်သမျှ သိရှိအောင် အခါမပြတ် ပညာရှိ သူတော်ကောင်းများထံ ဆည်းကပ်မိုဝဲပြီးလျှင် တရားဓမ္မ စာအုပ်ကောင်းများကို ဘတ်နိုင်သမျှဘတ်၍ ကြိုးစားအားထုတ်ပါက သာမန် ပြု သည်ထက် ဆပေါင်းများစွာ တိုးတက် အကျိုးကျေးဇူး ခံစားဘွယ်ရာ ရှိပေသည်။

—‡—

## ဗြဟ္မာတို့ပင်
## ကောင်းချီး ပေးကြခြင်း

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း သွက္ခာတော ဘဂဝတာ ခမ္မောဟူသော တရားခမ္မ သဘော သဘာဝသည် အလွန် ဆန်းကြယ်စွာသော တန်ခိုးသတ္တိရှိ၏။ အဘယ်မျှ တန်ခိုးသတ္တိ ဆန်းကြယ်စွာ ရှိဘိသနည်းဟူမူ ဟေိပဿိကော၊ ထိုတရားဓမ္မ သည် လာကြဟေ့ ကြည့်ကြဟေ့ အံ့သြဘွယ်ရာ ကြီးပါတကား မဖြစ်စဘူး ထူးကဲလှစွာပါတကားဟု လူနှင့်နတ်သာမက ဗြဟ္မာ များပင် တဦးကိုတဦးခေါ်၍ပြခါ ကောင်းချီးသြဘာပေးရသော တရားဓမ္မကြီးပေတည်း။

ထိုကြောင့် ဘုရားရှင်သည် တရားစစ် တရားမှန်ကို တွေ့ရှိ၍ ဘမ္ဘာလောကကြီးတွင် ကောဏ္ဍည, ဝပ္ပ ,ဘဒ္ဒိယ, မဟာနာမ်,

အဿဇိ အမည်ရှိကုန်သော ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ပဌမဆုံး တရားဦးဟောရာ၌ ဓမ္မစကြာတရားကို ဟောပြီးလျှင် ပြီးခြင်း အသက်အကြီးဆုံးဖြစ်သော အရှင်ကောဏ္ဍညသည် တရားနာ ရင်းပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်ကာ သောတာပန် စခန်းသို့ ရောက်ရှိသွားတော့၏။

ယင်းသို့ ဓမ္မစကြာတရားကို ဘုရားရှင်သည် ပဌမအကြိမ် ဟောတော်မူ၍ အရှင်ကောဏ္ဍညသည် သောတာပန်ဖြစ်လျှင် ဖြစ်ခြင်း မရှေးမနှောင်း တပေါင်းတည်းသော အချိန်၌ နတ်ပြည် ၆-ထပ်တွင် နတ်အပေါင်းတို့သည် ကြွေးကြော်ကြကုန်၏။

အဘယ်သို့ ကြွေးကြော်ကြကုန်သနည်းဟူမူ လူ့ပြည်လောက ဗာရာဏသီ မိဂဒါဝုန်ဌာန၌ တစုံတယောက်သော ရဟန်း သည်၎င်း၊ တစုံတယောက်သော နတ်သည်၎င်း၊ တစုံတယောက် သော ဗြဟ္မာသည်၎င်း၊ မဟောပြောနိုင်သော အတုမရှိသော ဓမ္မစကြာတရားတော်ကို ဟောတော်မူချေပြီတကားဟု ကြွေး ကြော်စဉ်ပင် မရှေးမနှောင်း တပေါင်းတည်းပင် ဗြဟ္မာပြည် တွင်လည်း ထို့အတူပင်လျှင် ကြွေးကြော်ကြကုန်၏။ ထိုသော အချိန်အခါ၌ပင် လောကဓာတ် စကြာဝဠာသည် ထိုမှဤမှ အပြန်အလှန် တုန်လှုပ်ဘိ၏။

ထိုမျှ ဓမ္မ၏ တန်ခိုးကြီးပုံ ဆန်းကြယ်ပုံတို့မှာ ဘုရားရှင် ပြုပြင် စီမံသည်မဟုတ်၊ ဓမ္မ နိယာမကြီးပင် ဖြစ်၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ကြိုးစားပါမှ တွေ့ရှိရသော နိယာမ တရားကြီး ပေ တည်း။

ဘုရားရှင်သည် ယင်းသို့ သတ္တဝါ အများအကျိုးငှာ ဒုက္ခ အမျိုးဘဝပေါင်းများစွာ ကြိုးစားလာသောအခါ နောက်ဆုံး၌ ကမ္ဘာလောကကြီးဖြစ်ပုံ ပျက်ပုံအလုံးစုံတို့ကို ကုန်စင်အောင် သိရာတွင် အချုပ်အားဖြင့်ဆိုသော် ဓမ္မနိယာမ အပါအဝင် ဖြစ်သော နိယာမတရား ၅-ပါးကို တိကျစွာ သိရှိတော် မူခြင်း ဖြစ်လေသည်။ ၎င်းနိယာမတရား ၅-ပါးကား....

၁-ဗီဇနိယာမ
၂-ဥတုနိယာမ
၃-ကမ္မနိယာမ
၄-စိတ္တနိယာမ
၅-ဓမ္မနိယာမ

ဗီဇနိယာမ၏ အတိုချုပ်သဘောမှာ နေကြာပန်းတို့သည် နေရှိရာသို့ မျက်နှာမူ၏။ မာလာနွယ်မှာ သစ်ပင်ရှိရာသို့ ရှေ့ရှု ညွတ်၏။ ကုလားပဲခြုံတို့မှာ မြောက်အရပ်သို့ အညွန့်အဖျား ထွက်၏။ ဒက္ခိဏနွယ်တို့မှာ သစ်ပင်ကို တောင်အရပ်မှ စ၍ နွယ်၏။

ဥတုနိယာမဆိုရာ အတိုချုပ်သဘောမှာ ဗီဇနိယာမ ကဲ့သို့ပင် စိမ်ပြုပြင်သူမရှိဘဲ နွေ, မိုး, ဆောင်း, ဖြစ်ခါ အသီးအပွင့်တို့သည် အခါအားလျော်စွာ သီးကြ, ပွင့်ကြ, ပေါက်ပွားကြကုန်၏။

ကမ္မနိယာမ ဆိုသည်မှာလည်း သတ္တဝါတို့၏ ပြုခဲ့သော ကောင်းမှု မကောင်းမှုတို့သည် အခါခပ်သိမ်း လိုက်ပါလိုက်ပါ အကျိုးပေးကြကုန်၏။

စိတ္တာနုပဿနာ ဆိုသည်မှာ စိတ်တို့သည် မွေးသည်မှ သေသည် အထိ စိတ်တခုထည်းမဟုတ်ဘဲ အလွန်လျင်မြန်စွာ တဖြစ်တည်း ဖြစ်၍ တပျက်တည်းပျက်လျက် ရှိနေ၏။ စိတ်တခုနှင့် တခု တာဝန်ဆောင်ရွက်ပုံ ခြင်းမှာလည်း မတူကြကုန် (စိတ်၏ ဖြစ်ပျက်ပုံကို လာမည့်စာမျက်နှာများတွင် ဖော်ပြထား၏။

ဓမ္မာနုပဿနာ ဆိုသည်မှာ သဘာဝ သဘော တရားတို့သည် မိမိတို့တာဝန်ကို အကြောင်းတိုက်ဆိုင်လာလျှင် အပိုအလိုမရှိ တိကျစွာ ဖြစ်ပေါ် ကွယ်ပျောက်စေသော သဘောတရား ဖြစ်၏၊ ဤသည်တို့ကား လိုရင်းသဘော အတိုချုပ်ဖြစ်၏။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ

ဆိုသည်ကို လူတိုင်းကြားဘူး၏။ အကြင်သူသည် တရားကို လေ့ကျင့်စောင့်ရှောက်၏၊ ထိုတရားကို ရိုသေလေးစား ကျင့်သုံး သူအား တရားသည် ပြန်၍စောင့်ရှောက်၏။ ဤ၌ ယုံမှားဘွယ်ရာ စိုးစဉ်းမျှ မရှိသင့်ချေ။ တရားကို စောင့်ရှောက်ပါက အဘယ် ကဲ့သို့ အဘယ်မျှ အဘယ်လောက် အကျိုးပေးပါသနည်း ဆိုမူ....

သဒိသံ ပါကံ ဇနေတိ

ဆိုသည်အတိုင်း ကမ္မံ၊ ပြုအပ်ပြီးသော အလုပ်သည်၊ သဒိသံ၊ ထိုပြုအပ်သော အလုပ်နှင့်တူမျှသော။ ပါကံ၊ ကောင်းကျိုး မကောင်းကျိုးကို။ ဇနေတိ၊ ဖြစ်စေတတ်၏ ဟူသော ဓမ္မ သဘောတရား အတိုင်းပင်တည်း။ ထိုကြောင့် ဘုရားရှင်သည် စတုက္ကနိပါတ် ပါဠိဇာတ်တွင်....

ယာဒိသံ ဝပ္ပတေ ဗီဇံ
တာဒိသံ ဟရတေဖလံ၊
ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီစ ပါပကံ။

ကလျာဏကာရီ၊ ကောင်းမှုကို ပြုလေ့ရှိသော သူသည်။ ကလျာဏံ၊ ကောင်းကျိုးကို။ လဘတေ၊ ရနိုင်၏။ ပါပကာရီစ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်ကား။ ပါပကံ၊ မကောင်းကျိုးကို။ လဘတေ၊ ရလေ့ရှိ၏။ ယထာ၊ ဥပမာဆိုသည်ရှိသော်။ ယာဒိသံ၊ ပန်, စပ်, ချို, ခါး, စသည် သဘောရှိသော ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတေ၊ စိုက်ပျိုးအပ်၏။ တာဒိသံ၊ ထိုမျိုးစေ့နှင့် တူသော။ ဖလံ၊ အသီးကို။ ဟရတေ၊ ဆောင်၏ - သီး၏။

ဤသို့လျှင် ဘုရားတော်၏ ဉာဏ်တော် ကျေးဇူးတော်ကိုသိ၍ ရှိသေလေးစား လိုက်နာ ကျင့်ကြံသူတို့အား ထိုက်သည့် အားလျော်စွာ ပြန်လည်အကျိုးပေးခြင်းမှာ ဓမ္မနိယာမကြီးဖြစ်ရ ကား အနည်းငယ်မျှသာ သိသော် အနည်းငယ်မျှသာ အကျိုး ပေးမည်ဖြစ်၍ များပြားစွာ သိသော် များပြားစွာ အကျိုး ကျေးဇူးပြန်လည်ရရှိ ပေးသိမ့်မည်ကို သတိပြုအပ်၏။

---

## ဘုရားရှင်၏ ဉာဏ်တော်

ဝတ္တာရံမာနံ ဝါကျေ အစ်ဆေ့ယျာဒိ နစ်ခွေ
ဘာဂ္ဂာနံ ယာနိစိစ္ဆေ့ ဆေ့ဌာ ညမ္မာဒသေ
ဝိသာ ဘာသာ သသ္မိအသေ ကဘာယာနံ

စတ္တာရိ ဗုဒ္ဓါနံ ဗုဒ္ဓဝိသယော အစိန္တေယျော
ဈာယိနံ ဈာနဝိသယော အစိန္တေယျော
ကမ္မဝိပါကော အစိန္တေယျော လောကစိန္တာ
အစိန္တေယျာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာနိ၊ အကြင် မကြံစည်အပ်သော လေးပါးသော အကြောင်းတို့ကို။ စိန္တေန္တော၊ ကြံစည်သည် ရှိသော်။ ဥမ္မာဒဿ၊ ရူးသွတ်ခြင်း၏။ ဝိဃာတဿ၊ စိတ်ပင်ပန်း ဆင်းရဲခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ အဿ၊ ဖြစ်ရာ၏။ နစိန္တေ တဗ္ဗာနိ၊မကြံစည်ထိုက်ကုန်သော။ ဣမာနိ-အစိန္တေယျာနိ၊ ဤအစိန္တေယျ တရားတို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ ကတမာနိစတ္တာရိ၊ အဘယ် လေးပါး တို့နည်း ဟူမူကား။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဗုဒ္ဓဝိသယော၊ ဘုရားအရာကို။ အစိန္တေယျော၊ မကြံစည်အပ်။ ဈာယိနံ၊ ဈာန်ရပုဂ္ဂိုလ် တို့၏။ ဈာနဝိသယော၊ ဈာန်တန်ခိုးအရာကို။ အစိန္တေယျော၊ မကြံစည်အပ်။ ကမ္မဝိပါကော၊ ကံ၏ အကျိုး ပေး ခြင်း ကို။ အစိန္တေယျော၊ မကြံစည်အပ်။ လောကစိန္တာ၊ လောကီရေး နှင့်ဆိုင်သောအရာကို။ အစိန္တေယျာ၊ မကြံစည်အပ်။ (အင်္ဂုတ္တိုရ် ပါဠိတော် စတုက နိပါတ် အပဏ္ဏကဝဂ်ဆဋ္ဌမသုတ်။)

## မကြံစည်အပ်သည်ကို မကြံစည်ရ

အထက်ပါ ပါဠိတော်၏ လိုရင်းမှာ ဘုရားရှင်၏ ဉာဏ တော် တန်ခိုးတော်တို့ဖြင့်သာ သိအပ်သော ဗိဇနိယာမ ဥတု

နိယာမ ကမ္မနိယာမ စိတ္တနိယာမ ဓမ္မနိယာမဟု ဆိုအပ်သော ငါးပါးသော နိယာမတို့ကို အကြွင်းအကျန်မရှိ သိပြီးဖြစ်သဖြင့် တစုံတယောက်သောသူသည် ဘုရားရှင်၏ ဟောပြောချက်တို့ကို ဤသည်ကား ဟုတ်၏။ ဤသည်ကား မဟုတ်။ ဤသည်ကား ဟုတ်ပါ့မလားဟု တွေးတောယုံမှားဘွယ် မရှိ။ လိုက်လံစစ်ဆေးဘွယ်လည်း မရှိ။ မိမိဉာဏ်မမှီသော ကိစ္စကို သို့လောသို့လောဟု တွေးတောကြံဆနေပါက ထိုသူသည် ကိုယ်စိတ်နှစ်ပါး မချမ်းမသာ ဖြစ်ရပေလိမ့်မည်။ ထိုမျှမရပ်ဘဲ ဆက်လက် ကြံစည်အားထုတ်ပြန်လျှင်၊ ရူးဘွယ်ရာသာ အကြောင်းရှိလေသည်။ အမှန်စင်စစ် ဘုရားရှင်ဟောပြောသည်တို့ကို မှန်မမှန်တကယ်တန်း စစ်ဆေးလိုပါမူ ထိုသူသည် ဘုရားရှင်ကဲ့သို့ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီအရပ်ရပ်တို့ကို ဖြည့်ဆည်းပြီးမှ ဘုရားရှင်ကဲ့သို့ အလုံးစုံသော နိယာမတရား ငါးပါးကို သိရှိသောအခါ၌သာလျှင် ဘုရားရှင်၏ တရား မှန်ကန်ကြောင်း သိနိုင်ဘွယ်ရာ ရှိသတည်း။

ထိုကြောင့်ဘုရားရှင်၏ ဟောပြောသော တရားတော်များကို သို့လော သို့လောဟု တွေးတောခါ စိတ်ဒွိဟ ဖြစ်ဘွယ်မရှိပြီ၊ အချို့ပုဂ္ဂိုလ်တို့သည် ဘုရားရှင် ဟောတော်မူအပ်သော တရားအချို့တို့ကိုကား နှင်ခြိုက်စွာ ယုံကြည်အားကိုး ကိုးကွယ်ဆည်းကပ်လျက် တခါတရံ မိမိဉာဏ်မမှီသော အစိတ်အပိုင်းသို့ ရောက်သောအခါ သို့လော သို့လောဟု တွေးတောကြံဆခါ စိတ်ဒွိဟ ဖြစ်တတ်ကြလေသည်။ ဤသို့ကား မဖြစ်သင့်ချေ၊ ဥပမာဆိုသော် စာသင်စ ကုံယ်ရင်သည် ဝါခြောက်ဆယ်ခန့် ရှိသော ဆရာတော်ကြီး၏ ဉာဏ်ပညာကို မလိုက်နိုင်အောင်

ကွာခြားသည်ထက် မိမိဉာဏ် အယူအဆ အတွေးအခေါ်နှင့် ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်မှာ အတိုင်းမသိနိုင်အောင်ပင် ကွာခြားလျက်ရှိသည်ကို သတိချပ်သင့်လေသည်။

အပ္ပမာဏော ဗုဒ္ဓေါ

အပ္ပမာဏော ဓမ္မော

အပ္ပမာဏော သံဃော

အပ္ပမာဏော ဝန္ဒန္တာနံ

ဝိပါကော ဟောတိ အပ္ပမာဏော။

ဗုဒ္ဓေါ၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်သည် ကား။ အပ္ပမာဏော၊ဤမျှ ဤမျှဟု နှိုင်းဆရေတွက်ခြင်းငှာမတတ်နိုင်။ ဓမ္မော၊ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော် သည်လည်း။ အပ္ပမာဏော၊ ဤမျှ ဤမျှဟု နှိုင်းဆရေတွက်ခြင်းငှာ မတတ်နိုင်။ သံဃော၊ ရဟန်း, သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးတော် သည်လည်း။ အပ္ပမာဏော၊ ဤမျှ ဤမျှဟု နှိုင်းဆရေတွက်ခြင်းငှာ မတတ်နိုင်။ အပ္ပမာဏော၊ ဤမျှ ဤမျှဟု နှိုင်းဆရေတွက်ခြင်းငှာ မတတ်နိုင်အောင်များသော ဂုဏ်ကျေးဇူးတော် ရှိသော ဘုရား, တရား, သံဃာ ရတနာမြတ် ၃-ပါး၌။ ဝန္ဒန္တာနံ၊ ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်ကြကုန်သော သူတို့အား။ ဝိပါကော၊ ရသင့်ရထိုက်သော အကျိုးတို့မှာလည်း။ အပ္ပမာဏော၊ ဤမျှ ဤမျှဟု နှိုင်းဆခြင်းငှာ မတတ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ (စတုကင်္ဂုတ္တရ ပါဠိတော်။)

ယခုအခါ ဘုရားရှင် ဟောကြားတော် မူခဲ့သော ဣတိပိ‌တော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အစရှိသော ဂုဏ်တော် ၉-ပါးကို ယုံကြည်အားထား ပွားများသူတို့အား ချက်ခြင်းအကျိုးပေး၍ နောင်ဘဝများစွာတို့၌လည်း ဆက်ခါဆက်ခါ အကျိုးပေးနိုင်သည်။ ထို့ကြောင့် ငါဘုရား၏ ဂုဏ်တော်ကို ပွားများလော့ဟု မိန့်တော်မူရာ၌ ဘုရားရှင်သည် မိမိအား လူအများ ကြည်ညိုလေးစားစေလို၍ မဟုတ်၊ ကြည်ညိုလေးစား ပွားများသူ၌ များစွာသောအကျိုး ရရှိစေရန် ညွှန်ပြတော်မူခြင်း ဖြစ်လေသည်။ ထင်ရှားသော သက်သေမှာကား အပဒါန် ပါဠိတော် သုဘူတိမထေရ် ဝတ္ထု၌ ဤသို့လာ၏။

တေနကမ္မေန သုကတေန၊ စေတနာပဏိဓိဟိစ။
ဇဟိတွာ မာနုသံဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။

အဓိပ္ပါယ် လိုရင်းကား– ငါသည် စေတနာကောင်းစွာထား၍ ဗုဒ္ဓါနုဿတိကို ပွားများခဲ့၏။ ထိုပွားများမှု ကုသိုလ်ကံကြောင့် လူ့ဘဝကိုစွန့်၍ တာဝတိံသာ နတ်ပြည်သို့ ရောက်ခဲ့ရလေပြီ။

အသီတိခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇမကာရယိံ။
သဟဿခတ္တုံ ရာဇာစ၊ စက္ကဝတ္တီ အဟောသဟံ။

ငါသည် သိကြားမင်း စည်းစိမ်ကို အကြိမ်ပေါင်း (၈၀) ရှစ်ဆယ်မျှရရှိခဲ့ပြီ၊ စကြာမင်း စည်းစိမ်ကိုလည်း အကြိမ်ပေါင်း (၁၀၀၀) တထောင် ရရှိခဲ့ပြီ။

ပဒေသရဇ္ဇံဝိပုလံ၊ ဂဏနာသတော အသံခယံ။
အနုဘောမိ သုသမ္ပတ္တိံ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။

ပြန့်ပြောလှသော ပဒေသရာဇ်မင်း အဖြစ်ကိုလည်း ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်အောင် စည်းစိမ် ချမ်းသာကို ခံစားခဲ့ရပြီ။ ဤသို့ခံစားရခြင်းတို့သည် ဗုဒ္ဓါနုဿတိကို ပွားများရခြင်း၏ အကျိုးကျေးဇူးပေတည်း။

ဘဝါဘဝေ သံသရန္တော၊ မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဦနတာနတ္ထိ၊ ဗုဒ္ဓါနုဿတိကာ ဖလံ။

ဘဝကြီးငယ်တို့တွင် ကျင်လည်နေခဲ့ရသည်တိုင်၌ စည်းစိမ် ချမ်းသာမှ ယုတ်လျော့သည်မရှိ၊ စည်းစိမ်ချမ်းသာကို ခံစားခဲ့ရသည်သာတည်း။ ဤသည်တို့သည်လည်း ဗုဒ္ဓါနုဿတိကို ပွားများခြင်း၏ အကျိုးများပင်တည်း။ တနည်း ဥပမာသော် မြို့တမြို့တွင် လူတဦးသည် သူကြီးကို အားကိုးအားထားပြုခါ ချဉ်းကပ်၏။ ထိုသူသည် သူကြီးက ချီးမြှင့်နိုင်သော အခွင့်အရေးမျှကိုသာ ခံစားရပေနိုင်မည်။ ထို့အတူ မြို့အုပ်ကို အားကိုးအားထားပြုခါ ချဉ်းကပ်၏။ ထိုသူသည် မြို့အုပ်ကချီးမြှင့်နိုင်သော အခွင့် အရေးမျှကိုသာ ခံစားရပေနိုင်မည်။ ထိုအတူ အရေးပိုင်ကို ချဉ်းကပ်၏။ ထိုအရေးပိုင်ကို ချဉ်းကပ်သော သူသည် အရေးပိုင်ကချီးမြှင့်ခွင့်ပြုနိုင်သော အခွင့်အရေးများကို ခံစားရနိုင်ပေမည်။

ထို့အတူ လောကတွင် လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့၏ ရှိသေလေးစား ပူဇော်သက္ကာရ ပြုခြင်းသာမက နိယာမ

တရား ၅-ပါး ကပင် လေးစားသမှု ပြုရသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံသော ဘုရားရှင်ကို အကြင်သူသည် ကိုးကွယ် ဆည်းကပ်၏။ ထိုသူသည် ဂုဏ်အမျိုးမျိုး ကောင်းကျိုးချမ်းသာ အဖြာဖြာကို ခံစားရမည်မှာ ယုံမှားဘွယ်မရှိချေ။ ထို့ကြောင့် အာဒါနိပါဠိတော် ဗုဒ္ဓဝဂ်၌....

ဧဝံ အစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဧဝံ၊ ဤသို့သော အခြင်းအရာ ရှိတော်မူကုန်၏ ဟူ၍။ အစိန္တိယာ၊ တစုံတယောက်သောသူတို့ မကြံအပ် မကြံစည်နိုင်ကုန်။ ဗုဒ္ဓဓမ္မာ၊ သီလ, သမာဓိ, ပညာ, စသော ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်။ ဧဝံ၊ ဤနှယ့် ဤမျှရှိ၏ဟူ၍။ အစိန္တိယ၊ မကြံအပ် မကြံစည်နိုင်သော မြတ်စွာဘုရား ဂုဏ်တော် ကျေးဇူးတော်၌။ ပသန္နာနံ၊ ကြည်ညို လေးစားကုန်သော ပုဂ္ဂိုလ်တို့အား။ အစိန္တိယော၊ မကြံစည်အပ် မကြံစည်နိုင်အောင်၊ ဝိပါကော၊ ကောင်းကျိုးမင်္ဂလာ အဖြာဖြာ သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် သဘာဝဓမ္မ တည်းဟူသော နိယာမ တရားများ ကပင်၊ အသိအမှတ်ပြုအပ်သော ဘုရားရှင်၏ ဂုဏ်တော်အနန္တကို တကယ်တန်း ပီတိဖြစ်ခါ ယုံကြည်ကိုးကွယ် ဆည်းကပ်ပါက ထိုပုဂ္ဂိုလ်အတွက်ကား မယုံကြည်နိုင်လောက်အောင် အကျိုး ကျေးဇူး ပြန်လည်ရရှိ ခံစားဘွယ်ရှိလေသည်။ ဘုရားရှင်၏

ဂုဏ်တော်ကို အနည်းငယ်မျှသာ သိရှိမူ အနည်းငယ်မျှသာ ပြန်လည်ရရှိ၍ မြောက်များစွာသိမူ မြောက်များ ကြီးကျယ်စွာ ပြန်လည် အကျိုးကျေးဇူး ခံစားရပေလိမ့်မည်။

—:—

## သံဃာတော်မြတ်တို့၏ ကျေးဇူးတော်

အထက်တွင် ဖော်ပြခဲ့ပြီးသည့် အတိုင်း ဘုရားဂုဏ်တော် တရားဂုဏ်တော်တို့ကို ဖော်ပြခဲ့ပြီးသည်၏ အခြားမဲ့၌ သံဃာ ဂုဏ်တော်ကို ရေးရမည်ဆိုလျှင်....

သုပ္ပဋိပန္နော ဘဂဝတော
သာဝကသံဃော။

စသည် သံဃာတော်မြတ်တို့၏ ဂုဏ်တော်ကို ထုတ်ဖော် ရေးသားရပေလိမ့်မည်။ ယခုခေတ် အတွင်းရှိ ပုဂ္ဂိုလ်အသီးသီးတို့ အတွက် ကွက်ကွင်းစွာ သိရှိနိုင်ရန် ရေးသား ဖော်ပြရသော်၊ ဘုရားဂုဏ် ကျေးဇူးတော်၊ တရားဂုဏ် ကျေးဇူးတော် ကြီးမားသို့ သကဲ့သို့၊ ယခုခေတ် ဗုဒ္ဓဘာသာဝင်တို့ အပေါ်တွင် သံဃာဂုဏ် ကျေးဇူးတော်များ ကြီးမားလှပေသည်။

အကြောင်း သော်ကား၊ နိယာမ ဓမ္မသည် ကြီးစွာသော ဂုဏ်ရှိတော်မူ၏။ မှန်ပေ၏။ ထိုနိယာမ ဓမ္မကို ရှာဖွေသော ဘုရားရှင်သည် ကြီးစွာသော ဂုဏ်တော်ရှိ၏။ မှန်ပေ၏။သို့ရာတွင်

ထိုဘုရားဂုဏ်နှင့် တရားတော်ဂုဏ် ကျေးဇူးတော်တို့သည် ယနေ့အထိ တည်ရှိနေခြင်းကား အဘယ်အကြောင်းကြောင့် ပါနည်းဟု စစ်ဆေးသော် ဘုရားသားတော်များ ဖြစ်ကြကုန်သော သံဃာတော် အရှင်မြတ်များ ကြိုးစား ဆောင်ကြဉ်းလာကြပေခြင်းကြောင့်သာ ယခုခေတ် ဗုဒ္ဓဘာသာဝင် အပေါင်းတို့ ဘုရားဟူ၍ရှင်း၊ တရားဟူ၍ရှင်း၊ ကြည်ညိုလေးစား၊ ဒါန-သီလ-ဘာဝနာ စသည့် ကုသိုလ်ကောင်းမှုများကို ပြုနိုင် ကြရကုန်၏။

## သံဃာတော်မြတ်များ ရှိပေ၍သာ

သံဃာဂုဏ် ကျေးဇူးတော်များ ယခုခေတ် ဗုဒ္ဓဘာသာဝင် အပေါင်းတို့အပေါ်တွင် ကြီးမားပုံကိုအနည်းငယ် ဖော်ပြရသော် ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်၍အပြီး မကြာမီ သုဘဒ္ဒကဲ့သို့သော သာသနာပျက် ရဟန်းများ ပေါ်ပေါက်လာရကား မထေရ်ကြီးများဘက်မှ အရှင်မဟာ ကဿပ ကြီးမှူးလျက် လူဘက်မှ အဇာတသတ်မင်း၏ အကူအညီဖြင့် ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူအပြီး ပဌမတနှစ် အတွင်းတွင် ပဌမ သင်္ဂါယနာ တင်ခဲ့ရလေသည်။

ယင်းကဲ့သို့ပင် ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးသည့်နောက် သုတ်ဝိနည်း အဘိဓမ္မာ စသည်တို့ကို မပျောက်ကွယ်ရ စိမ့်သောငှာ အာဂုံဆောင်လာကြသည်မှာ နှစ်ပေါင်း (၄၀၀) လေးရာသို့ ကျော်လွန်သည်တိုင်အောင်ပင် ဖြစ်ခဲ့လေသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်၊ နှစ်ပေါင်း (၄၀၀) လေးရာကျော် ကြာလတ်သော် အယုဝါဒ အမျိုးမျိုး ပေါ်ပေါက်လာပြီးလျှင် ထိုစဉ်အခါက ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားလာသောသီဟိုဠ်ကျွန်းတွင်လည်း၊ပြည်တွင်း သူပုန် အရေးကြီး ဖြစ်ပေါ်လာလေသည်။

ယင်းသို့ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး စည်ပင် ထွန်းကားသော သီဟိုဠ်ကျွန်းတွင် သူပုန်များ တော်လှန် ပုန်ကန်မှု ကြောင့်၊ ၁၂-နှစ်ကိုင်တိုင် အစာခေါင်းပါး နေခဲ့ရာ သံဃာတော် အရှင် မြတ်များမှာ သုံးဆောင်ပင် မရသောဘဝသို့ ရောက်ရှိ သာ လေသည်။

သို့ပါသော်လည်း ပိဋကတ် ၃-ပုံကို အာဂုံဆောင်တော်မူ ကြသော ရဟန်းတို့သည် ပိဋကတ်တော်များ မကွယ်မပျောက် သွားစိမ့်သောငှာ ဝမ်းတွင် ဆွမ်းမရှိ၊ အင်အား မပြတ်သဖြင့်၊ အသံကျယ်စွာ ပြန်ဆိုတော်မူခြင်းငှာ မတတ်နိုင်ကြကုန်သော အချို့ရဟန်းတော်များသည် ကျောင်းကာ ဗိုက်ပေါ်တွင် သဲတင် ၍ ပိဋကတ်တော်ကို မပျောက်ပျက်ရ စိမ့်သောငှာ ရွတ်ဆို သရဇ္ဈာယ် မူကြရှာကုန်၏။

အချို့ ရဟန်းတော်များကား၊ အလျားမှောက်ခါ ဗိုက် အောက်တွင် သဲခံ၍ ဘုရားရှင်၏ တရားတော်ကို ရွတ်ဆို သရဇ္ဈာယ် တော်မူခါ ဆောင်ရွက်ကြရကုန်၏။

ဤသို့လျှင် တဘက်ကလည်း ရှင်တော်ဘုရား၏ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို မပျောက်မပျက်ရအောင် ဆောင်ရွက် ရခြင်း၊ တဘက်ကလည်း ဘုရားရှင်၏ တရားတော်များကို

နောင်လာနောင်သားတို့ အလို့ငှာ တပည့်တပန်းတို့အား စာပေ သင်ကြား ပို့ချပေးချရခြင်း တို့ကြောင့် ဘုရားရှင် တရားတော် ကြီးမှာ ယနေ့တိုင် အဓွန့်ရှည်စွာ တည်တန့်နေနိုင်ရခြင်း ဖြစ် လေသည်။

အကယ်၍သာ သံဃာတော် အရှင်မြတ်များသည် ဘုရားရှင်၏ တရားတော်ကို ယင်းသို့ ဒုက္ခခံကာ ဆောင်ကြဉ်း မလာခဲ့သော် တရားတော်ကိုသော်၎င်း၊ ဘုရားရှင်၏ ဂုဏ်တော်ကိုသော်၎င်း၊ ယခုအခါ ဤအခြေအနေမျိုးတွင် ဘုရားရှင်၏ တရားတော်များ မရှိနိုင်တော့ချေ။

ထို့ကြောင့် ဘုရားရှင်သည် တရားတော်ကို တွေ့ရှိ၍ ယခုခေတ် ပုဂ္ဂိုလ်အပေါင်းတို့ ဘုရားရှင်ကို ကျေးဇူးတော် အနန္တ တင်ရှိရဘိ သကဲ့သို့ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးသည့်နောက် ဘုရားရှင်၏ တရားတော်ကို နှစ်ပေါင်း (၂၀၀၀) နှစ်ထောင်ကျော် ယနေ့ အထိ ထိန်းသိမ်းစောင့်ရှောက် ဆောင်ကြဉ်း လာကြကုန်သော သံဃာတော် အရှင်မြတ်များ၏ ကျေးဇူးတော် များမှာလည်း ယခုခေတ် ပုဂ္ဂိုလ်အသီးသီးအပေါ်တွင် ဘုရားဂုဏ်ကျေးဇူးတော် ကြီးဘိသကဲ့သို့ တရားတော် ဂုဏ်ကျေးဇူး ကြီးဘိသကဲ့သို့ သံဃာတော် အရှင်မြတ်များ၏ ဂုဏ်တော် ကျေးဇူးတော်များ လည်း ကြီးလှပေ၏။

## မင်းတုန်းဘုရင်

အခါတပါး၌ မင်းတုန်း ဘုရင်သည်၊ ညီတော်နှင့်တကွ မောင်းမ မိဿံတို့ပါ ခြွေရံသင်းပင်း များစွာဖြင့် သံဃာတော်

အရှင်မြတ်များကို ဆွမ်းလောင်းကြလေသည်။ ယင်းသို့ ဆွမ်းကို အလှည့်ကျလောင်းနေစဉ် မိဖုရားကြီးက ဆွမ်းလောင်း၍ ဘုရင်ကြီးနှင့် ညီတော်က အရှင်မြတ်များကို ကြည်ညိုဖူးမျှော်ကန်တော့နေစဉ် ရဟန်းပျိုတပါးသည် မိဖုရားကြီး ဆွမ်းလောင်းပြီးသည့်၍ဆွမ်းအခူး ခြေဖြင့် မိဖုရားကြီး၏ ထမိစကို နင်းလိုက်ရာ မိဖုရားကြီးထမိန် လျှောကျသွားသည်ကို ဘုရင်ကြီး၏ ညီတော်မြင်သောအခါ ညီတော်သည်ထ၍ ရဟန်းပျိုအား အရေးဆိုမည်အပြုတွင် ရှင်ဘုရင်ကြီးက ညီတော်လက်ကို ဆွဲ၍ ညီတော်အသာနေစမ်းပါ ရဟန်းတော်များသည် ကတုံးရိတ်ခါ တနေ့ထမင်းတနပ်စားပြီး တရားတော်ကို ကျက်မှတ် နေရုံမျှနှင့်ပင် ငါကြည်ညို၍ မဆုံးနိုင်ဟု ဆို့ဆုံးမဘူးသည်ကို ဆရာကြီးများထံမှ ကြားသိရဘူး၏။ ဤသို့လျှင် သံဃာတော် အရှင်မြတ်များသည် ယခုခေတ်၌ ရှိသော လူအပေါင်းတို့၏ အပေါ်တွင် ကျေးဇူးကြီးလှပေ၏။

မှတ်ချက်။ ။ဤအပြု အမူများကို ဘုရင်ကြီးသည် နှစ်သက်တော်မူမည် မဟုတ်ချေ။ သို့သော် ၂၂၇-သွယ်သော သိက္ခာပုဒ်တို့တွင် ဤမျှကလေးဖြင့် မိမိ၏ သဒ္ဓါတရား အပျက်မခံနိုင်။ ဖေါ်ပြရာပါ ကြည်ညိုဘွယ် နှစ်ခုဖြင့် ဤမါထေးခါ ကြည်ညိုတော်မူသည်ဟု မှတ်သင့်ပေသည်။

——+——

# ရတနာ ၃-ပါးယုံကြည်မှု

ထိုကြောင့် သေရမည့်ဘေး နာရမည့်ဘေး အိုရမည့်ဘေး ပဋိသန္ဓေ နေရမည့်ဘေးတို့ကို ကြောက်ရွံ့လှသဖြင့် ထိုထိုသော ဘေးအပေါင်းတို့မှ လွတ်ကင်းရာ တမဂ် တဖိုလ်ရအောင် ကြိုးစားအားထုတ်အံ့ဟု ဆုံးဖြတ်သော ပုဂ္ဂိုလ်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော် သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ညီတူညီမျှ ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ရာသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဟု ဆိုအပ်သော ဘုရား၌ နှစ်နှစ်ခြိုက်ခြိုက် တရား၌ နှစ်နှစ်ခြိုက်ခြိုက် သံဃာ၌ နှစ်နှစ်ခြိုက်ခြိုက် ကြည်ညိုလေးစား ဆည်းကပ်သူများသာလျှင် တမဂ်တဖိုလ်ကို ရနိုင်လေသည်။ ဘုရား-တရား-သံဃာ တည်းဟူသော ရတနာသုံးပါးကို ကြည်ညိုလေးစားခြင်းကင်း၍ တမဂ်တဖိုလ်သို့ ရောက်ခြင်းငှာ မဖြစ်စကောင်းချေ။

ဘုရား-တရား-သံဃာ တည်းဟူသော ရတနာမြတ် ၃-ပါးကို ယုံကြည်လေးစား ကြည်ညိုပါသည် ဆိုစေကာမူ တဦး ကြည်ညိုလေးစားပုံနှင့် တဦး ကြည်ညိုလေးစားပုံတို့မှာ မတူကြပေ။ထိုကြောင့် လေးလေးစားစား လက်အုပ်ချီခြင်း၊လေးလေး စားစား ကြည်ညိုခြင်း၊ လေးလေးစားစား ဆောင်ရွက်ခြင်းကို

ပြုသော ပုဂ္ဂိုလ်သည် လေးနက်စွာသော အကျိုးကျေးဇူးကို ခံစားရ၍ သာမန်ကြည်ညိုလေးစားသူ၌ သာမန်အကျိုးကျေးဇူး ကို ခံစားရပြီးလျှင်၊ ပေါ့ဆစွာ ကြည်ညိုလေးစားသူတို့၌ကား- ပေါ့ဆသေးသိမ်သော ကျေးဇူးကိုသာ ပြန်လည်ရရှိ ခံစား ရလေသည်။ ဤ၌ အနက်အဓိပ္ပါယ်ကို သိရှိနားလည် မှတ်သား ထား ရန်ကား-

သဒ္ဒိသံ ပါကံ ဇနေတိ၊

ဖြစ်၏။ ကမ္မံ၊ ပြုအပ်ပြီးအလုပ်သည်။ (ဝါ) ကုသိုလ်ကံ အကုသိုလ်ကံသည်။သဒိသံ၊ ထိုပြုအပ်သော အလုပ်နှင့်တူမျှသော။ ပါကံ၊ ကောင်းကျိုး မကောင်းကျိုးကို။ဇနေတိ၊ဖြစ်စေတတ်၏။

ထိုကြောင့် အချိန်ကုန် ခံရခြင်းအတူတူ ဖြစ်ခြင်းကြောင့် အကျိုးထူးပို၍ ရရှိစေရန် ရတနာ ၃-ပါးကို ကြည်ညိုလေးစား ဆောင်ရွက်ရာ၌ စိတ်ပါလက်ပါ ဆောင်ရွက်အပ်၏။

အားလပ်သော အချိန်များတွင် ဘုရားဂုဏ်တော် တရား ဂုဏ်တော် သံဃာဂုဏ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ် နေခြင်း ဆင်ခြင်စဉ်းစား အာရုံပွားများ နေခြင်းများသည် အတိုင်း မရှိ အနန္တသတ္တိထူး ဂုဏ်ကျေးဇူးရှင်များကို အာရုံပြုခါ ဘာဝနာ ပွားများ နေခြင်းဖြစ်ရကား အတိုင်းမရှိသော အကျိုးကျေးဇူး များကို စုဆောင်း သိမ်းပိုက် ထားနေခြင်းပင် ဖြစ်လေ သည်။

## သမေစိတ္တ

### သမံ ဖလံ

ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာတော်မြတ်တို့၏ ဂုဏ်တော်များကို ဗမာလိုအနက်အဓိပ္ပါယ်ကို ကျနစွာ သဘော ပေါက်အောင် ကြိုးစားပြီးနောက် ဘုရားဂုဏ်တော် တရား ဂုဏ်တော် သံဃာဂုဏ်တော်တို့ကို တကယ်တန်း ရိုသေလေးစား စွာ နေ့စဉ်ဆည်းကပ် ကိုးကွယ်ပွားများပါက မကြာမြင့်မီ ထူးခြားသော အကျိုးအာနိသင်ကို ခံစားရနိုင်လေသည်။ ယုံကြည်မှု လေးစားမှု အားကြီးလျှင် အားကြီး သလောက် အကျိုးပေးမြန်၏၊ အကျိုးပေးသန်၏။

မယုံမကြည်မရှိအပ်၊ နေ့စဉ်နေ့တိုင်း ဘုရားရှင်၏ ရုပ်ပွားတော် စေတီတော်ရှေ့တွင် ရိုသေလေးမြတ်စွာ ငါးပါးသီလကို ခံယူဆောက်တည် ပြီးလျှင် ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော်တို့ကို တနေ့လျှင် တနာရီခန့်မျှ ၃-လခန့် စိတ်ပါလက်ပါ အခြားသို့ အာရုံမပြန့်လွင့်စေဘဲ ပွားများ သရဇ္ဈာယ်ပါလေ။ တလကျော် ၂-လခန့် ကြာလတ်သော် ထူးခြားစွာ ဝမ်းသာ အားရဘွယ်ကို တွေ့ကြုံခံစား ရပါလိမ့် မည်။ ပဌမအစတွင် သုံးလသည် ကြာသည်ဟူ၍ရင်း၊ တနေ့ တနာရီသည် ကြာသည်ဟူ၍ရင်း၊ ထင်ရှိသော်လည်း တလခန့် ကြာလတ်သော် တနေ့တနာရီသည် အားမရသော ဘဝသို့ ရောက်ရှိလာလတ္တံ့။ ယင်းသို့ ဂုဏ်တော်ကို ပွားများမှုသည် အကျိုးပေးနိုင်ပုံကို ရှေ့စာမျက်နှာများတွင် ဖေါ်ပြခဲ့လေပြီ။

ယခုလည်း ဖော်ပြလိုသည်မှာ ဝိမာနဝတ္ထု ပါဠိတော်ပဥ္စမဝဂ်က စတုတ္ထဝဂ္ဂ ပီဌဝိမာနသုတ်၌-

တိဌန္တေ နိဗ္ဗုတေစာပိ၊
သမေစိတ္တေ သမံဖလံ။

တိဌန္တေစ၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်၌၎င်း။ နိဗ္ဗုတေစ၊ ပရိနိဗ္ဗာန် ဝင်စံကြွသွား မြတ်စွာ ဘုရား၏ ကိုယ်စားဖြစ်သော စေတီတော်များကို၎င်း။ စိတ္တေ၊ သဗ္ဗညုတ ဉာဏ် အရဟံစသော ဂုဏ်တော်များကို ကြည်ညိုတတ်သော စိတ်သည်။ သမေ၊ အညီအမျှ တူစွာထားနိုင် ကြသည်။ သတိ၊ ရှိသော်။ သမံဖလံ၊ မပိုမလျော့ တူမျှသောအကျိုးကို ရနိုင်သည်။ ဟောတိ၊ ဖြစ်၏။

၃-လဆိုသည်မှာ များသည်မဟုတ်ချေ။ တနင်္ဂနွေ တပတ် သည် တခဏခြင်းပြည့်သွားခဲ့၏။ တမိုးဆိုသည်မှာလည်း တခဏ ခြင်း ပြည့်၍ သွားခဲ့၏။ တချို့ကား တဝါတွင်းလုံး ရှစ်ပါး သီလ ဆောက်တည် နေကြ၏။ တချို့ကား တဝါတွင်းလုံး ၉-ပါးသီလကို ဆောက်တည်ပြီးလျှင် မေတ္တာပို့ခါ အသက် သတ်လွတ်ကို စားနေကြကုန်၏။ မဟာသိဝ မထေရ်ကြီးသည် အနှစ် ၃၀-ကာလပတ်လုံး မည်သည်ကိုမျှ မသွားမလာဘဲ ရဟန်းတရားကို အားထုတ်ခဲ့ဘူးလေပြီ။ ထို့ကြောင့် တနေ့မှ တနာရီသည် များသည်မဟုတ်ချေ။

ထိုကဲ့သို့ ရတနာ ၃-ပါးဂုဏ်ကို အားထုတ်နေသော အချိန် တွင် ဂုဏ်တော်ပါသော စာအုပ်များကို မပြတ်မလတ် ကြပ်ကြပ်

ဘတ်ပေးပါလေ။ လာမည့်ဘေးဝေး၍ ပေးမည့် အကျိုး လျင်မြန်သန့်စွမ်းသည်မှာ စိတ်ဒွိဟဖြစ်ဘွယ် မရှိချေ။

—‡—

## ဝဋ်မှမထွက်ရို
## တဏှာပါသောကုသိုလ်

ပုညာဘိသင်္ခါရ၊
အပုညာဘိသင်္ခါရ၊
အာနဉ္စာဘိသင်္ခါရ၊

အထက်ပါ အလေ့အကျင့် ၃-ပါးသည် ဘုရားပွင့်သည့် အခါ၌ဖြစ်စေ၊ ဘုရားမပွင့်သည့် အခါများ၌ဖြစ်စေ၊ တည်ရှိ နေ၏။ ထိုဘာသာရပ်ကို ကြိယာဘာသာ ဟု ခေါ်ဆိုကြ၏။ အလောင်းတော် သိဒ္ဓတ္ထ၏ ခမည်းတော်, မယ်တော်များသည် ဘုရားရှင် မပွင့်မီ၌၊ ထိုကြိယာ ဘာသာကိုပင် ကိုးကွယ်ကြ ကုန်၏။ ကြိယာဘာသာ ဆိုသည်မှာ ကောင်းမှုကို လုပ်လျှင် ကောင်းကျိုးရ၍၊ မကောင်းမှုကိုလုပ်လျှင် မကောင်းကျိုးရ၏ဟု အယူရှိ၏။ ထိုအချိန်များတွင်လည်း ကောင်းမှုလုပ်သည်ဖြစ်စေ၊ မကောင်းမှုလုပ်သည်ဖြစ်စေ၊ အကျိုးမထူးပါဘူးဟု ယူသော အယူအဆတို့သည် ရှိကြကုန်၏။ ၎င်းတို့အား အကြိယာဒိဋ္ဌိဟု ခေါ်ဆိုရ၏။

အလောင်းတော် သိဒ္ဓတ္ထသတို့သားကို ဖွားမြင်ပြီးနောက် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် ၎င်းတို့ကိုးကွယ်သော

ဆရာဒေဝိလ ရသေ့ကြီး လာသောအခါ သားတော်အား ရှိခိုးစေရာ၊ အလောင်းတော်သည် ဒေဝိလရသေ့ကြီးအား ရှိမခိုးဘဲလျက် ဒေဝိလ၏ဦးခေါင်း၌ ရပ်သည်ဟူ၏။ ထိုအခါ ဒေဝိလရသေ့ကြီးသည် ပဌမပြုံး၍ ဒုတိယငို၏။ ပြုံးခြင်း၏ အကြောင်းရင်းကား- ဘုရားဖြစ်မည့် ပုဂ္ဂိုလ်ကို တွေ့ရှိရ၍ ပြုံးခြင်းဖြစ်၏။ ငိုခြင်းကား- ဘုရားဖြစ်မည့် ပုဂ္ဂိုလ်နှင့် တွေ့ကြုံရပါလျက် ဘုရားပွင့်တော်မူမည့် အချိန်အထိ မိမိသည် အသက်ရှည်လျက်မရှိတော့။ ထိုအချိန်တွင် မိမိကား အရူပဗြဟ္မာဘုံ၌ ရောက်ရှိနေမည်ကိုသိ၍ ငိုခြင်းဖြစ်၏။ ဤသည်ကို ထောက်သော်- အလောင်းတော်၏ ခမည်းတော် မယ်တော် များသည် ကြိယာဘာသာကို ယုံကြည်ကိုးကွယ်သည်မှာ ထင်ရှားလှ၏။ ထိုမှတပါး အလောင်းတော်ကို ဖွားမြင်ပြီးနောက် ၇-ရက် မြောက်သော နေ့တွင် မယ်တော် မဟာမာယာသည် စုတေ၍ တုသိတာနတ်ပြည်ဝယ် သန္တုဿိတ နတ်သား ဖြစ်သည်ကို ထောက်ခြင်းဖြင့်လည်း ကြိယာဘာသာကို ကိုးကွယ်သည်မှာ ထင်ရှားပေတော့၏။ ဤအချက်တို့ကို ထောက်ဆသော် ဘုရားမပွင့်မီ အချိန်အခါတွင်လည်း နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်ရှိနိုင်သော အကျင့်သီလတို့သည် ရှိသည်မှာ ထင်းရှားလှပေတော့၏။

ထိုကြောင့် နတ်ပြည်နှင့် ဗြဟ္မာပြည်သို့ ရောက်ရုံလောက်မျှဆိုလျှင် ဘုရားရှင် ပွင့်တော်မူရန်မလို။ ထိုမှတပါး ကြိယာဘာသာမျှ ယုံကြည်လေ့ကျင့်ခြင်းဖြင့် ထိုနတ်သားသည်၊ ဝါ- ထိုဗြဟ္မာသည် သေသည်၏အခြားမဲ့ ဘဝများတွင် ငရဲ- တိရစ္ဆာန်- ပြိတ္တာ- အသုရကာယ်ဟု ဆိုအပ်သော အပါယ်

လေးဘုံသို့ မကျရောက်ဟု မဆိုနိုင်ချေ။ ထို ၃၁-ဘုံထဲတွင် တဝဲလည်လည် ကျင်လည်ကျက်စားခါ အိုဘေး, နာဘေး, သေဘေး, ပဋိသန္ဓေနေရခြင်း ဆင်းရဲစသော ဘေးအပေါင်း တို့၏ ဒဏ်ချက်ကိုသာ ခံစားနေကြရလေသည်။

ဘုရားမပွင့်သော်လည်း အထက်တွင် ဖေါ်ပြခဲ့သော ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္စာဘိ သင်္ခါရတို့သည် ရှိကုန် ၏။ ပုညာဘိသင်္ခါရ ဆိုသည်ကား ဒါန သီလ စသည် ကုသိုလ် ကောင်းမှုတို့ကို ပြုခြင်းဖြစ်၍ ပုညာဘိသင်္ခါရ ကုသိုလ်ကို ပြုကျင့် သူ၏ အကျိုးကား၊ လူ့ပြည်, နတ်ပြည်သို့ ရောက်ရှိနိုင်ခြင်း မျှသာတည်း။

အပုညာဘိသင်္ခါရမှာကား၊ အကုသိုလ် ဒုစရိုက်တို့ကို ပြုကျင့် ခြင်းဖြစ်၍ သေသည်၏ အခြားမဲ့၌ လူ့ပြည်သို့ပင် ပြန်လည် မရောက်ရှိနိုင်တော့ဘဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံတွင် ခံရပေတော့၏။ အပါယ်လေးဘုံသို့ ကျ ရောက်သော် ပြန်တက်ရန်ခဲရင်းဘိ၏။

အာနဉ္စာဘိသင်္ခါရဆိုသည်ကား၊သမထဘာဝနာကို လေ့ကျင့် ခံစားနေ၍ သေသည်၏အခြားမဲ့၌ ဗြဟ္မာဘုံသို့ ရောက်သော အလေ့အကျင့်ဖြစ်၏။

နတ်ပြည်,ဗြဟ္မာ့ပြည်များတွင်လည်း တည်မြဲစွာမနေရ ပြုကျင့် ခဲ့သော ဒါန, သီလ, သမထ စသည် ပုညာဘိသင်္ခါရ ကုသိုလ်က အကျိုးပေး ကုန်စေ့သောအခါ နတ်ပြည်, ဗြဟ္မာ့ ပြည် မှ ထိုက်သည်အားလျော်စွာ ပြောင်းရွှေ့ကြရကုန်ပြန်၏။

ထိုကြောင့် အခါတပါး၌ ဘုရားရှင်သည် ဆွမ်းခံကြွရာ တခုသောဝက်မငယ်ကိုမြင်၍ ပြုံးတော်မူ၏။ ထိုအခါ ညီတော်အာနန္ဒာ၏ လျှောက်ထားချက်အရ ဘုရားရှင်က ချစ်သား ဤဝက်မငယ်သည် ကောဏ္ဍာဂုံ မြတ်စွာဘုရား၏ သာသနာတော်အတွင်း ကမ္မဋ္ဌာန်းတရားကို ကြားနာရ၍ ထိုကုသိုလ်အဟုန်အဆက်ဖြင့် ဗြဟ္မာ့ပြည်တွင် ဗြဟ္မာဖြစ်ခဲ့ဘူးသော ဝက်မငယ်တည်းဟု ဖြေတော်မူ၏။ ဤသည်ကို အကြောင်းပြု၍လည်း ဗြဟ္မာ့ပြည်တဝင်းဝင်း ဝက်စားကျင်းတ ရှုပ်ရှုပ်ဟု ဆိုစမှတ်ရှိခဲ့၏။

အထက်တွင် ပေါ်ပြခဲ့သည်တို့ကို ထောက်၍ ဒါန- သီလ-သမထ စသည့် ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့မှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံသို့ ကျရောက်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေ နေရခြင်း တည်းဟူသော ဆင်းရဲအပေါင်းတို့မှ မကင်းလွတ်ရကား ဘုရားရှင်သည်....

အဝိဇ္ဇာပစ္စယာ သင်္ခါရာ
သင်္ခါရပစ္စယာ ဝိညာဏံ
ဝိညာဏပစ္စယာ နာမရူပံ
နာမရူပ ပစ္စယာ သဠာယတနံ
သဠာယတနပစ္စယာ ဖဿော
ဖဿပစ္စယာ ဝေဒနာ
ဝေဒနာပစ္စယာ တဏှာ
တဏှာပစ္စယာ ဥပါဒါနံ

ဥပါဒါနပစ္စယာ ဘဝေါ
ဘဝပစ္စယာ ဇာတိ
ဇာတိပစ္စယာ ဇရာမရဏ
သောကပရိဒေဝ ဒုက္ခဒေါမနဿ
ပါယာသာ သမ္ဘဝန္တိ
ဧဝမေတဿ ကေဝလဿ
ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဟု ဘုရားရှင် ဟောတော်မူခဲ့လေပြီ။ အဓိပ္ပါယ်ကား....

**အဝိဇ္ဇာ....** ဒုက္ခကို သေချာကျနစွာ မသိမှု၊ ဒုက္ခ၏ဖြစ်ကြောင်းကို မသိမှု၊ ဒုက္ခ၏ချုပ်ရာကို မသိမှု၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို မသိမှု။

**သင်္ခါရ....** ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ။

**ဝိညာဏ်....** စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်။ (ဝိညာဏက္ခန္ဓာ-နာမ်တရား။)

**နာမ်ရုပ်....** ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ (စေတသိက် ၅၂-ပါး၊ နာမ်ခန္ဓာ ၃-ပါး၊ မဟာဘုတ် ၄-ပါးနှင့် ဥပါဒါရုပ် (ရူပက္ခန္ဓာ။)

သဠာယတန....စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတန။

ဖဿ .... စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။

ဝေဒနာ.... စက္ခုသမ္ဖဿဇာ ဝေဒနာ၊ (မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာ)။ သောတသမ္ဖဿဇာ ဝေဒနာ ဇိဝှာ သမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ။

တဏှာ ... ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ။

ဥပါဒါန်.... ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

ဘဝ .... ကမ္မဘဝ၊ ဥပပတ္တိဘဝ။

ဇာတိ .... ပဋိသန္ဓေနေရခြင်း၊ ခန္ဓာအသစ်ဖြစ်ရခြင်း။

ဇရာမရဏ....အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ဆင်းရဲရခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပူပန်ရခြင်း၊ သုခမဟုတ် သက်သက် ဆင်းရဲရခြင်းသာ ဖြစ်၏။

အထက်ပါ မသိမှုတည်းဟူသော အဝိဇ္ဇာကို အကြောင်းခံ၍ ဝဋ်မှ လွတ်မြောက်ရေးတို့ကို မရည်ရွယ်ဘဲ ပုညာဘိ သင်္ခါရ

ဖြစ်သော ဒါန, သီလ, စသည်တို့ကို တဏှာတပ်ခါ ပြုလုပ်ခြင်းကြောင့်ရှင်း၊ ဝဋ်မှလွတ်မြောက်ရေးကို မရည်ရွယ်ဘဲ၊ တဏှာတပ်ခါ ပြုအပ်သော အာနုဥ္စာဘိ သင်္ခါရ သမထကို ပြုပြင်ခြင်းကြောင့်ရှင်း၊ ရရှိအပ်သော နောက်ဆုံးအကျိုးမှာ နံပါတ် ၁၂-ဖြစ်သော....

ဇရာ........အိုရခြင်း။
မရဏ....သေရခြင်း။
သောက....စိုးရိမ်ရခြင်း။
ပရိဒေဝ....ငိုကြွေးရခြင်း။
ဒုက္ခ........ဆင်းရဲရခြင်း။
ဒေါမနဿ....နှလုံးမသာခြင်း။
ဥပါယာသ....ပူပန်ရခြင်း။

**ဧဝံ၊** ဤသို့။ ကေဝလဿ၊ သုခမဖက် သက်သက်သော၊ ဇတဿ၊ ဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခအစုတို့၏။ သမုဒယော၊ ဖြစ်ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤတွင် အသေး သတိပြုရန်မှာ ဝဋ်မှ မလွတ်သော ရည်ရွယ်ချက်တို့ဖြင့် ကုသိုလ်ပြုလုပ်ပါလျှင် နောက်ဆုံးတွင် အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်ခင်သူနှင့် ကွေကွင်းရခြင်းစသော ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရမည်မှာ မုချ မလွဲတော့ချေ။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ယခုဘဝကောင်းသာမဟုတ် ရှေ့လာမည့်ဘဝတွေမှာလည်း ခံရပေဦးမည်။ ဤကား တဏှာ ပါသော ကုသိုလ် အကျိုးပေးပုံတည်း။

## ဝိပဿနာကုသိုလ်
## အကျိုးပေးပုံ

ဒါန၊ သီလ၊ ဘာဝနာ စသည်တို့နှင့် ပတ်သက်၍ အင်္ဂုတ္တိုရ် ပါဠိတော် နဝနိပါတ် ဝေလာမသုတ်၌ လာရှိသည်မှာ နေ့စဉ် နေ့တိုင်း ထမင်းရေချောင်းစီး လှူဒါန်းအပ်သော ဝေလာမ ပုဏ္ဏား၏ အလှူထက် သောတာပန် တယောက်အား တနပ်သော ဆွမ်းကို လှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။ ထိုမှတဖန် သောတာပန်ဦးရေပေါင်း (၁၀၀) တရာကို ဆွမ်းလှူဒါန်း ရသည် ထက် သကဒါဂါမ် တယောက်အား ဆွမ်းလှူဒါန်းရသော အလှူ က ပိုမို အကျိုးကြီး၏။ ထိုမှတဖန် သကဒါဂါမ် ဦးပေါင်း (၁၀၀)တရာအား ဆွမ်းလုပ်ကျွေး ရသည်ထက် အနာဂါမ် တယောက်အား ဆွမ်းလှူဒါန်းရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတဖန် အနာဂါမ် ဦးပေါင်း (၁၀၀) တရာအား ဆွမ်း လုပ်ကျွေးရသော အလှူထက် ရဟန္တာတပါးအား ဆွမ်းလုပ်ကျွေး ရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတဖန် ရဟန္တာ (၁၀၀) တရာအား ဆွမ်းလုပ်ကျွေးရသည်ထက် ပစ္စေကဗုဒ္ဓါ တပါးအား ဆွမ်းလုပ်ကျွေးရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတဖန် အရှင်ပစ္စေကဗုဒ္ဓါ (၁၀၀) တရာတို့အား ဆွမ်းလုပ် ကျွေးရသည်ထက် သဗ္ဗညုတ ဘုရားရှင်အား ဆွမ်းလုပ်ကျွေး ရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှတဖန် ဘုရားရှင်တပါး ထည်းကို ဆွမ်းလုပ်ကျွေး ရသည်ထက် ဘုရားအမှူး ရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး ရသော အလှူက ပိုမိုအကျိုး ကြီး၏။

ထိုမှတဖန် တဆင့်တက်ပြန်သော် ဘုရားရှင်နှင့် တကွသော သံဃာတော်တို့ကိုပါ ဆွမ်းလုပ်ကျွေးရသော အလှူထက် သံဃာအများ သုံးစွဲနိုင်သော သံဃိက ကျောင်းတကျောင်းကို ဆောက်လုပ်လှူဒါန်းရသော အလှူက ပိုမိုအကျိုးကြီး၏။ ထိုမှ တဖန် သံဃိက ကျောင်းတကျောင်းကို ဆောက်လုပ်လှူဒါန်း ရသည်ထက် သရဏဂုံ သုံးပါးကို ဆောက်တည် ရသော ကုသိုလ်က ပိုမိုအကျိုးကြီး၏။ သရဏဂုံသုံးပါးကို ဆောက်တည် ရခြင်းထက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက် တည်ရခြင်းသည် ပိုမိုအကျိုးကြီး၏။ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရသည်ထက် နွားနို့တညှစ်ခန့် သော အချိန်ကာလမျှပင် မေတ္တာဘာဝနာကို ပွားများရခြင်း သည် ပိုမိုအကျိုးကြီး၏။ မေတ္တာ ဘာဝနာတရားကို ပွားများ ရသဖြင့် ရရှိအပ်သော အကျိုးထက် အနိစ္စသညာ ဝိပဿနာ ဘာဝနာကို ပွားများရခြင်း ကုသိုလ်သည် ပို၍အကျိုးကြီး၏ဟု ဘုရားရှင်သည် ထင်ရှားစွာဟောခဲ့လေပြီ။

အထက်ပါ တရားတော်ကို စစ်ဆေးသည်ရှိသော် ဒါနထက် သီလမြတ်ကြောင်း၊ သီလထက် ဘာဝနာမြတ်ကြောင်း ထင်ရှား လေတော့၏။

လူတို့သည် ကုသိုလ်ပြုလုပ်နေကြသည်မှာ အများအားဖြင့် တမဂ်-တဖိုလ်ကို ရည်ရွယ်၍ ဝိဝဋ္ဋကုသိုလ် ပြုသူကား နည်းပါး၍ ယခုဘဝ ရှေးဘဝများတွင် သုခစည်းစိမ် ခံစားလိုမှုကိုသာ ရည်စူး၍ ပြုလုပ်သူက များပြားလေသည်။ ထို့ထက် ဆိုးရွား နစ်နာသူကား ပကာသန ရရှိရေးအတွက်နှင့် ဂုဏ်တု ဂုဏ်ပြိုင် မနာလိုသောစိတ်ဖြင့် ပြုလုပ်သူ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ယခုဘဝအတွက် ဒါနသီလကို ပြုသည်ဖြစ်စေ၊ နောင်ဘဝမလွန်ဘဝအတွက် ပြုသည်ဖြစ်စေ၊ ကောင်းသည်သာတည်း။ ဤသို့ပြုလုပ်သဖြင့်လည်း လာမည့် ကုသိုလ်မှာ အလျင်အမြန် ရောက်ရှိလာ၍ လာမည့်ဆဲဆဲ အကုသိုလ်မှာ ထိုက်သည်အားလျော်စွာ ရပ်တန့်သွားသည်မှာ ယုံမှားဘွယ် မရှိချေ။ ထိုပြင် လာမည့်ဘဝ များတွင်လည်း ထိုကုသိုလ်၏ အကျိုးကို ခံစားရမည်ပင် ဖြစ်လေသည်။

## ဝိပဿနာ ဘာဝနာ အကျိုးငါးပါး

သို့သော် လူသိနည်းသော ကုသိုလ်ကောင်းမှု အကျိုးပေးတရပ်ကား ဒါန သီလကို လုပ်ခြင်းဖြင့် လက်ငင်းဘဝနှင့် နောင်ဘဝပါ ခံစားနိုင်ခဲ့ပါလျှင် ထိုထက် သတ္တိပြင်းထန်သော ဘာဝနာကုသိုလ်သည် အဘယ်လျှင်အကျိုးပေးရာ၌ ဒါနသီလထက် အကျိုးပေးနည်းနိုင်ပါအံ့နည်း။ ပိုမို အာနိသင်ကြီးသော လက်နက်ကို သုံးက ပိုမိုအကျိုးကျေးဇူး များဘွယ်သာ ရှိကြောင်းကို အချိန်သေးခြင့်စွာ စဉ်းစားနေရန် မရှိတော့ချေ။

ထို့ကြောင့် လောကုတ္တရာတွင်သာမက လောကီတွင်လည်း အသက်ရှည်ခြင်း၊ ရုပ်ချောစဘွယ် ကြက်သရေရှိခြင်း၊ ချမ်းသာကြီးခြင်း၊ စည်းစိမ်ဥစ္စာ တိုးတက်ခြင်း၊ ကျန်းမာ၍ အသားအရည် ခွန်အား ပြည့်ဖြိုးခြင်း စသည်တို့ကိုလည်း ဘာဝနာကိုပြုခြင်းဖြင့် ရရှိနိုင်ပုံကို ဘုရားရှင်သည် သုတ်ပါထေယျ ပါဠိတော် စက္ကဝတ္တိသုတ်၌-

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ
ကာယာနုပဿီ ဝိဟာရတိ။
အာတာပီ သမ္ပဇာနော သတိမာ
ဝိနေယျ လောကေ အဘိဇ္ဈာ
ဒေါမနဿံ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော်၌။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ် နှိပ်စက်တတ်သော။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့် သိမြင်တတ်သော ပညာရှိသော။ သတိမာ၊ အဖန်တလဲလဲ အမြဲမပြတ်အောက်မေ့တတ်သော သတိတရားရှိသော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ကာယေ၊ ပထဝီအစရှိသော ရုပ်တရားအပေါင်း၌။ ကာယာနုပဿီ၊ ရုပ်တရားအပေါင်းဟု အဖန်ဖန်ရှုလျက်။ လောကေ၊ သင်္ခါရလောက၌။ ဝါ-သုံးပါးသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ရှေ့ရှုပြု၍ အလိုရှိခြင်း- လောဘ အဘိဇ္ဈာစိတ်နှလုံး မသာယာခြင်း, ဒေါမနဿ၊ ဝေဒနာတရားအပေါင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟာရတိ၊ ချမ်းသာစွာနေထိုင်၏။

ထိုမှတပါး ငင်းပါဠိတော်တွင် လာရှိသော သဘောမှာ ခန္ဓာငါး၊ ရုပ်ဓာတ်-နာမ်ဓာတ်တို့ အပေါ်တွင် အနိစ္စ ဒုက္ခ အနတ္တဟု သမ္မသနဉာဏ်ကို ပွားများခါနေခြင်း၊ အဖြစ်အပျက် ဥဒယဗ္ဗယဉာဏ် ပွားများခါနေပါက လောကတွင် အဘယ် အကျိုးကို ရရှိနိုင်ပါသနည်းဆိုသော် ထိုပါဠိတော်၌ တဘက်ပါ အတိုင်း ဆက်ခါလာရှိလေသည်။

ဧဝံခေါ ဘိက္ခဝေ ဘိက္ခု အတ္တဒီပေါ
ဝိဟရတိ အတ္တသရဏော အနညသ
သရဏော ဓမ္မဒီပေါ ဓမ္မသရဏော
အနညသရဏော။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧဝံခေါ၊ ဤဆိုအပ်ပြီးသော နည်းအတိုင်းသာလျှင်။ ဘိက္ခု၊ ယောဂီ ရဟန်းသည်။ အတ္တဒီပေါ၊ မိမိကိုယ်ဟု ဆိုအပ်သော မှီခိုရာ ကိုင်းကျွန်း ရှိသည်။ အတ္တသရဏော၊ မိမိကိုယ်ဟုဆိုအပ်သော ကိုးကွယ်ရာရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အနညသရဏော၊ မိမိကိုယ်မှ တပါးသော ကိုးကွယ်ရာမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မဒီပေါ၊ တရားဟုဆိုအပ်သော ကိုးကွယ်ရာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အနညသရဏော၊ တရားတော်မှတပါး ကိုးစား အားထားရာမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဂေါစရေ ဘိက္ခဝေ စရထ
သကေ ပေတ္တိကေ ဝိသယေ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ သကေ၊ မိမိတို့၏ဥစ္စာဖြစ်သော။ ပေတ္တိကေ၊ ဘုရားရှင်ဟု ဆိုအပ်သော အဘ၏ ဥစ္စာဖြစ်သော။ ဂေါစရေ၊ ရံခါရံခါ ကျက်စားရာဖြစ်သော တရားတည်းဟူသော အာရုံ၌ရှင်း။ ဝိသယေ၊ အမြဲမပြတ် ဆယ်ခါထပ်ခါ ကျက်စားရာ ဖြစ်သော အာရုံ၌ရှင်း။ စရထ၊

မနေမနားကြိုးစား၍ ကျင့်ကြံ ကြိုးကုတ် အားထုတ် ကြ
ကုန်လော့။

ဂေါစရေ ဘိက္ခဝေ စရထ သကေ
ပေတ္တိကေ ဝိသယေ အာယုနာပိ
ဝဍ္ဎိဿထ၊ ဝဏ္ဏေနပိ ဝဍ္ဎိဿထ၊
သုခေနပိ ဝဍ္ဎိဿထ၊ ဘောဂေနပိ
ဝဍ္ဎိဿထ၊ ဗလေနပိ ဝဍ္ဎိဿထ၊

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သကေ၊ သာသနာတော်ထမ်း ရဟန်းဟု ဆိုအပ်သော မိမိတို့၏ ဥစ္စာဖြစ်သော။ ဝါ-ရဟန်း ရှင်လူဟု ဆိုအပ်သော မိမိတို့၏ ဥစ္စာဖြစ်သော။ ပေတ္တိကေ၊ ဘုရားရှင်ဟု ဆိုအပ်သော အဘ၏ ဥစ္စာဖြစ်သော။ ဂေါစရေ၊ ရံခါရံခါ ကျက်စားရာဖြစ်သော တရားတည်းဟူသော အာရုံ၌ ၄င်း။ ဝိသယေ၊ အမြဲမပြတ် ထပ်ခါထပ်ခါ ကျက်စားရာဖြစ်သော တရားတည်းဟူသော အာရုံ၌၄င်း။ စရထ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကျင့်ကြံကြိုးကုတ် အားထုတ် ကြကုန်သော။ တုမှေ၊ သင်ချစ်သားတို့သည်။ အာယုနာပိ၊ ရုပ်နာမ်နှစ်ထွေ၊ ဇီဝိတိန္ဒြေ အသက်ဖြင့်လည်း။ ဝဍ္ဎိဿထ၊ တနေ့တခြား တလ တခြား တနှစ်တခြား တိုးပွားကြကုန်လတ္တံ့။ ဝဏ္ဏေနပိ၊ အဆင်း သဏ္ဍာန် ကြန်အင်္ဂါ လက္ခဏာဖြင့်လည်း။ ဝဍ္ဎိဿထ၊ အစဉ် အားဖြင့် တိုးပွားကြကုန်လတ္တံ့။ သုခေနပိ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြင့်လည်း။ ဝါ-လောကုတ် လောကီ နှစ်လီသော ချမ်းသာခြင်းဖြင့်လည်း။ ဝဍ္ဎိဿထ၊ အမြဲမပြတ် တိုးပွားကြ ကုန်လတ္တံ့။ ဘောဂေနပိ၊ ခဲသာကီရိပ်ငြိမ် စည်းစိမ်ဥစ္စာ အဖြာဖြာဖြင့်လည်း။ ဝဍ္ဎိဿထ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း

တိုးပွားကြကုန်လတ္တံ့။ ဇလေနပ်၊ ကိုယ်အား, ဉာဏ်အား နှစ်ပါးစုံသော အင်အားဖြင့်လည်း။ ဝါ–ကာယဗလ ဉာဏဗလ နှစ်ဝသော အင်အားဖြင့်လည်း။ ဝဍ္ဎိံသုထ၊ နေ့ညဉ့်မပြတ် ထပ်ခါထပ်ခါ တိုးပွားကုန်လိမ့်လတ္တံ့သတည်း။

ဤသို့လျှင် ဝိပဿနာ ဘာဝနာကို ထပ်ခါထပ်ခါ ပွားများ နေခြင်းဖြင့်လည်း လောလောဆယ် အကျိုးပေးနိုင်ပုံကို ဘုရား ရှင်သည် သုတ်ပါထေယျ ပါဠိတော် စက္ကဝတ္တိသုတ်တွင် ဟော တော်မူခဲ့လေပြီ။

## အနာထပိဏ်သူဌေးကြီး ငိုရှာခြင်း

ဥပရိပဏ္ဏာသ ပါဠိတော် အနာထပိဏ္ဍိ ကောဝါဒ သုတ်၌ လာသည်မှာ အခါတပါး၌ အနာထပိဏ် သူဌေးကြီးသည် ရောဂါဝေဒနာ အလွန်နှိပ်စက်ရကား ရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီး၏ တရားကို နာလို၍ ပင့်လျှောက်၏။ ထိုအခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ရှင်အာနန္ဒာနှင့် တကွ ကြွတော်မူလာ၏။

အိမ်သို့ ရောက်သောအခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က တကာကြီး ဝေဒနာ သက်သာပါ၏လော။ ဆုတ်လျော့ခြင်း ဖြစ်ပါ၏လောဟု စသည်ဖြင့် မေးတော်မူ၏။ ထိုအခါ သူဌေးကြီးက အရှင်ဘုရား တပည့်တော်၏ ဝေဒနာမှာ သက်သာသည် မရှိပါ။ တိုးခါတိုးခါ ပြင်းထန်၍သာ လာပါ သည် ဘုရား တို့ကြောင့် တရား ချီးမြှင့်တော်မူပါ ဘုရားဟု လျှောက်ထား၏။

ထိုအခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် တရားကို ဟောတော်မူ၏။ တရားဆုံးသောအခါ အနာထပိဏ် သူဌေးကြီး သည် မျက်ရည်တွေတွေ ယိုစီးလျက် ငိုကြွေးခြင်းကို ပြုလေ၏။

ထိုသောအခါ အာနန္ဒာအရှင်မြတ်က တကာကြီး....သေခြင်း သဘောတရားကို ထိုမျှကြောက်ရွံ့ တုန်လှုပ်သလေလောဟု မေးတော် မူ၏။ ထိုအခါ အနာထပိဏ် သူဌေးကြီးက တပည့်တော် သေရမည့်ဘေးကို ကြောက်ရွံ့၍ ငိုကြွေးခြင်း ပြုသည် မဟုတ်ပါ ဘုရား။ ဝမ်းနည်းငိုကြွေးရခြင်း အကြောင်းကား ထိုမျှ ကောင်း လှ မွန်မြတ်လှသော တရားကို တပည့်တော် ရှေးအခါက တခါ ဘူးမျှ မကြားနာရဘူးပါဘုရား၊ ယခုသေခါနီးမှ ကြားနာရ၍ ကျင့်ရန် အချိန်မရ၍ ဝမ်းနည်းငိုကြွေးခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။ ယင်းသို့လျှောက်ထားပြီးနောက် အနာထပိဏ် သူဌေးကြီးလည်း စုတေမနေ သေလွန်၍ တုသိတာဘုံသို့ ရောက်ရှိ လေ၏။

ထိုတရားကား အဘယ်တရားပါနည်းဆိုသော် ဤသို့သော သဘောရှိသော တရားများပင်တည်း။

သူဌေးကြီး.... မိမိကိုယ်၌ရှိသော စက္ခုပသာဒ၊ သောတ ပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ မနောဒွါရ တို့ကို တဏှာမာနဒိဋ္ဌိတို့ဖြင့် စွဲလမ်းခါ ငါ့ဥစ္စာ၊ ငါ၊ ငါ့ကိုယ်ဟု မဖြစ်စေအပ်။

ထိုအတူ စက္ခု ဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ် စသည် တို့ကိုလည်း တဏှာမာန ဒိဋ္ဌိတို့ဖြင့်၊ တေံ မမ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာဟု မစွဲလမ်းစေရ။

ထိုအတူ ဖဿ၊ ဝေဒနာ စသည့် ပရမတ် တရားတို့ကိုလည်း ငါမစွဲစေရ၊ ဤသို့လျှင် ကျင့်အပ်၏ စသော ဝိပဿနာ ကျင့်စဉ် တရားတော်ကို ဟောကြားခြင်းဖြစ်၏။

## ဓနဉ္စာနီ

တပါးတို့လည်း၊ မဇ္ဈိမပဏ္ဏာသ၊ ဓနဉ္စာနီသုတ်၌ လာသည်မှာ ဓနဉ္စာနီပုဏ္ဏားကြီးအား အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ငရဲ, တိရစ္ဆာန်, လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည် စသည်တို့နှင့် ဆိုင်သည်တို့ကို ဟောတော်မူပြီးနောက် ပုဏ္ဏားကို အလိုရှိတတ်သော ဗြဟ္မာပြည်သို့ ရောက်စေတတ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ၄-ပါးသော သမထ တရားတို့ကို ဟောတော်မူခဲ့၏။ ဘုရားရှင်ထံသို့ရောက်သောအခါ ဘုရားရှင်က ချစ်သား သာရိပုတ္တရာ.... ပုဏ္ဏားကြီးအား အဘယ်ကြောင့် အထက်တန်းကျသော မဂ်ဖိုလ်ကို ရောက်ကြောင်း ဝိပဿနာ တရားကို မဟောခဲ့လေသနည်း။ အကယ်၍ သင်ချစ်သားသည် ဟောခဲ့ပါက ပုဏ္ဏားကြီးသည် မဂ်ဖိုလ်ကို ရယူနိုင်သော အရည်အချင်းရှိ၏ဟု မိန့်တော်မူ၏။ ဤ၌ အဋ္ဌကထာတွင် အရှင်သာရိပုတ္တရာသည် ဗြဟ္မာပြည်သို့တက်၍ သစ္စာ ၄-ပါး တရားတော်ကို ဗြဟ္မာကြီးအား ဟောတော်မူသည်ဟု ဖွင့်ဆိုလေသည်။

## အရှင်စူဠပန်

အရှင်စူဠပန်သည် တဝါကွင်းလုံး ၄-ကြောင်းမျှ ရှိသော တဂါထာကို ကျက်မှတ်၍မရနိုင်သောကြောင့် နောင်တော်က

သာသနာ့ဘောင်မှ ထွက်ခွာသွားရန် နှင်ထုတ်လိုက်လေသည်။ ဘုရားရှင်နှင့် တွေ့သောအခါ ဘုရားရှင်ကပေးသော အဝတ်စကလေးကိုပင် ဆင်ခြင်အားထုတ် နေခြင်းဖြင့် နေ့တက်ဝက်မတိုင်မီပင်လျှင် အလွန်ခက်ခဲသည့် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားတော်မူလေသည်။

ထို့ကြောင့် ယခုအခါ မိမိမအိုမီ, မနာမီ ကျန်းမာနေစဉ်အခါ ဝိပဿနာတရားကို အချိန်မနှောင်းမီ လေ့ကျင့်နိုင်သော အချိန်ဖြစ်ရကား၊ ဆရာကောင်းကို ရှာဖွေ၍ ကြိုးစားအားထုတ်တော်မူကြပါလေ။ သို့ရာတွင် ဝိပဿနာလုပ်ငန်းသည် သာမန် သူပြောငါပြောနှင့် လုပ်အပ်သော အလုပ်မဟုတ်၊ အလွန် ခက်ခဲနက်နဲသော တရားဖြစ်၏။ အထက်ရောက်လေလေ ခက်ခဲနက်နဲ လေလေဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည် နိဒါနသံယုတ် သတ္ထုပရိယေသူတဗ္ဗသုတ်၌၎င်း၊ ထိုထိုသော ပါဠိတော်တို့၌၎င်း။ ယထာဘူတကျနစွာ ဟောပြနိုင်မည့် ဆရာကောင်းရရှိရေးအတွက် ကြိုးစားရှာဖွေရန် တစ်ခါထပ်ခါ လေးနက်စွာ မိန့်တော်မူခဲ့လေပြီ။

## ဝဋ်ဆင်းရဲမှ လွတ်ရာ
## ဝိဝဋ္ဋကုသိုလ်

ဘုရားရှင် အလိုတော်ကျမှာ ဒါန, သီလ, သမထ စသည့် ပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရတို့ကို လုပ်ကြဟု တိုက်တွန်းဟောပြောတော်လည်း လိုရင်းမှာ ၃၁-ဘုံတွင် ကြင်လည်နေရသော တဏှာတပ်သည့် ကုသိုလ်မဟုတ်မူ၍ ၃၁-ဘုံမှ

လွတ်မြောက်သည့် နိဗ္ဗာန်စခန်းသို့ ရောက်စေရန် ရည်သန်၍ ဝိဝဋ္ဋ ဒါန, သီလ, သမထများကိုသာ လုပ်စေခြင်းဖြစ်သည်။ ဥပမာ ဆိုသော် ပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရ တည်းဟူသော ဒါန, သီလ, သမထတို့ကို အဘယ်ကဲ့သို့ သဘောထားအပ်ပါ သနည်းဆိုမူ ပင်လယ်တွင် သင်္ဘောပျက်သူ တယောက်သည် တွယ်တာရန် ဘာတခုမျှ မရှိသောအခါနှင့်၌ ခွေးသေကောင်ပုတ် တခု မျောလာရာ ထိုခွေးသေကောင်ပုတ်ကိုမှ လှမ်းမဆွဲလိုက်လျှင် မိမိအသက် ပျက်စီးဘွယ်ရာ ဖြစ်သဖြင့် ခွေးသေကောင်ပုတ်ကို လက်တဖက်မှ ပိုက်ဖက်၍ လက်တဖက်မှ လိုရာခရီးသို့ ကူးခတ် ဘိသကဲ့သို့ ဒါန, သီလစသည့် ပုညာဘိသင်္ခါရ အာနဉ္စာဘိ သင်္ခါရ တို့ကိုလည်း တဏှာအစွဲဖြင့် မတပ်နှစ်သက်ဘဲ တမင်တဖိုလ်ကို အခြေပြုနိုင်ရန် သဘောဖြင့်သာ ပြုလုပ်၍ တဘက်တွင်လည်း တမင်တဖိုလ်ရမှုကို တွင်တွင်ကြီး ကြိုးစားအားထုတ် စေလိုခြင်း ဖြစ်လေသည်။

## ပေါဋ္ဌိလ မထေရ်အား
## တုစ္ဆ-တုစ္ဆဟု ခေါ်ခြင်း

တကြိမ်တွင် ပရိယတ္တိ၌ ညွန့်စွာကျွမ်းကျင်၍ သံဃာ ၅၀၀- တို့၏ အကြီးအမှူးဖြစ်သော ပေါဋ္ဌိလမထေရ်ကြီးသည် ဘုရားရှင် ထံသို့ ချဉ်းကပ်ပူဇော်သောအခါ ဘုရားရှင်က ချစ်သား တုစ္ဆ- လာသလောဟု မိန့်တော်မူ၏။ ထိုအခါ ပေါဋ္ဌိလမထေရ်ကြီး သည် ငါသည် သာသနာတော် အစီးအပွားကို အလိုရှိ၍ ပရိယတ္တိ သာသနာတော်ကို အားထုတ်သည် ဖြစ်ပါလျက် ဘုရားရှင်သည်

ငါ့အား တုစ္ဆဟူ၍ မိန့်တော်မူ၏။ တုစ္ဆဆိုသည်ကား အချည်းနှီး အနက်ရှိ၏ဟု သဘောပေါက်ပြီးလျှင် များစွာ စိုးရိမ်တုန်လှုပ်ခြင်း ဖြစ်လေတော့၏။

ထိုသောအခါ ပေါဋ္ဌိလမထေရ်ကြီးက အရှင်ဘုရား တပည့်တော်သည် သာသနာတော်၏ အစီးအပွားငှာ အလိုရှိ၍ ပရိယတ္တိဓမ္မကို အားထုတ်နေသည် ဖြစ်ပါလျက် တုစ္ဆဟု အမိန့်ရှိခြင်းကြောင့် ဘုရားတပည့်တော် အလွန်ပူဆွေး တုန်လှုပ်ခြင်း ဖြစ်ပါသည်ဘုရား။ ထိုကြောင့် တပည့်တော်၏ အချည်းနှီးဖြစ်နေခြင်းကို အမိန့်ရှိတော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ရှင်တော်ဘုရားက ချစ်သားပေါဋ္ဌိလ.... သင်ကား ကန်ဘောင်ရိုးတို့ကိုသာ လုံခြုံစွာဆယ်၍ ကန်တွင်း၌ရှိသော ရေကိုကား မသောက်လိုသောကြောင့် တုစ္ဆ-တုစ္ဆ အချည်းနှီးသောလူဟု ငါခေါ်တော်မူခြင်းဖြစ်၏ဟု မိန့်တော်မူ၏။

ပေါဋ္ဌိလမထေရ်ကြီးသည် သင်္ကန်း ၃-ထည်နှင့် သပိတ်ကို လွယ်၍ သားရေနွယ်ကိုကိုင်ပြီးလျှင် လက်အုပ်ချီလျက် ကမ္မဋ္ဌာန်း မေ ဒေထ ဘန္တေ၊ အရှင်ဘုရား တပည့်တော်အား ကမ္မဋ္ဌာန်း ပေးသနားတော်မူပါဘုရားဟု တောင်းလတ်သော် ဘုရားရှင်သည် ကျောင်းတော်မှ ၃-ယူဇနာရှိသော မဟာထေရ် တပါးထံသို့ ပေါဋ္ဌိလမထေရ်ကြီးအား ညွှန်ကြားလိုက်လေ၏။ မထေရ်ကြီးထံသို့ ရောက်သောအခါတွင်လည်း မထေရ်ကြီးက အကြောင်းအကျိုးဆင်ခြင်ခါ ပေါဋ္ဌိလ မထေရ်ကြီးအား ကမ္မဋ္ဌာန်းမပေးဘဲ မီးတင်းကုတ်တွင် ၇-နှစ်အရွယ်မျှသာရှိသေးသော ကစား၍နေသည့် သာမဏေထံသို့ ညွှန်လိုက်၏။ ပေါဋ္ဌိလမထေရ်ကြီးလည်း

သာမဏေငယ်ထံတွင် ကမ္မဋ္ဌာန်းတရားကိုရ၍ မကြာမီ အရဟတ္တ ဖိုလ်သို့ ရောက်တော်မူလေ၏။

ဤ၌ သတိပြုရန်မှာ ဘုရားရှင်သည် အခါအခွင့်ရတိုင်း ဒါန-သီလ စသည့် ကုသိုလ်ကောင်းမှုပြုလုပ်ရန် အမိန့်တော်ရှိသော်လည်း၊ အထက်တန်းသို့ ရောက်ရှိလာသော ပုဂ္ဂိုလ်တို့အတွက်ကား အထက်တန်းတရားကို ဟောတော်မူသည်ကို သတိပြုအပ်၏။ ထိုကြောင့် ဒါန, သီလစသည့် ကုသိုလ်ကောင်းမှုမပြုရပြီလောဟု စောဒကတက်ဖွယ် မရှိပြီ။ ဝိဝဋ္ဋဒါန, သီလစသည့် ကောင်းမှုကုသိုလ်တို့ကိုလည်း အစွမ်းကုန် ပြုလုပ်ရမည်သာတည်း။

ပရိယတ္တိ မရှိပါကလည်း ပဋိပတ္တိတို့မှာ လမ်းမှားသို့သာ ရောက်ရှိကုန်ဘွယ်ရာ ဖြစ်သဖြင့် ပဋိပတ္တိမှုမှန်ကို အလိုရှိသူ အပေါင်းတို့သည် ပရိယတ္တိကို အားပေးကြရမည်သာတည်း။

ထိုမှတဖန် ပေါဋ္ဌိလမထေရ်ကြီးကို အကြောင်းပြု၍ သတိပြုရန်မှာကား စာတတ်သော ပုဂ္ဂိုလ်သည် ပရိယတ္တိဘက်တွင်သာ ရပ်တန့်မနေမူ၍ မမှအရသာဖြစ်သော ပဋိပတ္တိဘက်သို့ တက်လှမ်းကြရန်လည်းဘုရားရှင်အလိုတော်ရှိကြောင်း ကောင်းကောင်းကြီး သတိပြုအပ်ပေ၏။

## အဂ္ဂဒတ္တ မထေရ်

ထိုမှတပါး ဘုရားရှင်သည် ယနေ့မှသည် ၄-လကျရောက်သော် ပရိနိဗ္ဗာန်ပြုတော်မူမည့် အချိန်သို့ကျရောက် လတ်သော် ရဟန်းအပေါင်းတို့သည် ဘုရားရှင်ထံ ထွက်ဝင် လူးလာနေကြ

ကုန်၏။ ထိုသို့ ထွက်ဝင်နေကြစဉ် အတ္တဒတ္တ အမည်ရှိသော ရဟန်းတပါးသည် ဤသို့သောစိတ် ဖြစ်လာ၏။ ဘုရားရှင်သည် ယနေ့မှသည် ၄-လမြောက်သော် ပရိနိဗ္ဗာန်ပြုလတ္တံ့။ ယင်းသို့ ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ ငါသည် ရဟန်းကိစ္စကို ပြီးအောင် ကျင့်အံ့ဟူသော စိတ်ပေါ်လာ၏။ ထိုအခါမှစ၍ အတ္တဒတ္တ မထေရ်သည် ဘုရားရှင်ထံသို့ မသွားတော့ဘဲ ရဟန်းတရားကိုသာ ဂရုပြု၍ အားထုတ်ခါနေ၏။

ထိုသောအခါ အခြားရဟန်းများက မြတ်စွာဘုရားအား လျှောက်ထားကြသည်မှာ- အရှင်ဘုရား.... အရှင်ဘုရားသည် မကြာမီသော အချိန်တွင် ပရိနိဗ္ဗာန် စံမြန်းတော်မူမည်ဖြစ်၍ ရင်တွင်းပူအောင် ကမ္ဘာမီး လောင်သကဲ့သို့ဖြစ်ခါ အရှင်ဘုရားထံ မလာမရောက်ဘဲ မနေနိုင်ကြပါဘုရား။ သို့ငြားသော်လည်း အရှင်အတ္တဒတ္တသည် အရှင်ဘုရားမျက်မှောက် ပရိနိဗ္ဗာန်မပြုမီ ရဟန်းကိစ္စပြီးအောင် ကြံဆောင်လျက် အရှင်ဘုရားထံ မလာ မရောက်ဘဲ ရဟန်းတရားကိုသာ အားထုတ်နေပါသည်ဘုရားဟု လျှောက်ထားကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ချစ်သားတို့.... ငါဘုရားသည် အတ္တဒတ္တမထေရ်အား ချီးကျူး၏ဟု အမိန့်ရှိတော်မူ၏။ (ဓမ္မပဒ)

## ဝဂ္ဂလိမထေရ်

အခါတပါး၌၊ ဝဂ္ဂလိ မထေရ်သည် ဘုရားရှင်အား ဤသို့ လျှောက်၏။ အရှင်ဘုရား...အရှင်ဘုရားကို ဖူးမြင်သင့်ပါလျက်

မဖူးမြင်နိုင်ဘဲ ဝေဒနာကျရောက်နေခြင်းကြောင့် ငါမဖူးမျှော်မဆည်းကပ်ဘဲ နေခဲ့ရပြီတကား နေခဲ့ရပြီတကားဟု ကုက္ကုစ္စသည်ရှိ၍ အတိုင်းမသိ နှလုံးမသာယာခြင်းဖြစ်၍ နေပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ ဘုရားရှင်က ချစ်သား ဝက္ကလိ.... ဤသို့အားဖြင့် မယူဆပေလင့်၊ သင်သည် ဤကိုယ်အကောင်ပုတ်ကို မြင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ချစ်သားဝက္ကလိ.... အကြင်သူသည် တရားကိုမြင်အံ့၊ ထိုသူသည် ငါဘုရားကိုမြင်သည်မည်၏။ အကြင်သူသည် ငါဘုရားကိုမြင်၏၊ ထိုသူသည် တရားတော်ကို မြင်သည်မည်၏ဟု ဘုရားရှင်သည် ခန္ဓာသံယုတ် ပါဠိတော် ထေရဝဂ် (ဝက္ကလိထေရဠ)

ယောခေါ ဝက္ကလိ
ဓမ္မံပဿတိ၊ သောမံ ပဿတိ။
ယောမံ ပဿတိ၊ သောဓမ္မံပဿတိ။

ဤသည်ကို ထောက်သဖြင့်လည်း ဘုရားရှင်သည် မိမိကို လာရောက် ရှိခိုးနေသည်ထက် တရားကိုသိမြင် အားထုတ်နေသည်ကိုသာ အလိုရှိကြောင်း ထင်ရှားလှပေ၏။

မှတ်ချက်။ ။ ဘုရားရှင်သည် တရားဟောတော် မူရာ၌ ပုဂ္ဂိုလ် ၄-ဦးတို့၏ အနုအရင့်ကိုကြည့်၍ ဟောတော်မူခြင်းဖြစ်၏။ ထိုကြောင့် သုတ္တံဒေသနာများတွင် တနေရာနှင့် တနေရာ မကိုက်ညီနိုင်တော့ချေ။ သို့ဖြစ်ခြင်းကြောင့် တရားတော် အပေါ်တွင် စာကြည့်သူတို့သည် အမျိုးမျိုး တွေ့မှီရာကို ယူလေ့

ရှိခြင်းကြောင့် မကြာခဏ တဦးနှင့်တဦး သဘောကွဲလွဲရခြင်း ဖြစ်သည်ကို သတိပြုတော်မူကြပါကုန်။ ဘုရားရှင်၏ တရားတော်ကား မှန်သည်သာတည်း။

## နေ့တိုင်းလူတိုင်း
## အစဉ်မပြတ် ဆင်ခြင်ရမည့် တရား

ပဋိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ
ပစ္စဝေက္ခိတဗ္ဗာနိ၊ ဣတ္ထိယာဝါ
ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

(အဘိဏှသုတ်)

လောကတွင် သူခိုးလုပ်ချင်သူသည် သူခိုးနှင့် ပေါင်းသင်းရ၏။ ခေးပြုလုပ်လိုသူသည် ခေးပြုနှင့် ပေါင်းသင်းရ၏။ ထို့အတူ ဝိပဿနာယောဂီလုပ်လိုသူသည် ဝိပဿနာ လုပ်ငန်းကို ကျိုးစားအားထုတ်နေသော ပုဂ္ဂိုလ်နှင့် ပေါင်းသင်းရ၏။ တမဂ် တဖိုလ်ကို ရကြောင်းဖြစ်သော တရားကို နာကြားရ၏။ တမဂ်တဖိုလ်သို့ ရောက်အပ်သော တရားစုကို လိုက်နာလေ့ကျင့်ရ၏။ ထို့ကြောင့် တမဂ်တဖိုလ် ရရှိရေးတွင် အရေးကြီးသော အချက်အလက်ကား တနည်းကား ဘုရားရှင် ဟောတော်မူအပ်သော အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် နီဝရဏဝဂ် သတ္တမအဘိဏှသုတ်သည် များစွာ အကူအညီ ဖြစ်ခြင်းကြောင့် ၎င်းကိုလည်း ဝိပဿနာလုပ်ငန်း ရပ်နားချိန်တွင် အခါမလပ် ဆင်ခြင်ပေးရပေမည်။

ဘိက္ခဝေ၊ သံသရာဘေးကို ကြောက်ကုန်သော ချစ်သားတို့။ ပဉ္စ၊ ၅-ပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤအကြောင်းတရားတို့ကို။ ဣတ္ထိယာဝါ၊ မိန်းမသည်ရင်း။ ပုရိသေနဝါ၊ ယောကျ်ားသည်ရင်း။ အဘိဏှံ၊ နေ့ညမပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ နှုတ်ဖြင့်ရင်း။ စိတ်ဖြင့်ရင်း။ အောက်မေ့ ဆင်ခြင်အပ်ကုန်၏။ အဘယ်တရား ငါးပါးတို့နည်း ဟူမူကား....

၁။ ဇရာဓမ္မော၊ အိုခြင်းသဘောတရားသည် ရှိ၏။ ထိုအိုခြင်းသဘောကို ငါမလွန်ဆန်နိုင်ပါတကား။

၂။ ဗျာဓိဓမ္မော၊ နာတတ်သော သဘောတရားသည် ရှိ၏။ ထိုနာရခြင်းသဘောကို ငါမလွန်ဆန်နိုင်ပါတကား။

၃။ မရဏဓမ္မော၊ သေခြင်း သဘောတရားသည် ရှိ၏။ ထိုသေခြင်း သဘောတရားကို ငါမလွန်ဆန်နိုင်ပါတကား။

၄။ ပိယေဟိ၊ ချစ်နှစ်သက်ကုန်သောသူတို့နှင့်ရှင်ကွဲ၊ ကွဲရခြင်းသို့မဟုတ် သေကွဲ၊ ကွဲရမည်ကို ငါမလွန်ဆန်နိုင်ပါတကား။

၅။ ကမ္မဿကော၊ ကံသာလျှင် မိမိတို့ ကိုယ်ပိုင်ဥစ္စာ ရှိပေတော့၏။ (ယံကမ္မံ၊ အကြင်ကုသိုလ်ကံ အကုသိုလ်ကံကို။ ကရိဿာမိ၊ ပြုလုပ်အံ့။ တဿကမ္မဿ၊ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံ၏။ ဒါယာဒေါ၊ အမွေခံအဖြစ်သည်။ ဘဝိဿတိ၊ ဖြစ်ပေတော့အံ့။) ငါပြုလုပ်သော ကံသာလျှင် ငါ့အား စီမံခန့်ခွဲတော့အံ့။ ဤသို့လျှင် နေ့တိုင်းနေ့တိုင်း ဆင်ခြင်ပေးရပေမည်။

(၅၃)

# လူတိုင်းနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း

ကမ္မဋ္ဌာန်း ၄၀-တွင် မေတ္တာနှင့် မရဏာနုဿတိ ကမ္မဋ္ဌာန်း ၂ ပါးသည် မည်သည့်စရိုက်ပြောသော ပုဂ္ဂိုလ်မဆို ခပ်သိမ်းသော အရာတို့၌ အလိုရှိအပ်သောကြောင့် ၎င်း ၂-ပါးကို သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟု ခေါ်ဆိုရ၏။

ဘုရားရှင် အမိန့်ရှိတော်မူခဲ့သော အင်္ဂုတ္တိုရ်မှ လာသော သေခြင်း သဘောတရားတို့ကို အစဉ် ပွားများခဲ့သည် ရှိသော် လောကကြီးတွင် အထူးသတ္တိကောင်းသူတယောက်ဖြစ်၍လာလေသည်။ ထို့ကြောင့် သေခြင်းသဘောတရားကို အခါခါ ပွားများပါ၊ ဆင်ခြင်ပါ၊ တဦးတယောက် သေသည်ဟု ကြားမြင်ရသော် အော်....ငါသည် ဤကဲ့သို့ သေရဦးမှာ သေချာလျက်ရှိချေ၏။ သတင်းစာတွင် တဦးတယောက် သေသည်ဟု ဘတ်ရှုရပါလျှင် အော်....ငါသည် ဤကဲ့သို့ သေရဦးမှာပါကလား။ သူဌေးလဲ သေရတာဘဲ၊ ရှင်ဘုရင်လဲ သေရတာဘဲ၊ ဆင်းရဲသားလဲ သေရတာဘဲ၊ အသက်ကြီးကြီးလဲ သေတတ်၏၊ အသက်ငယ်ငယ်လဲ သေတတ်၏၊ ဒါဖြင့်-ငါကော ဘာမို့လဲ၊ ငါ့အသက်အရွယ်လဲ သေနိုင်တာပါကလား၊ ခုလို ခေတ်ဆိုးကြီးမှာ သာပြီး သေတို့ အကြောင်းက ပိုမိုများပြားလာချေပြီတကား၊ ငါ-ခုနေသေရင် ဘယ်ဘုံရောက်မလဲ။ အင်း.... ကုသိုလ်ကောင်းမှုတော့ လုပ်မှ ဖြစ်မယ်၊ ကုသိုလ်ထဲမှာ အဘယ်ကုသိုလ်ဟာ အကောင်းဆုံးလဲ ဆိုတော့ ဝိပဿနာကုသိုလ်ကို ဘုရားရှင် အလိုအရှိဆုံးပါကလား

စသည်ဖြင့် သေခြင်းသဘောတရားကို အစဥ် ဆင်ခြင် ပေးအပ်ရာ၏။

တစုံတယောက် သေသည်ဟု ကြားသိရသောအခါ အင်း.... ငါလဲ ဒီလိုဘဲသေရမှာဘဲ၊ ငါသေမဟုတ်ဘူး ငါ့မယား၊ ငါ့သား ငါ့သမီး၊ ငါ့အဖေ၊ ငါ့အမေ၊ ငါ့ဆွေမျိုး-စသည်တို့ဟာလဲ ဒီလိုဘဲ သေကြရဦးမှာ သေချာလျက်ဘဲ စသည်ဖြင့် ဆင်ခြင်ပေးရမည်။ ထိုမျှမက မိမိသည် ကိုယ်တွင်း ရောဂါဝေဒနာကြောင့်လည်း ရုတ်တရက် သေနိုင်ခြင်း၊ ပြင်ပမှ ဘေးအန္တရာယ်တို့ကြောင့်လည်း ရုတ်တရက် သေနိုင်ခြင်းများကိုလည်း ဆင်ခြင်ပေးရမည်။

ဤသို့ ဆင်ခြင်ဖန် များလတ်သော် မိမိ၏ သေခြင်းသဘောတရားနှင့်တကွ အားလုံးသော သတ္တဝါတို့၏ သေခြင်းသဘောတရားကို ထင်ရှားစွာ သဘောပေါက်လာတော့၏။ ထိုသို့ သေခြင်းသဘောတရားကို ယထာဘူတကျစွာ ထင်မြင်လာသောအခါ အကုသိုလ် ဒုစရိုက်တို့ကို မလွန်ကျူးလိုတော့သည်သာမက ကုသိုလ်ကောင်းမှုကိုသာလျှင် ပြုလုပ်လိုသော စိတ်ဓာတ်များ တနေ့တခြား ရင့်သန်လာတော့၏။

ထိုမျှမကသေး မိမိ၏ ချစ်ခင်ရင်းနှီးသူ သေသောအခါ စိုးရိမ်ပူပန်ခြင်း မဖြစ်တော့ချေ။ ငိုကြွေးမြည်တမ်းခြင်း မဖြစ်တော့ချေ။ ထိုမှတဖန် တဆင့်တက်ခါ မသေမီ မိမိ မယား၊ သားသမီး၊ မိဘ၊ စသည်တို့ကို မိုပိုမေတ္တာ သဒ္ဒါတရား ပွားများလာတော့၏။ မသေခင် ပြုစုမည်၊ ပေးကမ်းမည်။ သေမှ ငိုနေ၍ အကြောင်းမထူးပြီ စသည်တို့ကို ဉာဏ်မျက်စိတွင် ကွက်ကွက်ကွင်းကွင်းကြီး

ထင်ရှားစွာ ပေါ်နေတော့၏။ ဤကား သေခြင်းသဘော တရားကို အကျိုးတရား အကြမ်းမျှလောက်သာ ပေတည်း။

## သိကြားမင်းကပင်လျှင် လေးစားရခြင်း

ဘုရားရှင် အလောင်းတော်ဖြစ်စဉ်ဘဝ၌ မိမိနှင့်တကွသော အိမ်သားတစုတို့အား သေခြင်းသဘောတရားကို နေ့စဉ် ဆင်ခြင်အားထုတ်စေ၏။ ၎င်းကိုယ်တိုင်လည်း အားထုတ်လျက်ရှိ၏။

တနေ့သော် အလောင်းတော် ပုဏ္ဏားကြီးသည် ၎င်း၏ သားနှင့်အတူ လယ်ထွန်နေစဉ် အလွန် အဆိပ်ပြင်းထန်သော မြွေဟောက်သည် သားအား ပေါက်သတ်ခဲ့၏။ ထိုအခါ ပုဏ္ဏားကြီးသည် ငိုကြွေး မြည်တမ်းခြင်းမပြုဘဲ၊ အော်....ဖြစ်ပေါ်ခြင်းသည် ပျက်စီးသော သဘောသာလျှင်တည်းဟု ဆင်ခြင်လျက် လယ်ထွန်မြဲတိုင်း ထွန်၍နေ၏။

ထိုအချိန်တွင် လယ်နီးနားချင်းတဦးသည် ရွာသို့ ပြန်သည်ကို မြင်၍ အိုအဆွေ....ရွာသို့ရောက်ပါက အိမ်သို့ဝင်၍ ယနေ့ ထမင်း ၂-ဦးစာမပို့ဘဲ တဦးစာသာပို့ပါဟု မှာကြားလိုက်၏။ ယင်းသို့ ပုဏ္ဏားကြီး မှာကြားသည့်အတိုင်း ပုဏ္ဏားကြီးအိမ်သို့ ပြောကြားရာ၊ ပုဏ္ဏေးမကြီးသည် မိမိ၏သားငယ် သေပြီဟု သိရှိရ၍ မိမိ ချွေးမ ကျွန်မတို့နှင့်တကွ လယ်သို့သွား၍ ကောင်းစွာ သင်္ဂြိုဟ် ကြကုန်၏။ ငိုကြွေး မြည်တမ်းခြင်းကား မပြုကြကုန်။

ထိုအခါ သိကြားမင်းသည် လူယောင်ဆောင်လျက် အို.... အချင်းတို့၊ ဤ သေသူကား အဘယ်သို့ တော်စပ်သနည်း။ အဘယ်ကြောင့် ငိုကြွေး မြည်တမ်းခြင်း မဖြစ်ဘိ သနည်းဟု မေးလတ်သော် ပုဏ္ဏားကြီးက သေသူကား ငါတို့၏ ချစ်လှစွာသော တဦးထည်းသော သားပေတည်း။ အမောင်လုလင်.... ငါတို့ ငိုခြင်းကြောင့်လည်း အသက်ပြန်မရှင်၊ ငါတို့ ငိုကြွေး မြည်တမ်းခြင်းကြောင့်လည်း ဘဝတဖန်ပြောင်း၍ ကောင်းရာသို့ မရောက်ရှိနိုင်၊ မိမိ လောင်သည်ကိုလည်း ငါတို့သား မသိတော့ပြီ၊ ငါတို့ငိုကြွေးသည်တို့ကိုလည်း ငါတို့သား မသိတော့ပြီ၊ ထိုကြောင့် ငိုကြွေးခြင်းကား အဘယ်အကျိုးရှိတော့အံ့နည်းဟူသောသဘောကို ဖြေဆို၏။

ထို့နောက် သိကြားမင်းသည် ပုဏ္ဏားကြီးမှာ ယောကျ်ားဖြစ်၍ ငိုစေဦး၊ မိခင် ပုဏ္ဏေးမကြီးအား မေးဦးအံ့ဟုဆိုခါ မေးပြန်သော် ပုဏ္ဏေးမကြီးက မိမိတို့ တရားနှလုံး သွင်းထားခြင်း အခံခေတ်ကို သိစေလို၍ ဤသို့ ဖြေဆို၏။ အိုလုလင်.... အနဝှာတော၊ လာလော့ဟု မခေါ်ဘဲနှင့်။ တတော၊ ထိုတမလွန်ဘဝမှ။ အဂါ၊ ငါတို့အိမ်သို့လာ၏။ အနနုညာတော၊ သွားပါလော့ဟုမဆို ခွင့်မပြုဘဲနှင့်။ ဣတော၊ ဤငါတို့အိမ်မှ။မဂတော၊ တမလွန်ဘဝသို့ သွား၏။ ယထာ၊ လာလိုသော အခါ။ အာဂတော၊ လာ၏။ တထာ၊ သွားလိုသောအခါ။ ဂတော၊ သွား၏။ တတ္ထ၊ ထိုလာလိုသောအခါလာ၍ သွားလိုသောအခါ သွားသောသူ၌။ ပရိဒေဝနာ၊ ငိုကြွေးခြင်းသည်။ ကာ၊ အဘယ်အကျိုး ရှိပါအံ့နည်း။

ဤသို့သော သဘောမျိုးကိုသာ နှမ ဖြစ်သူနှင့် ကျွန်မ ဖြစ်သူ တို့ကလည်း ဖြေဆိုကြ၏။ ထိုနောက် သေသူ၏ မယားဖြစ်သူအား မေးပြန်သည်မှာ မယားတို့မည်သည် လင်သာလျှင် ကိုးကွယ်ရာ ဖြစ်ပါလျက် အဘယ်ကြောင့် အမိသည် မငိုကြွေးသနည်းဟု မေးပြန်၏။ ထိုအခါ မိမိတို့သည် သေခြင်းသဘောတရားကို သိရှိနှလုံးပိုက်မိပြီးဖြစ်သည်ကို သိစေလို၍။ ဘာဘာ- အိုး-အမောင်.... ယော၊ အကြင်သူသည်။ ပေဘိ၊ အတည်မကျ ဘာဝသို့ ပြောင်းသွားသောသူကို၊ အနုသောစတိ၊ စိုးရိမ်တောင့်တ၏။ သော၊ ထိုသူသည်။ ယထာပိ ဥပမာဆိုသော်။ ဒါရကော၊ သိမှာကျိုးကြောင်း မသိကောင်းသော သူငယ်သည်။ ဂစ္ဆန္တံ၊ ကောင်းကင်ခရီးဖြင့် သွားသော။ စန္ဒံ၊ လကို။ အနုရောဒတိဣဝ၊ ငို၍တောင်းသကဲ့သို့။ ဝေတထာ၊ ထိုအတူ။ ဒေဝိသမ္ပဒါ၊ ထိုဥပမာ ဥပမေယျ ကဲ့သို့ပင်တည်း။ ထိုအခါ သိကြားမင်းသည် ထိုသူတို့အား အလွန်လေးစား ကြည်ညိုခြင်းဖြစ်ရကား များစွာသော ရွှေငွေတို့ကိုဖြစ်စေ၍ ပေးခဲ့သည်ဟု ပဋ္ဌနိပါတ် ဥရဂ ဇာတ်၌ လာ၏။

ဤသည်ကိုထောက်၍ မည်သူမဆို ဘုရားရှင်မိန့်တော်မူသော အတိတ်ဂါထာလာ ငါသည် အိုရဦးမည်မှာ သေချာလျက်ရှိ၏။ နာရဦးမည်မှာ သေချာလျက်ရှိ၏၊ သေရဦးမည်မှာ သေချာလျက် ရှိ၏။ ချစ်နှစ်သက်ကုန်သော သူတို့နှင့် ကွဲရမည်မှာ သေချာလျက် ရှိ၏။ ငါ၏ ကိုးကွယ်ရာကား ငါပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံ သာလျှင် ဖြစ်တော့၏ဟု ဆိုထား အစဉ်သဖြင့် ပွားများနေပါက များမကြာမီ သက်သာ အကျိုးကျေးဇူးကို

ခံစားရပေလိမ့်မည်။ ထို့ကြောင့် ယနေ့ ယခုမှစ၍ နှလုံးသွင်းခါ ဆင်ခြင်တော်မူကြပါကုန်။

—‡—

## အသက် တရားနှင့် ခဏိကမရဏ

မမြဲသောသဘော၊ ဖြစ်ချုပ်သော သဘောတို့မှာ ၃-မျိုး ရှိ၏။ ၁-သမုတိအနိစ္စ၊ ၂-သန္တတိအနိစ္စ၊ ၃-ခဏိက အနိစ္စတို့ ဖြစ်သည်။ တနည်းဆိုသော် သမုတိမရဏ၊ သန္တတိမရဏ၊ ခဏိက မရဏတို့ ဖြစ်၏။

သမုတိအနိစ္စ၊ သမုတိမရဏဆိုသည်မှာ လောကတွင် မျက်မြင် အားဖြင့် ပန်းကန်ကွဲခြင်း၊ သစ်ပင်လဲခြင်း၊ ဥစ္စာ့စည်းစိမ် ပျက်စီးခြင်း၊ လူသေခြင်း အစရှိသည်တို့ ဖြစ်ကြလေသည်။

သန္တတိအနိစ္စ၊ သန္တတိမရဏ ဆိုသည်မှာ သမုတိကဲ့သို့လည်း မကြာ၊ ခဏိကကဲ့သို့လည်း မမြန်လွန်း၊ ဥပမာဆိုသော် ထိုင်နေ ရာတွင် တနေရာမှတနေရာသို့ ပြုပြင်ပြောင်းလဲ ထိုင်ဘိသကဲ့သို့ မကြာခဏရွေ့ပြောင်းခြင်း သဘောဖြစ်၏။ဒေါသစိတ် ဖြစ်ပေါ် နေ၏။ မကြာမီ မေတ္တာစိတ် ဖြစ်ပေါ်လာ၏။ အဆင်း ရူပါရုံကို ကြည့်နေစဉ်မှ အသံသဒ္ဒါရုံသို့ စိတ်ကူးပြောင်းသွား၏။ ယခု စာဘတ်နေ၏။ မကြာမီ စာအုပ်ကိုချ၍ တခုခုပြုလုပ်၏။ ဤကဲ့သို့ တမျိုးမှ တမျိုးသို့ မကြာမီအတွင်း ပြောင်းလဲမှုများမှာ သန္တတိအနိစ္စ သန္တတိမရဏ ဖြစ်၏။

ခဏိကအနိစ္စ ခဏိကမရဏ ဆိုသည်မှာ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ၂-ပါးသည် လက်ဖျစ်တတွက်တွင် ရုပ်ခန္ဓာက ကုဋေငါးထောင်ကျော်၊ နာမ်ခန္ဓာက ကုဋေတသိန်းကျော် ဖြစ်ပျက်ရကား၊ အကြိမ်ပေါင်း လူတို့၏မျက်စိဖြင့် ရေတွက်ခြင်းငှာ မတတ်နိုင်လောက်အောင် ဖြစ်ပျက်မှုမြန်သော မရဏသည် ခဏိက အနိစ္စ ခဏိကမရဏဖြစ်၏။

၎င်းသည် ဘုရားရှင်တို့နှင့်သာ ဆိုင်သော ခဏိကအနိစ္စ၊ ခဏိကမရဏ ဖြစ်ရကား၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပိုင်နိုင်စေကာမူ အတိအကျ သိမြင်နိုင်ရန် ခဲယဉ်းဘိ၏။

အပ်ချည်လုံးတွင်ရှိသော အပ်ချည်ကြိုးသည် ကိုက် (၁၀၀) တရာရှည်သည်ဟု ဆိုရသော်လည်း အမှန်အားဖြင့် လက်တဆစ်ခန့်စီရှိသော ဝါဂွမ်းငယ်ကလေးများကို ပူးပေါင်းကျစ်လိမ် ဆက်စပ်၍ ခါထားခြင်းဖြင့် ထိုအပ်ချည်ကြိုးသည် ကိုက်တရာ ရှည်နေရခြင်းဖြစ်၏။ အမှန်မှာ ကိုက်တရာမရှည် ဝါဂွမ်းလက်တဆစ်ခတ္တသာဖြစ်ကြကုန်၏။ တနည်းဆိုသော် ပုတီးလုံး ကလေးများကို ကိုက်တရာသီ၍ထားသော် ပုတီးကုံးသည် ကိုက်တရာရှည်၏ဟု ဆိုနိုင်၏။ သို့သော် ပုတီးစိမှာ တလုံးစီ တလုံးစီမျှသာ ဖြစ်လေသည်။ ထိုအတူ လူတို့သည် အသက် (၁၀၀)ရှည်သည် ဆိုသော်လည်း အမှန်မှာ အနှစ် (၁၀၀)မဟုတ်၊ စိတ်တခဏ၊ စိတ်တခဏမျှသာ အသက်ရှည်ကြလေသည်။

တနည်းသော်ကား မော်တော်ကားတစီးသည် မိုင်(၁၀၀) မောင်းနှင်သည် ဆိုရသော်လည်း ထို မော်တော်ကား သည်

မိုင်(၁၀၀)ပေါ်တွင် လုံးလုံးလျားလျား တည်ရှိနေသည်မဟုတ်၊ လွန်ပြီးသောခရီးတွင်လည်း မော်တော်ကားမရှိ၊ ရှေ့လာလတံ့သော ခရီးတွင်လည်း မော်တော်ကားမရှိ လက်တဝါးခန့်မျှသော မော်တော်ကား ဘီးနှင့် ထိသော မြေအရပ်၌ သာလျှင် မော်တော်ကား ရှိဘိသကဲ့သို့ လူတယောက်သည် အသက်(၁၀၀) နေရသည်ဆိုသော်လည်း လွန်ခဲ့သော ရုပ်,နာမ် အာယုသင်္ခါရ တို့သည် ကင်းပျောက် ချုပ်ကုန်ခဲ့လေပြီ။ လာလတံ့သော ရုပ်,နာမ် အရွယ်အချိန် နှစ်, လ, ရက်, နာရီ စသည်တို့မှာလည်း မရှိကုန်သေး။ ထိုကြောင့် လူတို့၏ အသက်ရှည်ခြင်းမှာ ခဏိက မရဏ ခဏိကအနိစ္စမျှသာလျှင် အသက်ရှည်သည်ကို အစဉ်မပြတ် မျှော်မှန်း၍ ဘာဝနာ ပွားများအပ်လှပေတော့၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာရှင်သည် ဤသို့ မိန့်အပ်ခဲ့လေပြီ။

အနိဓာနဂတာ ခန္ဓာ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေသာသပူပမာ။

ခန္ဓာ၊ လွန်ပြီးသောကာလ၌ ဖြစ်ကုန်သော ရုပ်နာမ်ခန္ဓာ တို့သည်။ အနိဓာနဂတာ၊ တစုံတခုသော အရပ်၌ သိုမှီးခြင်းသို့ မရောက်ကုန် (ပျောက်ကွယ်ခြင်းမျှသာ)။ အနာဂတေ၊ လာလတံ့သော ကာလ၌။ ပုဉ္ဇော၊ ဖြစ်အုံ့ဟူ၍ ဟန်ပြင်နေသော ရုပ်နာမ် ခန္ဓာတို့သည်။ နတ္ထိ၊ မရှိသေး။ နိဗ္ဗတ္တာ- အကြောင်းညီညွတ်၍ ဖြစ်လျက်ဖြစ်ဆဲ ဖြစ်နေသော။ ယေခန္ဓာ၊ အကြင်ပစ္စုပ္ပန် ရုပ်နာမ် ခန္ဓာတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန် ရုပ်နာမ် ခန္ဓာ တို့သည်လည်း။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသမူပမာ၊

တင်ထားအပ်သော မှန်ညှင်းစေ့ ဥပမာရှိသည်ဖြစ်၍။ တိရစ္ဆာန်တို့၊ တခဏမျှသာလျှင် တည်ကြကုန်၏။ ဤသို့လျှင် ခဏကို မရဏကို မျှော်မှန်း၍ ပွားများရာ၏။

## ပုဂ္ဂိုလ် ၄-ဦး

ဥဂ္ဃဋိတညူပုဂ္ဂိုလ်
ဝိပဉ္စိတညူပုဂ္ဂိုလ်
နေယျပုဂ္ဂိုလ်
ပဒပရမ ပုဂ္ဂိုလ်

(မဟာပဒါနသုတ် အဋ္ဌကထာ)

တရားကျိုးစားအားထုတ်ကြရာတွင် ပုဂ္ဂိုလ် ၄-မျိုးရှိကုန်၏။ ထို ၄-မျိုးကို အောက်တွင် ဖော်ပြထားသည့်အတိုင်း သိအပ်၏။

ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်ဆိုသည်မှာ ဘုရားရှင်၏ တခုသော တရားကို ဥဒ္ဒေသ အကျဉ်းချုပ်ပြခြင်းဖြင့် တရားတော်၏ အဆုံးတွင် မဂ်ဖိုလ်တို့ကို ရရှိနိုင်သောပုဂ္ဂိုလ်။

ဝိပဉ္စိတညူ ပုဂ္ဂိုလ်ဆိုသည်မှာ ဘုရားရှင်၏ တရားတော်ကို အကျဉ်းသခေ်ပကို နာကြားရုံမျှနှင့် မဂ်ဖိုလ်ကို ရရှိခြင်း မဖြစ်သေး၊ အကျယ် ဝိတ္ထာရကို ဟောတော်မူပါမှ မဂ်ဖိုလ်ကို ရရှိနိုင်မည့် ပုဂ္ဂိုလ်မျိုးဖြစ်၏။

နေယျပုဂ္ဂိုလ်ဆိုသည်မှာ တရားနာခြင်းမျှဖြင့် မပြီးနိုင်ဘဲ ဝိပဿနာ လုပ်ငန်းနှင့်ဆိုင်သော တရားကို အထပ်ထပ် နာကြား

ရခြင်း၊ ဝိပဿနာနှင့်စပ်ဆိုင်ရာ စာပေကိုသိရှိခါ နည်းမှန် လမ်းမှန်များကို လေ့ကျင့်ပေးမှ တမဂ်တဖိုလ်ကို ရရှိနိုင်လေသည်။

ပဒ ပရမ ပုဂ္ဂိုလ်ဆိုသည်မှာ ယခုဘဝတွင် ဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်၍ ကျင့်ပါသော်လည်း ယခုဘဝတွင် တမဂ်တဖိုလ်ကို မရအပ်သော ပုဂ္ဂိုလ်ကိုဆို၏။ သို့ရာတွင် ယခုဘဝ အားထုတ်၍ ရင့်သန်လာသော်။ လာလတံ့သော ဘဝတွင် ရနိုင်သည်သာတည်း။

ဤ၌သဘာဝ သဘောကို ကောက်နုတ်သည်ရှိသော် မည်သည့် ပုဂ္ဂိုလ်၊ မည်သည့် အဆင့်တန်းစားမဆို လေ့ကျင့်အားထုတ် နေခြင်းသည် မဂ်ဖိုလ်သို့ တနေ့တခြား နီးကပ်လာ၍ ပေါ့ဆစွာ နေပါမူ ရရှိနိုင်မည့် တမဂ်တဖိုလ်နှင့်ပင် တနေ့တခြား ခရီးဝေး သွားဘွယ်ရှိ၏။ ထိုမျှ ကိလေသာ ထူထပ်အားကြီးသော ခေတ်ကြီးတွင် အဘယ်မှာလျှင် ကိလေသာဘက်သို့ မယိမ်းမယိုင် ဘဲရှိပေအံ့နည်း။ အမျိုးမျိုးသော ကိလေသာ ကာမအာရုံတို့က ဖျားယောင်းခေါ်ယူနေသည်ကို ကြီးစွာ သတိရအပ်ပေပြီ။

ဤ၌ အချို့ပုဂ္ဂိုလ်တို့သည် အင်္ဂုလိမာလ ပုဂ္ဂိုလ်အား အတုယူခါ။ အရက်မူးနေသော သန္တတိအမတ်ကြီးအား အတုယူခါ ငါသည် သီလ, သမာဓိ, ပညာတို့ကို အားမထုတ်သော်လည်း တချားတပုဒ် တဂါထာ နာကြားရလျှင် တမဂ်တဖိုလ်ရနိုင်မည်။ ရဟန္တာဖြစ်နိုင်၏ဟု အပေါ်ယံ မိမိကြိုက်လုံးအတိုင်း တွေးတောခါ အားမထုတ်ဘဲ နေကြကုန်သော ပုဂ္ဂိုလ်အချို့ ရှိမူလည်း ရှိရာ၏။ ထိုသို့သော ပုဂ္ဂိုလ်တို့ သတိပြုရန်မှာ မိမိသည် အထက်

တန်းစား ဥဋ္ဌာဋ္ဋိတညူပုဂ္ဂိုလ်ပင် ဖြစ်နေသည် ထားဦးတော့၊ ယခုအခါ မိမိအား အင်္ဂလိမာလထံသို့ ကြွရောက်ခါ တရားပြဘိသကဲ့သို့ မိမိ၏ အာသယာ နုသယကိုကြည့်ပြီး အဘယ်ဘုရားရှင်သည် ကြွရောက်ခါ တရား ဟောကြားပါအံ့နည်း။ သန္တတိအမတ်ကြီးကဲ့သို့ ပဋာစာရီကဲ့သို့ ယခုအခါ အဘယ်ဘုရားရှင်ထံသွားရောက်ခါ မိမိအား ထိုက်သော အနုသယကို ကြည့်၍ တရားပြတော်မူပါဘုရားဟု လျှောက်ထားရပါအံ့နည်း။

ထိုမှတပါး စဉ်းစားရန်ကား မိမိသည် ဥဋ္ဌာဋ္ဋိညူပုဂ္ဂိုလ်ဟု ထင်မှတ်ခါ တရားအားမထုတ်ဘဲနေရင်း သေသွားပါက အသို့ ဖြစ်မည်နည်း၊ အကယ်၍ ဥဋ္ဌာဋ္ဋိတညူဖြစ်လျက် ကုသိုလ်ကောင်းမှု ဝိပဿနာ ဘာဝနာကို ကျိုးစားအားထုတ်ပါက အဘယ်သို့ နစ်နာဘွယ်ရှိပါမည်နည်း။သတိပြုတော်မူကြပါကုန်။

## ရှင်သာရိပုတ္တရာ

အချို့တို့မှာ ရှင်သာရိပုတ္တရာသည် ဉာဏ်ကြီးပြီး အကျယ်ချဲ့နေသဖြင့် ရဟန်းတရားကို အားထုတ်ရာ၌ ၁၅-ရက်ကြာမှ ရဟန္တာဖြစ်သည်။ ရှင်မောဂ္ဂလာန်ကြီးကား အကျယ်မချဲ့ဘဲ ကျဉ်းခြင်းကြောင့် ၇-ရက်နှင့်ပင် ရဟန္တာဖြစ်၏။ ထိုကြောင့် သုဘမယဉာဏ်ရှိခြင်းကိုပင် အပြစ်ဆိုသယောင်ယောင် ယူဆတတ်ကြလေသည်။ အမှန်ဆိုသော် သူ့ဆုတောင်းနှင့် သူ၊ သူ့ပါရမီနှင့်သူ ဖြစ်လာကြလေသည်။ လောက၌ ခနိမိုး တဲငယ်ကလေးနှင့် နေလိုသူ၊ တိုက်ကြီးတာကြီးနှင့် နေလိုသူ နှစ်ယောက်

တွင် တိုက်ကြီးနှင့်နေလိုသူမှာ ရက်ပိုရှဲ ဆောက်ရ, လုပ်ရ အားထုတ်ရဘိသကဲ့သို့ တရားအားထုတ်ရာတွင် ပညာ တေဒဂ် ရမည့် ပုဂ္ဂိုလ်အားလျော်စွာ ထိုထိုပရမတ္ထတရားကို အသေးစိပ် ရှင်းလင်းသိနိုင်ရန် ရက်ပိုရှဲ အားထုတ်ရ၏။ ပဏ္ဏာသ အနုပဒသုတ် အဋ္ဌကထာ၌ကား ဤသို့ရက်ပိုး ကြာရကြောင်းကို ဝါးခုတ်သော ဥပမာဖြင့်ပြ၏။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် အနောမဒဿီ ဘုရားရှင်လက်ထက်၌ ရသေ့ပေါင်းများစွာကို စာသင်ချပေး ပို့ခဲ့သော ဆရာကြီးဖြစ်ခဲ့၏။ ထိုစဉ်အခါက ရှင်သာရိပုတ္တရာ အလောင်းနှင့်တကွ တပည့်ရသေ့ပေါင်း များစွာတို့သည် ထိုဘုရားရှင်ထံတွင် တရားကိုနာကြ၏။ ထိုသောအခါ တပည့် ပေါင်းများစွာတို့သည် ရဟန္တာချည်း ဖြစ်ကြကုန်၏။ ဆရာကြီး မှာကား ရဟန္တာဖြစ်ခြင်းကို အလိုမရှိ။ ထိုဘုရားရှင်၏ လက်ျာရံ ဖြစ်သော နိသဘမထေရ်မြတ်၏ ရာထူးကို အလွန်အလိုရှိအပ်ခဲ့၏။ နှစ်သက်ခြင်းကြောင့်လည်း နောင်တဆူသော ဘုရားရှင်ထံတွင် လက်ျာရံ အဂ္ဂသာဝကဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့၏။

ထိုရာထူးမှာ ပညာတွင် အကြီးမားဆုံးသော ပုဂ္ဂိုလ်သာလျှင် ရရှိအပ်သော ရာထူးကြီး ဖြစ်လေသည်။ ထိုကြောင့် ရှင်သာရိ ပုတ္တရာသည် ပညာအရာတွင် အကြွင်းအကျန် မရှိရလေအောင် လေ့ကျင့်နေခြင်း ဖြစ်၏။ (အပါဒါန် ပါဠိတော် ပဗ္ဗဇိံ အနာဂရိယံ၊ ပဋ္ဌမဘာဏဝါရ်၊) ထပ်ဦးအံ့။ ရှင်သာရိပုတ္တရာ အလောင်းဖြစ်သော ဥပတိဿသည် သောတာပန် ဖြစ်ရာ၌ အရှင်အဿဇိထံမှ....

ယေမေ့ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေ သဥ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

ဟူသော လေးပါဒ တဂါထာကို နာကြားရာတွင် ပဌမ ၂-ပါဒ ၌ပင် သောတာပန်အဖြစ်၌ တည်လေ၏။ (အဖြစ်သို့ ရောက်လေ၏။)

ရှင်မောဂ္ဂလာန်အလောင်းဖြစ်သော ကောလိတမှာ ထိုဂါထာကိုပင် နာကြားရာ၌ လေးကြောင်းတဂါထာ ပြည့်စုံစွာ နာကြားပြီးမှ သောတာပန် အဖြစ်သို့ တည်လေသည်။

(မဟာဝဂ္ဂ အဋ္ဌကထာ တေရသကဏ္ဍဋီကာ၊ ဒုတိယတွဲ။)

ဤတွင် ရှင်သာရိပုတ္တရာ အလောင်းမှာ တထွာပြလျှင် တလံ မြင်နိုင်သော ဉာဏ်ပညာ ကြီးမားမှုကြောင့် တရားတော်၏ တဂါထာ အစတွင်ပင် သောတာပန်ဖြစ်၍ ရှင်မောဂ္ဂလာန် အလောင်းမှာ ရှင်သာရိပုတ္တရာအလောင်းကဲ့သို့ ပညာကြီးမား ခြင်း မရှိရကား တဂါထာဆုံးမှပင်လျှင် သောတာပန် ဖြစ်ရ လေသည်။

တနည်းဆိုဦးအံ့၊ တရားပေးပုံ ပြသပုံတို့မှာ ယထာဘူတ နည်းလမ်း မှန်ကန်ပါလျှင် စာခံနေသည်ဟု ပြောဘွယ်မရှိပြီ။ ဥပမာဆိုသော် ပေါဋ္ဌိလမထေရ်ကြီးသည် စာကိုလွန်စွာ တတ် မြောက်ပြီးဖြစ်၏။ ထိုမထေရ်ကြီးသည် သာမဏေငယ် ထံတွင်

ရဟန်းတရားကိုယူ၍ အားထုတ်ရာ မကြာမြင့်မီ ရဟန်းကိစ္စကို ပြီးတော့၏။ ထိုကြောင့် စာခံနေသည်ဟု ဆိုဘွယ်မရှိပြီ။ ဘုရားရှင် အလိုရှိအပ်သော ပရိယတ္တိ ပညာဗဟုသုတ လိုက်စားသူတို့အား ကြိုးစားမှု ဆုတ်ယုတ်ပျက်ပြားစေမည့် အပြော အဟောများကို ဆင်ခြင်အပ်လှပေသည်။

ထိုမှတဖန် စေတနာကောင်းဖြင့် ဆက်လက် ဖေါ်ပြလိုသည်မှာ (သမ္မော, ခုဒ္ဒက, ဝိဘင်္ဂ) တွင် လာရှိသော သဘောကိုလည်း အထူး လေးစား အပ်လေသည်။ ထိုအဋ္ဌကထာတွင် လာရှိသော သဘောမှာ ပိဋကတ်စာပေကို လိုက်စားရန် မလိုဟု ဟောပြောကြကုန်သော ပုဂ္ဂိုလ်တစုတို့သည် ဘုရားရှင်၏ တရားတော်ကို ဖျက်ဆီးတိုက်ခိုက်သော မဟာစောရောနာမ ကြီးကျယ်စွာသော သူခိုးဓားပြကြီးမည်၏ ဟူ၍ အဋ္ဌကထာ ဆရာရှင်မိန့်ဆိုတော် မူလေပြီ။ ထိုနည်းကိုမှီး၍ ပါဠိတော် များကို မကြားချင်, မဘတ်ချင်, မသင်ချင်ဟူသော စကား အသုံးအနှုန်းများမှာလည်း ဘုရားရှင်၏ ပရိယတ္တိနယ်ပယ်ကို တိုက်ရိုက်ကျူးကျော်ဖျက်ဆီးရာ ကျနေသည်ကို သတိပြု အပ်ပေတော့၏။ (ဓမ္မန္တရာယ်ဖြစ်တော့၏။) ပါဠိတော်မပါလျှင် တရားအရသာ ပေါ့၏။

## စာဘာဝ်ရမည်

ယခုခေတ်တွင် တရားတု, တရားမှားများ မြောက်များစွာ ပေါ်ရှိနေရကား မိမိကိုယ်တိုင် ပရိယတ္တိ ဗဟုသုတ နယ်ပယ်တွင် အတော်အတန် ဝါစုဂ္ဂထ ပြုထားမှသာလျှင် သူတပါး၏ ဟောမှား ပြောမှားဘေးမှ ကင်းဝေးနိုင်ရာသည်။ ထို့ကြောင့်

အပါယ်လေးဘုံသို့ မကျရောက်စေရန် အပါယ်တံခါး တို့ကို ပိတ်လို၍ တမဂ်တဖိုလ်ကို ရရှိရေးအတွက် ကြိုးစား ကြသူတို့သည် အနည်းဆုံး သင်္ဂြိုဟ် ၉ ပိုင်းကို သင်ကြားသင့်၏။ အကယ်၍ သင်ကြားရန်အချိန်မရှိမူ ဆရာတဦးထံတွင် မြန်မာဘာသာဖြင့် သဘောပေါက်အောင် လေ့လာ ဆည်းပူးအပ်၏။ ထိုသို့မျှ မဘတ်နိုင်လျှင် စိတ်ပိုင်း, စေတသိက်ပိုင်း, ဝီထိပိုင်း ရုပ်ပိုင်း ဤလေးပိုင်းလောက်ကို မြန်မာလို ကောင်းစွာ နားလည်အောင် လေ့ကျင့် အပ်လေသည်။ ခက်သည်မဟုတ်ပါ။ ထိုနောက် စာများကို များပြားစွာမဘတ်နိုင်၊ နဲနဲပါးပါးဆိုလျှင် ဘတ်နိုင် ပါရဲ့ဟုဆိုလျှင် မြို့တိုင်းတွင် လွယ်ကူစွာ ရနိုင်သော စာအုပ် များကို ဖေါ်ပြရမည်ဆိုသော် လယ်တီဆရာတော် ဘုရားကြီး ရေးသားတော်မူခဲ့သော စာအုပ်ပေါင်းများစွာအနက် ဝိပဿနာ လုပ်ငန်းတွင် အကူအညီဖြစ်သော-

ဗောဓိပက္ခိယ ဒီပနီ။
နိယာမ ဒီပနီ။
အာဟာရ ဒီပနီ။
ပဋိစ္စသမုပ္ပါဒ် ဒီပနီ။
ဝိပဿနာ ဒီပနီ။
အနတ္တ ဒီပနီ။
ဘာဝနာ ဒီပနီ။

စသည့် စာအုပ်များကို ဘတ်စေလိုသည်။ ထိုမျှမဘတ်နိုင်သေး လျှင် အထက်ပါစာအုပ်များအနက် ကြိုက်ရာ ၅-အုပ်ကို ထပ်ခါ ထပ်ခါ သဘောပေါက်အောင် ဘတ်ကြားမှတ်သားလေ့လာ

ထားသော် ထိုသူအား တစုံတယောက်သော မသူတော်သည် ဝိပဿနာလုပ်ငန်းတွင် လာရောက်ညာဝါး သန်းဖြန်းခြင်းငှာ မစွမ်းနိုင်တော့ပြီ။ ထိုမှတဆင့်တက်သော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ပဋိသမ္ဘိဒါမဂ်တို့ကို ဘတ်နိုင်အောင် ကြိုးစားတော် မူကြပါကုန်။

အထက်ပါ စာအုပ်များကို ယနေ့ မဘတ်နိုင်သေးဘူးဆိုသည့်တိုင်အောင် ဘတ်ချင်လျှင် အလွယ်တကူ ဘတ်နိုင်ရန် ယနေ့ ဝယ်ယူထားပါလေ။

## စာအုပ်ဘိုး

စာအုပ်ဝယ်ရန် ပိုက်ဆံကို မတွန့်တိုပါနှင့်၊ ပြပွဲ, ဇာတ်ပွဲ, ရုပ်ရှင်ပွဲ, တခါတခါကြည့်လိုက်လျှင် စာအုပ်ဘိုးထက် များစွာ ပို၍ ကုန်ကျလေသည်။ ရန်ကုန်မြို့သို့ရင်း၊ မန္တလေးမြို့သို့ရင်း၊ သီဟိုဠ်ကျွန်းသို့ရင်း၊ ဗုဒ္ဓဂါယာသို့ရင်း ဘုရားဖူး တခါသွားလျှင် တဆယ်, နှစ်ဆယ်, တစ်ရာ, နှစ်ရာ, တထောင်, နှစ်ထောင် ကုန်ကျပါသည်။ စာအုပ်ဘိုးမှာ ထိုမျှမကုန်ကျပါ။ ပြန်လည်ရရှိမည့် အကျိုးမှာကား အလွန်ကြီးလှပေ၏။ ထို့ကြောင့် စာအုပ်များ ထားရှိခြင်းသည် မိမိ၏ဂုဏ်ကျက်သရေကို များစွာဆောင်ရွက်လျက် ရှိနေသည်မည်၏။ စိတ်ညစ်လာသောအခါ အလွယ်တကူ အိမ်၌ရှိသော တရားစာအုပ်ကို ဘတ်ပါမူ ချက်ခြင်း စိတ်၏ သက်သာခြင်းသည် ဖြစ်တော့၏။ စိတ်၏ဒဏ်ရာကို ကုသရာတွင် အကောင်းဆုံး ဘုရားရှင်၏ ဆေးတော်ကြီးပေတည်း။ ထို့ကြောင့် တရားစာအုပ်ဝယ်ရန် မတွန့်တိုရ။

## ဆရာကောင်းလိုလှ၏

အပါယ် ၄-ဘုံ၏ တံခါးကိုပိတ်စေ၍ သောတာပန်တံခါးကို ပွင့်စေလိုသူသည် ထိုမျှသောစာအုပ်ကလေး လေးငါးအုပ်ကို ဘတ်ရှုရန် ဝန်မလေးသင့်ချေ။ ဤမျှအနည်းငယ် ကြိုးစားခြင်းဖြင့် ယခုဘဝမှစ၍ ဘဝများစွာ သံသရာတွင် ချမ်းသာသုခ အဝဝနှင့် ပြည့်စုံရမည့် အကျိုးနှင့်စာသော် ကြီးလေးသော အရင်းအနှီးဟု မဆိုသာချေ။

ဥပမာဆိုသော် ယခုဘဝတခုတည်း အကျိုးကျေးဇူးခံစားရန် ၁၀-နှစ် ၁၅-နှစ် အင်္ဂလိပ်စာများကို သင်ကြားကြိုးစား နေကြပါသေးလျှင် ထိုကျမ်းစာအုပ်များမှ သုံးလေးလ ဘတ်ရှုကပြီးနိုင်၍ အကျိုးပေးရာတွင် မနှိုင်းမယှဉ်သာအောင် ကွာခြားလှပေသည်။ စာသင်ရခြင်း အကြောင်းရင်းမှာ စာမျက်နှာ ၃-တွင်ပါရှိသည်အတိုင်း တမဂ် တဖိုလ်အတွက် သင်ကြားခြင်း ဖြစ်၏။ တိုလီမိုစ လုပ်ငန်းများအတွက် ပဓာနမဟုတ် ဤသို့ဖြစ်မူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဘာသာပြန်မျှကိုပင် မဘတ်လိုသော် မိဘ စာသင်ပေးရခြင်းကား အကျိုးကျေးဇူး များသင့်သလောက် မများနိုင်တော့ချေ။ (ပရာဇယ) ဆုံးရှုံးခဲ့ချေပြီတကား။

ယင်းသို့ ဝါစုဂ္ဂထ ပြုထားလင့်ကစား၊ ငါဝိပဿနာလုပ်ငန်း နိုင်ပြီ၊ ဆရာမလိုတော့ဟု မထင်အပ်၊ ဝိပဿနာလုပ်ငန်းမှာ အထက်ရောက်လေ ခက်လေ၊ အယူအဆ ခက်ခဲသိမ်မွေ့လေ ဖြစ်၏။ ထို့ကြောင့် အဆင့်အတန်း ရင့်လာလေ ဆရာကောင်း ရှာလေ ဆိုသည်ကို သိရှိလာလိမ့်မည်။ အထက်တန်း ဝိပဿနာ

လုပ်ငန်းမှာ ခက်လည်းခက်၍ နက်လည်းနက်၏။ ထိုကြောင့် ပါသေယျပါဠိတော် သံဂီတိသုတ်၌ လာရှိသည်မှာ—

## သောတာပန် ဖြစ် စေ ရန် အကြောင်း ၄-ပါး

စတ္တာရိမာနိ ဘိက္ခဝေ၊ သောတာပတ္တိ
ယင်္ဂါနိ၊ ကတမာနိ စတ္တာရိ သပ္ပုရိသ
သံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသော
မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ။

ဟု လာရှိသည်ကို အဋ္ဌကထာ ဆရာရှင်သည် အောက်ပါအတိုင်း ဖွင့်လေသည်။ သောတာပန်ဖြစ်ရန် အကြောင်း ၄-ပါးရှိ၏။ အဘယ်အကြောင်း တရားများပါနည်း ဆိုသော်၊ သပ္ပုရိသ သံသေဝေါ၊ ဘုရားအစရှိသော နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာ လုပ်ငန်း၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်များထံမှ နည်းမှီးရခြင်းတပါး၊ သဒ္ဓမ္မသဝနံ၊ တမဂ်တဖိုလ်သို့ ရောက်စေခြင်း၏ အကြောင်းရင်း ဖြစ်သော တရားတို့ကို နာကြားရခြင်းတပါး၊ ယောနိသော မနသိကာရော၊ တမဂ်တဖိုလ်ကို ရလိုသောစိတ်နှလုံးရှိရခြင်းတပါး၊ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဖိုလ်ရရှိရေးနှင့် သင့်လျော်သော ဝိဝဋ္ဋ ဖြစ်သော ဒါန, သီလ, ဘာဝနာ စသည်အရာတို့ကို အမြဲမပြတ် ကျင့်ကြံ အားထုတ်ခြင်းတပါး။ ဤသို့လျှင် သောတာပန်ဖြစ်ရန် အကြောင်းတရား ၄-ပါးတို့သည် ရှိကုန်၏ဟု ဘုရားရှင် ဟော တော်မူ၏။

ယင်းသို့ တမင်္ဂတဖိုလ် ရရှိရေးအတွက် ဆရာကောင်းထံတွင် နည်းခံ၍ စာအုပ်ကောင်းကို ဘတ်နေသည့်အပြင် ပေါင်းသင်း သွားလာရာတွင်လည်း ဝိပဿနာ တရားကို လေ့လာသူနှင့် ပေါင်းသင်းဆက်ဆံနေရန်လည်း အထူးအရေးကြီး လေသည်။ ဤ၌ မိမိက ဆရာလုပ်ရမည့်သူထက် မိမိကို ဆရာလုပ်နိုင်မည့်သူကို ရှာဖွေပေါင်းသင်းရခြင်းက ပို၍ ခရီးရောက်၏။ အကယ်၍ မိမိက ဟောပြောရပါကလည်း အတ္တုက္ကံသန ပရဝမ္ဘန- မဖြစ်စေဘဲ စေတနာကောင်းဖြင့်သာ ဟောပြောရာ၏။

## စာသင်ကြားရန်လို၏

(မူလပဏ္ဏာသ မဟာဂေါပါလသုတ်)

ပရိယတ္တိ၊ စာသင်ကြားခြင်း၊ ဗဟုသုတ ရှာမှီးခြင်းသည် ဝိပဿနာလုပ်ငန်းအတွက် ကြီးစွာသော အထောက်အပံ့ကြီး ဖြစ်လေသည်။ အကယ်၍သာ အနှစ်တရာခန့် ဘုရားရှင်၏ စာပေ ပါဠိတော်တို့ကို သင်အံလေ့ကျက် မှတ်သားခြင်း မပြုသည်ဖြစ်အံ့။ အနှစ်တရာကျော်လွန်သည့်အချိန်တွင် ဝိပဿနာလုပ်ရန် ပရိယတ္တိ နယ်သို့ဝင်ရန် အဘယ်သို့ ပြုကျင့်လေ့လာနိုင်ပါတော့အံ့နည်း။ ထိုကြောင့် ပရိယတ္တိကို မိမိ မသင်မကြား မလေ့လာနိုင်လျှင် လေ့လာသူတို့အား အမျိုးမျိုးသော ချီးမြှင့်ခြင်းတို့ဖြင့် ချီးမြှင့် ထောက်ပံ့ ပေးရမည်သာတည်း။

ထိုမှတပါး ဘုရားရှင်သည် ဝိပဿနာ လုပ်ငန်းအတွက် ပရိယတ္တိကို လိုက်စားရမည့်အကြောင်းကို တဘက်ပါအတိုင်း မူလပဏ္ဏာသ မဟာဂေါပါလသုတ်တွင် ဟောတော်မူ၏။

ချစ်သားတို့ အင်္ဂါ (၁၁) တဆယ့်တပါးရှိသော နွားကျောင်းသားသည် နွားအပေါင်းတို့ကို စောင့်ရှောက်ခြင်းငှာ နွားတို့၏ ဘိုးတက်ကြီးပွားခြင်းကို ပြုခြင်းငှာ မထိုက်တန်၊ အဘယ်တဆယ့် ...ပါးနည်းဆိုမူ....

၁-နရူပညူဟောတိ၊ နွားတို့၏ ဖြူ,နီ,ကြောင်,ကြား စသည်တို့နှင့်တကွ အရေအတွက်ကိုနားမလည်၊ မဟာဘုတ် ဥပါဒါရုပ် စသည့် ရုပ်အရေအတွက်ကို မသိ၊ ရုပ်၏ ဖြစ်ကြောင်းကိုလည်း မသိ။

၂-နလက္ခဏကုသလော ဟောတိ၊မိမိကျောင်းသော နွားတို့၏ အမှတ်အသား ဂျီထောင်, ဂျီကား,ထိပ်ကွက်,မီးစွတ်, နွားကြား စသော အမှတ်လက္ခဏာ၌ မသိ။

၃-နအာသာဋိကံ သာဋေတာဟောတိ၊ ဆူးငြောင့်ခလုတ်တို့ကြောင့် ဖြစ်ပေါ်သောနွားတို့၏ ရောဂါဝေဒနာကို မသိ။ ဖြစ်ပေါ်လာသော ကာမဝိတက်ကို သာယာနေ၏။

၄-နဝဏံပဋိစ္ဆာဒေတာဟောတိ၊ နွားတို့၏ ခွာနာ, လျှာနာ အစရှိသော ရောဂါဝေဒနာတို့ကို ပျောက်ကင်းအောင် ဆေး မကုတတ်၊ စက္ခုနှင့် ရူပါရုံကို စွဲ၍ဖြစ်သော အဘိဇ္ဈာ ဒေါမနဿ အနာကြီးတွေ ပေါက်လာတတ်သော် ဆေးမကုတတ်၊စက္ခုန္ဒြေကို မစောင့်ရှောက်တတ်၊ ဤသို့ စသည်ဖြင့် ၁၁-မျိုးလာလေသည်။

၎င်း ၁၁-ပါးတို့၏ အတိုချုပ်မှာ ပရိယတ္တိကို မလိုက်စားသဖြင့် တရားတော်၏ အရသာကို မသုံးစွဲတတ်။ စိတ်အရေ

အတွက်၊ ရုပ်အရေအတွက်ကိုမျှမသိ သတိပဋ္ဌာန် ၄-ပါးကိုလည်း မသိ၊ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးကိုလည်း နားမလည်၊ ဒုက္ခ၏ ဖြစ်ရာ ဖြစ်ကြောင်းကိုလည်း နားမလည်၊ ဒုက္ခ၏ ချုပ်ရာ ချုပ်ကြောင်းကိုလည်း နားမလည်။ ရုပ်ခေတ် နာမ်ခေတ်တို့ကို မသိခြင်းကြောင့် ရုပ်ကိုသိမ်းဆည်းခြင်း၊ နာမ်ကိုသိမ်းဆည်းခြင်း၊ လက္ခဏာယဉ် ၃-ပါးသို့ တင်၍ ကမ္မဋ္ဌာန်း အပြီးအဆုံးသို့ ရောက်ခြင်းငှာ မစွမ်းနိုင်ခြင်းတို့ ဖြစ်ရလေသည်။

ထိုမှတပါး အဋ္ဌကထာ ရှင်းလင်းပုံတို့ကို အတိုချုပ်အားဖြင့် သဘောပေါက်အောင် ရေးရသော် အသိဘရား နည်းပါးလှသော နွားကျောင်းသားသည် နွားကို ပြန်လည်မောင်းလာသောအခါ မိမိနွားမှန်းမသိ သူတပါး နွားမှန်းမသိ မောင်းလာပြန်၏၊ လိုရင်းမှာ တရားကို အမှန်မှန်းမသိ၊ အမှားမှန်းမသိ၊ လက်ခံ၏ဟု ဆိုလိုသည်။

တစုံတယောက်သောသူက ဤနွားကား ငါ၏နွားတည်း၊ သင်အဘယ်ကြောင့် မောင်းနှင်သွားရသနည်း ဆိုသော်လည်း စကားချေငံ ပြန်လည်ပြောဆိုခြင်းကို မပြုနိုင်။ မောင်းယူသွားသည်ကိုသာ ကြည့်၍နေရဘိ၏၊ ဆိုလိုရင်းကား မင်းလေ့ကျင့်နေသောတရားသည် မဟုတ်ဘူး၊ အပိုတွေကို လုပ်နေသည် ဆိုလျှင်လည်း ပါးစပ်ပိတ်၍ နေရရှာ၏။

တစုံတယောက်သောသူက၊ အမောင် - အဘယ်ကြောင့် ဤနွားမကို ထားခဲ့၍ ငါ့နွားလားဥသဘကို ယူဆောင်သွားဘိသနည်းဟုဆိုခါ နွားမကိုပေး၍ နွားလားဥသဘကို လဲလှယ်ယူသွားပြန်ကလည်း ဟုတ်လိမ့်နိုးနိုးနှင့် လက်ခံလိုက်ရတော့၏။

ပင်ပန်းအောင်လည်း အတ္တကိလမထာနုယောဂ အကျင့်မျိုး ကိုလည်း မကျင့်ရဟု တားမြစ်တော်မူပြန်၏။ အဓိပ္ပါယ်မှာ....

အတ္တ .... မိမိကိုယ်ကို။
ကိလမထ .... ပင်ပန်းဆင်းရဲအောင်။
အနုယောဂ .... အဖန်တလဲလဲပြုခြင်း။

ဆိုလိုရင်းမှာ မိမိကိုယ်ကို ငြိုငြင်ဆင်းရဲ ပင်ပန်းအောင်လည်း မပြုရ အားမထုတ်ရဟု တားမြစ်ခြင်းပင်ဖြစ်၏။

ဤသို့ဖြစ်မူ အဘယ်ကဲ့သို့ ကျင့်ကြံအားထုတ်ရပါမည်နည်း ဆိုသော် ရင်း၂ပါးသော တရား၏ အလယ်ဖြစ်သည့် မယုတ် မလွန်သော မဇ္ဈိမပဋိပဒါတရားကိုသာ ကျင့်ကြံကုန်ဟု ဘုရား ရှင်သည် ဆက်လက် ဟောတော်မူပြန်၏။ ထိုတရားတို့ကား အဘယ်နည်း ဆိုသော်....

(၁) ရုပ်နှင့် နမ်ကို ယထာဘူတကျအောင် ပိုင်းခြားခွဲဝေ စိတ်ဖြာ၍ သိရှိရမည်၊ (ဤစာအုပ် နာမရူပ ပရိစ္ဆေဒခဏ်းတွင် ကြည့်ရန်။)

(၂) ရင်းနာမ်ရုပ်၂ပါးကို ကျနစွာ ပိုင်းခြား ခွဲဝေစိတ်ဖြာ ၍ သိပြီးနောက်၊ ရင်းနာမ်ရုပ် ၂ပါးသည် အဘယ်ကြောင့် ဖြစ်ပေါ်လာသနည်းဟု အကြောင်းအကျိုးကို ဆင်ခြင်ရမည်။ (ပစ္စယပရိဂ္ဂဟခဏ်းတွင် ကြည့်ရန်။)

ယင်းသို့ နံပါတ်(၁)အတွက် နာမရူပပရိစ္ဆေဒဉာဏ်ကိုဆင်ခြင် နေခြင်းသည် ယထာဘူတ ကျသော အမြင်ကိုရရှိခြင်းကြောင့်၊

သမ္မာဒိဋ္ဌိမည်၏။ နံပါတ်(၂)အတွက် အကြောင်းအကျိုးကို ကြံစည်အားထုတ်နေသော ပစ္စယပရိဂ္ဂဟဉာဏ်သည် ယထာဘူတ ဘုရားအလိုတော်ကျဖြစ်သော ကောင်းစွာကြံခြင်း သမ္မာသင်္ကပ္ပ မည်၏။ သမ္မာသင်္ကပ္ပသည် ဥဒယဗ္ဗယဉာဏ်တွင်ထိုင်၍ တမဂ်-တဖိုလ်အထိ သွားရာ လမ်းကြောင်းဖြစ်၏။ တနည်းဆိုသော်-သမ္မာဒိဋ္ဌိနှင့် သမ္မာ သင်္ကပ္ပသည် တမဂ်တဖိုလ် ရရှိရေးတွင် အခြေခံ တရားကြီး ၂-ပါးဖြစ်၏၊ တနည်းဆိုပြန်သော် ထိုတရား ၂-ပါး သည် သီလ, သမာဓိ-ပညာဆိုင်ရာတွင် ပညာစခမ်းဖြစ်၏။

ထိုသမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတရား ၂-ပါး တနေ့တခြား ရင့်သန်လာရန် နေ့စဉ်အားထုတ် ကြိုးစားနေခြင်းသည် သမ္မာ ဝါယာမ မည်၏။

မိမိစိတ်ကို အခြားတပါးသို့ မလွင့်စေမူ၍ ခန္ဓာ ၅-ပါး၏ အဖြစ်အပျက် အပေါ်တွင်သာ သတိမလွတ်အောင် နေခြင်းသည် သမ္မာသတိမည်၏။

သတိ မလွင့်စေဘဲ အားထုတ်ဖန်များလတ်သော် တည်ကြည်မှု သမာဓိသည် ရင့်သန်လာပြန်တော့၏။ ဤသည်ကိုပင် သမ္မာ သမာဓိဟု ခေါ်ဆိုရ၏။

သမ္မာဝါယာမ သမ္မာသတိ၊ သမ္မာသမာဓိ ဤ ၃-ပါးသည် သီလ, သမာဓိ, ပညာ ၃-ရပ်တွင် သမာဓိ စခမ်းဖြစ်၏။

ကောင်းစွာ ပြောဆိုခြင်း သမ္မာဝါစာ၊ ကောင်းစွာပြုခြင်း သမ္မာကမ္မန္တ၊ ကောင်းစွာ အသက်မွေးခြင်း၊ သမ္မာအာဇီဝ ဤ ၃-ပါးသည် သီလစခမ်းဖြစ်၏။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤ ၃-ပါးသည် သီလ, သမာဓိ, ပညာ ၃-ရပ်တွင် သီလစခန်းဖြစ်၏။

ဤသို့လျှင် မလျော့လွန်း မတင်းလွန်းသော မဇ္ဈိမ ပဋိပဒါ အလယ် အလတ်ဖြစ်သော မဂ္ဂင်ရှစ်ပါး တရားတော် ကိုသာ လေ့ကျင့်ရမည်ဟု ဆုံးမတော်မူခဲ့၏။

၎င်းမဂ္ဂင်ရှစ်ပါးကို မြန်မာဘာသာ ပြန်ဆိုသောအခါ ဘုရားရှင်၏ လိုရင်းအဓိပ္ပါယ်ငုပ်၍ နေတော့၏။ မြန်မာပြန် မဂ္ဂင်ရှစ်ပါးကား....

သမ္မာဒိဋ္ဌိ-ကောင်းစွာမြင်ခြင်း။
သမ္မာသင်္ကပ္ပ-ကောင်းစွာကြံခြင်း။
သမ္မာဝါစာ ကောင်းစွာဆိုခြင်း။
သမ္မာကမ္မန္တ-ကောင်းစွာပြုခြင်း။
သမ္မာအာဇီဝ ကောင်းစွာအသက်မွေးခြင်း။
သမ္မာဝါယာမ-ကောင်းစွာအားထုတ်ခြင်း။
သမ္မာသတိ-ကောင်းစွာအောက်မေ့ခြင်း။
သမ္မာသမာဓိ-ကောင်းစွာတည်ကြည်ခြင်း။

ဤကဲ့သို့ မြန်မာဘာသာပြန်နှင့် ဘုရား အလိုတော်ကျ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမှာ အဓိပ္ပါယ်ချင်း မည်မျှ ကွာခြားနေသည်ကို သတိပြုပါက ပါဠိတော်ကိုဘာသာပြန်ခြင်း ပြုဘိသကဲ့သို့ ပါဠိတော်များကို မပျောက်မကွယ် ရသေအောင် အထူးစောင့်ရှောက် အပ်ပေတော့၏။ မိမိကိုယ်တိုင်လည်း ပါဠိတော်ကို တနေ့ ၁-လုံး တတ်နိုင်တတ်နိုင်၊ ၂-လုံး တတ်နိုင် တတ်နိုင်၊

တကြောင်းတတ်နိုင်တတ်နိုင်၊ ၂-ကြောင်း တတ်နိုင် တတ်နိုင်၊ တတ်နိုင်သလောက် သင်အံလေ့ကျင့် သင့်လှပေ၏။ ယင်းသို့ ပါဠိတော်ကို လေ့ကျင့်ပြီးခါ ဟောပြောပါက မိမိလည်း ကြီးစွာသော ကုသိုလ်ကို ရရှိ၏၊ တရားနာသူလည်း ကြီးစွာသော အကျိုးကျေးဇူးကို ခံစားရ၏။ သာသနာကြီးကိုလည်း အားပေး ချီးမြှင့်ရာကျ၏။ မိမိလည်း ဘုရားရှင်အား ကျေးဇူးဆပ်သည် မည်၏။

ဤအခါကျအတွက် နိဂုံးချုပ်ရသော် ဝိပဿနာ ယောဂီသည် ပေါ့ဆစွာ ကာမဂုဏ် ၅-ပါးကိုလည်း ခံစားမနေရ။ မိမိကိုယ်ကို လည်း ပင်ပန်းဆင်းရဲဖြစ်အောင် မပြုကျင့်ဘဲ အလယ် အလတ် ဖြစ်သော မဂ္ဂင်ရှစ်ပါးကို နေ့စဉ် ပွားများကာ ကိလေသာ အညစ်အကြေးတို့ကို (ကနုကရ) ခေါင်းပါးအောင် ကျင့်သုံး ပွားများ နေရပေမည်။

---

## အထူး သတိ ပြုအပ်သော
## ဗောဇ္ဈင် ၇-ပါး

တမင်တဖိုလ်ကို တကယ်တန်းအလိုရှိသည်ဟူသော ပုဂ္ဂိုလ် သည် သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်တော့ပြီ၊ သာမန် လူမျိုးမဟုတ် လျှင် သာမန် လူမျိုးတို့ကျင့်သော အလေ့အကျင့်ကို ပယ်၍ အထက်တန်းကျသော တမင် တဖိုလ်၏ ရောက်ရာရောက်ကြောင်း ဖြစ်သော နည်းကောင်းလမ်းမှန်တို့ကို လေ့လာရန် လိုသေသည်။ သောတာပန် ဖြစ်ရေးမှာ မဟာ သတိပဋ္ဌာန် ပါဠိတော်၌

လာသော ဗောဇ္ဈင် ၇-ပါးသည် ဝိပဿနာ ယောဂီပုဂ္ဂိုလ်အတွက် အထူးသတိပြုခါ လိုက်နာရပေမည့် အလွန် ကောင်းမြတ် ထူးခြားလှပေသည့် လမ်းစဉ်ကြီးပေတည်း။

(၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) ပီတိသမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆) သမာဓိသမ္ဗောဇ္ဈင်၊ (၇)ဥပေက္ခာသမ္ဗောဇ္ဈင်၊ ထိုဗောဇ္ဈင် ၇-ပါး၏ ဘာသာပြန်ကို သဘောပေါက်အောင် ထပ်ခါထပ်ခါ ဘာတ်အပ်လေသည်။ ၎င်းမဟာသတိပဋ္ဌာန်မှလာသော ဗောဇ္ဈင် ၇-ပါးကို ဗုဒ် ၃-ဗုဒ်တွင် တဗုဒ်အပါအဝင် ဖြစ်သော၊ ဝါ၊ ဗုဒ်အစ ဗုဒ်အဆုံးဟု ခေါ်စမှတ်ရှိသော ဆရာတော် ဦးဗုဒ်ပြန်ဆိုတော် မူအပ်သည်မှာ အောက်ပါအတိုင်းပင်။

သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား ၁၊ အဘိက္ကန္တစသော ခုနှစ်ပါးသောအရာတို့၌ သတိသမ္ပဇဉ်နှင့်ယှဉ်ခြင်း။ ၂-လွတ်သော သတိရှိသောသူကို ရှောင်ကြဉ်ခြင်း။ ၃၊ ထင်သော သတိရှိသူကို မှီဝဲခြင်း။ ၄၊ ရပ်ခြင်းစသည်၌ သတိ ဖြစ်စေခြင်းငှာ ညွတ်ကိုင်း ရှိုင်းဝှမ်းသော စိတ်ရှိခြင်းဟူ၍ ၄-ပါးတည်း။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းကား။ ၁၊ ခန္ဓာအာယတန ဓာတ် စသည်တို့ကို မေးမြန်းဖန်များခြင်း။ ၂၊ ကိုယ်တွင်း ကိုယ်ပ၌ဖြစ်သော ဝတ္ထုသန့်ရှင်း စင်ကြယ်ခြင်း။ ၃၊ သဒ္ဓါလွန် လျှင် ကွန့်သည်။ ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင် ပြန့် သည်။ သမာဓိလွန်လျှင် တွန့်သည်။ သတိမူကား လွန်သည်မင်္ လိုသည်သာရှိသည်ဟူရကား၊ သဒ္ဓါနှင့် ပညာ ဝီရိယနှင့် သမာဓိ

ကို မျှစေခြင်း။ ၄။ ပညာမဲ့ကို ကြဉ်ခြင်း။ ၅။ ပညာရှိကို ယှဉ်ခြင်း။ ၆။ နက်နဲသောခန္ဓာ စသည်၌ ဖြစ်သော နက်နဲသော ပညာအပြားကို ဆင်ခြင်ခြင်း။ ၇။ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်စေခြင်းငှာ ညွတ်ကိုင်း ရှိုင်းဝှမ်းသော စိတ် ရှိခြင်းဟူ၍ ၇ - ပါးတည်း။

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းကား ၁၊ အပါယ်လေးပါးကို ဆင်ခြင်ခြင်း။ ၂။ ဝီရိယ၏အကျိုးကို ရှုမြင်ခြင်း။ ၃။ ဘုရားစသော သူတော်ကောင်းတို့ သွားရာလမ်းခရီးသို့ လိုက်သင့်၏ဟု ဆင်ခြင်ခြင်း။ ၄။ တရားကို အားထုတ်ခြင်းဖြင့် ဆွမ်းကိုပူဇော်ခြင်း။ ၅။ သူတော်ကောင်း ဥစ္စာဟူသော အမွေခံ၏ မြတ်သည်ကို ဆင်ခြင်ခြင်း။ ၆။ ဘုရား၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ ၇။ ဘုရားသားတော်အဖြစ် တည်းဟူသော အမျိုးမြတ်သည်ကို ဆင်ခြင်ခြင်း။ ၈။ သီတင်းသုံးတော်မြတ်သည်ကို ဆင်ခြင်ခြင်း။ ၉။ ပျင်းရိသောသူကို ကြဉ်ခြင်း။ ၁၀။ အားထုတ်အပ်သော ဝီရိယရှိသောသူကို ယှဉ်ခြင်း။ ၁၁။ ရပ်ခြင်းစသည်၌ ဝီရိယကိုဖြစ်စေခြင်းငှာ ညွတ်ကိုင်း ရှိုင်းဝှမ်းသောစိတ် ရှိခြင်းဟူ၍ ၁၁ - ပါးတည်း။

ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား ၁။ ဗုဒ္ဓ။ ၂ ဓမ္မ။ ၃။ သံဃ။ ၄။ သီလ။ ၅။ စာဂ။ ၆။ ဒေဝတာ။ ၇။ ဥပသမာနုဿတိဟူ၍ အနုဿတိ ၇ - ပါး။ ဘုရားစသည်တို့၌ ကြည်ညိုခြင်း။ ၈။ သဒ္ဓါအစေးကင်း၍ ခြောက်သွေ့သော သူကို ကြဉ်ခြင်း။ ၉။ သဒ္ဓါတရား များသောသူကို မှီဝဲခြင်း။

၁၀။ ကြည်ညိုဘွယ်သော သုတ္တန်ကို ဆင်ခြင်ခြင်း။ ၁၁။ ရပ်ခြင်း စသည်၌ ပီတိဖြစ်စေခြင်းငှာ ညွတ်ကိုင်း ရှိုင်းဝှမ်းသောစိတ် ရှိခြင်းဟူ၍ ၁၁-ပါးတည်း။

ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား ၁၊ မွန်မြတ်သော ဘောဇဉ်ကို မှီဝဲခြင်း။ ၂၊ ချမ်းသာသော ဥတုကို မှီဝဲခြင်း။ ၃၊ ချမ်းသာသော ဣရိယာပုတ်ကို မှီဝဲခြင်း။ ၄၊ မိမိ၏ရင်း၊ သူတပါး၏ရင်း၊ ကံသာလျှင် ဥစ္စာရှိသည်ကို ဆင်ခြင်ခြင်း။ ၅၊ သူတပါးအား ညှဉ်းဆဲသဖြင့် ပူပန်သောကိုယ် ရှိသော သူကိုကြဉ်ခြင်း။ ၆၊ ငြိမ်းချမ်းသောကိုယ်စိတ်ရှိသူကို မှီဝဲခြင်း။ ၇၊ ရပ်ခြင်းစသည်၌ ပဿဒ္ဓိဖြစ်စေခြင်းငှာ ညွတ်ကိုင်း ရှိုင်းဝှမ်း သောစိတ် ရှိခြင်းအားဖြင့် ၇-ပါးတည်း။

သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား ၁၊ အတွင်း, အပ စတ္တုစင်ကြယ်ခြင်း။ ၂၊ သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိကို မျှတစေခြင်း။ ၃၊ သမာဓိအာရုံဖြစ်သော ကသိုဏ်း နိမိတ်ကို ယူခြင်း၌ လိမ္မာခြင်း။ ၄၊ ဝီရိယလျော့ခြင်း စသည်ဖြင့် တွန့်သော စိတ်ရှိသောအခါ ဓမ္မဝိစယ, ဝီရိယ, ပီတိဖြင့် စိတ်ကိုချီးပင့်ခြင်း။ ၅၊ ဝီရိယလွန်ခြင်း စသည်ဖြင့် ပျံ့လွင့်သောစိတ် ရှိသောအခါ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဖြင့် စိတ်ကိုနှိမ်ခြင်း။ ၆၊ ပညာ ပယောဂ နုံခြင်းကြောင့်ရင်း၊ ငြိမ်သက်သောချမ်းသာကို မရ ခြင်းကြောင့်ရင်း၊ စိတ်မသက်သာသောအခါ သံဝေဂဝတ္ထုကို ဆင်ခြင်၍ရင်း၊ ရတနာ သုံးပါးဂုဏ်ကို အောက်မေ့၍ရင်း၊ စိတ်ကိုရွှင်စေခြင်း။ ၇၊ တွန့်ခြင်း၊ ပျံ့လွင့်ခြင်းကင်း၍ အာရုံ၌ အမျှဖြစ်သောအခါ မြှောက်ခြင်း, နှိမ်ခြင်း, ရွှင်စေခြင်းတို့၌

ကြောင့်ကြမပြုမူ၍ လျစ်လျူရှုခြင်း။ ၈၊ ပျံ့လွင့်သောသူကို ကြဉ်ခြင်း။ ၉၊ တည်ကြည်သောသူကို ယှဉ်ခြင်း။ ၁၀၊ စျာန်ဝိမောက္ခကို ဆင်ခြင်ခြင်း။ ၁၁၊ ရပ်ခြင်းစသည်၌ သမာဓိကို ဖြစ်စေခြင်းငှာ ညွတ်ကိုင်း ရှိုင်းဝှမ်းသောစိတ် ရှိခြင်းဟူ၍ ၁၁-ပါးတည်း။

ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား ၁၊ မိမိ၏ငင်း၊ သူတပါး၏ငင်း၊ ကံသာလျှင် ဥစ္စာရှိ၏ဟု ဆင်ခြင်၍ငင်း၊ ပရမတ္ထအားဖြင့် သတ္တဝါမည်သည်မရှိ။ သင်သည် အဘယ်သူ့ကို ချစ်ငေ်သနည်းဟု နိဿတ္တအဖြစ်ကို ဆင်ခြင်၍ငင်း၊ သတ္တဝါကို လျစ်လျူရှုခြင်း။ ၂၊ သင်္ကန်းစသော သင်္ခါရသည် အစဉ်သဖြင့် အဆင်းဖေါက်ပြန်၍ ဆိုးရွားဟောင်းမြင်း စုတ်ပြတ်ခြင်းသို့ ရောက်လတံ့။ ဤသင်္ကန်းစသည်ကို အစိုးရဘိမူကား ဤသို့မဖြစ်ရာဟု အသာမိကအဖြစ်ကို ဆင်ခြင်၍ငင်း၊ ဤသင်္ကန်း စသည်လည်း အရှည်မခံ အခိုက်အတန့်သာဟု တာဝကာလိက အဖြစ်ကို ဆင်ခြင်၍ငင်း၊ သင်္ခါရကို လျစ်လျူရှုခြင်း။ ၃၊ သားသမီးစသော သတ္တဝါ ဥစ္စာ ခမ်းနားစသော သင်္ခါရကို ချစ်ခင်မြတ်နိုးတတ်သောသူကို ကြဉ်ခြင်း။ ၄၊ သတ္တဝါသင်္ခါရကို လျစ်လျူရှုတတ်သောသူကို ကြဉ်ခြင်း။ ၅၊ ရပ်ခြင်းစသည်၌ ဥပေက္ခာ ဖြစ်စေခြင်းငှာ ညွတ်ကိုင်းရှိုင်းဝှမ်းသောစိတ် ရှိခြင်းဟူ၍ ၅-ပါးတည်း။

သတိဓမ္မ ဝိစယနှင့် ဝီရိယပီတိ ပဿဒ္ဓိဟု သမာဓုပေက္ခာ ခုနစ်ဖြာတွင်၊ ကြောင်းခြာမှန်ဘိ၊ သတိစတု၊ ပဉ္စုပေက္ခါ၊ ဝိစယပဿဒ်။ ပွားမှတ်သတ္တ၊ ဝီရိယပီတိ၊ သမာဓိကား၊ ပွားဘိ

ဆယ့်တစ်စီ ပင်တည်း။ ။ဗောဇ္ဈင်ကို သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာ၊ ထိုဒုက္ခကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ၊ ထိုသစ္စာနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓ သစ္စာ၊ နိရောဓကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

## ခုဆောင်းအပ်သည့် သုတ်တော်ကောင်း ဥစ္စာ ၇-ပါး

ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟု မိမိကိုယ်ကို အယူရှိနေကြပါလျက် နေ့စဉ်နှင့်အမျှ မိုးလင်းသည်နှင့်တပြိုင်နက် ဥစ္စာစီးပွားရှာမှု လောဘကို မိုးချုပ်၍ အိပ်သည်တိုင်အောင် အဒုးထုတ် အားပေးနေကြကုန်၏။ ထိုအတူ ဒေါသ, မောဟတို့သည်လည်း မိုးလင်း၍ မျက်စိနှလုံးပွင့်လာသည်ကစ၍ ညအိပ်သည်တိုင်အောင် တနာရီ တမိနစ်ကြား မရှိရအောင် တိုးတက် တောက်လောင်နေပေတော့၏။ အတိုချုပ်ဆိုသော် လောကီကြီးပွားမှုအတွက် လောဘ, ဒေါသ, မောဟတို့သည် တမိနစ် တစက္ကန့်မျှ အနားမရှိ တိုးတက် တောက်လောင်နေတော့၏။ ထိုမီး ၃-ပါးသည် အပါယ်ဘေးသို့ တတွန်းတည်း တွန်းချနေသည်ပင် ဖြစ်၏။

ဤကဲ့သို့ အပါယ်လေးပါး အစာဖြစ်ရန် အတွန်းခံနေရခြင်းမှာ လောကီ တသက်လျာမျှ အတွက် ဥစ္စာပစ္စည်း တိုးတက်မှု၊ ရာထူးတိုးတက်မှု၊ ဂုဏ်ပကာသန တိုးတက်မှု၊ နာမည်ကြီးမှု၊ ပကာသနလိုချင်မှု စသည့် လောကီအမှုတို့အတွက် ကြိုးစားနေ

ကြခြင်းကြောင့်သာ ဖြစ်လေသည်။ ယင်းသို့ ကျိုးစားရာတွင် ရမှုလည်း ရရာ၏။ မရမှုလည်း မရဘဲရှိရာ၏။ ရသည်ထားစေကာမူ ထိုလောကီစည်းစိမ် ဂုဏ်ပကာသနသည် မည်မျှခံအံ့နည်း။ မိမိ မသေမီပင် ချို့ယွင်းပျက်စီး သွားကြရသည်ကို မျက်မြင်ဒိဋ္ဌပင် ဖြစ်လေသည်။

ထိုမျှမက မိမိသေသည်တိုင်အောင် တည်မြဲပါသည်ဟု ဆိုရစေကာမူ မိမိသေခသာအခါ ထိုဥစ္စာစည်းစိမ် ဂုဏ်သိမ်ပကာသန အဝဝတို့သည် မိမိနှင့်နောင်ဘဘဝသို့ ပါနိုင်ပါသည်ဟူ၍ မရှိချေ။ ဥစ္စာစည်းစိမ် ဟူသရွေ့တို့သည် မိမိသေသောအခါ အိမ်၌သာ ကျန်ရစ်ကုန်၏။ ချစ်လှသော မိဘသားမယား လင်ယောကျ်ားနှင့် ဆွေမျိုးတစုတို့သည် သုသာန်သင်းချိုင်း သို့သာ အစွမ်းကုန် လိုက်ပို့နိုင်ကြကုန်၏။ သို့ရာတွင် မိမိနှင့် သွားလေရာရာပါမည့် ဥစ္စာကား မိမိ၏ ကုသိုလ်နှင့် မိမိ၏ အကုသိုလ်ကံတို့သာလျှင် မိမိအရိပ်ကဲ့သို့ သွားလေရာရာ ပါမည်သာတည်း။

ထိုကြောင့် ဗုဒ္ဓဘာသာအယူကို တကယ်ယုံကြည်ရိုးမှန်လျှင် တသက်လျာမျှသာဖြစ်သော လောကီ ဥစ္စာစည်းစိမ် ဂုဏ်ရှိန်ဒြဗ် ပကာသနအရပ်ရပ်တို့ ရရှိရေးတွင်သာ အချိန်ကုန် ခံမနေမူ၍ မိမိသွားရာ ဘဝများစွာတွင် အရိပ်အာဝါသသဘွယ် ပါရှိနေမည့် သူတော်ကောင်းဥစ္စာ ၇-ပါးကိုလည်း နေ့ညမပြတ် ရှာဖွေ ကျိုးစားရပေမည်။

များစွာသောသူတို့သည် ဗုဒ္ဓဘာသာဟု အမည်ခံပါလျက် လောကီတသက်လျာ အတွက်သာ ဂုဏ်တုဂုဏ်ပြိုင် ကျိုးစားရှာဖွေ

စုဆောင်းနေကြ ငြားသော်လည်း သူတော်ကောင်း ဥစ္စာ ၇-ပါး ကိုကား ရှာဖွေစုဆောင်းရမည်ဟုပင် လေးနက်စွာ မသိရှိကြကုန်။ ဂုဏ်ပြိုင်ရန်မှာ လောကီအတွက် ဂုဏ်ပြိုင်မှုထက် လောကုတ္တရာ ဥစ္စာ ၇ ပါး ရရှိရေးတွင် ဂုဏ်ပြိုင်အပ်လေသည်။ လောကုတ္တရာ အတွက် သူတော်ကောင်း ဥစ္စာ ၇-ပါးကား....

သဒ္ဓါ၊ သီလ၊ သုတ၊
စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ၊

ဤသူတော်ကောင်းဥစ္စာ ၇-ပါးနှင့် ပြည့်စုံသူကို သူဆင်းရဲ ဂုဏ်မဲ့သူ အောက်တန်းစားဟူ၍ မခေါ်ဆိုနိုင်တော့ပြီ။ ထိုမျှမက ၎င်းပုဂ္ဂိုလ်အတွက်လည်း အပါယ် ၄-ဘုံ တံခါးပိတ်ပြီး ဖြစ်တော့၏။ သူတော်ကောင်းဥစ္စာ ၇-ပါးကို နဲနဲစုဆောင်းမိလျှင် နဲနဲ သက်သာရ၍ များများစုဆောင်းမိလျှင် များများသက်သာရာ ရတော့၏။

တနည်းဆိုလျှင် နဲနဲစုဆောင်း မိလာလျှင် နဲနဲအားကိုး ဝမ်းသာဘွယ်ဖြစ်၏။ ထို့ကြောင့် သူတော်ကောင်း ဥစ္စာ ၇-ပါး သည် မြောက်များ ပြည့်စုံလာပါမူ ဒုက္ခရောက်မည့်ဘေးကို မဆိုထားဘိ သေရမည်ကိုပင် မကြောက်တော့ချေ။

## သုပ္ပ ဗုဒ္ဓ

အခါတပါး၌ အလွန်တရာ ဆင်းရဲရုံမျှမက နူနာပင် စွဲနေ သော သူတောင်းစားတယောက်သည် ဘုရားရှင် တရားဟောရာ

အစွန်ဌာနတွင် တရားတော်ကို နာကြားရင်းပင်လျှင် သောတာပန် ၌ တည်လေ၏။ ထိုပုဂ္ဂိုလ်ကား အခြားမဟုတ်၊ လူတိုင်းကြားနာ သိရှိနေသော သုပ္ပဗုဒ္ဓပင် ဖြစ်၏။

ထိုအခါ သိကြားမင်းသည် အလိုစမ်းလို၍ သုပ္ပဗုဒ္ဓထံ လာ ရောက်ပြီးလျှင် အချင်း-သုပ္ပဗုဒ္ဓ၊ သင်ကား- ကိုယ် မသန့်ရှင်းရှိ၏။ ဥစ္စာလည်းဆင်းရဲ၏။ ထိုကြောင့် သင်၏ အနာရောဂါ ကိုလည်း ပျောက်စေအံ့၊ ဤမည် ဤမည်သော စည်းစိမ် ဥစ္စာတို့ကိုလည်း ငါပေးအံ့၊ သင်-ယခုယုံကြည်နေသော ဘုရား,တရား, သံဃာအား ယုံကြည်မှုကို မပြုမူ၍ တရားတော်ကို ငါအလိုမရှိပြီ၊ ငါ့အား ရောဂါပျောက်ကင်းစေ၍ ဥစ္စာပစ္စည်းသာ ပေးတော့ဟု ဆိုလျှင် ငါပေးအံ့။ ငါကား အခြားသူမဟုတ်, သိကြားမင်းပင်တည်းဟု ဆို၏။

ထိုသောအခါ သုပ္ပဗုဒ္ဓက အသင် သိကြားမင်း- ငါ့အား အဘယ်သို့ ထင်မှတ်ဘိသနည်း။ ငါသည် ဘုရားရှင်၏ အမွေ အနှစ်ကို ရထားသောသူပင်တည်း။ ငါသည် ချမ်းသာသောသူ ပင်တည်း။ ငါ၌ မပျက်စီးနိုင်သော သူတော်ကောင်းဥစ္စာ ၇-ပါး စုပြီး ဆောင်းပြီး ရှိသတည်း။ သင်သိကြားမင်း ဤနေရာမှ ဖယ်ခွာသွားလော့ဟု ရင့်သီးစွာ ဆိုလိုက်၏။

ထိုကြောင့် တဘဝထည်းသာ မဟုတ်၊ ဘဝများစွာ မိမိ ကိုယ်တိုင် စားသုံးသွားရမည့် သူတော်ကောင်း ဥစ္စာ ၇-ပါးကို လောကီဥစ္စာပစ္စည်း ရှာဖွေစုဆောင်းဘိသကဲ့သို့ ရှာဖွေ စုဆောင်း အပ်ရာသည်။ တနေ့ထက်တနေ့ သူတော်ကောင်း ဥစ္စာ ၇-ပါးကို

တိုးတက်လာရန် ကြိုးစားပေးရမည်။ ဂုဏ်ပြိုင်ရာတွင် သူတော်ကောင်းဥစ္စာ ၇-ပါး၏ တိုးတက်ရရှိမှုတွင်သာ ဂုဏ်ပြိုင်ရာသည်။

လူတို့သည် ရှေ့မှန် နောက်မှန်ထား၍ ရုပ်ကြီးကိုသာ နေ့ရှိသမျှ ပြုပြင်နေကြလေသည်။ အရေးကြီးလှသည့် စိတ်၏တိုးတက်မှုကိုကား မပြုပြင်ကြကုန်။ စိတ်ကိုမပြုပြင်လေလေ အပါယ် ၄-ဘုံနှင့် နီးလေလေကို သတိပြုနိုင် ကြစေကုန် သတည်း။ ဝါ-သူတော်ကောင်းဥစ္စာ ၇-ပါးကို တနေ့တခြား တိုးတက်အောင်ကြိုးစားတော်မူနိုင်ကြပါစေကုန်သတည်း။

## ဝိပဿနာ အရသာ

စစ်ဘုရင် ထိုးနေသည်ကို စစ်ဘုရင် မထိုးတတ် သူသည် ဘေးကကြည့်နေလျှင် အလွန်ပျင်းလာ၏။ ဆေးလိပ်မသောက်တတ်သူသည် ဆေးလိပ်သောက်နေသူ၏ အရသာကို မချိန်ဆနိုင်။

ထိုအတူ ဝိပဿနာ လုပ်ငန်းကို မလုပ်ဘူးသူသည် ဝိပဿနာ၏ အရသာကို မသိသေးလျှင် ပျင်းရိဘွယ်ဟု ထင်ရ၏။ အရသာကို သိသွားသူကား ၁-နာရီကြာသည် ၂-နာရီကြာသည် ဆိုကြသည်မှာ ဝိပဿနာလုပ်ငန်းတွင် စိတ်ဝင်စားမိလျှင် တခဏကလေးမျှသာ ကြာသည်ဟု ထင်မိတော့၏။ ဥပမာဆိုသော် မိမိကြိုက်ရာစကားကို ၁-နာရီ ၂-နာရီ ကြာသော်လည်း ခဏကလေးဟု ထင်ရဘိသကဲ့သို့တည်း။ တနည်းဆိုသော် ကြည့်ကောင်းသော ဘောပွဲ, ခြင်းပွဲ စသည်တို့ကို ကြည့်ကောင်း နေပါလျှင် ခဏကလေး ကြာသည်ဟု ထင်မှတ်ရဘိသကဲ့သို့တည်း။

ဝိပဿနာ အရသာကို မတွေ့ဘူး မခံစားဘူးသေး၍သာလျှင် ငြီးငွေ့ဘွယ် ပျင်းရိဘွယ်ထင်နေရ၏။မယုံလျှင်နဲနဲမြည်းကြည့်ပါ၊ မမြည်းမီ ဥာတပရိညာစခမ်းကို ပိုင်အောင် နှစ်းလည်အောင် လုပ်ပါ။ ထိုနောက် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ကို မြည်းကြည့်စမ်းပါ။ ၁-နာရီမှာ ခဏကလေး မညောင်းမညာမီ ပြည့်သွားပါသည်။

ထိုအခါ ဤဝိပဿနာတရားကို မေ့ပင်ပါ။ အသင်အား ငွေတသိန်း ပေးပါမည်။ ငွေ ၂-သိန်းပေးပါမည်ဆိုလျှင် စိတ်တွင်မည်မျှ ထိခိုက်သွားမည်ကို ကိုယ်တိုင်သိရှိ လာလတံ့။ ထိုအခါ အော်-ဒါကြောင့် သုပ္ပဗုဒ္ဓက ငါ့ကို လူဆင်းရဲမှတ်သလား၊ ငါ့ကို လူညံ့ထင်သလား၊ မင်းတို့ လောကီ စည်းစိမ်လောက်တော့ ငါဘာမှုရမှာလဲလို့ ဆိုပေတာဘဲ။ ထိုစကား မှန်ပေစွ ဆိုသော အခြေအနေ မျိုးအထိ တိုးတက်လာပါ လိမ့်မည်။ တဇွန်းတယောက်မ ဆိုသလို မြည်းဘူးတယ်ရှိအောင် ဝိပဿနာ အရသာကို မြည်းကြည့်တော်မူရန် လေးနက်စွာ တိုက်တွန်းပါသည်။

—‡—

## ၃၂-ပါးသော
## တိရစ္ဆာန ကထာ

တမင် တဖိုလ်ကို အလိုရှိ၍ ကျင့်သော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည် ၃၂-ပါးသော တိရစ္ဆာန ကထာကို ပြောရန် အလွန် ကြောက်၏။ အထက်တန်း ကျလေလေ ထိုစကားရပ်များကို

ကြားနာရန်သော်၎င်း၊ ပြောဆိုရန်သော်၎င်း၊ အလွန်ကြောက်ကြကုန်၏။ အကြောင်းသော်ကား ဝိပဿနာယောဂီမှာ မိမိစိတ်တွင် လောဘစိတ်, ဒေါသစိတ်, မောဟစိတ် မဖြစ်ရန် ကြိုးစားနေမှသာလျှင် လောဘ, ဒေါသ, မောဟ ခေါင်းပါး၍ တမင်တဖိုလ် ရရှိမည်ဖြစ်ရာ အကြင်ယောဂီသည် ထိုတိရစ္ဆာနကထာကို ပြောလိုသေး၏။ ကြားလိုသေး၏ဆိုမူ မိမိအဆင့်အတန်းကို မိမိချင့်ချိန်နိုင်ပြီ။ ဝိပဿနာလုပ်ငန်းတွင် အတော် ရင့်သန်လာသူဖြစ်ခဲ့သော် မိမိနာကြား ပြောဆိုရန်မဆိုထားဘိ အခြားသူများ ပြောဆိုနေသည်ကိုပင် ပြောဆိုနာကြား နေသူတို့အတွက် အော်-ဘာမျှ မသိရှာကြပါကလား သနားစရာပုဂ္ဂိုလ်တွေ ပါကလားဟု မိမိစိတ်တွင် ပေါ်လာတတ်၏။ ထိုတိရစ္ဆာန ကထာတို့သည် အဘယ်နည်းဆိုမူ အောက်ပါအတိုင်း ဖြစ်၏။

ရာဇကထံ။ ။မင်းစိုးရာဇာနှင့် စပ်သည်ကို ပြောပြခြင်း။

စောရကထံ။ ။ခိုးသူတို့နှင့် စပ်သည်ကို ပြောခြင်း။

မဟာမတ္တကထံ။ ။အမတ်ကြီးနှင့်စပ်သည်ကို ပြောခြင်း။

သေနကထံ။ ။စစ်နှင့်စပ်သည်ကို ပြောခြင်း။

ဘယကထံ။ ။ဘေးနှင့်စပ်သည်ကို ပြောခြင်း။

ယုဒ္ဓကထံ။ ။စစ်ထိုးခြင်းနှင့် စပ်သည်ကိုပြောခြင်း။

အန္နကထံ။ ။ထမင်းနှင့်စပ်သည်ကို ပြောခြင်း။

ပါနကထံ။ ။အဖျော်နှင့် စပ်သည်ကို ပြောခြင်း။

ဝတ္ထကထံ။ ။အဝတ်နှင့်စပ်ဆိုင်သည်ကို ပြောခြင်း။

သယနကထံ။ ။အိပ်ရာနေရာနှင့် စပ်ဆိုင်သည်ကိုပြောခြင်း။
မာလာကထံ။ ။ပန်းနှင့်စပ်သည်ကို ပြောခြင်း။
ဂန္ဓကထံ။ ။နံ့သာနှင့်စပ်သည်ကို ပြောခြင်း။
ဉာတိကထံ။ ။အဆွေဉာတိနှင့် စပ်ဆိုင်သည်ကိုပြောခြင်း။
ယာနကထံ။ ။ယာဉ်နှင့်စပ်သည်ကို ပြောခြင်း။
ဂါမကထံ။ ။ရွာနှင့်စပ်သည်ကို ပြောခြင်း။
နိဂမကထံ။ ။နိဂုံးနှင့်စပ်သည်ကို ပြောခြင်း။
နဂရကထံ။ ။မြို့နှင့်စပ်သည်ကို ပြောခြင်း။
ဇနပဒကထံ။ ။ဇနပုဒ်နှင့် စပ်သည်ကိုပြောခြင်း။
ဣတ္ထိကထံ။ ။မိန်းမနှင့်စပ်သည်ကို ပြောခြင်း။
ပုရိသကထံ။ ။ယောကျ်ားနှင့်စပ်သည်ကို ပြောခြင်း။
သူရကထံ။ ။ရဲရင့်ခြင်းနှင့်စပ်သည်ကို ပြောခြင်း။
ဝိသိခါကထံ။ ။ခရီးလမ်းဆုံနှင့် စပ်သည်ကိုပြောခြင်း။
ကုမ္ဘဋ္ဌာနကထံ။ ။ရေခပ်ဆိပ်၌ ကျွန်မတို့ ပြောသည်နှင့် စပ်သည်ကို ပြောခြင်း။
ပုဗ္ဗပေတကထံ။ ။သေလွန်ပြီးသော ဉာတိနှင့် စပ်သည်ကို ပြောခြင်း
နာနတ္တကထံ။ ။ဆိုပြီးဆိုလတံ့သည်မှ လွတ်သော အထူးထူး အကျိုးမဲ့နှင့်စပ်သည်ကို ပြောခြင်း။

လောကက္ခာယိကံ။ ။ဤလောကကို အဘယ်သူ ပြုလေသနည်း။ အဘယ်ကြောင့် သတ္တလောက၊ သင်္ခါရလောက၊

ဩကာသလောကသည် ဖြစ်လေသနည်းဟု လောကနှင့် စပ်သည်ကို ပြောခြင်း။

သမုဒ္ဒက္ခာယိကံ။ ။ဤသမုဒ္ဒရာကို အဘယ်သူ ပြုလေသနည်း။ အဘယ်ကြောင့် ဤသမုဒ္ဒရာသည် ဖြစ်လေသနည်းဟု သမုဒ္ဒရာနှင့် စပ်သည်ကို ပြောခြင်း။

ဣတိဘဝါဘဝကတံ။ ။ဤသို့ မြဲ၏၊ ဤသို့မမြဲ၊ ဤသို့ တက်ပွား၏၊ ဤသို့ဆုတ်ယုတ်၏၊ ဤသို့သုခ ဤသို့ဒုက္ခ ဖြစ်သည်ဟု ပြောဆိုခြင်း။ အရည၊ တဗ္ဗတ၊ နဒီ၊ ဒိပ်၊ တော၊ တောင် မြစ်၊ ကျွန်း စသည်တို့၏ အကြောင်းကို ပြောဆိုခြင်းတို့ ဖြစ်ပေသည်။

---

## ဥပက္ကိလေသာ ၁၀-ပါး

ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် စာတွေ့ဖြင့် ဝါ-သုတမယ အကြားအမြင် ဗဟုသုတဖြင့် အလုပ်စခန်းတွင် ရှေ့လောမကြီးဘဲ ဉာတပရိညာ စခမ်းဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ထပ်ခါထပ်ခါ အာသေဝန ပစ္စည်းရနေအောင် လေ့ကျင့် ပေးနေရာသည်။ ဝိပဿနာလုပ်ငန်းမှာ လောကီ လုပ်ငန်းများကဲ့သို့ ရာထူး ကျော်ပေးခြင်း၊ အချိန်မကျမီ အရည် အချင်း မရှိမီ လခတိုးပေးခြင်း စသည်တို့ကို ပြုလုပ်ဘိသကဲ့သို့ အောက်ဆုံးအထစ်ကိုမပိုင်မီ အထက်သို့တက်သော်လည်း အကျိုး မပြီးနိုင်ချေ။ အောက်သက်ကျေလျှင် အထက်၌ လွယ်ကူ၏။

ယင်းသို့ ဉာဏ် ပရိညာစခန်း ပိုင်လာလျှင် သမ္မသနဉာဏ် ဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေး ၃-ပါးကိုတက်၍ အထပ်ထပ် အခါခါ ကျိုးစား ဆင်ခြင်လတ်သော် သမ္မသနဉာဏ် ရင့်လာပြီးလျှင် ဥဒယဗ္ဗယဉာဏ်သို့ ရောက်ရှိလာသောအခါ ဝိပဿနာ၏ အညစ်အကြေးဟု ဆိုအပ်သော ဉပတ္တိလေသာ ၁၀-ပါးတို့သည် ပေါ်တတ်ကုန်၏။ ထိုဉပတ္တိလေသ ၁၀-ပါး ကား.... -

| | | | |
|---|---|---|---|
| ၁။ | ဩဘာသ | ၆။ | သုခ |
| ၂။ | ပီတိ | ၇။ | ဉာဏ |
| ၃။ | ပဿဒ္ဓိ | ၈။ | သတိ |
| ၄။ | အဓိမောက္ခ | ၉။ | ဥပေက္ခာ |
| ၅။ | ပဂ္ဂဟ | ၁၀။ | နိကန္တိ |

(၁) ဩဘာသ ဟူသည်မှာ ယောဂီပုဂ္ဂိုလ်၏ ဖြူစင်သော အကျင့်ကြောင့် အာသဝေန ပစ္စည်းများပြား ယာလတ်သော်၊ ရာဂ-ဒေါသ-အစရှိသော အညစ်အကြေးတို့မှ ကင်းဝေးခြင်း ကြောင့် စိတ္တဇရုပ်တို့မှ ပြန့်နှံ့ထွက်ပေါ် လာသော အလင်းရောင် များကို ခေါ်ဆို၏။

(၂) ပီတိ၊ ကြက်သီးမွေးညှင်း အနည်းငယ်ထခြင်း၊ ခဏ ခဏ အကြိမ်များစွာထခြင်း၊ တကိုယ်လုံး ဆီနှင့်ဝါဂွမ်း ထိဘိ သကဲ့သို့ ဖရဏာ ပီတိများ ဖြစ်ခြင်းစသော ပီတိငါးမျိုးတို့ ဖြစ်၏။

(၃) ပဿဒ္ဓိ၊ ယောဂီပုဂ္ဂိုလ်တို့၏ ကိုယ်အင်္ဂါမှာ အလွန်ပေါ့ပါးလာ၏။ ကိုယ်စိတ်နှစ်ဖြာ လွန်စွာချမ်းသာ၍ လာခြင်းတို့ပင်တည်း။

(၄) အဓိမောက္ခ၊ စိတ်သည် ထိုင်းမှိုင်း တွေဝေခြင်းမရှိ အထူး ကြည်လင်လာ၏။ သဒ္ဓါတရား ထက်သန်လာ၏။ ရတနာ ၃-ပါးကို ပိုမိုကြည်ညိုလေးစားလာ၏။

(၅) ပဂ္ဂဟ၊ ဝီရိယ စေတသိက်သည် အရှိန်ရခါ အားထုတ်သွားခြင်းဖြစ်၏။ သမ္မပဓာန် ကိစ္စတို့ ပြီးစေနိုင်၏။

(၆) သုခ၊ သာမာန်လူတို့ မကြုံတွေ့ရသော ရွှင်လန်းဝမ်းသာမှု, ချမ်းသာမှု, သုခဝေဒနာကို ခံစားရ၏။

(၇) ဉာဏ၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ရုပ်, နာမ်, ခန္ဓာတို့ကိုဖုံးအုပ်ထားရာ အကာအကွယ်ကို ဖေါက်ခွဲသိမြင်သော ဝိပဿနာဉာဏ်ဖြစ်၏။

(၈) သတိ၊ ရုပ်,နာမ်,ခန္ဓာတို့၌ သတိတည်၏။ သတိပဋ္ဌာန်ကိစ္စကို ပြီးစေနိုင်အောင် ရှည်မြင့်စွာ သတိရှိသော သတိစေတသိက်ပင်တည်း

(၉) ဥပေက္ခာ၊ သမ္ပယုတ် တရားတို့ကို အညီအညွတ် ဖြစ်စေတတ်သော ဝိပဿနာနှင့် တကွ ဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဆိုအပ်သော တတြမဇ္ဈတ္တတာစေတသိက် မနောဒွါရ၌ အာဝဇ္ဇန်းစိတ်နှင့် တကွ ဖြစ်သော ဥပေက္ခာ ဝေဒနာဟု ဆိုအပ်သော ဝေဒနာစေတသိက်ပင်တည်း။

(၁၀) နိကန္တိ၊ အထက်တွင် ပြခဲ့သော သြဘာသ အစရှိသော ၉-ပါးတို့၌ တပ်မက်သော အစွမ်းအားဖြင့် ဖြစ်သော နူးညံ့သိမ်မွေ့သော တဏှာပင်တည်း။

ဤသို့လျှင် ယောဂီ ပုဂ္ဂိုလ်အား ဩကာသ အစရှိသောတရားတို့သည် ထင်ရှားဖြစ်ပေါ် လာသောအခါ ငါ၌ ရှေးအခါက ဤသို့သော တရားတို့သည် မဖြစ်ဘူးခဲ့ချေ။ စင်စစ် ငါသည် မဂ်ဖိုလ် မဟုတ်သည်တို့ကို မဂ်ဖိုလ်ဟူ၍ ထိုထိုဩကာသ အစရှိသည်တို့ကို ခင်မင်သာယာလျက် ရှိနေသော် တမဂ်တဖိုလ် အစစ်သို့ မရောက်နိုင်ဘဲ ရှိတတ်လေသည်။ ဤတွင် ဗဟုသုတ နည်းပါးသူတို့အား ဤကား တမဂ်တဖိုလ်ပင်တည်းဟု ညွှန်ကြားခြင်း ခံရတတ်သည်တို့မှာ များပြားရကား ဝိပဿနာ ယောဂီသည် ဆရာကောင်း ဆရာမှန်တို့နှင့်တွေ့ကြုံရန် အလွန့်အလွန် အရေးကြီးလေသည်။

——‡——

## ဆရာတော်ကြီး ၂၀ပါး

အလုပ်တခုလုပ်ရန် မလုပ်ရန်မှာ လုပ်ပါဆိုရုံမျှနှင့်မလုပ်လိုကြ၊ မလုပ်ပါနှင့် ဆိုရုံမျှနှင့်လည်း မလုပ်ဘဲ မနေလိုကြ။ လုပ်ခြင်း မလုပ်ခြင်းတို့၏ အကြောင်းအကျိုး သို့မဟုတ် လုပ်ခြင်းကြောင်း အကျိုးရှိပုံ၊ မလုပ်သဖြင့် အကျိုးယုတ်ပုံတို့ကို သဘောပေါက်မှ သာလျှင် လုပ်ရန်ရှိသော အလုပ်ကို လုပ်ကိုင် ဆောင်ရွက်၍ ရှောင်ကြဉ်ရန်ကိစ္စ ဖြစ်ပါကလည်း ရှောင်ကြဉ်ပေလိမ့်မည်။

အခါတပါး၌ သာသနာပိုင် ဆရာတော် ဦးဥေယျအား တပည့်က ဆွမ်းပွဲပြင်ပြီးပြီဖြစ်၍ ဆွမ်းဘုန်းပေး ကြွတော်မူရန် လျှောက်သောအခါ ဆရာတော်ကြီးက ထိုင်ရာမှထရင်း အောဲ-ဒုက္ခဒုက္ခဟု ဆွမ်းစားရန် သွားရမည်ကို ဒုက္ခဟု သံဝေဂ ဖြစ်တော်

မူ၏။ ထိုအခါ တပည့်က အရှင်ဘုရား ဒီလိုဒုက္ခမျိုးတော့ တပည့်တော်တို့ ခံစားချင်ပါဘီတော့ ဘုရားလို့ လျှောက်တယ်ဟု ဆရာတော်များထံမှ တဆင့်မှတ်ရဘူး၏။

ထိုနောက်တဖန် ကြားသိရသည်မှာ နန်းမတော် မယ်နု၏ ကိုးကွယ်ခြင်း ခံရသော ဆရာတော်ဦးဗုဒ်သည် မည်သည့်အခါ မဆို ဆွမ်းအနီးဆုံး ဟင်းခွက်ကိုသာ ဘုန်းပေးတော် မူ၏။ ဟင်းတခွက်ကို ကျော်လွန်သော ဟင်းခွက်တို့ကို ဘုန်းပေးတော်မမူဟု တဆင့်ကြားသိရပြန်၏။ သို့သော်ထိုအချိန်ကထိုဆရာတော် ၂-ပါး ဆွမ်းဘုန်းပေးတော်မူရာ၌ မည်သို့ သဘောထားတော် မူကြသည်ကို လွယ်ကူစွာ သဘောမပေါက်နိုင်ကြချေ။

ထိုအတူ လူ့သောအခါ ဝိဇ္ဇဒါနဖြစ်အောင် လှူကြရမည် ဆိုသော ဟောပြောချက် များကိုလည်း သဘော မပေါက်နိုင် ကြချေ။ လှူရာ၌ လှူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို တောင့်တခါ လှူဒါန်းကြသည်သာ များပေသည်။

သို့သော် ဝိပဿနာတရားကို ကိုယ်တိုင်လိုက်စား၍ တော်တော် ဗဟုသုတ ရရှိလာသော အခါတွင် အော်- ဒီ သဘော ကိုး ဒါကြောင့်ကိုးဟု သဘောပေါက်လာပေတော့၏။

ဆရာတော်ကြီးများသည် မျက်စိ၊ နား၊ နှာ၊ ပါးစပ်၊ ကိုယ် ကာယနှင့် စိတ်ဓာတ်များမှာ ကိလေသာ တွေ တဖွားဖွား ဝင်ရောက် လာပုံတို့ကို သဘောပေါက် နေကြသဖြင့် ဆွမ်း ဘုန်းပေးရခြင်းမှာ မလွဲမရှောင်သာ၍ တရားအားထုတ် နိုင်ရန်

**အင်အား**ရှိမှု အတွက်သာ ဆွမ်းဘုန်းပေးရခြင်းကြောင့် ဆွမ်းစား ရခြင်းပင် ဒုက္ခဟု ကွက်ကွင်းစွာ ဉာဏ်မှာ စွဲမှတ်နေခြင်းကြောင့် ဖြစ်လေသည်။ ထိုအတူ နားမှ ပါးစပ်မှ မျက်စိမှ စသည့် ဒွါရ ၆-ပေါက်မှ သံသရာ ဝဋ္ဋဒုက္ခကို ကျရောက်စေမည့် တဏှာတို့ ဝင်ရောက်မည်ကို ကြောက်ရွံတော် မူကြခြင်းကြောင့်၊ ပျော်ရ ပါးရ ကြားရ မြင်ရ စားရခြင်းတို့ကို လက်ခံတော်မမူရဲကြခြင်း ဖြစ်လေသည်။ မျက်စိ၊ နား၊ နှာခေါင်း စသည့် ဒွါရ ၆-ပေါက်မှ လောဘ၊ ဒေါသ၊ မောဟတွေ ဝင်ရောက်ခါ မိမိအား ဒုက္ခပေး နေသည်ကို စာဘတ်ရင်း ပေါလာအောင် စဉ်းစားပါလေ။ အမှန်တကျစွာ ရေးရသော် ဆရာတော်ကြီး ၂-ပါးသည် ဒွါရ ၆-ပေါက်ကို စောင့်ထိန်း နေခြင်းဆိုရာ၌ ဣန္ဒြိယသံဝရ သီလကို စောင့်ထိန်း နေခြင်းပင်တည်း။ (သိကြားမင်း အကြောင်းကို ဆက်ဘတ်ပါ။)

## အဆိပ်ကို
## ပျားရည် ဖုံးထားခြင်း

လူတို့၏စိတ်သည် တနေ့လုံး အလုပ် လုပ်နေ သော်သည်း အချုပ်ဆိုသော် ကုသိုလ်စိတ်လျှင်လည်း ဖြစ်နေ၏။ သို့မဟုတ် အကုသိုလ်စိတ်လျှင်လည်း ဖြစ်၍နေ၏။ ထို့ကြောင့် ကုသိုလ်စိတ် ဖြစ်၍နေစဉ် ကုသိုလ်ဖြစ်နေ၍ အကုသိုလ်စိတ် ဖြစ်နေမှု အကုသိုလ် ဖြစ်နေ၏။ အကုသိုလ်စိတ် ဖြစ်နေသူအဘွက် အပါယ် ၄-ဘုံ အစာ ဖြစ်နေခြင်းကြောင့် အဘူးရေးသားဘွယ် မလိုပြီ။ ကုသိုလ်စိတ်

ဖြစ်နေသူအတွက်ကား ရှင်းဘွယ်ရှိ၏။ ကုသိုလ်တွင် ၂-မျိုး ၂-စား ရှိ၏။ တမျိုးမှာ လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် တို့ကို သာ ခံစားလို၍ ပြုသောကုသိုလ်ဖြစ်၍ ကျန်တမျိုးမှာ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တွင် ဖြစ်ရမည်ကိုပင် ကြောက်လွန်း၍ လူ့ ပြည် နတ်ပြည် ဗြဟ္မာပြည်မှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုသာ ရည်ရွယ်၍ ပြုလုပ်သော ကုသိုလ်ဖြစ်လေသည်။

လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်ကို အဘယ်ကြောင့် သူတော်ကောင်းတို့ ကြောက်ရွံ့ကြသနည်း ဆိုသော် ထိုစည်းစိမ် ဟု ထင်မြင်ရခြင်း များသည် အစစ်အမှန် မဟုတ်။ အဆိပ်ကို ပျားရည် တင်လဲ လိမ်းကျံထားခြင်းမျှသာ ဖြစ်၍ အပေါ်အရေ ကို လှန်၍ကြည့်သည်ရှိသော် အတွင်းတွင် အိုခြင်း, နာခြင်း, သေ ခြင်း, ပဋိသန္ဓေ နေရခြင်းတို့သာ အမြဲလှည့်လည် နေသည်ကို တွေ့မြင်ရလေသည်။

လူတို့၏ မျက်စိဖြင့် ကြည့်ခြင်းဖြင့်သာ လူတို့၏အသက် နတ် ဗြဟ္မာတို့၏ အသက်သည် ကြာသည် ရှည်သည်ဟု ထင်ကြရ၏။ တနည်း ဆိုသော် ရုပ်ရှင်ပွဲတွင် အရုပ်ကားကို **Slow Motion** (စလိုးမိုးရှင်း) ဖြေးဖြေး ရိုက်ပြသကဲ့သို့ တွေ့မြင်နေရ၏။ အမှန် ဉာဏ်မျက်စိဖြင့် ကြည့်သည်ရှိသော် ကမ္ဘာလောကကြီးတွင် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အသက်သည် ဘုံ ၃၁-တွင် တဘုံမှတဘုံ ကူးပြောင်းခါ ပဋိသန္ဓေနေလိုက်, နာလိုက်, အိုလိုက်, သေလိုက် စသည်ဖြင့်သာ အမြဲလှည့်လည် ဖြစ်နေသည်ကို မြင်ရလေသည်။

ထိုတွင်လည်း သတ္တဝါတို့၏ ကိုယ်ပိုင် အိမ် ဂေဟာသည် အပါယ် ၄-ဘုံသာ ဖြစ်ကြ၍ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ တို့မှာ

ဘခါတရံ အလည်အပတ် လာခြင်းနှင့် တူကြလေသည်။ ထိုကြောင့် ဘုရားရှင်သည် မနုဿတ္တဘာဝေါ ဒုလ္လဘောဟု ဟောတော် မူခဲ့လေပြီ။

## ကာဏကစ္ဆပ လိပ်ကန်း

လူ့အဖြစ်ရရန် အဘယ်မျှ ခဲယဉ်းပါသနည်းဟူမူ မဟာသမုဒ္ဒရာ ရေပြင်ကြီးအတွင်း လှည်းထမ်းပိုးတုံးတခုကို ပစ်ချလိုက်၏။ အပြောကျယ်သော သမုဒ္ဒရာကြီးထဲတွင်လည်း လိပ်ကန်းတကောင်သည် အနှစ်တရာတွင် တခါရေပေါ်သို့ ပေါ်၏။ သမုဒ္ဒရာအတွင်းတွင် ပစ်ချထားသော လှည်းထမ်းပိုးတုံးလည်း သွှိုင်းပုတ်ခတ်ခြင်းကြောင့် မျောချင်ရာ မျောနေရာ အနှစ်တရာတွင် တကြိမ်ပေါ်သော လိပ်ကန်းကြီးသည် ထိုမျောချင်ရာ မျောနေသော လှည်းထမ်းပိုးတုံးကို စွပ်မိကောင်း စွပ်မိဘွယ်ရာရှိ၏။ လူအဖြစ်ကား ထိုထက်ခဲယဉ်း လှ၏ဟု ဘုရားရှင်သည် ကာဏကစ္ဆပသုတ်၌ ဟောတော်မူခဲ့ပြီ။

တပါးတုံလည်း ဘုရားရှင်သည် ချစ်သားတို့ ရှုကုန်လော့၊ ငါဘုရား၏ လက်သည်းပေါ်တွင်ရှိသော မြေမှုန့်နှင့် ဤမဟာပထဝီတပြင်လုံးရှိ မြေမှုန့်မှာ အဘယ်ကများသနည်းဟု မေးမြန်းလတ်သော် အရှင်ဘုရား မနှိုင်းယှဉ်သာအောင် မဟာပထဝီမြေပြင်မှာရှိသည့် မြေမှုန့်ကများပါသည် ဘုရားဟု လျှောက်ကြကုန်၏။ ထိုအခါ ဘုရားရှင်က ချစ်သားတို့ လူ့ပြည်မှာ သေလွန်ကြကုန်သော သူတို့တွင် လူ့ပြည်, နတ်ပြည်၌ ပြန်ဖြစ်ကြရကုန်သော သူတို့မှာ ငါဘုရား၏ လက်သည်းပေါ်တွင်ရှိသော မြေမှုန့်ခန့်မျှသာ ရှိကြကုန်၍ အပါယ်လေးဘုံတွင် ဖြစ်ကြရသူတို့ကား

ဤမဟာပထဝီ မြေကြီးရှိ မြေမှုန့်များကဲ့သို့ အလွန်များပြားကုန်၏ဟု နခသိခသုတ်တွင် ဟောတော်မူ၏။ ဤသို့ လူတွေသေလျှင် အဘယ်ကြောင့် အပါယ် ၄-ပါးသို့ ကျရောက် ရပုံတို့ကို ရှေ့တွင် တွေ့မြင်ရလတ္တံ့။

အကုသိုလ် ဒုစရိုက် ပြုလုပ်ခြင်းကြောင့် အပါယ်ငရဲသို့ ကျရောက်သွားရာ ချမ်းသာခွင့် တမိနစ်, တစက္ကန့်မျှ မရ၊ ကြီးလှစွာသော ဒုက္ခဝေဒနာကိုသာလျှင် မရပ်မနား တစပ်တည်း ခံရပေတော့၏။ တဖန်လူတို့ သေလျှင်ပင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဘုံတို့၌ အဖြစ်များသည်ဆိုလျှင် တိရစ္ဆာန် တခါဖြစ်သွားခဲ့သော် ထိုတိရစ္ဆာန်တို့သည် အထက်ဘုံများသို့ ရောက်ခြင်းနှင့် အောက်ငရဲသို့ ကျရောက်ကြခြင်းတို့ကို နှိုင်းယှဉ်သော် နှိုင်းယှဉ်ဘွယ်ပင် မရှိသလောက် နည်းပါးနေသည်ကို တွေ့မြင်ရပေလိမ့်မည်။ မိမိအိမ်တွင်ရှိသော ခွေး, ကြောင်, နွား, ကျွဲတို့သည် အဘယ်ကုသိုလ်ကို ပြုကြနိုင်ရှာပါသနည်း။ ထို့ကြောင့် လူဘဝရခြင်းသည် အဘိုးမဆုံးဖြတ်နိုင်အောင် ငါတို့ ကုသိုလ်ကံကြီး၏ဟု သိရှိပြီးကာ ကုသိုလ်ကောင်းမှုကို ပြုအပ်လေပြီ။

ငရဲကြီးရှစ်ထပ် ဟူသည်ကား....

## ငရဲကြီးရှစ်ထပ်

| | | |
|---|---|---|
| ၁-သိဉ္စီးငရဲ | အနှစ် | ၅၀၀ |
| ၂-ကာလသုတ် | ။ | ၁၀၀၀ |
| ၃-သင်္ဃာတ | ။ | ၂၀၀၀ |
| ၄-ရောရုဝ | ။ | ၄၀၀၀ |

| | | |
|---|---|---|
| ၅-မဟာရောရုဝ | ။ | ၈၀၀၁ |
| ၆-တာပန | ။ | ၁၆၈၀၁ |
| ၇-မဟာတာပန | ။ | အန္တရကပ်ဝက် |
| ၈-အဝီစိ | ။ | ဝိဝဋ္ဋဋ္ဌာယီကပ်တကပ် |

## အိပ်မက်ဘာဝ

ငရဲတွင် ခံရသော နှစ်ပေါင်းများစွာကို ကြည့်ပြန်သည် ရှိသော် ကြောက်ဘွယ်လိလိ မကြည့်ဝံ့အောင်ပင် ရှိပြန်တော့၏။ သိဥ္စိုးငရဲ၏ အသက်ကို တွက်စစ်ကြည့်လျှင် လူတို့၏ နှစ်အရေ အတွက် ၉-သန်းသည် သိဥ္စိုးငရဲသို့ ကျရောက်သူသည် ထိုငရဲ သက်ဖြင့် အနှစ် ၅၀၀-မျှ တည်ရှိ၏။ ထိုကြောင့် ငရဲသို့ တခါ ကျသွားလျှင် လူ၏အနှစ်အားဖြင့် မည်မျှကြာမည်ကို စဉ်းစား သော် လူ့ပြည်သို့ လာရောက်နေထိုင် ကြရခြင်းတို့ကို ငရဲသက်နှင့် နှိုင်းစာသော် အိပ်မက် မက်သည်မျှလောက်သာ ရှိသည်ကို အထူး သတိပြုသင့် လှပေသည်။

## အများလိုသျှင်
## အနဲကို ပဋ္ဌမစွန့်

ထိုကြောင့် လူ့ပြည်တွင် အိပ်မက် မက်သလောက်ကိုပင် ဒုမ်ခံပြီးလျှင် ငရဲတွင် မခရမတွက်နိုင်သော နှစ်ပေါင်း အရေ အတွက်ဖြင့် သွားရောက်ခံကြမည်လော။ ကြောက်ဘွယ်ကြီးပါ တကား။ ထိုကြောင့် ဘုရားရှင်သည် ဓမ္မပဒ အတ္တနောပုဗ္ဗကမ္မ ဝတ္ထု၌ ကြီးကျယ်လှစွာသော ချမ်းသာကို အလိုရှိသော သူသည်

အနည်းငယ်သော ချမ်းသာကို စွန့်ရာ၏ဟု အောက်ပါဂါထာဖြင့် ဆိုးမတော်မူလေသည်။

မတ္တာသုခ ပရိစ္စာဂါ၊
ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာ သုခံ ဓီရော၊
သမ္ပဿံ ဝိပုလံ သုခံ။

မတ္တာသုခ ပရိစ္စာဂါ၊ အနည်းငယ်သော ချမ်းသာကို စွန့်ခြင်းကြောင့်။ ဝိပုလံသုခံ၊ ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို။ စေပဿေ၊ အကယ်၍ရမည်ကို မြင်သည်ဖြစ်အံ့။ ဝိပုလံသုခံ၊ ကြီးကျယ် ပြန့်ပြောသော ချမ်းသာကို။ သမ္ပဿံ-သမ္ပဿန္တော၊ မြင်သော။ ဓီရော၊ ပညာရှိသည်။ မတ္တာသုခံ၊ အနည်းငယ်သော ချမ်းသာကို။ စဇေ၊ စွန့်ရာ၏။ တနည်းဆိုသော် ကြီးစွာသော သုခချမ်းသာကို ရမည်ဖြစ်သော် အနည်းငယ်သော ဒုက္ခကို ခံရာ၏။ အထက်ပါဂါထာကို ကျက်မှတ်၍ အခါအားလျော်စွာ မိမိကိုယ်ကိုမိမိ သတိပေးသောအားဖြင့် ရွတ်ဆိုပါက များစွာ အကျိုးခံစားရလေသည်။

## သေလျှင် ဘယ်ဘုံသို့ ရောက်မည်နည်း

လူတိုင်း လူတိုင်းတို့သည် ငါယခုသေလျှင် အဘယ်ဘုံသို့ ရောက်မည်နည်းဟု စစ်ဆေးအပ်၏။ အထက်ပါကာဏကဋ္ဌပသုတ် နခသိခသုတ် စသည်တို့ကို ထောက်သော် အပါယ် ၄-ဘုံသို့သာ

ကျရောက်မည့်သူ များသည်ကိုသာ တွေ့ရှိရပေ လိမ့်မည်။ ထင်ရှားစေဦးအံ့။

## ဒုစရိုက် ၁၀-ပါး

| | | |
|---|---|---|
| ၁။ | ပါဏာတိပါတ | အသက်သတ်ခြင်း။ |
| ၂။ | အဒိန္နာဒါန | ခိုးယူခြင်း။ |
| ၃။ | ကာမေသုမိစ္ဆာ | သူ့သားမယား ပြစ်မှားခြင်း။ |
| ၄။ | မုသာဝါဒ | လိမ်ပြောခြင်း။ |
| ၅။ | ပိသုဏာဝါစာ | ကုံးချောခြင်း။ |
| ၆။ | ဖရုသဝါစာ | ကြမ်းတမ်းသောစကား။ |
| ၇။ | သမ္ဖပ္ပလာပဝါစာ | အကျိုးမရှိသောစကား။ |
| ၈။ | အဘိဇ္ဈာ | သူ့ဥစ္စာကို ကိုယ့်ဥစ္စာ ဖြစ်စေလိုခြင်း။ |
| ၉။ | ဗျာပါဒ | သူတပါးပျက်စီးစေလိုခြင်း။ |
| ၁၀။ | မိစ္ဆာဒိဋ္ဌိ | အယူလွဲခြင်း။ |

အထက်ပါ ဒုစရိုက် ၁၀-ပါးတွင် ပဌမ ၃-ပါးမှာ ကာယကံ၊ ဒုတိယ ၄-ပါးမှာ ဝစီကံ၊ အောက်ဆုံး ၃-ပါးမှာ မနောကံများ ဖြစ်ကြ၏။ လူတို့သည် နေ့စဉ်နေ့တိုင်း အိပ်ရာဝင်သောအခါ ငါသည် အထက်ပါ ဒုစရိုက် ၁၀-ပါးတွင် ငါ၏စိတ် ကျက်စားနေသည်က များပါသလော၊ သို့မဟုတ် ထိုဒုစရိုက် ၁၀-ပါးမှလွတ်၍ ကုသိုလ်စိတ်တွေ များ၍ ကုသိုလ်ဇောတွေ များပါသလော စစ်ဆေးလျှင် တနေ့တနေ့တွင် အထက်ပါ

ဒုစရိုက် ၁၀-ပါးတွင် မည်မျှ မိမိကျူးလွန် ကျက်စား နေသည်-ကို သေချာစွာ တွေ့ရှိရပေလိမ့်မည်။ ထိုမျှ နေ့စဉ် နေ့တိုင်း အကုသိုလ်စိတ်တွေ အကုသိုလ်ဇောတွေ အကျမျှား၍ အာသေဝန ပစ္စည်းရနေကြပါလျှင် တနည်းဆိုသော် အာစိဏ္ဏကံ အားလျော်စွာ နေ့ရှိသမျှအားကောင်းနေသော် သေခါနီးတွင် ထိုအာစိဏ္ဏကံသည် မကောင်းကျိုးကို ပေးတော့မည်မှာ သေချာလျက်ရှိတော့၏။ အာစိဏ္ဏကံ ထိုမျှအားကောင်း နေပါလျှင် သေခါနီးတွင် အာသန္နကံလည်း တိုးနိုင်ရန် အခါအခွင့် မသာနိုင်တော့ပေ။

## တမ္ဗဒါဠိက

ဤ၌ အနှစ် ၅၅-နှစ်တိုင်တိုင် သူ၏အသက်ကို သတ်လျက် အသက်မွေးမှုလာခဲ့သော တမ္ဗဒါဠိက အမည်ရှိသော သူသတ်ယောကျ်ားသည် သေခါနီး၌ ဒရှင်သာရိပုတ္တရာ၏ တရားတော်ကို နာရ၍ အနုလောမိကခန္တီဟု ဆိုအပ်သော ဝိပဿနာဉာဏ်ကို ဖြစ်စေပြီးလျှင်သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်နိုင်၏ဟု ဆိုဘွယ်ရှိ၏။ ထို့ကြောင့် ငါလည်းသေခါနီးတွင် အရှင်ကောင်း အရှင်မြတ်များ၏ တရားကို နာခံမှတ်သား အာရုံပြု၍ သေမည်ဟု ယူဆဘွယ်ရှိ၏။ ဝါ-ငါသည် သေခါနီးတွင် ကုသိုလ်ကောင်းမှုတို့ကို ကျနစွာပြုလုပ်ခါ သေမည်ဟုလည်း ယူဆဘွယ်ရှိ၏။

သို့သော် ယခုအခါ သေခါနီးတွင် တရားနာလိုသူ တရားနာကြားနိုင်သူ မည်မျှရှိပါသနည်းဟုလည်း စုံစမ်းဆင်ခြင် အပ်လေသည်။ မိမိသည် မည်သည့်ရောဂါနှင့် မည်သည့် အချိန်အခါတွင် မည်သည့်နေရာ၌ သေမည်ဟု အဘယ်သူ ပြောဆိုနိုင် ပါအံ့နည်း

ချတ်တရက် လေထိုး၍ စကားမေးမရဘဲ သေသူ၊ လေသင်တုံး ဖြတ်၍ မတ်တတ်မှ ပုံလျက်သွား ကျခါသေသူ၊ မီးဘေး၊ ရေဘေး ခိုးသူ၊ ဓါးပြဘေးတို့ဖြင့် သေသူ၊ ကားတိုက်၊ မီးရထားမှောက်၊ လေယာဉ်ပျံ ပျက်ကျ၍သေသူ စသည် သေခြင်းမျိုးနှင့် မိမိမတွေ့ ရဘူးဟူ၍လည်း အဘယ်သူသည် ပြောဆို နိုင်ပါ အံ့နည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌....

ဇီဝိတံ ဗျာဓိကာလောစ၊
ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေ တေ ဇီဝလောကသ္မိံ၊
အနိမိတ္တာ နနာယရေ။

ဆိုလိုရင်းကား သတ္တဝါတို့၏ သေခြင်း၌ မသိမမြင် နိုင်သည်မှာ ၅-ပါးရှိ၏။ ထို ၅-ပါးတို့မှာ- ၁-အသက် အရှည်အတို၊ ၂-မည်သည့်ရောဂါ၊ ၃-သေမည့်နေ့ရက်၊ အချိန်ကာလ၊ ၄-သေရမည့် နေရာအရပ်၊ ၅-သွားရမည့် ဂတိတို့ ဖြစ်လေသည်။ ထိုသို့ သေရမည့် ဘေးနှင့် အချိန်ကာလ နေရာဌာနတို့ကို မသိနိုင်ရကား ငါသေခါနီးတွင် တရားနှလုံးသွင်းဦးမည်။ အလှူပေးလိုက် ဦးမည် ဆိုသည်တို့မှာ အားကိုးလောက်ဘွယ် မရှိချေ။

## အာသန္နကံ

ထိုနေ့စဉ်နှင့်အမျှ ပြုလုပ်နေသော လောဘဇော၊ ဒေါသ ဇော၊ မောဟဇောများ ဖြစ်ကြသော အာစိဏ္ဏကံသာ မကသေး သေခါနီးတွင် အာသန္နကံ ဖြစ်ခွင့်ရပါလျှင် ကုသိုလ်ကောင်းမှု

ကို မြောက်မြားစွာ လုပ်ကိုင်ခဲ့သူ တို့ကိုပင် အပါယ် ၄-ဘုံသို့ ချခြင်း ခံရရှာလေသည်။

## တိဿမထေရ်

ရဟန်းတရားကို အားထုတ် နေသော တိဿမထေရ်သည် ရရှိသော သင်္ကန်းကို လွန်စွာစွဲလန်း တပ်နှစ်သက် ခဲ့ရကား ပြန် လွန်တော် မူသည်၏ အခြားမဲ့၌ ထိုသင်္ကန်း၌ပင် သန်းချေးဖြစ်၍ နေပြီးလျှင် ငါ့သင်္ကန်း ငါ့သင်္ကန်းဟု မြည်တမ်း နေသည်ကို ဘုရားရှင် တွေ့မြင်ရ၍၊ ချစ်သားတို့....တိဿမထေရ်၏ သင်္ကန်းကို ခွဲဝေခါ မယူကြလင့်ဦးဟု မိန့်တော်မူ၏။ ဤ၌ သေခါနီးစွဲလန်း သော ကံအဟုန်တည်း။

## ဧရကပတ္တ နဂါး

ကဿပဘုရားရှင် လက်ထက်၌ ရဟန်းတရားကို နှစ်ပေါင်း ၂-သောင်းတိုင်တိုင် အားထုတ်လာခဲ့၏။ အခါတပါးတွင် လှေစီး ရာ လှေမသွားမီ ကမ်းရှိ သမန်းမြက် ကလေးကို ကိုင်တွယ်ကြည့် နေစဉ် လှေသမားသည် လှော်လိုက်သော အခါ သမန်းမြက် ကလေးသည် ပြတ်ပါသွားလေ၏။ ထိုရဟန်းကြီးသည် ပြန်လွန် တော် မူခါနီးတွင် မိမိ၏ ဝိနည်းတော်ကို စစ်ဆေးသောအခါ အနီးအနားတွင် ထိုစဉ်အခါက တပါးသော ရဟန်းမျှမရှိ၍ ဒေသနာ မကြားခဲ့ရသည်ကို အနည်းငယ် ကုက္ကုစ္စဖြစ်ပြီးလျှင် စုတေလတ်သော် ထိုစွဲလန်းမှုကြောင့် ဧရကပတ္တနဂါး သွား၍ ဖြစ်ရရှာ၏။

## မလ္လိကာ

ကောသလမင်းကြီး၏ မလ္လိကာ အမည်ရှိသော မိဖုရားသည် မင်းကြီးနှင့်အတူ အသဒိသဒါန အစရှိသော များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုလျက်ရှိ၏၊ သေခါနီးတွင် တခါက အပြစ်မရှိသော ကောသလမင်းကြီးကို မတရား သက်သက် လိမ်လည်လှည့်ဖြား၍ ပြောဆိုမိခဲ့သည်ကို ပြန်လည် သတိရမှု ကြောင့် သေသည်၏ အခြားမဲ့၌ ငရဲတွင် ခံရလေသည်။

## အသောကမင်းကြီး

ရေတွင်း ၈-သောင်း ၄-ထောင်၊ရေကန် ၈-သောင်း ၄-ထောင် စသည့် အလှူကြီးများကို အမျိုးမျိုးလှူဒါန်းခဲ့ပါလျက် သေခါနီး တွင် အနည်းငယ် ဒေါသထွက်မိသဖြင့် ထိုဒေါသဇောနှင့်ပင် စုတေရှာရခါ သေသောအခါ၌ စပါးကြီးမွေ ဖြစ်ရသည်ဟုလည်း ဆိုစမှတ်ရှိ၏။

## ကြောက်စရာ့ သေခါနီး

ထိုထိုသော သက်သေသာဓကများကို ထောက်သော် နေ့စဉ် အကုသိုလ် ဒုစရိုက် ၁၀-ပါးတို့ကို အများအားဖြင့် ကျူးလွန် နေသူတို့သည် သေသောအခါ အဘယ်လျှင် ကြောက်ဘွယ်ရာ မကောင်းဘဲ ရှိပါအံ့နည်း။

အများအားဖြင့် လူတို့ သေခါနီးတွင် သားသမီးအတွက် ပူပန်၏၊ သားသမီးကို စိတ်စော၏။ လင်အတွက် မယားအတွက် စိတ်စော၏၊ ဥစ္စာစီးပွားအတွက် စိတ်စောကြ၏။ မိဘညီအစ်ကို မောင်နှမအတွက် စိတ်စော၏၊ ထိုမှတပါး သေခါနီးတွင် မှာခဲ့ ချင်၏၊ လျှာလေးလာ၏၊ စကားမပြောနိုင် လက်ခြေနှင့် ပြရန်

ကိုလည်း လက်ခြေကို သယ်၍မရ၊ မ,၍မရ၊ ထိုအခါ သေသူသည် ဘာစိတ်ဖြစ်ပေါ်လာမည်နည်း။ အကုသိုလ် စိတ်သာ ဖြစ်ဘွယ်ရှိတော့၏။

## ဘာဝနာ ၂-ပါးသာလျှင် အားကိုးဘွယ်

သေခါနီး စိတ်ကိုပြောင်းနိုင်ရန် သေခါနီးမှ ကျင့်၍မရ၊ အချိန်လည်းမရှိတော့။ ထိုစိတ်မျိုး ပေါ်လာလျှင် အခြားကုသိုလ်စိတ်သို့ ပြောင်းလဲနိုင်ရန် ယခု ကျန်းမာစဉ် အခါက သမထလုပ်ငန်း ဝိပဿနာများကို ကျင့်ထားပါမှ သေခါနီးအချိန်တွင် မိမိစိတ်ကို မိမိနိုင်၍ အကုသိုလ်စိတ် လောဘစိတ် ဒေါသစိတ် မောဟစိတ်မှ ကုသိုလ်စိတ်သို့ ပြောင်းရွှေ့ယူငင်ထားရှိနေလေသည်၊ သမထဘာဝနာ, ဝိပဿနာ ဘာဝနာကို အာသေဝန ပစ္စည်းရအောင် ကြိမ်ဖန်များစွာ ထုံထားသူ လေ့ကျင့်ထားသူသည် ယခုချက်ချင်းပင်လျှင် မိမိစိတ်ကို လိုရာအာရုံသို့ ရွှေ့ယူနိုင်လေသည်။ ထိုကဲ့သို့ မိမိစိတ်ကို နိုင်နင်းနေသူဖြစ်ထားပါမှ သေခါနီးတွင် အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ လွယ်ကူစွာ ရွှေ့ပြောင်းထားနိုင်ပေမည်။ ထို့ကြောင့် သေခါနီးတွင် အလွန် အရေးကြီးရကား လားရာဂတိ ကောင်းစိမ့်သောငှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ များကို ယခုကစ၍ လေ့ကျင့်ထားရပေမည်။

သမထဘာဝနာဖြစ်စေ၊ ဝိပဿနာ ဘာဝနာဖြစ်စေ လေ့ကျင့်နိုင်နင်းထားသူသည် သေခါနီး၌သာ အသုံးဝင်သည် မဟုတ် ယခု သောလောဆယ်သည်း အကုသိုလ် စိတ်ကူးနေစဉ် သတိ

ရလျှင် ချက်ခြင်း ကုသိုလ်စိတ်ကို ပြောင်းနိုင်သဖြင့် မသေမီလည်း များစွာ အကျိုးရှိလေသည်။

အထက်ပါ အကြောင်းခြင်းရာတို့ကို ထောက်သောသူတို့သည် သေခါနီးတွင် စိတ်ထား မထားတတ်နိုင်ရကား သေသည်၏ အခြားမဲ့၌ သစ်ပင်မှ သစ်ရွက်ယယ်သည် လေတိုက်သောအခါ လေတွင် ပါရှိသွားပြီးလျှင် ကျချင်သည့်နေရာ လေထားရာ၌ ကျရဘိသကဲ့သို့ မဖြစ်စေရန် မိမိလားရာဂတိကို ကောင်းစွာ အလို ရှိသောသူသည် သမထဘာဝနာ ဝိပဿနာ ဘာဝနာမှတပါး အခြားကိုးကွယ်ရာ မရှိတော့ချေ။

## ဒုလ္လဘတရား ၅-ပါး

(အင်္ဂုတ္တိုရ် ပါဠိတော် ပဉ္စကနိပါတ် တိကဏ္ဍကီဝဂ် တတိယသုတ်တွင်)

လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်ကန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်မှုကို ရခဲ၏။

လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောပြောတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည် ရှိသော် သိတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

လောက၌ မြတ်စွာဘုရား ဟောကြားတော် မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိသည်အတိုင်း တရားနှင့်အညီ ကျင့်သော ပုဂ္ဂိုလ်ကို ရခဲ၏။

လောကဥ္စ သူပြုဘူးသော ကျေးဇူးကိုသိ၍ သူပြုဘူးသော ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသော ပုဂ္ဂိုလ်ကို ရခဲ၏။

ထိုကြောင့်....

တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊
တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ
ဒေသေတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊
တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ
ဝိညာတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊
တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ
ဝိညာတာ ဓမ္မာနုဓမ္မပ္ပဋိပန္နော ပုဂ္ဂလော ဒုလ္လဘော
လောကသ္မိံ၊
ကတညူ ကတဝေဒီ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ။

ဟူ၍ ဘုရားရှင် ဟောတော်မူခဲ့ပြီ။

---

## ကိလေသာခေါင်းပါးမှု

(အရှင်စုန္ဒမထေရ် မူလပဏ္ဏာသ သလ္လေခသုတ်)

အခါတပါး၌ မဟာစုန္ဒမထေရ်မြတ်သည် ဖလသမာပတ်မှ ထတော်မူ၍ အဓိမာနိက ပုဂ္ဂိုလ်တို့၏ အဓိမာန (တရားထူးကို မရရှိဘဲ ရရှိပြီးပြီဟု အထင်မှား နေခြင်း) ကို ပယ်ရှားခြင်း အလို့ငှာ ဘုရားရှင်ထံသို့ ချဉ်းကပ်၍ အရှင်ဘုရား တမင်္ဂ ဘဖိုလ် မရောက်ရှိသေးဘဲလျက် အတ္တစွဲ လောကစွဲ စသော များပြားစွာသော အယူအစွဲတို့ ရှိကြရာ နှလုံးသွင်းသော သူအား နာမရူပပရိစ္ဆေဒဉာဏ်မှ ဥဒယဗ္ဗယဉာဏ် တိုင်အောင်

နှလုံးသွင်းစဉ်ပင် ထိုအယူအစွဲတို့ကို ပယ်ရှားနိုင်ပါ သလား ဘုရားဟု လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က ငါဥစ္စာ, ငါ, ငါ့ကိုယ်ဆိုကာ ခန္ဓာငါးပါးကို တဏှာ, မာန, ဒိဋ္ဌိ စွဲလန်း ကပ်ငြိနေသော အယူဝါဒကို....

နေတံ မမ
နေသော ဟမသ္မိ
န မေ သော အတ္တာ

ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ် မဟုတ်ဟု ဝိပဿနာဉာဏ် အဆက်ဆက် တက်ခါတက်ခါ သောတာပတ္တိမဂ်သို့ ရောက်ရှိပါမှ ထိုအစွဲ အယူတို့ကို ပယ်စွန့်နိုင်လေသည်။ သာသနာပ ဗာဟိရက ရသေ့တို့ရရှိသော ရူပဈာန် ၄-ပါးကို ရရှိငြားသော်လည်း ကိလေသာတို့ကို ပါးရှား ကုန်ခန်းအောင် ခြစ်၍ ပစ်တတ်သော သလ္လေခ တရားမဟုတ်ဟု ဘုရားရှင်မိန့်တော်မူ၏။

ထိုမှတဖန် ဆက်လက်၍ တမဂ်ဘဖိုလ် ရရှိရေး အတွက် ကိလေသာတို့ကို သလ္လေခေါ၊ ပါးအောင် ကုန်အောင် ခြစ်ပစ် ဖြတ်တောက်ပစ်ခြင်းကို။ ကရဏီယော ကာတဗ္ဗော၊ ပြုကျင့် အပ်ဟု ဟောတော်မူ၏။ ခေါင်းပါးအောင် ပြုလုပ်အပ်သည့် ၄၄-တို့မှာ....

၁။ ဝိဟိံသကာ၊ ညှဉ်းပမ်းနှိပ်စက်ခြင်း။
၂။ ပါဏာတိပါတာ၊ သူ့အသက်သတ်ခြင်း။
၃။ အဒိန္နာဒါနာ၊ သူ့ဥစ္စာခိုးခြင်း။
၄။ အဗြဟ္မစရိယ၊ မေထုန်မှီဝဲခြင်း။
၅။ မုသာဝါဒ၊ လိမ်လည်ပြောဆိုခြင်း။

၆။ ပိသုနဝါစာ၊ ဂုံးချောခြင်း။

၇။ ဖရုသဝါစာ၊ ဆဲဆိုမြည်ရွတ်ခြင်း။

၈။ သမ္ဖပ္ပလာပ၊ သိမ်ဖျင်းသောစကားကို ဆိုခြင်း

၉။ အဘိဇ္ဈာ၊ သူ့ပစ္စည်းကို လိုချင်ခြင်း။

၁၀။ ဗျာပါဒ၊ သူတပါးကို ပျက်စီးစေလိုခြင်း။

၁၁။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူရှိခြင်း။

၁၂။ မိစ္ဆာသင်္ကပ္ပ၊ မှားသောအကြံအစည်ရှိခြင်း။

၁၃။ မိစ္ဆာဝါစာ၊ မှားသောစကားရှိခြင်း။

၁၄။ မိစ္ဆာကမ္မန္တ၊ မှားသော အလုပ်ရှိခြင်း။

၁၅။ မိစ္ဆာအာဇီဝ၊ မှားသော အသက်မွေးခြင်း။

၁၆။ မိစ္ဆာဝါယမ၊ အမှား၌ အားထုတ်ခြင်း။

၁၇။ မိစ္ဆာသတိ၊ အမှား၌ သတိရှိခြင်း။

၁၈။ မိစ္ဆာသမာဓိ၊ အမှား၌ တည်ကြည်ခြင်း။

၁၉။ မိစ္ဆာဉာဏ်၊ မှားသောအသိဉာဏ်။

၂၀။ မိစ္ဆာဝိမုတ္တိ၊ မလွတ်ဘဲလွတ်ပြီဟု ထင်မှတ်ခြင်း။

၂၁။ ထိနမိဒ္ဓ၊ ကုသိုလ်ရေး၌ လေးလံ ထိုင်းမှိုင်းခြင်း။

၂၂။ ဥဒ္ဓတာ၊ တုန်လှုပ်ပြန့်လွင့်ခြင်း။

၂၃။ ဝိစိကိစ္ဆာ၊ ယုံမှားခြင်း။

၂၄။ ကောဓနာ၊ အမျက်ကြီးခြင်း။

၂၅။ ဥပနာဟီ၊ ရန်ငြိုးဖွဲ့ခြင်း။

၂၆။ မက္ခီ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း။

၂၇။ ပဠာသီ၊ ပြိုင်ဘက်ပြုခြင်း။

၂၈။ ဣဿုကီ၊ ငြူစူစောင်းမြောင်းခြင်း။

၂၉။ မစ္ဆရီ၊ စည်းစိမ်၌ သဝန်တိုခြင်း။

၃၀။ သဌ္ဌာ၊ ဂုဏ်မရှိဘဲ ကြွားဝါခြင်း။
၃၁။ မာယာဝိ၊ အပြစ်ကိုဖုံးဖိသွားခြင်း။
၃၂။ ထဒ္ဓါ၊ ကြမ်းတမ်းခက်ထန်ခြင်း။
၃၃။ အတိမာနီ၊ အလွန်ထောင်လွှားခြင်း။
၃၄။ ဒုဗ္ဗစာ၊ အပြောရခက်ခြင်း။
၃၅။ ပါပမိတ္တာ၊ ယုတ်မာသောမိတ်ဆွေရှိခြင်း။
၃၆။ ပမတ္တာ၊ မေ့လျော့ပေါ့ဆခြင်း။
၃၇။ အသဒ္ဓါ၊ ရတနာ သုံးပါးတွင် သဒ္ဓါ တရားကင်းခြင်း။
၃၈။ အဟိရိကာ၊ အရှက်နည်းခြင်း။
၃၉။ အနောတပ္ပ၊ အကုသိုလ်ကို မကြောက်ခြင်း။
၄၀။ အပ္ပဿုတ၊ အကြားအမြင် နည်းခြင်း။
၄၁။ ကုသီတာ၊ ပျင်းရိခြင်း။
၄၂။ မုဋ္ဌဿတိ၊ သတိလွတ်ခြင်း။
၄၃။ ဒုပ္ပညာ၊ ဝိပဿနာ ပညာကင်းခြင်း။
၄၄။ သန္ဒိဋ္ဌိပရာမာသီ၊ အယူသည်းခြင်း။

သလ္လေခသုတ္တံ ပြုတ်ပြီးလျှင် သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် အထက်ပါ ကိလေသာတို့ကို တနေ့တခြား ခေါင်းပါးအောင် ပြုလုပ်ပေးရပေမည်။ ထိုသို့ ပြုလုပ်ပေးသည်ကို မဆိုထားဘိ အော် – ဤသည် ဤသည် တို့ကို ခေါင်းပါးအောင် လုပ်ရလျှင် ကောင်းလေစွဟု စိတ်၌ အကြံ ပေါ်ပေါက်လာလျှင်ပင် များစွာသော ကုသိုလ်ဖြစ်လေသည်။ ထို့ကြောင့်

ဘုရားရှင်သည် ထိုမူလပဏ္ဏာသ သလ္လေခ သုတ်၌ပင်လျှင် အရှင်စုန္ဒမထေရ်အား ဆက်လက်ဟောသည်မှာ....

စိတ္တုပ္ပါဒံပိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသု
ဗဟူပကာရံ ဝဒါမိ။

စုန္ဒ၊ ချစ်သားစုန္ဒ။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ စိတ္တုပ္ပါဒံပိ၊ ပြုရသော် ကောင်း၏ဟု စိတ်ဖြစ်ပေါ်လာခြင်းကိုသော်လည်း။ ဗဟူပကာရံ၊ များသော ကျေးဇူးရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ကောပနဝါဒေါ ကာယေန ဝါစာယ
အနုဝိဓိယမာနာသု တဿာတိဟ
စုန္ဒ ပရေဝိဟိံသကာ ဘဝိဿန္တိ။
မယမေတ္ထ အဝိဟိံသကာ
ဘဝိဿာမာတိ စိတ္တံ ဥပ္ပာဒေတဗ္ဗံ။

ကာယေန၊ ကိုယ်ဖြင့်။ ဝါစာယ၊ နှုတ်ဖြင့်။ အနုဝိဓိယမာနာသု၊ စိတ်ကြံတိုင်းအစဉ်လိုက်ခါ ပြုကျင့်ကုန်ပါ လျှင်ကား။ ကောပနဝါဒေါ၊ အဘယ်မှာ ဆိုဘွယ်ရာ ရှိအံ့နည်း။ ဗဟူပကာရာဝ၊ ကျေးဇူး များကုန်တော့သည် သာလျှင်တည်း။ စုန္ဒ၊ ချစ်သားစုန္ဒ။ တဿာတိဟ၊ ထိုကြောင့်သာလျှင်။ ပရေ၊ တပါးကုန်သော သူမိုက်တို့သည်။ ဝိဟိံသကာ၊ ညှဉ်းဆဲပုတ်ခတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်ဘိ၏။ မယံ၊ ငါတို့သည်။ ဧတ္ထ၊ ဤဝိဟိံသာဝတ္ထု၌။ အဝိဟိံသကာ၊ မညှဉ်းဆဲ မပုတ်ခတ်

ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်အကြံကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်သင့်၏ ဖြစ်ထိုက်၏ ဖြစ်စေအပ်၏။ ဤသို့လျှင် အကုသိုလ် ကိလေသာတို့ကို (တနုကရ) ပါးရှားခေါင်းပါးအောင် ပြုလုပ်ပေးရာ၏။

---

## အနုသယပြုတ်ရန်

ဝိပဿနာယောဂီ၏ ပဓါနလုပ်ငန်းကြီးမှာ အနုသယတို့ကို ဘစတစပြုတ်အောင် ဖြုတ်ရန်ဖြစ်၏။ အနုသယမှာ ၁-ကာမရာဂါနုသယ။ ၂-ပဋိဃာနုသယ။ ၃-မာနာနုသယ။ ၄-ဒိဋ္ဌာနုသယ။ ၅-ဝိစိကိစ္ဆာနုသယ။ ၆-ဘဝရာဂါနုသယ။ ၇-အဝိဇ္ဇာနုသယ ဟူ၍ ၇-ပါးရှိ၏။ ထိုတွင် သောတာပန် ပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုဖြုတ်၏။ အနုသယတို့ ဖြစ်ပေါ်ကိန်းအောင်းပုံ ဘုံမှာ....

စက္ခုဉ္စ ဘိက္ခဝေ ပဋိစ္စရူပေစ
ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံ
သံဂတိ ဖဿော ဖဿ ပစ္စယာ
ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ
အဒုက္ခမသုခံဝါ သော သုခါယ
ဝေဒနာယ ဖုဋ္ဌောသမာနော
အဘိနန္ဒတိ၊ အဘိဝဒတိ၊
အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ
ရာဂါနုသယော အနုသေတိ။

(ဥပရိပဏ္ဏာသ သဠာယတနဝဂ် ဆဆက္ကသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုဉ္စ၊ စက္ခုဝတ္ထုကိုင်း။ ရူပေစ၊ ရူပါရုံတို့ကိုင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုဝတ္ထုရူပါရုံ စက္ခုဝိညာဏ် ဟူသော ဓာတ် ၃-ပါးတို့၏။ သံဂတိ၊ ပေါင်းဆုံ စည်းဝေး လုံးထွေးထိခိုက်မှုသည်။ ဖဿော၊ ဖဿဓာတ်ဖြစ်၏။ ဖဿ ပစ္စယာ၊ ဖဿဓာတ်ပေါ်ခြင်းကြောင့်။ သုခံ၊ ချမ်းသာသော။ ဝေဒယိတံ ဝါ၊ ခံစားမှုသည်ငင်း။ ဒုက္ခံ၊ ဆင်းရဲသော။ ဝေဒယိ တံ ဝါ၊ ခံစားမှုသည်ငင်း။ အဒုက္ခမသုခံ၊ ချမ်းသာဆင်းရဲမှု အလွတ်ဖြစ်သော။ ဝေဒယိတံဝါ၊ ခံစားမှုသည်ငင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ သုခါယ-ဝေဒနာယ၊ ချမ်းသာသော ခံစားမှုနှင့်။ ဖုဋ္ဌော၊ တွေ့ကြုံသည်။ သမာနော၊ ဖြစ်ခဲ့သော်။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ အဘိဝဒတိ၊ ကောင်းလေစွ-ကောင်းလေစွဟု နှုတ်စရှန်းရှန်း ချီးမွမ်းမြွက်ဆို ၏။ အဇ္ဈောသာယ၊ အတွင်းသိတ်လို အဆုံးမျို၍။ တိဋ္ဌတိ တည်၏။ ,တဿ၊ ထိုပုဂ္ဂိုလ်အား။ တသ္မိံ၊ ထိုသုခဝေဒနာနှင့် ထိုအာရုံ ထိုဝတ္ထု၌။ ရာဂါနုသယော၊ စွန်းငြိကပ်တွယ်မှုဟူသော တဏှာရာဂ အနုသယတရားသည်။ အနုသေတိ၊ ကိန်းဝပ် တည်နေ၏။

ဤ၌ ဝိပဿနာယောဂီပုဂ္ဂိုလ်သည် အဘယ်ကဲ့သို့ အကြောင်း အကျိုးကို ဆင်ခြင်အပ်ပါသနည်း ဆိုသော် အော်-င ါသည် နိဗ္ဗာန်မဂ်ဖိုလ် အလို့ငှာ အားထုတ် နေပါသော်လည်း (ဝါ) အနုသယ ပြုတ်အောင် ကျိုးစားနေပါလျက် အနုသယကား မပြုတ်။ စက္ခု, သောတ, စသော ဒွါရ ၆-ပေါက်မှ အကောင်း ကလေး တွေ့လိုက်ရင် အနုသယပြုတ်ဘို့ ဝေးခဲ့ပြီတကား။

ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော
သမာနော သောစတိ ကိလမတိ
ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ
သမ္မောဟံ အာပဇ္ဇတိ၊ တဿ
ပဋိဃာနုသယော အနုသေတိ။

သော၊ ထိုပုဂ္ဂိုလ်သည်။ ဒုက္ခာယဝေဒနာယ၊ ဆင်းရဲသော ခံစားမှုနှင့်။ ဖုဋ္ဌော၊ တွေ့ကြုံသည်။ သမာနော၊ ဖြစ်ခဲ့သော်။ သောစတိ၊ စိတ်ပူ၏။ကိလမတိ၊ ကိုယ်စိတ်ပင်ပန်း၏။ ပရိဒေဝတိ၊ ညည်းညူဆဲဆို ငိုကြွေးမည်တမ်း၏။ ဥရတ္တာဠိံ၊ ရင်ကိုထုနှက်၍။ ကန္ဒတိ၊ အော်ဟစ်၏။ သမ္မောဟံ၊ သေငယ်မေ့မော နှမြောတွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်လေ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား၊ တသ္မိံ၊ ထိုဒုက္ခဝေဒနာနှင့် ထိုအာရုံ ထိုဝတ္ထု၌။ ပဋိဃာနုသယော၊ မသာမယာ နှစ်နာထိပါးမှုဟူသော ဒေါသ ပဋိဃာနုသယတရားသည်။ အနုသေတိ၊ ကိန်းဝပ်တည်နေ၏။

ဤ၌ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် အဘယ်သို့ အကြောင်း အကျိုးကို ဆင်ခြင်အပ်ပါသနည်း ဆိုသော် ဒုက္ခအပေါင်းတို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိ ရေးအာ့ အနုသယ ကိလေသာ ၇-ပါးပြုတ်ရန် အကြောင်းရင်း ဖြစ်၏။ ယခုမှာကား ငါ၌ ဒွါရ ၆-ပေါက်မှ မမြင်ချင်သော အာရုံကို မြင်ရ၍ ဒေါသဖြစ်ရ၏။ မကြားချင်သော အာရုံကို ကြားရ၍ ဒေါသဖြစ်ရ၏။ မကြိုက်သော အနံ့အာရုံကို ခံရ၍ ဒေါသဖြစ်ရ၏။ မကြိုက်သော အစာကိုစားရ၍ ဒေါသဖြစ်ရ၏။ မတွေ့ထိချင်သော အာရုံကိုတွေ့ထိရ၍ ဒေါသဖြစ်ရ၏။ဤသို့လျှင်

တနေ့လုံး ဝိပဿနာ လုပ်ငန်းကို လွှတ်လိုက်လျှင် လွှတ်လိုက်သည်နှင့် တပြိုင်နက် အကြိုက်ကလေး တွေ့သဖြင့်လည်း အနုသယပြုတ်ဘို့ ဝေးခဲ့ရ၏။ မကြိုက်ထာ တွေ့ပြန်လျှင်လည်း ဒေါသစိတ် ဖြစ်ပေါ်လာမှုကြောင့် အနုသယပြုတ်ဘို့ ဝေးခဲ့ပြန်၏။ အင်း–အနုသယ မပြုတ်နိုင်ရခြင်း အကြောင်းရင်းကား ဒွါရ ၆–ပေါက်ပင်တည်းဟု ဤသို့ ထပ်ခါထပ်ခါ အကြောင်းအကျိုးကို ဆင်ခြင်လတ်သော် ဒွါရ ၆–ပေါက်ကို ပိတ်လိုသော ဆန္ဒ အားကြီးလာပေလိမ့်မည်။

အဒုက္ခ မသုခါယ ဝေဒနာယ
ဖုဋ္ဌော သမာနော တဿာ
ဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ
ယထာဘူတံ နပ္ပဇာနာတိ။
တဿ အဝိဇ္ဇာနုသယော အနုသေတိ။

**သော၊** ထိုပုဂ္ဂိုလ်သည်။ **အဒုက္ခမသုခါယ၊** ချမ်းသာဆင်းရဲ မထင်ရှားသော။ ဝေဒနာယ၊ ခံစားမှုနှင့်၊ ဖုဋ္ဌော၊ အမြဲမပြတ် တွေ့ကြုံလတ်သည်၊ သမာနော၊ ဖြစ်ခဲ့သော်။ တဿာ ဝေဒနာယ၊ ထိုခံစားမှု၏။ သမုဒယဉ္စ၊ တဖွားဖွား ဖြစ်ပေါ် မှုကိုရင်း။ အတ္ထင်္ဂမဉ္စ၊ တဖြုတ်ဖြုတ် ချုပ်ကွယ်မှုကိုရင်း။ အဿာဒဉ္စ၊ သာယာဘွယ်မှု အညစ်အစုကိုရင်း။ အာဒီနဝဉ္စ၊ ကြောက်လန့်ဘွယ်မှု အဖြစ်စုကိုရင်း။ နိဿရဏဉ္စ၊ ထိုဝေဒနာ ထိုခန္ဓာမှ ဝေးကွာရှင်းရှင်း ကျွတ်လွတ်ခြင်းကိုရင်း။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ နပ္ပဇာနာတိ၊ မသိတတ်။ တဿ၊ ထိုပုဂ္ဂိုလ်အား။

တသ္မိံ၊ ထိုဥပေက္ခာ ဝေဒနာနှင့် ထိုအာရုံ ထို၀တ္ထု၌။ အဝိဇ္ဇာနုသယော၊ နုဂ္ဂိပကတိ မသိရင်းတိုင်း ထိုင်းမှိုင်းတွေဝေမှု ဟူသော အဝိဇ္ဇာမောဟ အနုသယတရားသည်။ အနုသေတိ၊ ကိန်းဝပ် တည်နေ၏။

ဤ၌ တဖန် ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည် အကြောင်း အကျိုး ဆင်ခြင်ရန်မှာ အင်း- သုခဝေဒနာ ခံစားရင်လဲ ရာဂါနုသယော၊ တဏှာ ရာဂ အနုသယ တရားသည်။ အနုသေတိ၊ ကိန်းဝပ် တည်နေ၏ တဲ့။ သုခဝေဒနာ မဟုတ်လို့ မကြိုက်မနှစ်သက်ပါဘူး ဆိုပြန်ရင်လဲ ပဋိဃာနုသယော၊ ဒေါသပဋိဃာနုသယ တရားသည်။ အနုသေတိ၊ ကိန်းဝပ် တည်နေပြန်၏တဲ့။ တဖန် သုခလဲမခံ ဒုက္ခလဲမခံ အမှုမဲ့ အမှတ်မဲ့ နေလိုက်ပြန်ရင်လဲ ထိုင်းမှိုင်း တွေဝေမှုဟူသော အဝိဇ္ဇာမောဟ အနုသယ တရားသည်။ အနုသေတိ၊ ကိန်းဝပ် တည်နေ၏တဲ့။ ကဲ-ဒီတော့ သုခခံနေရင်လဲ အနုသယတဲ့။ ဒုက္ခ ဒေါသ ထပြန်ရင်လဲ အနုသယတဲ့။ ဟယ်.... မတတ်နိုင်ပါဘူး သုခလဲ မခံပါဘူး ဒုက္ခလဲ မခံပါဘူးဆိုပြီး ဇလေ့လူ နေပြန်ရင်လဲ အဝိဇ္ဇာနုသယတဲ့။ အင်း....တယ်ကြောက် စရာကောင်းတဲ့ လောကကြီး ပါကလား။ ခန္ဓာ ၅-ပါးကို ဝိပဿနာ ရှုနေခြင်းမှလွဲ၍ စိတ်ကိုအလွတ်ထား၍ မဖြစ်တော့ ပါကလား။ အော်-ဒါကြောင့်ကိုး။ ဘုရားရှင်သည် မဟာသတိ ပဋ္ဌာန်ပါဠိတော်၌....

ကာယေ ကာယာနုပဿီ ဝိဟရတိ။
အာတာပီ သမ္ပဇာနော သတိမာ၊
ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဟု ဟောကြား ဆုံးမတော်မူခဲ့တာကိုး။ မိမိစိတ်ကို အလွတ် အမှတ်တမဲ့ ထားမယ်ဆိုရင် အဘိဇ္ဈာ ဒေါမနဿဆိုတဲ့ လောဘနှင့် ဒေါသတရား ၂-ပါးဟာ ချက်ခြင်းဝင်လာမှာဘဲ ဒီတော့ လောဘ ဒေါသဆိုတဲ့ တရားနှစ်ပါး ဝင်မလာနိုင်အောင် ခန္ဓာ ၅-ပါးကို ဝိပဿနာဉာဏ် ဖြစ်နေအောင် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး ၃-ပါးကို ဆင်ခြင် နေရမယ်ဆိုတာ ပါကလား။ ဤသို့ လောဘ, ဒေါသ မဖြစ်အောင် အနိစ္စ, ဒုက္ခ, အနတ္တနှင့် တကွ အဖြစ်အပျက်တွေပါကလားဟု ဆင်ခြင်နေမှုကြောင့် အဝိဇ္ဇာ မဟုတ်တော့သဖြင့် မောဟလဲ မဖြစ်နိုင်တော့ပါကလား။ အင်း- သတိပဋ္ဌာန် တရားတော်ကြီးကို ဆင်ခြင်နေမယ်ဆိုရင် လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်တရားတွေ မဝင်နိုင်တော့ပါကလား။ စသည်ဖြင့် အကြောင်းအကျိုးကို ဆင်ခြင်ရာ၏။ ပိုမို ရှင်းလင်း လေးနက်လာစေရန် လာလတံ့သော ဗာဟိယဒါရုစိ အခဏ်းနှင့် သိကြားမင်း အခဏ်းကို ဆက်လက် ဘတ်ရှုပါလေ။

—‡—

## အချိန်မလင့်
## အဝိဇ္ဇာ တိုးတက်နေခြင်း

ယခုအခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟု အခေါ်ခံပင် ခံကြငြားသော်လည်း ဘုရားရှင်၏ အလိုတော်ကျ ဖြစ်သော ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး စသည်တို့ကို စာအားဖြင့် စာသိပင် သိရှိသူကား အလွန်အလွန် ပါးရှားလျက် ရှိနေပေရာ၊ အသေးစိတ် သိရန်ဆိုသော်

ပါးသည်ထက် ပါး၍ ရှားလျက်ရှိချေ၏။ ဗုဒ္ဓဘာသာ မှန်လျှင် ဒါန သီလကို ပြုကျင့်ရမည်ဖြစ်၏။ ဤသို့ သာမန်ကို ဆိုခြင်းမျှသာ ဖြစ်၏။ ဝိပဿနာ ယောဂီပုဂ္ဂိုလ် အတွက်ကား ထိုမျှနှင့် ကိစ္စ မပြီး ခရီးမရောက်သေး၊ စက္ခု့ သောတစသော ဒွါရ ၆-ပေါက် ကို စောင့်ထိန်းရန် အထူးအရေးကြီး လှပေ၏။ ဤ ၆-ဒွါရကို မစောင့်ထိန်းနိုင်လျှင် အောက်ပါအတိုင်း ဒုက္ခတောတွင် နစ်မြော ခံရကာ နေရပေမည်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော
ဖဿပစ္စယာ ဝေဒနာ
ဝေဒနာပစ္စယာ တဏှာ
တဏှာပစ္စယာ ဥပါဒါနံ
ဥပါဒါနပစ္စယာ ဘဝေါ
ဘဝပစ္စယာ ဇာတိ ဇာတိပစ္စယာ
ဇရာမရဏ သောကပရိဒေဝ
ဒုက္ခ ဒေါမနဿု ပါယာသာ
သမ္ဘဝန္တိ (ဧဝ မေ တဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ)။

(နိဒါနသံယုတ်-ဂဟာပတိဝဂ်)

စက္ခုဉ္စ၊ စက္ခုပသာဒ ဓာတ်ကိုရင်း။ ရူပေစ၊ အဆင်း ရူပ ဓာတ်ကိုရင်း။ ပဋိစ္စ၊ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ

ဓာတ် (စက္ခုဝိညာဏ်စိတ်)သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ (ဆိုလိုရင်းမှာ မျက်စိနှင့်ရူပါရုံ တွေ့ဆုံမိလျှင် စက္ခုဝိညာဏ် စိတ်ကလေးဖြစ်ပေါ်လာ၏။) တိဏ္ဏံ၊ စက္ခုဓာတ် ရူပဓာတ် ဝိညာဏဓာတ်ရင်း ဓာတ် ၃-ပါး။ သင်္ဂတိ၊ တွေ့ဆုံစည်းလုံး ထိခိုက်မှုသည်။ ဖဿော၊ ဖဿတရားမည်၏။ ဖဿပစ္စယာ၊ ဖဿတရား ဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ သိရှိခံစားမှုဆိုသော ဝေဒနာတရားသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာ ဖြစ်ပေါ်မှုကြောင့်။ တဏှာ၊ တဏှာတရားသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၏။ တဏှာပစ္စယာ၊ တဏှာဖြစ်ပေါ်မှုကြောင့်။ ဥပဒါနံ၊ အပြင်းအထန် စွဲလန်းသော ဥပါဒါန်တရားသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၏။ ဥပဒါနပစ္စယာ၊ ဥပါဒါန်တရား ဖြစ်ပေါ်မှုကြောင့်။ ဘဝေါ ဘဝသစ်သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၏။ ဘဝပစ္စယာ၊ ဘဝဖြစ်ပေါ်မှုကြောင့်။ ဇာတိ၊ သင်္ခါရ တရားတို့၏ မပြတ်ဖြစ်ခြင်းဟုဆိုအပ်သော ဇာတိတရားသည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်၏။ ဇာတိပစ္စယာ၊ ဇာတိဖြစ်ပေါ်မှုကြောင့်။ ဇရာမရဏံ၊ အိုမင်းရင့်ရော်ခြင်း၊ ချုပ်ဆုံး ပျက်စီးခြင်း။ သောက၊ စိုးရိမ်ပူပန်ရခြင်း။ ပရိဒေဝ၊ ငိုကြွေး မြည်တမ်းရခြင်း။ ဒုက္ခ၊ ဆင်းရဲရခြင်း။ ဒေါမနဿ၊ နှလုံးမသာမယာဖြစ်ရခြင်း။ ဥပါယာသာ၊ ရှိုက်ကြီးတငင် ပင်ပန်းရခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ သုခမဘက် သက်သက် ဒုက္ခကြီးသာဖြစ်၍နေသော။ ဧတဿ၊ ထိုဝဋ်တရား၏။ သမုဒယော၊ ပွားစီးဖြစ်ထွန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

လိုရင်းကို သဘောပေါက်အောင် ရေးရသော် မျက်စိနှင့်အဆင်း ရုပ်သဏ္ဍာန် တွေ့ကြလျှင် စက္ခုဝိညဉ် စိတ်ဓာတ်ကလေး

ဖြစ်ပေါ်လာတော့၏။ တဖန် မျက်စိ, ရူပါရုံ, စက္ခုဝိညာဉ်စိတ် ရင်း ၃-ပါး ပေါင်းဆုံမိကြလျှင် လောဘဇောတဏှာ ဖြစ်ပေါ် လာ၏။ တဏှာအကြောင်းပြုပြီး ပရိဒေဝနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ ပူပန် ငိုကြွေး သေကြေပျက်စီးရခြင်းတို့ ဖြစ်ကြရကုန် ၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ မျက်စိကို အလိုလိုက် ထားခြင်း ကြောင့် ရှောင်တိမ်းခြင်းငှာ မတတ်နိုင်သော အိုခြင်း, နာခြင်း, သေခြင်း, ပရိဒေဝနေရခြင်း ဘေးအမျိုးမျိုးနှင့် ဘဝတိုင်း ဘပတိုင်းတွင် တွေ့ကြုံခံစား နေရခြင်းဖြစ်၏။ ဤသို့လျှင် ကျန် သောတ, ဃာန စသည်တို့ကိုလည်း သိအပ်၏။ အထက်တွင် ပေါ်ပြခဲ့သော ပါဠိတော်အဆက်ကို အစအားဖြင့် ပြရသော်—

သောတဉ္စ ပဋိစ္စ သဒ္ဒေ ဥပ္ပဇ္ဇတိ

သောတဝိညာဏံ တိဏ္ဏံ သင်္ဂတိ

ဖဿော ဖဿပစ္စယာ ဝေဒနာ။

(စက္ခုဉ္စ ပဋိစ္စမှာ လာသည့်အတိုင်း ဆက်ဆိုရန်)

နားနှင့် အသံခေတ် ၂-ပါးကို အစွဲပြု၍ သောတ ဝိညာဉ် စိတ်ခေတ်ကလေး ဖြစ်ပေါ်လာ၏။ ထိုမှဆက်ခါ နား အသံ သောတဝိညာဉ်စိတ် ၃-ပါး ပေါင်းဆုံမိကြ၏။ ထိုအခါ အသံ ကလေးကို ကြားလိုမှုတဏှာကို အစွဲပြုမိခြင်းကြောင့် အိုခြင်း, နာခြင်း, သေခြင်း, ပရိဒေဝ နေရခြင်းတို့သည် ဖြစ်ကြကုန်၏။ ဤသို့လျှင် အစအစကို ဖေါ်ပြထားရာ အထက်ပါ အတိုင်း ဆက်၍ ဆိုပါလေ။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

.... .... .... ....

ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။

.... .... .... ....

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

.... .... .... ....

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

ဤသို့လျှင် စက္ခု, သောတ, ဃာန, စသော ဒွါရ ၆-ပေါက်ကို မထိန်းသိမ်း မစောင့်ရှောက်ပါက အိုခြင်း, နာခြင်း, သေခြင်း, ပဋိသန္ဓေ နေရခြင်း, ချစ်သူနှင့် ကွေကွင်းရခြင်း စသော ဆင်းရဲ အပေါင်းတို့နှင့်သာ ဘဝတိုင်း ဘဝတိုင်းတို့၌ တွေ့ကြုံခံစား နေကြရမည်မှာ လွှဲဖယ်တိမ်းရှောင်၍ မရနိုင်ချေ။

အထက်ပါ ဒွါရ ၆-ပေါက်ကို မပိတ်ပါက ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်၌ တမဂ်တဖိုလ်ကို မလွယ်ကူသည်သာမက၊ အိုခြင်း နာခြင်း, သေခြင်း, ပဋိသန္ဓေ နေရခြင်း, ချစ်သူနှင့် ကွေကွင်း ရခြင်းစသော ဒုက္ခဘေးအပေါင်းတို့နှင့် တွေ့ကြုံရခြင်းတို့ကြောင့် ဘုရားရှင်သည် ထို ဒွါရ ၆-ပေါက်ကို ပိတ်ရန် အမျိုးမျိုးသော နည်းတို့ဖြင့် ဟောတော်မူခဲ့၏။ ထိုနည်းများထဲတွင် ဝိပဿနာ ယောဂီပုဂ္ဂိုလ် အတွက် ဣန္ဒြိယသံဝရ သီလကို စောင့်ထိန်းရန် လည်း တနည်းဟောတော် မူခဲ့၏။

## အရှင် မိဂ္ဂဇာလတ္ထေရ်

ဝိပဿနာယောဂီအတွက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာမြတ်သည် ဣန္ဒြိယသံဝရသီလကို အဘယ်ကဲ့သို့ ဖော်ပြခဲ့ပါသနည်း

ဟူမူ၊ ကုရဏ္ဍလိုဏ်ကြီးအတွင်းတွင် အရှင်စိတ္တဂုတ္တ မထေရ်ကြီးသည် ရဟန်းတရားကို အားထုတ်နေရာ အခါတပါး၌ ရဟန်းပျိုတို့သည် လိုဏ်ဂူသို့ရောက်လတ်၍ လိုဏ်ဂူအတွင်း လှပတင့်တယ်ရေးချယ်ထားသော ပန်းချီအရုပ်ကားများကိုမြင်၍ အရှင်ဘုရား ဤပန်းချီကားများသည် လှပတင့်တယ် ရှုချင်စဘွယ် ကောင်းလှပါပေ၏တကားဘုရားဟု လျှောက်ထားကြရာ ရဟန်းကြီးက ငါ့ရှင်တို့ ငါသည် နှစ်ပေါင်းများစွာ ဤတွင် ရဟန်းတရားကို အားထုတ် နေပါသော်လည်း ငါသည် ဤမျှသော ပန်းချီဆေးကားများ ရှိသည်ကိုလည်း ငါမသိ၊ မရှိသည်ကိုလည်း ငါမသိခဲ့ချေဟု မိန့်ဆိုတော်မူ၏။ ဤ၌ဆိုလိုရင်းကား မျက်စိကို ပေါက်လွှတ်ပဲစား ထားသည်မဟုတ်။ မျက်စိအာရုံကို ထိန်းသိမ်းကာ ရဟန်းတရား အားထုတ်နေသည်ကို ဆိုလိုခြင်းဖြစ်၏။

ထိုအရှင်သူမြတ်သည် လိုဏ်ဂူဝတွင်ရှိသော ကံ့ကော်ပင်ကြီးကို တခါမျှမော်၍ မကြည့်ဘူးချေ ။ ။ နှစ်စဉ်မပြတ် မြေသို့ကျသော ဝတ်မှုံတို့ကို မြင်မှသာလျှင် ကံ့ကော်ပင်ကြီး ပွင့်သည်၏အဖြစ်ကို သိသည်ဟူ၏။ ။ထိုမျှ သီလသမာဓိဂုဏ်နှင့် ပြည့်စုံသောမထေရ်မြတ်ကြီးအား ဘုရင်မင်းမြတ်သည်၊ ရှိခိုး ပူဇော်လို၍ ၃-ကြိမ်တိုင်တိုင် စေလွှတ် ပင့်လျှောက်သော်လည်း မထေရ်ကြီးသည် ရဟန်းတရား ပျက်မည်စိုး၍ ကြွတော်မမူချေ။

ထိုအခါ ဘုရင်မင်းမြတ်သည် ဤသို့ ကြံစည်ပြုလုပ်၏။ အဘယ်ကဲ့သို့ ပြုလုပ်ပါသနည်းဆိုသော် ထိုရွာ၌ နို့စို့သားငယ်သွီးငယ်ရှိကုန်သော မိန်းမတို့၏ သားမြတ်ကို ရင်လွှမ်းအဝတ်ဖြင့်

ရစ်ပတ်စေ၍ မင်း၏တံဆိပ် ခတ်နှိပ်ထားစေ၏။ ထိုမှတဖန် အမိန့်တော်မြတ် မှတ်စေသည်မှာ အကြင်မျှလောက် ကာလပတ်လုံး မထေရ်ကြီးသည် နန်းတော်သူ နန်းတော်သားများ ပူဇော်စေခြင်းအလို့ငှာ မကြွလာသေး။ ထိုမျှလောက် အချိန်ကာလပတ်လုံး သားငယ် သမီးငယ် လူမမယ်ကလေးများကို နို့စို့ခွင့် မပြုရဟု အမိန့်တော်မြတ် မှတ်တော်မူ၏။

ထိုအကြောင်းကို မထေရ်ကြီးအား လျှောက်လတ်သော် မထေရ်ကြီးသည် အပြစ်မရှိကုန်သော မိခင်နှင့် သားငယ်သမီးငယ်များကို သနားတော်မူလှ၍ နန်းတွင်သို့ကြွခဲ့ါ အပူဇော်ကိုခံတော်မူ၏။ နန်းတွင်းတွင်လည်း ဘုရင်မင်းမြတ်က ရှိခိုးပူဇော်သောအခါတွင်–

သုခီဟောတု မဟာရာဇ

ဟု ဆိုတော်မူလိုက်၏။ ထိုနောက် မိဖုရားကြီးက ရှိခိုးပူဇော်ကန်တော့သော အခါ၌လည်း–

သုခီဟောတု မဟာရာဇ

ဟုပင် ဆိုတော်မူလိုက်၏။ ထိုအခါ ရဟန်းများက အရှင်ဘုရားအသို့ပါနည်း။ ဘုရင်မင်းမြတ်ကိုလည်း သုခီဟောတု မဟာရာဇဟု အမိန့်ရှိပါသည်။ မိဖုရားကြီး ပူဇော်ကန်တော့ရာတွင်လည်း သုခီဟောတု မဟာရာဇဟုပင် အမိန့်ရှိပါသည် ဘုရားဟု လျှောက်ထားကြရာ မထေရ်ကြီးက ငါ့ရှင်တို့ ငါသည် မင်း, ဟူ၍၎င်း မိဖုရားဟူ၍၎င်း ပိုင်းခြား မှတ်သားခြင်း မပြုမိဟု မိန့်တော်မူ၏။ ဤသည်းတထုံး၊ ထိုမှတဖန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာမြတ်သည် ဆက်လက်၍–

## မဟာမိတ္တ မထေရ်မြတ်

အကြောင်းကို ဆက်လက်ခါ ဖေါ်ပြပြန်သည်မှာ မဟာမိတ္တ မထေရ်ကြီး၏ မယ်တော်မှာ အသားမာနာပေါက်၍ မခံမရပ်နိုင်အောင် ဝေဒနာကို ခံစားနေရ၏။ ထိုအခါ မိခင်ကြီးသည် ဘိက္ခုနီမ ပြုလုပ်နေသော သမီးကိုခေါ်၍ ချစ်သမီး သင်၏ မောင်တော်ဖြစ်သော မဟာမိတ္တ မထေရ်ထံသွားပြီး ငါ၏ မချမ်းမသာ ကြီးစွာသော ဝေဒနာ ခံနေရကြောင်းကို ပြောကြား၍ ဆေးကို ဆောင်ယူခဲ့လော့ဟု ဆို၏။ သမီးဖြစ်သော ဘိက္ခုနီမသည် မိခင် ခိုင်းစေသည်အတိုင်း မဟာမိတ္တ မထေရ်ကြီးအား လျှောက်ကြား၏။ ထိုအခါ မထေရ်ကြီးက ငါသည် ဆေးမြစ်အစရှိသည်တို့ကို စုဖေါ်၍ ဆေးချက်ပေးခြင်းငှာ မတတ်မသိချေ။ သို့သော် ငါသည် ဤဆေးကိုကား ပေးလိုက်ပေအံ့။

ငါသည် အကြင်အခါမှစ၍ ရဟန်းတရားကို ကျင့်၏။ ထိုအခါမှစ၍ ငါသည် လောဘ တဏှာနှင့် တကွ ဖြစ်သော စိတ်ဖြင့်၊ ဣန္ဒြိယ သံဝရသီလတို့ကို မကျူးလွန် မဖျက်ဆီး၍ မိန်းမတို့၏ အဆင်း ရူပါရုံကို မကြည့်စဘူး၊ ဤသို့မှန်သော သစ္စာစကားကြောင့် ငါ၏ မယ်တော်ကြီးသည် ချမ်းသာသည် ဖြစ်ပါစေသတည်း။

ဤသို့ဆို၍ သင်သည် သွားချေတော့၊ ငါ၏ သစ္စာစကားကို ဆို၍ ဒကာမကြီးအား နှိပ်နယ် ပေးလေလော့ဟု ဆိုလိုက်၏။ ထိုဘိက္ခုနီမသည် သွား၍ ထိုအကြောင်းကို မယ်တော်ကြီးအား

ပြောကြားကာ မထေရ်ကြီး အမိန့်အတိုင်း ပြုလုပ်လတ်သော် တခဏခြင်းပင် မယ်တော်ကြီး၏ အနာသည် အံ့ဘွယ်ရာ အလုံးစုံ ပျောက်ကင်းသွားလေ၏။

ထိုသောအခါ ဒကာမကြီးသည် ဒုက္ခဝေဒနာ ခံစားမှုမှ ပျောက်ကင်း သွားသည်က တကြောင်း၊ သားရဟန်း၏ သီလ သမာဓိဂုဏ်အတွက် ဝမ်းသာသည်က တကြောင်းဖြင့် ပြောဆို သည်မှာ ဘုန်းတော် ကြီးမြတ်တော် မူလှသော ဘုရားရှင်ရှိပါမူ ငါ၏သား ရဟန်းမြတ်၏ ဦးခေါင်းကို ရွှေလက်တော်ဖြင့် အဘယ်မှာလျှင် မသုံးသပ်ဘဲ နေတော် မူပါအံ့နည်းဟု ရှင်လန်း ဝမ်းမြောက်သောစကားကို ဆိုလေ၏။ ဤသို့လျှင် ဣန္ဒြိယ သံဝရသီလကို ဆောက်တည်ကြကုန်၏။

တနည်းလည်း သတ္တဝါတို့၌ အမျိုးမျိုး ဒုက္ခ ဖြစ်နေရခြင်း အကြောင်းရင်းမှာ ထိုဒွါရ ၆-ပေါက်ကို မပိတ်မိမှု၊ ယင်းသို့ တံခါး ၆-ပေါက်ကို လုံခြုံစွာ မပိတ်မိမှုကြောင့် အဝိဇ္ဇာနှင့် တဏှာ၊ သို့မဟုတ် လောဘ, ဒေါသ, မောဟ၊ သို့မဟုတ် တဏှာ မာန, ဒိဋ္ဌိ စသည်တို့ အစဉ်ဝင်ရောက် နှိပ်စက်နေသည်တို့ကို မသိ ကြခြင်းကြောင့်သာ ဖြစ်ရကား၊ ဘုရားရှင်သည် ဥဒါန်းပါဠိတော် ဗောဓိဝဂ်၌....

**ဗာဟိယဒါရုစိရိအား**

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။
သုတေ သုတမတ္တံ ဘဝိဿတိ။
မုတေ မုတမတ္တံ ဘဝိဿတိ။

ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊
ဝေဒိတေ ဗာဟိယ သိက္ခိတဗ္ဗံ။

ဟူ၍ ဟောတော်မူ၏။ အဓိပ္ပါယ် လိုရင်းသော်ကား ချစ်သား ဗာဟိယ....ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်သည်ဟူ၍သာ။ ဘဝိဿတိ၊ ဖြစ်ရလတံ့။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြားသည်ဟူ၍သာ ဘဝိဿတိ၊ ဖြစ်ရလတံ့။ မုတေ၊ နံအပ်, လျက်အပ်, တွေ့ထိရာတို့၌။ မုတမတ္တံ၊ နံအပ် လျက်အပ်, တွေ့ထိသည် ဟူ၍သာ။ ဘဝိဿတိ၊ ဖြစ်ရလတံ့။ ဝိညာတေ၊ မနော တွင်ထင်မြင်ရာ၌။ ဝိညာတမတ္တံ၊ သိသည်ဟူ၍သာ။ ဘဝိဿတိ၊ ဖြစ်ရလတံ့။ ဗာဟိယ၊ ဗာဟိယ။ ဝေဒိ ဤသို့လျှင်။ တေ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ် အားထုတ်အပ်၏။

ဆိုလိုရင်းမှာ မျက်စိ, နား, နှာ, စသည့် ဒွါရ ၆-ပေါက်တို့မှ တွေ့ရှိရသော အာရုံတို့ကို ဣန္ဒြိယ သံဝရသီလကို စောင့်ထိန်းပြီးလျှင် မိမိစိတ်ကို ခန္ဓာ ၅-ပါးမှ မထွက်စေဘဲ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ စသည်တို့ ဖြစ်သော ဝိပဿနာဉာဏ်ကို ကျင့်အပ် အားထုတ်အပ်ကြောင်းကို ဥဒါန်း အဋ္ဌကထာ ဆရာရှင်သည် ရှင်းခဲ့၏။ (ရှေ့တွင် တွေ့လတံ့။)

အထက်ပါ တရားတော်ကို ဟောတော်မူသည်၏ အဆုံးတွင် ဗာဟိယ ဒါရုစိသည် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားသည် သာမက အရှင်ဗာဟိယဒါရုစိမှာ ခိပ္ပါဘိည အရာ၌ ဧတဒဂ် ရတော်မူလေ၏။

ဤ၌ ဆိုလိုရင်းကား မိမိ၌ ဖြစ်ပေါ်နေသော ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်နေပုံကို အားတိုက်အင်တိုက် အစဉ်မပြတ် ဉာဏ်ဖြင့် ကြည့်ရှုနေလေသောကြောင့် အပြင်အပအာရုံတို့ ထိခိုက်လာကြသော်လည်း မြင်ခါမျှ ကြားခါမျှသာ ဖြစ်တော့၏။ အာရုံကို လျှောက်၍ မလိုက်တော့ပြီ။ တနည်းဆိုသော် မြင်သည် ကြားသည်တို့တွင် အဖြစ်အပျက်ကိုသာရှု၍ တဏှာဘက်သို့ အရောက်မခံခြင်းပင် ဖြစ်လေသည်။ ပိုမိုရှင်းလင်းစေရန် စာမျက်နှာ ၁၁၅-တွင် ဖော်ပြပြီးအပ်သော ဆဆက္ကသုတ်နှင့် ရှေ့တွင် လာလတံ့သော သိကြားမင်းအား ထူးခြားစွာ အကျိုးပေးပုံဆိုသော အခန်းများနှင့် ဆက်စပ် ဘတ်ရှုတော်မူကြပါလေ။

## ဗာဟိယဒါရုစီ ဝတ္ထုအကြောင်း

ဗာဟိယဒါရုစီ၏ အကြောင်းကို အတိုချုပ်အားဖြင့် ဆိုသည်ရှိသော် ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်၌ တဦးသော ရဟန်းအား ခိပ္ပါဘိညာ ဧတဒဂ် ပေးတော်မူရာ ဗာဟိယဒါရုစီသည် ထိုဧတဒဂ်ကို အလွန်နှစ်သက်သည်ဟူ၏၊ ထိုနေ့မှစ၍ ကုသိုလ်ကောင်း မှုများကို ပြုလုပ်ခဲ့၏၊ ထိုမှတဖန် ကဿပဘုရားရှင် လက်ထက်၌ မိတ်ဆွေ ၇-ဦး တို့သည် မြင့်လှစွာသော တောင်ကလပ်ကြီး ပေါ်သို့ တက်၍ တက်လာသော လှေခါးကို ဖြုတ်ချပြီးလျှင် ရဟန်းတရားကို ကျင့်ကြကုန်၏၊ ထိုသောအခါ တဦးသော ရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူ၏။ ထိုအခါ ရဟန္တာအရှင်မြတ်သည် ဆွမ်းခံ၍ ကျန်ရဟန်း ၆-ပါးအား ကျွေးတော်မူ၏။ ထိုအခါ ရဟန်း ၆-ပါးက ပြောဆိုသည်မှာ

အရှင်ဘုရား တပည့်တော်တို့သည် ဤတောင်ကလပ်တွင် တရား အားထုတ်ကြစဉ် အခါက ငါတို့အထဲမှ တဦးသောရဟန်းသည် တရားရရှိပါက ဆွမ်းခံကျွေးတမ်းဟူ၍ ကတိကဝတ်မရှိခဲ့ချေ။ ထို့ကြောင့် တပည့်တော်တို့ မသုံးဆောင်ပြီဟု ဆွမ်းကိုလက်မခံဘဲ တရားကို ဆက်လက်အားထုတ်ကြကုန်၏။

ဤသို့ ဆက်လက် ကြိုးစားနေစဉ်ပင် ဒုတိယ ရဟန်းသည် အနာဂါမ် မဂ်ဖိုလ်သို့ ရောက်ရှိသွားပြန်၏၊ ထိုဒုတိယ အနာဂါမ် ရဟန်းသည် ဆွမ်းခံ၍ ပေးဘော်မူပြန်၏။ သို့ရာတွင် ကျန်ငါးဦး တို့သည် ဆွမ်းကိုလက်မခံဘဲ ဆက်လက် ကျင့်ရင်းပင်လျှင် စုတိသို့ ကျရောက်ကြကုန်၏။

ယခုဂေါတမမြတ်စွာဘုရား ပွင့်လာတော်မူသောအခါ ဒါရုစိ သည် သင်္ဘောပျက်၍ တဦးတည်း ကမ်းပါးသို့ ရောက်ရှိခဲ့၏။ ထိုအခါ အရှက်အကြောက်ကို ကွယ်ကာစိမ့်သောငှာ ပျဉ် နှစ်ချပ်ကို ခါးတွင် ဖုံးလွှမ်းထားသော ဗာဟိယဒါရုစိကို မြင် ကြသော လူအပေါင်းတို့သည် ဤသူကား တဏှာလောဘ အလွန်ခေါင်းပါး၏။လုပစိမ့်သောငှာ ကောင်းမွန်သော အဝတ် ကိုပင် မဝတ်။ ထိုကြောင့် ဘုရားပွင့်သည် ဘုရားပွင့်သည်ဟု ကောလာဟဠ ဖြစ်ပွားနေရာ ဤသူပင် ဘုရားဖြစ်သည်ဟု အယူ ရှိကြပြီးလျှင် ဗာဟိယဒါရုစိအား ဘုရားအမှတ်ဖြင့် ကိုးကွယ် ဆည်းကပ်ကြကုန်၏။

ဗာဟိယဒါရုစိလည်း ဘုရားဟူသော အမည်သို့ခံ၍ မိစ္ဆာဒိဋ္ဌိ တို့၏ အကျင့်ဖြင့်သာ အချိန်ကုန်လေ၏။ ထိုအခါ တောင်ကလပ်

တွင် ကျင့်ခဲ့ဘူးသော ရဟန်း ၇-ပါးအနက် အနာဂါမ်ဖြစ်သော ဖြူဟ္မာကြီးသည် ကျန်မိတ်ဆွေ ၅-ဦးအသို့ ဖြစ်သနည်းဟု ကြည့်ရာတွင် ဗာဟိယဒါရုစီ၏အဖြစ်ကို မြင်လတ်သော် ဗာဟိယဒါရုစီထံသို့ လာ၍ လမ်းမှန်သို့ရောက်ရန် ဆုံးမဩဝါဒပေးပြီးလျှင် ဘုရားရှင်ထံသို့သွားရန် စေလွှတ်လိုက်၏။

ထိုအခါ ဗာဟိယဒါရုစီသည် အလျင်အမြန် ဘုရားကျောင်းတော်သို့ သွားပြီးလျှင် ဘုရားရှင်ထံ၌ တရားပေးရန် တောင်းပန်သောအခါ ဘုရားရှင်သည် ဒိဋ္ဌေဒိဋ္ဌမတ္တံ အစရှိသောတရားကို ဟောပြော ဆုံးမတော်မူခြင်း ဖြစ်သည်။

ဤတွင် သိရှိရန်ကား အရှင်သာရိပုတ္တရာသည် ပညာကြီးသည်ကား မှန်၏။ အရှင်မောဂ္ဂလာန်သည် တန်ခိုး ကြီးမားသည်ကား မှန်၏။ အရှင် ကုမာရကဿပသည် တရားဟောပြောရာတွင်အန်းကျယ် ကြည်လင်စွာ ဟောပြောနိုင်သည်ကား မှန်၏။ သို့ရာတွင် ဘုရားရှင် ဟောပြောရာ တရားတွင် အတိုဆုံးဖြင့် တရားတွေ့ကို ခံယူရရှိသူကား အရှင်ဗာဟိယဒါရုစီ သည် သာလျှင်တည်း။

ဤ၌ဝိပဿနာယောဂီတို့ သိအပ်သည်မှာ တရားဟောသူကား ဘုရားရှင်၊ တရားနာသူကား တရားအကျဉ်းဆုံး အတိုဆုံးတွင် တရားရသော ပါရမီရှင်ကြီးနှစ်ဦးတို့ ဟောပြော နာကြားခြင်းဖြစ်ရကား ဤမျှဟောရုံမျှနှင့် ရဟန္တာဖြစ်နိုင်မည်လောဟု စောဒကတက်ဘွယ်မရှိချေ။

သို့သော် လက်ရှိနေယျပုဂ္ဂိုလ်တို့အတွက်မှာ ရှင်းလင်းစွာ သိနိုင်ရန် ဥဒါန်းအဋ္ဌကထာ ဆရာရှင်သည်....

သိက္ခိတဗ္ဗန္တိ အဓိသီလ သိက္ခာဒီနံ
တိဿန္နမ္ပိ သိက္ခာနံ ဝသေန သိက္ခနံ
ကာတဗ္ဗံ၊ ယသ္မာ ပန သိက္ခိတဗ္ဗံ၊
တံ ဒဿေန္တော ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
ဘဝိဿတီတိ အာဒိ မာဟ။
တတ္ထ ဒိဋ္ဌေ ဒိဋ္ဌမတ္တန္တိ ရူပါယတနံ
စက္ခုဝိညာဏေန ဒိဋ္ဌမတ္တံ၊
ယထာဟိ စက္ခုဝိညာဏံ
ရူပမတ္တမေဝ ပဿတိ၊
န အနိစ္စာဒိ သဘာဝံ ဝေမေဝ သေသံ၊
စက္ခုဒွါရိက ဝိညာဏေန
ဟိမေ ဒိဋ္ဌ မတ္တမေဝ
ဘဝိဿတီတိ သိက္ခိတဗ္ဗန္တိ အတ္ထော။

သိက္ခိတဗ္ဗန္တိ၊ သိက္ခိတဗ္ဗံ ဟူသည်ကား။ အဓိသီလသိက္ခာဒီနံ၊ အဓိသီလသိက္ခာ (အဓိစိတ္တ သိက္ခာ-အဓိပညာ သိက္ခာ) ဟူ ဆိုအပ်ကုန်သော။ တိဿန္နမ္ပိ၊ ၃-ပါးလည်း ဖြစ်ကုန်သော၊ သိက္ခာနံ၊ သိက္ခာတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ သိက္ခနံ၊ ကျင့်ခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

အထက်၌ အဋ္ဌကထာ ဆရာရှင်၏ အဓိပ္ပါယ်ကို ထောက်ဆသော် အခါဘပါး၌ နတ်သားတဦးသည် ဘုရားရှင်အား၊ အို... အရှင်ဂေါတမ၊ အကြင်တဏှာ တည်းဟူသော ကွန်ရက်သည် အတွင်း၌လည်း ဖွဲ့ရှက်တတ်၏။ အပ၌လည်း ဖွဲ့ရှက်တတ်၏။ ထိုအတွင်း အပ၌ ရှုပ်ထွေးစွာ မြွေးရစ်တတ်သော တဏှာသည်

သတ္တဝါအပေါင်းကို အကျင့်ကြောင့် ငြိတွယ်ချုပ်စပ် မြေးရစ်အပ်လေ၏။ ထို့ကြောင့် အရှင်ဂေါတမကို အကျွန်ုပ် မေးလျှောက်လိုသည်မှာ ဤအမြေး အရှုက်ကို အဘယ် သို့သော သူသည် ဖြေရှင်းနိုင်ပါအံ့နည်း။ ထိုသောအခါ ဘုရားရှင်က ပြန်လည် ဖြေဆိုသည်မှာ သီလေပတိဋ္ဌာယ နရောသ ပညော၊ စိတ္တံပညဉ္စဘာဝယံ၊ အာတာပီနိ ပကောဘိက္ခု၊ သောဣမံ ဝိဇဋ္ဋယေဇဋ္ဋန္တိ၊ ဟု ဖြေဆိုတော်မူ၏။ (သဂါဝဂ္ဂသံယုတ် – ဒေဝတာသတ္တိဝဂ်။)

ထိုဘုရားရှင် ဖြေဆိုတော်မူသော အထက်ပါ ပါဠိတော်နှင့် ဘုရားရှင်က ဗာဟိယဒါရုစိအား ဒိဋ္ဌေဒိဋ္ဌမတ္တံဟု ဟောသော ပါဠိတော်ကို အဋ္ဌကထာဆရာရှင် ဖွင့်ဆိုအပ်သော အဓိသီလ, အဓိစိတ္တ, အဓိပညာ ၃-ပါးမှာ တသဝေမတိမ်း တူညီလျက်ပင် ရှိလေသည်။

ထို့ကြောင့် ဗာဟိယ ဒါရုစိအား ဘုရားရှင်က ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိဟု အတိုအကျဉ်းမျှ ဟောတော် မူသော်လည်း ပြုကျင့်ရမည်မှာ ထိုသီလေ ပတိဋ္ဌာယ နရော အစရှိသော ဂါထာတော်ကို ဖွင့်ဆိုတော်မူသော ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာအတိုင်း သီလ, သမာဓိ, ပညာကို ဆောက်တည် ကျင့်သုံး ရမည်ပင်တည်း။

ထိုမှတဖန် ဥဒါန်းပါဠိတော်၏ အဋ္ဌကထာကို ဆက်လက်ရ ပြန်သည်ရှိသော် ယထာပန၊ အကြင်သို့သော အချင်းအရာ အားဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ တံ၊ ထိုသို့ ကျင့်ကြံအားထုတ်

ပုံကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ အာဒိ ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ အစရှိသော ပါဠိကို။ အာဟ၊ မိန့်ဆို၏။ တတ္ထ၊ ထိုစကားရပ်၌။ ဒိဋ္ဌေဒိဋ္ဌမတ္တန္တိ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဟူသည်ကား။ ရူပါယတနေ၊ ရူပါရုံကို။ စက္ခုဝိညာဏေန၊ စက္ခုဝိညာဉ်စိတ်ဖြင့်။ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ချဲ့၍ပြဦးအံ့။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ် စိတ်သည်။ ရူပမတ္တေဝ၊ အဆင်းရူပါရုံကို မျှသာလျှင်။ ပဿတိ ယထာ၊ မြင်သကဲ့သို့။ အနိစ္စာဒိသဘာဝံ၊ အနိစ္စအစရှိသော သဘောကို။ (ဝါ) အနိစ္စ, ဒုက္ခ, အနတ္တ အသုဘသဘောကို။ နပဿတိ၊ မမြင်တတ်။ ဧဝမေဝ၊ ဤသို့လျှင်။ သေသံ၊ ကြွင်းသော သောတဝိညာဉ် အစရှိသောစိတ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ ထင်ရှားစွာပြဦးအံ့။ စက္ခုဒွါရိက ဝိညာဏေန၊ စက္ခုဒွါရ၌ ဖြစ်သော ဝိညာဉ်ဖြင့်။ မေ၊ ငါ၏။ ဒိဋ္ဌမတ္တမေဝ၊ မြင်ခြင်းမျှ သည်သာလျှင်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ သိအပ်သော အနက်သဘောတည်း။

ဤဗာဟိယဒါရုစီအား ဟောကြားသော တရားတော်၏ လိုရင်းကို စစ်ထုတ်သော် စက္ခု, သောတ အစရှိသော ဒွါရ ၆-ပေါက်မှ တဏှာ, မာန, ဒိဋ္ဌိ (ဝါ) လောဘ, ဒေါသ, မောဟတို့ မဝင်ရောက်နိုင်ရန် တံခါး ၆-ပေါက်ကို လုံခြုံစွာ ပိတ်ဆို့ထား ရမည်ကို ဆိုလိုရင်းပင် ဖြစ်လေသည်။ (ဝါ) တနည်းဆိုသော် နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာ တရားတို့ကို သုံးသပ်ဆင်ခြင်

နေရမည်ဟု ဆိုလိုရင်းပင် ဖြစ်လေသည်။ (အကျယ်ကို အလိုရှိမူ ဥဒ္ဒါန်း အဋ္ဌကထာပါဠိတွင် ကြည့်ကြကုန်။)

—‡—

## ငါ-မပါရ
## ပဋ္ဌာန်း ပဋ္ဌာနပါရ

ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဤစာအုပ်ကို စာမျက်နှာ အားဖြင့် ကျော်၍ မဘတ်ခဲ့ဘဲ၊ စာမျက်နှာတိုင်း စာမျက်နှာတိုင်း ဘတ်လာခဲ့မှသာ လျှင် ဤစာမျက်နှာများတွင် သဘောပေါက် နိုင် ပေလိမ့်မည်။ အကြောင်းသော်ကား ဝိပဿနာ အခြေခံ တရားကို စာတမျက်နှာထက် စာတမျက်နှာ ပိုမိုရင့်သန် သဘော ပေါက်လာရန် စီစဉ်ရေးသား လာခဲ့ရာ ပဋ္ဌမစာမျက်နှာများကို မဘတ်ခဲ့အံ့၊ ဤစာမျက်နှာတွင် လိုက်နိုင်ရန် အခက်အခဲများကို တွေ့ရှိရပေလိမ့်မည်။ ထို့ကြောင့် အထက်အထက်က စာမျက်နှာ များကို ကြေလည်အောင် မဘတ်ရသေးက ပြန်လည် ဘတ်ရှုပြီးမှ ဤစာမျက်နှာကို ဆက်၍ ဘတ်ရှုသင့်၏။

ဝိပဿနာ လုပ်ငန်းသည် အောက်ပိုင်းတွင် လွယ်ကူလှ သော်လည်း အထက်ပိုင်းသို့ ရောက်လတ်သော် အတော်ခဲယဉ်း လာလေသည်။ အောက်ပိုင်းတွင် ဒါနပြုရမည်၊ သီလဆောက် တည်ရမည် ဆိုခဲ့သည်ကားမှန်၏။ အထက်ပိုင်းသို့ ရောက်ရှိလာ သောအခါ မိမိပြုအပ်သော ဒါနကုသိုလ်, သီလစသည့် ကုသိုလ် ကိုပင် မသာယာ မနှစ်သက်ရဟု ဆို၏။ အကယ်၍ မိမိပြုအပ်သော ကုသိုလ်အတွက် ငါသည် ဤသည် ဤသို့သော ကုသိုလ်ကောင်းမှု

ရှင်ကြီးပါတကားဟု သာယာသည်ဖြစ်အံ့၊ ထိုဝိပဿနာယောဂီမှာ တမင်တဖိုလ် ရရှိရေးတွင် ကြန့်ကြာ နေပေတော့၏။ အလွန် သိမ်မွေ့ လာချေပြီ။ ထို့ကြောင့် ရှင်းလင်းပေးရန် ဆရာကောင်း လိုလှပေ၏။

အထက်တန်းသို ရောက်ရှိလာသော ဝိပဿနာယောဂီမှာ သက္ကာယဒိဋ္ဌိပြုတ်ရန် အရေးကြီးနေ၏။ ထိုကြောင့် ကုသိုလ်ကို ငါလုပ်သည်ဟု (ငါ) မပြုတ်လျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်ရန် နည်းလမ်းသဘာဝ မကျတော့ချေ။ ထိုကြောင့် ပဋ္ဌာန်းပဉှာ ဝါရ ဝိဘင်္ဂ၌-

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ
ဥပေါသထ ကမ္မံ ကတွာ
တံ အဿာဒေတိ၊ အဘိနန္ဒတိ၊
တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။
ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊
ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ဒါနံတွာ၊ အလှူကို ပြုပြီး၍။ တံ၊ ထိုဒါနကုသိုလ်ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုကုသိုလ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ထိုအတူ သီလဆောက်တည်ခြင်းကိုလည်း အနက်ပြန်ရန် လွယ်ကူပြီ။

ဤ၌ ဆိုလိုရင်းကား အထက်တန်းသို့ ရောက်ရှိလာသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် မိမိပြုခဲ့သော ဒါန, သီလစသည့် ကုသိုလ်တို့ကို တဏှာ, မာန, ဒိဋ္ဌိ, ငါ့ဥစ္စာ ငါ-ငါ့ကိုယ်စသည့် (ငါ)ကို မပြုတ်ဘဲ သာယာနှစ်သက် စွဲလန်းနေပါလျှင် ထိုစွဲလမ်းမှုကြောင့် သောတာပန်ဖြစ်အောင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်အောင် ပြုကျင့်နေပါလျက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ မပြုတ်သည်သာမက ထပ်ခါထပ်ခါ မိမိကောင်းမှုကို သာယာတိုင်း သာယာတိုင်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာစသည်တို့သည် ဖြစ်၍နေကုန်ရကား သောတာပန် စခန်းကို မရောက်နိုင်ဘဲ ရှိတတ်၏။ ထိုမှတဖန် ဆက်ခါ ပဌာန်း ပါဠိတော်တွင် လာရှိပြန်သည်မှာ—

ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ၊
အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ
ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ
ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ လေ့ကျက်ပြုအပ်ခဲ့ပြီးကုန်သော ကာမကုသိုလ်တို့ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုကုသိုလ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည် ဥပ္ပဇ္ဇတိ ဖြစ်၏။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသည့်တို့ကား သာမန်ပုဂ္ဂိုလ်တို့ အာလုပ် မဟုတ်တော့ပြီ အထက်တန်း သမ္မသနဉာဏ်ကို ပိုင်နေသော ဝိပဿနာယောဂီ ပုဂ္ဂိုလ်များအတွက် ဖြစ်ပေ၏။ ထိုကဲ့သို့ မိမိပြုခဲ့သော ကောင်းမှု ကုသိုလ်တို့သည် ဝိပဿနာ ယောဂီပုဂ္ဂိုလ်စိတ်တွင် ထင်မြင် ပေါ်ပေါက်လာသောအခါ နှစ်သက်သာယာမှုကို စိုးစဉ်းမျှ လက်မခံဘဲ—

ဒါနံ ဒတွာ သီလံ သမာဒိ ယိတွာ
ဥပေါသထကမ္မံ ကတွာ တံ
ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ
ပစ္စဝေက္ခတိ။ ။သေက္ခာဝါ
ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော
ဒုက္ခတော နတ္တတော ဝိပဿန္တိ။

ဒါနံဒတွာ၊ အလှူကိုပြု၍။ တံ၊ ထိုကုသိုလ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ သီလံ သမာဒိယိတွာ၊ သီလကိုဆောက်တည်၍။ တံ၊ ထိုသီလကုသိုလ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဥပေါသထ ကမ္မံကတွာ၊ ဥပုသ်ဆောက်တည်ပြီး၍။ တံ၊ ထိုကုသိုလ်ကို၊ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ ပြုလုပ်အပ်ခဲ့ပြီးသော ကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်ရင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ရင်း။ ကုသလံ၊ မိမိပြုအပ်ခဲ့သော ကုသိုလ်ကို။ အနိစ္စတော, ဒုက္ခတော, အနတ္တတော၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ဝိပဿန္တိ၊ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ကုန်၏။

(ဆိုဦးအံ့)

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ
အာရမ္မဏ ပစ္စယေန ပစ္စယော။
(ပဋ္ဌာန်းပါဠိတော်-ပဌာဝ ါရ)

ကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဖြစ်နေသည်။ (ဝါ) ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ရသည်။ (သတိပြု-နက်နဲ သိမ်မွေ့လာလေပြီ)။ ။အချုပ်အားဖြင့် ကုသိုလ်ဆိုသည်မှာ သဒ္ဓါ သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပတို့ပင်တည်း။ ။ ဤတရားတို့သည် ခေတ်ပရမတ် တရား တို့ သာ လျှင်တည်း။ ဤခေတ်တရား ပရမတ်တရားတို့သည် အကြောင်းညီညွတ်လျှင် ဖြစ်။ ဖြစ်ပြီးလျှင် ပျက်နေကြသော ဥဒယဝယ တရားများ သာလျှင်တည်း။ ဤသဘော သဘာဝကို ဥာဏ်မရှင်းလင်း သေးသမျှ ကာလပတ်လုံး (င ါ) သဒ္ဓါတရားရှိသည်၊ (င ါ) သီလရှိသည်။ (င ါ) အကြားအမြင် ဗဟုသုတရှိသည်။ (င ါ) စွန့်ကြဲလှူဒါန်းသည်။ (င ါ) ဝိပဿနာပွားသည်။ (င ါ) ရှက်သည်။ (င ါ) ကြောက်သည် စသဖြင့် မသိမသာ (င ါ) ပါ၍ နေသမျှ သက္ကာယဒိဋ္ဌိ မပြုတ်ဟူ၍ မှတ်အပ်၏။

ရုပ်ခေတ် နာမ်ခေတ်များကို ခေတ်အဖြစ်ဖြင့်သာ (မြင်) အောင် ကြည့်ရမည်။ ရှုရမည်။ (င ါ) မပ ါရ။ ။မသိမသာ(င ါ) ပါ၍နေတတ်၏။ မသိမသာကား အဝိဇ္ဇာ၊ (င ါ) ကား တဏှာ, မာန, ဒိဋ္ဌိတို့ပင်တည်း။

ဤသို့လျှင် ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဆင်ခြင်ပစ်ရ၏။ မိမိပြုအပ်ခဲ့သော ကုသိုလ်ကောင်းမှုကိုပင် မသာမယာ မနှစ်သက်

အပ်၊ အကုသိုလ်အတွက်ကား အဘယ်သို့ ဆိုဘွယ်ရာရှိတော့အံ့နည်း။ စိတ်ပင်မကူးအပ်ချေ၊ အကယ်၍ မိမိပြုခဲ့ဘူးသော အကုသိုလ်ကို ထင်မြင်ပေါ်ပေါက် လာလတ်သော် ထိုအကုသိုလ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ပင် ဆင်ခြင်ပစ်ရမည်။ ဤသို့ပြုလုပ်နိုင်ပါက အကုသိုလ်ကို အကြောင်းပြု၍ ကုသိုလ်ဖြစ်သည်ဟူ၏။ ထိုကြောင့် ပဋ္ဌာန်းပါဠိတော်၌....

သေက္ခာဝေါ ပုထုဇ္ဇနာဝေါ
အကုသလံ အနိစ္စတော
ဒုက္ခတော အနတ္တတော
ဝိပဿန္တိ၊ ဟု လာရှိ၏။

ဤအထက်ပါ သဘော သဘာဝများမှာ အလွန့်အလွန် သိမ်မွေ့ရကား ဝိပဿနာ လုပ်ငန်းကို တကယ်တန်း အားထုတ်သူလည်း ဖြစ်ရမည်။ ထိုသို့ အားထုတ်သည် မှန်သော်လည်း ဘုရားရှင် အလိုရှိတော် မူအပ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ် ၂-ပါးဖြစ်သော ဉာတပရိညာ စခန်းကိုလည်း ကျနစွာကြိတ်ပြီး ထုံပြီး သဘောပိုင်ပြီးသူ ဖြစ်ရမည်။ ထိုမျှမက ခန္ဓာ ၅-ပါးကို အတိတ် အနာဂတ်, ပစ္စုပ္ပန် ဟူ၍ ကာလ ၃-ပါးကို နိုင်နင်းစွာ ဆင်ခြင်နိုင်သော အခြေအနေသို့ ရောက်ရှိနေသော ဝိပဿနာ ယောဂီအတွက် တဏှာ, မာန, ဒိဋ္ဌိ ပြုတ်လုတဲခါနီးကို ဖြတ်တောက်ပစ်ရန် လုပ်ငန်းဖြစ်သည်။

သို့ရာတွင် သာမန်ပုဂ္ဂိုလ်တို့အား မိမိပြုဘူးသော ကုသိုလ်ကောင်းမှုကို နောက်ထပ် အာရုံမပြုရ၊ စေတနာကောင်းနှင့်ပင်

ပြန်လည် မတွေးတောရဟု ပြောမှား ဆိုမှား မဖြစ်ကြရန် အထူး သတိပြုအပ်၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တွင် ငါလုပ်သည် ငါ့ဉစ္စာ, ငါ့ ကုသိုလ် ငါ့ဝိပဿနာ ဘာဝနာစသည်ဖြင့် (ငါ) ပါနေလျှင် သက္ကာယဒိဋ္ဌိ မပြုတ်နိုင်ပုံများကို ဤစာအုပ်တွင် လာလတံ့သော သမ္မသနဉာဏ်ခန်း၌ ဖော်ပြထား၏။

အကယ်၍ ဒါနမပြုရ၊ သီလ မဆောက်တည်ရ ကုသိုလ် ကောင်းမှု ပြန်လည် မအောက်မေ့ရ စသည်ဖြင့် ဟောပြောနေ မိပါလျှင် ဘုရားရှင်၏ သာသနာတော်ကြီးနှင့် ဘုရားရှင်၏ တရားတော်ကို တိုက်ရိုက်ချိုးနှိမ် ဖျက်ဆီးသူဖြစ်ရာ ကြီးစွာသော အပြစ်သည် ကျရောက်မည်ကို အထူးသတိပြုကြပါကုန်။

—‡—

## မဂ်ဖြင့် ဖြတ်အပ်သော သံယောဇဉ်များ

ကာမရာဂ သံယောဇဉ်၊ ပဋိဃ သံယောဇဉ်။
မာန သံယောဇဉ်၊ ဒိဋ္ဌိ သံယောဇဉ်။
ဝိစိကိစ္ဆာ သံယောဇဉ်။
သီလဗ္ဗတပရာမာသ သံယောဇဉ်။
ဘဝရာဂ သံယောဇဉ်၊ ဣဿာ သံယောဇဉ်။
မစ္ဆရိယ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်၌ တမဂ်တဖိုလ် ရရှိရေးအတွက် ချုပ်နှောင်ထားအပ်သော သံယောဇဉ်ကြိုး ၁၀-ချောင်းရှိ၏။ ထို ၁၀-ချောင်းတို့ကား အထက်တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်၏။ ၎င်းသံယောဇဉ်ကြိုး ၁၀-ချောင်းကို လျော့အောင်၊ ပြုတ်အောင်၊ ပြတ်အောင်၊ လုပ်ရန်မှာ ဝိပဿနာနည်း ဖြစ်လေသည်။ ပဌမတွင် နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟ ဉာဏ် ၂-ပါးကို လေ့လာ ကျက်စား ဆင်ခြင်နေသောအခါ အထက်ပါ သံယောဇဉ် ၁၀-ချောင်းသည် လှုပ်လှုပ်ရွရွ လျော့ရမည့် အစကို ထွင်လိုက်ခြင်းဖြစ်၏။

ထိုမှတဖန် သမ္မသနဉာဏ်သို့ တက်သောအခါ ထိုသံယောဇဉ် ၁၀-ချောင်းမှာ လျော့ဟန်, ပြည်ဟန်, ပြတ်ဟန်, ပြုတ်ဟန်, အရိပ်နိမိတ်များ ပေါ်ထွက်လာတော့၏။ ထိုမှတဖန် ဆက်လက်ခါ ဥဒယဗ္ဗယဉာဏ်ဖြင့် ကြိမ်ဖန်များစွာ မနားမနေ ကြိုးစားသည် ရှိသော် အထက်ပါ သံယောဇဉ် ၁၀-ချောင်းအနက် ၅-ချောင်းမှာ ပြုတ်လုတ်ခါ ဖြစ်ရှိလာတော့၏။

ထိုမှတဖန် မလျော့သော လုံ့လဖြင့် ကြိုးစားသည်ရှိသော် တမဂ်တဖိုလ်သို့ ဆိုက်ရောက်သွားတော့၏။ ယင်းသို့ တမဂ်တဖိုလ်သို့ ဆိုက်ရောက်သွားခြင်းသည် သောတာပန်မည်၏။

သောတာပန်သည် အထက်ပါ သံယောဇဉ်ကြိုး ၁၀-ချောင်း အနက်၊ ၅ ချောင်းကို ဖြတ်တောက်လိုက်တော့၏။ ထို ၅-ချောင်း မှာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယတို့ ဖြစ်လေသည်။ ထို့ကြောင့် သုတ်မဟာဝါ မဟာသတိပဋ္ဌာန သုတ် အဋ္ဌကထာတွင် အောက်ပါအတိုင်း လာ၏။

ကေန ကာရဏေန ပနဿ အာယတိံ
အနုပ္ပါဒေါဟောတိ၊ ဒိဋ္ဌိဝိစိကိစ္ဆာ
သီလဗ္ဗတပရာမာသ ဣဿာမစ္ဆရိယ
ဘေဒဿ တာဝ ပဌမဝိဓဿ သံယောဇနဿ
သောတာပတ္တိမဂ္ဂေန အာယတိံ
အနုပ္ပါဒေါ ဟောတိ။

ပန၊ မေးစမ်းပါရစေ။ ကေနကာရဏေန၊ အဘယ်ကြောင့်။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အာယတိံအနုပ္ပါဒေါဟောတိ၊ နောင်တဖန် မဖြစ်တော့သနည်း။ တာဝ၊ သကဒါဂါမိမဂ် စသည်မှ ရှေးဦးစွာ။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဣဿာ မစ္ဆရိယ ဘေဒဿ ပဌမဝိဓဿ သံယောဇနဿ၊ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဣဿာ မစ္ဆရိယဟု ငါးပါးအပြားရှိသော သံယောဇဉ်ကို။ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ နောင်တဖန် မဖြစ်ပေ။

သတ္တဝါတွေ၏ မျက်နှာကိုကြည့်၍ ဟောတော် မူသည့် သုတ္တန် ဒေသနာများ၌ကား တိဏ္ဏံ သံယောဇနာနံ ပရိက္ခာယ သောတာပန္နော ဟောတိ၊ ဟု ဣဿာမစ္ဆရိယ မပါဘဲ ဟော သော်လည်း ဤနေရာ၌ကား အဘိဓမ္မာ နည်းဖြင့် ဟော၍ အပါယဂမနီယ၊ အပါယ်သို့ လားစေတတ်သည့် ဣဿာမစ္ဆရိယ ၂-ပါး သောတာပတ္တိမဂ် ပယ်ရာတွင် ပါ၍လာလေသတည်း။

ထိုမှတဖန် ဥဒယဗ္ဗယ ဉာဏ်ကို ဆက်လက်၍ အဖန်ဖန် ဆင်ခြင် ပြန်သည် ရှိသော် ကြမ်းတမ်းလှသော ကာမရာဂ

သံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့သည် ပြုတ်၍သွားတော့၏။ သို့သော် သိမ်မွေ့လှသော ကာမရာဂ သံယောဇဉ်နှင့် ပဋိဃ သံယောဇဉ် ၂-ပါးတို့မှာ မပြုတ်သေး။ မပြုတ်သေးချေ။ ။ တနည်းဆိုသော် ကာမရာဂ သံယောဇဉ်နှင့် ပဋိဃ သံယောဇဉ် ၂-ပါးတို့သည် ခေါင်းပါး သွားသည်မည်၏။ ထိုသို့သောအချိန် သည် သကဒါဂါမိ ဖြစ်သည်မည်၏။ ထိုမှတဖန် ဆက်လက် ဆင်ခြင်ပြန်သော် ကာမရာဂ သံယောဇဉ်နှင့် ပဋိဃ သံယောဇဉ် ၂-ပါးလုံးတို့ကို တိကျစွာ ဖြုတ်တောက်လိုက်တော့၏။ ထိုအချိန် ကား အနာဂါမိ ဖြစ်သည်မည်၏။ ထိုမှတဖန် ဆက်လက်၍ ကျိုးစားပြန်သည် ရှိသော် ကျန်နေသည့် မာနသံယောဇဉ်, ဘဝ ရာဂ သံယောဇဉ်, အဝိဇ္ဇာသံယောဇဉ် သုံးပါးတို့သည် လုံးဝ ပြုတ်ခါ အရဟတ္တမဂ်သို့ ရောက်ရှိစေတော့၏။

—‡—

## မရှိဘဲလျက်

## ရှိနေသော ခန္ဓာ ၅-ပါး

အဒဿနတော အာယန္တိ ဘဂ္ဂါ
ဂစ္ဆန္တုဒဿနံ ဝိဇ္ဇုပ္ပါဒေါဝ
အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

အထက်ကောင်းကင်တွင် ပထဝီ,တေဇော, အာပေါ,ဝါယော စသော ဓာတ်ကြီးများ အချင်းချင်း ပြင်းထန်စွာ လှုပ်ရှား

တိုက်ခတ်ကြသောအခါ လျှပ်ရောင် ထွက်ပေါ်ကာ လျှပ်စီး လက်သည်ကို သိကြကုန်၏။ ၎င်းလျှပ်စီးမှာ ထွက်ပေါ်မလာမီ ကလည်း တနေရာတဌာနတွင် ထွက်ပေါ်ရန် အဆင်သင့်ရှိနေပြီ မဟုတ်၊ အကြောင်းညီညွတ်သောအခါ ကျမှသာလျှင် သဘာဝ အလျောက် ပေါ်ထွက် ဖြစ်ပေါ် လာရခြင်းဖြစ်၏။ ထိုနောက် ၎င်းလျှပ်စီးသည် ချုပ်ပျောက် သွားသောအခါ၌လည်း တနေရာ တဌာနတွင် ရောက်ရှိစုပုံ နေသည်မဟုတ်ချေ။

ထို့အတူ ရုပ်ဓာတ်, နာမ်ဓာတ် နှစ်ပါးမျှသာ ဖြစ်သော ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ၎င်းခန္ဓာ ၅-ပါးတို့သည် မဖြစ်ပေါ်မီကလည်း တနေရာတဌာန တွင် ဖြစ်ပေါ်ရန် အဆင်သင့်ရှိနေပြီမဟုတ်၊ အကြောင်း ညီညွတ် သောအခါကျမှ သာလျှင် သဘာဝအလျောက် ဖြစ်ပေါ်လာရ ခြင်းဖြစ်၏။ ထို့နောက် ချုပ်ပျောက်သွားသော အခါ၌လည်း, တနေရာ တဌာနတွင် ရောက်ရှိစုပုံနေသည် မဟုတ်ချေ။ (နာမရူပ ပရိစ္ဆေဒ အခဏ်းနှင့် ပစ္စယပရိဂ္ဂဟ အခဏ်းများတွင် ကြည့် ပါလေ။)

ထိုအတူ စက္ခုနှင့်ရူပါရုံ နှစ်ပါးတိုက်ဆိုင်၍ ဖြစ်ပေါ် ထွက်ရှိ လာသော မြင်သိမှုဟုဆိုအပ်သော စက္ခုဝိညာဉ် စိတ်ကလေး တလုံးသည် မဖြစ်ပေါ်မီကလည်း တနေရာ တဌာနတွင် ဖြစ်ပေါ် ရန် အဆင်သင့်နေပြီမဟုတ်။ စက္ခုနှင့် ရူပါရုံတွေ့ဆုံသည့် အခါ ကျမှသာလျှင် သဘာဝအလျောက် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ထို့နောက် ချုပ်ပျောက်သွားသော အခါ၌လည်း တနေရာ တဌာနတွင် သွားရောက် တည်ရှိနေသည်မဟုတ်ချေ။ ဤသို့လျှင်

ကျန်စိတ် ဖြစ်ပုံတို့မှာလည်း အကြောင်းညီညွတ်၍ မရှိသော နေရာမှ သဘာဝအလျောက် ဖြစ်ပေါ် လာကြပြီးလျှင် မရှိသော နေရာသို့ ချုပ်ပျောက်သွားခြင်းမျှသာ ဖြစ်သည်ကို သိအပ်၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာရှင်သည် မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကဝဂ် ဂုဟဋ္ဌကသုတ်နှင့် ဇရာသုတ်တို့တွင် လာရှိသည့် အထက်တွင် ဖော်ပြထားသော အဒဿနတော အာယန္တိ ဆိုသော ပါဠိတော်ကို ကိုးကားကာ ရေးသား ဖော်ပြထားခြင်း ဖြစ်လေသည်။ အဓိပ္ပါယ်သော်ကား- သင်္ခါရာ၊ ခန္ဓာ ၅-ပါး သင်္ခါရတရားတို့သည်။ အဒဿနတော၊ မရှိမမြင်ရာ အရပ်မှ။ အာယန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဘင်္ဂါ၊ ချုပ်ပျက်ပြီးခါ ခန္ဓာ ငါးပါး သင်္ခါရတရားတို့သည်။ အဒဿနံ၊ မရှိမမြင်ရာ အရပ်သို့။ ဂစ္ဆန္တိ၊ သွားရောက်ကြကုန်၏။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ လျှပ်စီးလက်ဘိသကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်းဖြစ် ကုန်၏။ ဝယန္တိစ၊ ပျက်လည်း ပျက်ကြကုန်၏ဟူ၍ ရှင်းလင်း ဖော်ပြထားခြင်း ဖြစ်လေသည်။

——‡——

## ပညတ်နှင့် ပရမတ်

ပညတ်ဆိုသည်မှာ လူတို့ဝေါဟာရ အားဖြင့် ခေါ်ဆိုနေကြသော နာမည်အခေါ်အဝေါ် စသည်တို့ကိုဆို၏။ ဥပမာဆိုသော် လူ, တိရစ္ဆာန်၊ မိဘ, သားသမီး စသည်တို့ဖြစ်၏။ ပရမတ်ဆိုသည်မှာ ဘုရားရှင် အလိုရှိအပ်သော ဓာတ်သဘာဝ သဘောတို့ကိုဆို၏။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် စသည်တို့ ဖြစ်၏။

ထိုတရား ၂-ပါးတို့ကို ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဟော ပြောရာတွင်ရင်း၊ မိမိကြံစည် စိတ်ကူးရာတွင်ရင်း၊ ရောထွေးခြင်း မပြုဘဲ သူ့ကိစ္စ၊ သူ့နေရာနှင့်သူသာ ပြောဆို ကြံစည်ခြင်းကို ပြုရာသည်။ ပညတ်ကို ပရမတ်နေရာတွင် လာရောက် သုံးစွဲပါက အဆင်မပြေဘဲ ရှိတတ်၏။ ထို့အတူ ပရမတ်ကို ပညတ်နေရာ၌ လာရောက် သုံးစွဲပါကလည်း အဆင်မပြေဘဲရှိတတ်၏။

ပညတ်အားဖြင့် မိဘရှိ၏။ ပရမတ်အားဖြင့် ရုပ်ခေတ်နာမ် ခေတ် ၂-ပါးသာရှိ၏။ မိဘမရှိ၊ ပညတ်အားဖြင့် မိဘကို ရိုသေ ရ၏။ ရှိခိုးပူဇော်ရ၏။ ဤနေရာတွင် ဘုရားဟောတာဘဲ သူတို့လဲ နာမ်ခေတ်၊ ရုပ်ခေတ်ဘဲ ငါလဲ နာမ်ခေတ် ရုပ်ခေတ်ဘဲဟု ပရမတ် ကို ဆွဲသွင်းလာ၍မရ၊ ထို့အတူ ရုပ်ပွားတော် စေတီတော်သည် ပညတ်အားဖြင့်ရှိ၏။ ရိုသေ လေးစား ရှိခိုးပူဇော် ရမည်သာ တည်း။ အုတ်ခဲတွေ၊ ကျောက်ခဲတွေ၊ သဲတွေ စုပုံနေတာဘဲဟု မပြောမဆိုအပ်၊ စာမျက်နှာ ၂၈-တွင် ရှင်းလင်းခဲ့ပြီ။

ပညတ်မှာ ပုဂ္ဂလပညတ် အဋ္ဌကထာ (ပဥ္စမကြိုဏ်) အလိုအား ဖြင့် ၆-မျိုးလာရှိလေသည်။ ၎င်း ၆-မျိုးတို့မှာ....

၁-ဝိဇ္ဇမာနပညတ်။
၂-အဝိဇ္ဇမာန။
၃-ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။
၄-အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။
၅-ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။
၆-အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

ဤသို့လျှင် ပညတ် ၆-မျိုး လာလေသည်။

၁-ဝိဇ္ဇမာန ပညတ်ဆိုသည်မှာ ပရမတ္ထအားဖြင့် ထင်ရှား ရှိသော သဘာဝဓမ္မကို ခေါ်ဆိုထားခြင်းဖြစ်၏။ စိတ်, စေတသိက် ဖဿ, ဝေဒနာ, ပထဝီ, အာပေါ, အဘိညာဉ်, ခန္ဓာ စသည်တို့ ဖြစ်၏။

၂-အဝိဇ္ဇမာနပညတ်ဆိုသည်မှာ ပရမတ္ထအားဖြင့် ထင်ရှား မရှိ။ လောကသမုတိအားဖြင့်သာလျှင် ပြီးသော ယောကျ်ား မိန်းမ, ပုဂ္ဂိုလ် လူနတ်, ကျွဲ,နွား စသည်တို့ဖြစ်၏။

၃-ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဆိုသည်မှာ ပဌမပုဒ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ ဒုတိယပုဒ်မှာ ပရမတ္ထအားဖြင့် ထင်ရှားမရှိခြင်း ဖြစ်၏၊ ဆဠာဘိညော၊ ၆-ပါးသော အဘိညာဉ် ရှိသောသူ။ အဘိညာဉ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ပုဂ္ဂိုလ်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိ။

၄-အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဆိုသည်မှာ ပဌမပုဒ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ဒုတိယပုဒ်မှာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣတ္ထိသဒ္ဒေါ၊ မိန်းမ အသံ။

၅-ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဆိုသည်မှာ ပဌမနှင့် ဒုတိယ စကား ၂-လုံးပင် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ စက္ခုဝိညာဏံ၊ စက္ခုပသာဒရုပ်ကို မှီ၍သိခြင်း။

၆-အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ် ၂-ပုဒ် စလုံး၌ပင် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ရာဇပုတ္တော၊ မင်းသား။

လိုရင်းကား ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည် မြင်သော ကြားသော ပညတ်တွင်သာ ရပ်မနေမူ၍ ပညတ်ကို ကျော်လွန်

ကာ ပရမတ္ထသဘောသဘာဝကို ပညာမျက်စိဖြင့် မြင်ရှု၍ ၎င်းပရမတ္ထ တရားတို့၏ အနိစ္စဖြစ်ပုံ၊ ဒုက္ခ ဖြစ်နေရပုံ၊ ကိုယ်နှင့် မဆိုင် ကိုယ်မပိုင် ကိုယ်အစိုးမရပုံတို့ကို သဘောကျအောင် အားထုတ် ကျိုးစားရမည်။ အသေးစိပ် သိရှိရန်မှာ ရှေ့လာမည့် သမ္မသနဉာဏ်ခဏ်းတွင် ကြည့်ပါလေ။

တဖန်ဆက်ကာ "တက်ကျမ်း" နည်းဖြင့် ရေးသားလိုသည်မှာ ဖိုးသူတော်တိုင်း ဖိုးသူတော်တိုင်း လူဖြစ်၏။ သို့သော် လူတိုင်း လူတိုင်း ဖိုးသူတော်မဟုတ်။ ထောင်ကထွက်လာတိုင်း ထွက်လာ တိုင်း (ဝါ)ထောင်ထွက်တိုင်း ထောင်ထွက်တိုင်း ကတုံးဖြင်၏။ သို့သော် ကတုံးတိုင်း ကတုံးတိုင်း ထောင်ထွက်မဟုတ်။ တနည်း ဆိုရပြန်လျှင် နေ့အခါ လူလာပြီဆိုလျှင် ညှော့သည်လာသည်ကို ဆိုလို၏။ သန်းခေါင်ကျော် ညအခါ လူလာပြီဆိုလျှင် သူခိုးလာ သည်ဟု ဆိုလို၏။

ဤသည်တို့ကား နေရာဌာနလိုအင်ဆန္ဒကိုလိုက်၍ နေရာတကျ သုံးစွဲကြရလေသည်။ ထိုကြောင့် ပညတ်နှင့် ပရမတ်မှာလည်း နေရာတကျ သုံးစွဲရလေသည်။

တဆင့်တက်ဦးအံ့၊ ပညတ်အားဖြင့် အဖေသည် သားထက် အသက်ကြီး၏၊ တက်ကျမ်းအလိုအားဖြင့် အဖေသည်သားနှင့် အသက်အတူတူပင်ဖြစ်၏။ သားသည်အဖေနှင့် အသက် အတူတူ ပင်ဖြစ်၏၊ ၎င်းတက်ကျမ်းဆရာ အလိုကား သားရှိလာသော အချိန်တွင် အဖေရှိလာရ၏၊ သာဟု ခေါ်စရာ ပညတ်မရှိမီ အဖေ မရှိနိုင်၊ ထိုအတူ အဖေဟုအခေါ်ခံနိုင်သော အချိန်ကစ၍ သား

ရှိလာရ၏၊ အဖေမရှိမီ သားမရှိနိုင်၊ ဤကား သဘောတရားကို ဆိုလို၏။ ဤသို့အကြောင်းပြု၍ ဆိုလိုရင်းကိုပြန်လည် ဆက်ရသည့် ရှိသော် ပညတ်နှင့် ပရမတ် ကွဲရန်ဖြစ်၏။ ပညတ်ဟူသည် အများ ခေါ်ဝေါ်ထားသည်ကို မပယ်ရ အသိအမှတ် ပြုရ၏၊ သို့သော် ပရမတ်အားဖြင့် အကောင်အထည် ဒြပ်သဏ္ဍာန်မရှိဟု ဘုရားရှင် သည် ဟောတော်မူခဲ့ပြီ။ ဓမ္မသင်္ဂဏီ၌ လာသော-

ကုသလာ ဓမ္မာ၊

အကုသလာ ဓမ္မာ၊

အဗျာကတာ ဓမ္မာ၊

ရူပိနော ဓမ္မာ၊ အရူပိနော ဓမ္မာ၊ လောကိယာ ဓမ္မာ၊ လောကုတ္တရာ ဓမ္မာ စသည်တို့၏ ဓမ္မာဆိုသည်မှာ၊ ဓမ္မာသည် နိဿတ္တ၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝ၊ အသက်မဟုတ်။ သဘာဝ၊ ဓာတ်သဘောတရားမျှသာ ဖြစ်သည်ဟု တိကျစွာ မိန့်တော်မူ၏၊ အနတ္တသုတ်တွင်လည်း အတ္တမဟုတ် စသည်ဖြင့် ဘုရားရှင်သည် ၄၅-ဝါတိုင်တိုင် အတ္တမရှိ အနတ္တသာ ဖြစ်၏ဟု မိန့်တော်မူခဲ့ပြီ။

ဤ၌ အဖနှင့်သား ဥပမာ ဝင်လာလေပြီ။ သတ္တဝါတဦး၏ စုတိနောင်ပဋိသန္ဓေတွင် ကလာပ် ၃-စည်းရ၏။ ထိုကလာပ် ၃-စည်းကို လူတို့မျက်စိဖြင့်မမြင်ရ၊ ထိုသို့ မမြင်ရသော်လည်း ပရမတ် ပညတ်အားဖြင့် ကာယဒသက, ဘာဝဒသက, ဝတ္ထု ဒသကဟူ၍ကား စ၍ခေါ်ရတော့၏။ ထို့ကြောင့် ပရမတ် ရှိလာ သောအခါ ပညတ်သည် ရှိလာတော့၏။ အမှန်အားဖြင့်ကား ပရမတ်သည် အထည်ဒြပ် သဏ္ဍာန်မရှိ၊ သဘောတရားမျှသာ

ဖြစ်၏။ ယင်းသို့ပင် မရှိသော်လည်း ပညတ်အားဖြင့် လောကတွင် မိဘနှင့် သားသမီးသည် ရှိဘိသကဲ့သို့ ပညတ်အားဖြင့် အထည်ဒြပ် သဏ္ဍာန်ကို လက်ခံရပေတော့၏။

ထိုကြောင့် မြင်ရှိနေသော အထည်ဒြပ် သဏ္ဍာန် လူ, တိရစ္ဆာန်, မိန်းမ, ယောကျ်ား စသည်တို့မှာ ပညတ် အစိုင်အခဲ ဖြစ်၍ ပရမတ်ကား ခေတ်သဘော သဘာဝ သက်သက်မျှသာ ဖြစ်၏။ ဤ၌ ပုဂ္ဂလနှင့် ဓမ္မကို ကွဲအောင်သိရမည်၊ ပုဂ္ဂလနှင့် ဓမ္မကား အာရုံဖြစ်၍ တဏှာနှင့် ပညာကား အာရမ္မဏိက ဖြစ်၏၊ ထိုအာရုံ အာရမ္မဏိက နှစ်ပါးလုံးပင် အနတ္တဖြစ်၏။ ပုဂ္ဂလကား တဏှာ၏ အာရုံဖြစ်၍ ဓမ္မကား ပညာ၏ အာရုံဖြစ်လေသည်။ ဘုရားရှင်၏ တရားတော်သည် အထက်ကျလေလေ သိမ်မွေ့လေလေဖြစ်၏။ သိမ်မွေ့လေလေ ဆရာကောင်း လိုလေလေ ဖြစ်ပြန်၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ပညတ်အားဖြင့် လူ, ယောကျ်ား မိန်းမ, ခွေး, နွား စသည်ဖြင့် လက်ခံရမည် ဖြစ်သော်လည်း ဝိပဿနာ လုပ်ငန်းထိုင်မိသောအခါ ထိုပညတ်ကို ဘေးတွင် ပိုထား၍ ရုပ်ခေတ်, နာမ်ခေတ် ၂-ပါးကိုသာ ပညာမျက်စိဖြင့် ထွင်းဖေါက် ဆင်ခြင်ရမည်၊ ထိုကြောင့် သမ္မောဟဝိနောဒနီ-သတိပဋ္ဌာနဝိဘင်းအဖွင့်၌ ဤသို့လာ၏။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊
ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊
ဗဇ္ဈမာနော န မုစ္စတိ။

ယံ၊ အကြောင်ကြောင့် ပုရိသ ယောကျ်ားမိန်းမ စသော ပညတ်ကို။ ပဿတိ၊ ပသာဒစက္ခုဖြင့် မြင်၏။ တံ၊ ထိုမျက်စိဖြင့် မြင်သော ယောကျ်ားမိန်းမ ပညတ်ကို။ နဒိဋ္ဌံ၊ ပရမတ္ထအားဖြင့် ရှုမြင်သည်မဟုတ်။ ယံ၊ အကြောင် ယောကျ်ားမိန်းမ ကေဿလောမာ ရုပ်နာမ် အစရှိသော ဘူတရုပ်အပေါင်းကို။ ဒိဋ္ဌံ၊ မုချဆတ်ဆတ် ပရမတ္ထ (ပညာစက္ခု) အားဖြင့် ရှုမြင်အပ်၏။ တံ၊ ထိုပရမတ္ထအားဖြင့် ရှုမြင်အပ်သော ရုပ်နာမ် စသောတရားကို။ နပဿတိ၊ ပသာဒစက္ခုဖြင့် မရှုမမြင်နိုင်။ အပဿံအပဿန္တော၊ ရုပ်နာမ်စသော ပရမတ္ထတရားကို မရှုမမြင်နိုင်သော။ မူဠှော၊ ပရမတ္ထတရား၌ တွေဝေသော ပုထုဇဉ်ကို။ ဗဇ္ဈတေ၊ တဏှာဖြင့် ပြင်းစွာ ချည်နှောင်တော့၏။ ဗဇ္ဈမာနော၊ တဏှာဖြင့် ပြင်းစွာ ချည်နှောင်အပ်သော ပုထုဇဉ်သည်။ နမုစ္စတိ၊ ဒုက္ခတည်းဟူသော သံသရာဝဋ်မှ မလွတ်နိုင်တော့ချေ။

ထိုကြောင့် ဝိပဿနာယောဂီသည် အလုပ်စခန်းသို့ ဝင်သောအခါ ပညတ်ကို လုံးလုံးလျားလျား လက်မခံမူ၍ လူဆိုလျှင် ၃၂-ကောဋ္ဌာသကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရမည်။ ထိုအခါ လူဟုခေါ်သော ပညတ်မရှိတော့ပြီ။ ထိုနောက် ၃၂-ကောဋ္ဌာသဖြစ်သော အသားကိုသော်၎င်း၊ အရေကိုသော်၎င်း ၊အကြောစသည် တို့ ကို သော်၎င်း၊ ဓာတ်ကြီးလေးပါးဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်သည်ရှိသော် ပညတ်ပျောက်၍ ပရမတ်သဘာဝတရားကိုမြင်မှ နိဿတ္တနိဇ္ဇီဝ သဘာဝသတ္တဝါမဟုတ် အသက်မဟုတ် သဘာဝတရားမျှသာ ဆိုသည်နှင့် ကိုက်ညီနိုင်ပေမည်။ ပညတ်ပေါ်လျှင် ပရမတ်ငုပ်၏။ ပရမတ်ပေါ်လျှင် ပညတ်ငုပ်၏။

ထိုကြောင့် ပညတ်ကိုငုပ်စေ၍ပရမတ်ရုပ်ဓာတ်,နာမ်ဓာတ် နိဿတ္တ နိဇ္ဇီဝ သဘာဝဓာတ် သက်သက်သာဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း ဉာဏ်ဖြင့်မြင်အောင် အထူးကျိုးစားအပ်လေသည်။

—‡—

## လင်းမှန်သို့ဝိုက်ရန်

(ပါရာသိရာဇညသုတ်)

ဘုရားရှင်၏ တရားတော်ကို သူတပါး နားလည်အောင် တန်ဆာဆင်၍ ဟောပြောရာတွင် တေဒဂ် ရတော်မူသော အရှင်ကုမာရ ကဿပသည် အခါတပါး၌ အယူလွဲမှားနေသော ပါယာသိရာဇညမင်းကြီးအား အမျိုးမျိုးသော ဥပမာ ဥပမေယျတို့ဖြင့် ဟောပြောတော်မူရာ မင်းကြီးက အရှင်ဘုရား၊ အရှင်ဘုရား ဟောတော်မူသည်မှာ ကောင်းမြတ်လှပါ၏၊ မှန်ကန်လှပါ၏။ သို့ငြားသော်လည်း အရှင်ဘုရား တပည့်တော်တို့ ယူလာသော အယူမှာ နှစ်ရှည်လများ ကြာမြင့်စွာ ရှိခဲ့ပါပြီဘုရား။ ယခုမှ ပြုပြင်ပြောင်းလွဲရသော် ကဲ့ရဲ့ဘွယ် နစ်နာဘွယ် ဖြစ်လှပါ၍ လက်မခံနိုင်ပါဘုရားဟု လျှောက်ထားပြန်၏။

ထိုသောအခါ တရားအရာ၌ သူတပါး နားဝင်အောင် ဟောတော်မူရာတွင် တေဒဂ် ရရှိပြီးဖြစ်သော ကုမာရကဿပ အရှင်မြတ်က အဘယ်ကဲ့သို့ ဆက်လက် ဟောပြန် ပါသနည်း သို့သော် တကာတော် ဤသို့သော ဥပမာဖြင့် စဉ်းစားဆင်ခြင် ဦးလော့။

တနေ့သောအခါတွင် သူငယ်ချင်း ၂-ယောက်တို့သည် အလွန်ဝေးကွာသောဌာနမှ ပိုက်ဆံလျှော်တို့ကို ထမ်းပိုး ယူဆောင်လာကြ၏။ ယင်းသို့ယူဆောင်လာကြရာ လမ်းတွင်ရွာပျက်တခုကို တွေ့၏။ ထိုရွာပျက်တွင် ခေါမတိုင်းမှ ဖြစ်သော အထည်အဝတ်တို့ကို တွေ့ရှိလေ၏။

ထိုအခါ တယောက်သောသူသည် ထမ်းပိုးလာသော ပိုက်ဆံလျှော်တို့ကို စွန့်ပစ်၍ အထည်အလိပ်တို့ကို ထမ်းလာ၏။ တယောက်သောသူကား မိမိသည် ရပ်ဝေးမှ ထမ်းယူလာခဲ့ရသဖြင့် ပိုက်ဆံလျှော်တို့ကို မစွန့်လွှတ်နိုင်ဆိုခါ အထည်အဝတ်တို့ကို မယူဘဲ လျှော်ပင်တို့ကိုသာ ဆက်လက်ထမ်းမြဲ ထမ်းလာလေသည်။

နောက်တကြိမ် ရွာပျက်တခုသို့ ရောက်ပြန်သော် ထိုရွာပျက်တွင် ငွေထည်များကိုတွေ့၍ ပဌမလူသည် မိမိဥပါသော အထည်အလိပ်တို့ကို စွန့်လွှတ်၍ ငွေထည်များကို ထမ်းဆောင်လာခဲ့၏။ ဒုတိယလူကား မိမိသည် ဝေးကွာလှစွာသော နေရာဌာနမှ ပိုက်ဆံလျှော်ကို ထမ်းဆောင်လာရသဖြင့် ပိုက်ဆံလျှော်ကို မစွန့်ပစ်နိုင်ဆိုခါ ပိုက်ဆံလျှော်ကိုပင် ဆက်လက် ထမ်းဆောင်လာခဲ့ပြန်၏။

ထိုမှဖန် ဆက်လက် လာကြပြန်သော် ရွာပျက် တခုတွင် ရွှေထည်များ တွေ့ရှိရကား ပဌမလူသည် ငွေထည်တို့ကို စွန့်လွှတ်၍ ရွှေထည်ကို ထမ်းပိုး ယူဆောင်လာခဲ့၏။ ဒုတိယလူကား မိမိသည် ဝေးကွာလှသောဌာနမှ ကိုယ်တိုင် အပင်ပန်းခံကာ ထမ်းဆောင်လာရသဖြင့် ပိုက်ဆံလျှော်တို့ကို မစွန့်လွှတ်နိုင်ဟု

ဆိုခါ လျှော်များကိုပင် ထမ်းပိုးဆောင်ရွက် လာခဲ့၏။ (သုတ် မဟာဝါ ပါဠိတော် ပါရာသိ ရာဇညသုတ်။)

ဤသည်ကိုထောက်၍ ဝိပဿနာ ယောဂီလုပ်လိုသူ သူတော်သူမြတ်သည် အကာယ်၍ မိမိ၏အယူအဆ လွဲမှားသည်ဖြစ်အံ့။ တန်ဘိုးမရှိ လေးလံလှသော ပိုက်ဆံလျှော်ချည်ကို စွန့်ပစ်၍ ထန်ဘိုးရှိလှသော မိမိနှင့်တကွ မိဘ,သားမယား ဆွေမျိုးစသည် တို့၏ စိတ်နှလုံးကို ရှင်ပြုံး နှစ်သက်စေနိုင်သော ရွှေကိုသာ သမ်းပိုး ဆောင်ရွက်ခဲ့သော ပဋ္ဌမလူကဲ့သို့ ထိုလွဲမှားသော အယူအဆကို စွန့်ပစ်၍ မှန်သောအယူကို ရွေ့ပြောင်းခါ ဝိပဿနာလုပ်ငန်းကို ဆက်လက် ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် တမဂ်တဖိုလ်သို့ သွယ်ကူစွာ ရောက်ရှိပါစေသတည်း။

———‡———

## သိကြားမင်း

## လူးခြားစွာအကျိုးခံစားရပုံ

ကုသိုလ်ပြုရာဘွင် မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်ကောင်းမှုကို ပြုသဖြင့် သေသည်၏အခြားမဲ့၌ မင်းဖြစ်၏။ သူဌေးဖြစ်၏၊ နတ်ဖြစ်၏။ ဗြဟ္မာဖြစ်၏။ တနည်းဆိုသော်ကား ယခုဘဝဘွင်ပင် အသက်ရှည်ခြင်း၊ စည်းစိမ်ချမ်းသာ အဖြာဖြာ တိုးတက်ခြင်း၊ အနာရောဂါ ဘေးအန္တရာယ် ကင်းခြင်း၊ တနည်းဆိုပြန်သော် ယခုဘဝတွင်ပင် သောတာပန်မှစ၍ ရဟန္တာအထိ ဖြစ်နိုင်ခြင်း စသည်တို့ဖြစ်လေသည်။ သို့ရာတွင် သိကြားမင်းသည် ဘုရားတော်ကို အားကိုး အားထားပြုခြင်းကြောင့် လက်ငင်း

ခံစားရပုံမှာ အခြားအခြားသော ပုဂ္ဂိုလ်တို့နှင့်မတူ ထူးခြားစွာ အကျိုးကျေးဇူး ခံစားရရှိသွားလေသည်။

ထူးခြားစွာ အကျိုးခံစားရပုံမှာ သိကြားမင်းသည် ပြုအပ်သော ကုသိုလ်ကံအရှိန် ကုန်ပြီဖြစ်ရကား စုတေရတော့မည့် နိမိတ် ၅-ပါးတို့သည် သိကြားမင်းအား ထင်ရှားစွာ ဖြစ်၍လာ၏။ ထိုသောအခါ သိကြားမင်းသည် လွန်စွာထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ပြီးလျှင် ဘုရားရှင်ထံသို့ သွားရောက်ခါ ဘုရားရှင်၏ တရားတော်ကို လျှောက်ထားမေးမြန်း နာကြားခြင်းကို ပြုလုပ်လေသည်။

ဘုရားရှင်လည်း သိကြားမင်းမေးသော အမေးများကို ဖြေဆိုခါ တရားဟောတော်မူနေသည့် အချိန်အခါ၌ပင် သိကြားမင်းသည် တရားမဆုံးမီ သောတာပန် ဖြစ်ပြီးနောက် သိကြားဘဝမှ စုတေပြီးလျှင် ဘဝသစ်၌ ထိုသိကြားမင်း နေရာတွင်ပင် ပြန်၍ နေပျိုသော သိကြားမင်း ဖြစ်ပြန်၏။ (သုတ် မဟာဝါ သက္ကပဉှ သုတ်။)

ဤကဲ့သို့ သိကြားမင်းသည် စုတေမနေ သေလွန်ပြီးနောက် တဖန် ထိုနေရာ၌ပင် သိကြားမင်းသစ် ချက်ခြင်းဖြစ်လာရခြင်းကို ဘုရားရှင်နှင့် သိကြားမင်းသည်သာလျှင် သိလိုက်ကြ၏။ အခြားနတ်များ မသိလိုက်ကြကုန်။ ယင်းသို့ အပါယ် ၄-ပါး တံခါးကို ပိတ်စေ၍ သောတာပန် ဖြစ်ပြီးလျှင် ဤနေရာတွင် သေ၍ ဤနေရာတွင် အခြားနတ်များပင် မသိလိုက်ရအောင် သိကြားမင်း ထူးခြားစွာ ခံစားရရှိသော အကျိုးမှာ ဘုရားရှင်သည် သိကြားအား အဘယ်တရားကို ဟောတော်မူသနည်းဆိုမူ သံယောဇဉ်ကိုမှုတည်၍ တကျော၏ အကြောင်းရင်း ဖြစ်သော

ဝေဒနာကို ကျနစွာ ဟောတော်မူခြင်းဖြစ်၏။ ပါဠိတော်၌ ဘုရားရှင်သည် သိကြားမင်းအား ဝေဒနာကို အဘယ်ကဲ့သို့ ဟောတော်မူသနည်းဆိုသော် အသင်သိကြားမင်း သိအပ်၏။ တဏှာဟူသည် ဒွါရ ၆-ပေါက်မှ ဖြစ်ပေါ်ရရှိသော ဖဿ ဝေဒနာတို့ကို အစွဲပြု၍ ဖြစ်ပေါ်လာရခြင်းဖြစ်၏။ အကယ်၍ ဝေဒနာမဖြစ်ပေါ်ခဲ့သော် တဏှာသည် မဖြစ်ပေါ်တော့ပြီ။ တဏှာ မဖြစ်ပေါ်ခြင်းသည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။ ထို့ကြောင့် ဝေဒနာကို အဘယ်သို့ သိအပ်သနည်း ဆိုသော် နှစ်သက်စွဲလမ်းလာသော....

သောမနဿဝေဒနာ

ကိုမှီဝဲခံစားသောအခါ အကုသိုလ် တရားတို့သည် ပွားများ တိုးတက်လာပြီးလျှင် ကုသိုလ်တရားတို့သည် ယုတ်လျော့ကုန် ၏ တနည်းမူလည်း ဖြစ်ပေါ်လာသော သောမနဿဝေဒနာကို ကုသိုလ်ဖြစ်အောင် မှီဝဲပါက ကုသိုလ်တရားတို့သည် ပွားများ တိုးတက်လာပြီးလျှင် အကုသိုလ်တရားတို့သည် ယုတ်လျော့ကုန် ၏။ဟု ဘုရားရှင်သည် သောမနဿဝေဒနာအတွက် ၂-မျိုး ၂-စားခွဲ၍ ဟောတော်မူ၏။ ဤ၌ သောမနဿ ဝေဒနာတွင် ကုသိုလ်ဖြစ်ရန် အသို့ပြုလုပ်ရမည်နည်းဆိုသော် ရောက်ရှိလာသော သောမနဿဝေဒနာကို မမှီဝဲဘဲ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ဝိပဿနာ ဘာဝနာတင်၍ ဆင်ခြင်ပေးရမည် ဟူ၏။ ထို့အတူ....

ဒေါမနဿဝေဒနာ

သည် ဒွါရ ၆-ပေါက်မှ ဖြစ်ပေါ်လာသောအခါ မိမိအလို မရှိ သည်ကို တွေ့ရသဖြင့် ဒေါသမဖြစ်စေဘဲ၊ (ဝါ)အကုသိုလ်

တရားမဖြစ်ပွားစေဘဲ ရောက်ရှိလာသော ဝေဒနာကို အော်-ဤဝေဒနာမျိုးသည် နောက်နောက် ဘဝများစွာ ကလည်း ပေါ်ပေါက်ခဲ့ဘူးလေပြီ။ ယခုလည်း ပေါ်ပေါက်လျက်ရှိ၏။ ရှေးဘဝများစွာတွင်လည်း ပေါ်ပေါက်ဦးလတံ့။ သို့ရာတွင် ထိုဝေဒနာသည် မြဲသောသဘောမရှိ။ အနိစ္စ, ဒုက္ခ, အနတ္တမျှသာတည်းဟု ဆင်ခြင်ပေးရမည်။ ဤသို့လျှင် သုခဝေဒနာ, ဒုက္ခဝေဒနာတို့ကို အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်သာလျှင်ဖြစ်စေရမည်ဟု ဘုရားရှင်သည် သိကြားမင်းအား ဟောတော်မူခြင်းဖြစ်လေသည်။

ဤတွင် သဘောအားဖြင့်ဆိုသော် စာမျက်နှာ ၁၁၅-မှ အစပြု၍ ၁၂၄-အထိတွင် ပါရှိသော သဘောတရား အတိုင်းပင် ဖြစ်၏။

သိကြားမင်းသည် သံယောဇဉ်ကိုမူတည်၍ အမေး ၁၄-ခွန်း မေးရာ ဘုရားရှင်သည် ထို ၁၄ ပါးသော အမေးတို့ကို အဆုံးတိုင် ဖြေဆိုတော်မူသော်လည်း သိကြားမင်းသည် နံပါတ် ၅-ဖြစ်သော တဏှာအမေးတွင် ဘုရားရှင်ဖြေဆိုတော်မူသော ဝေဒနာ တဏှာအဆုံး၌ သောတာပန်ဖြစ်၍ စုတိပြီးလျှင် တဖန် သိကြားဘဝသစ်သို့ ဖြစ်ပါ၍ ကျန်ဘုရား များကို သောတာပန် သိကြားဘဝသစ်ဖြင့် ဆက်ပါ၍ တရားတော်ကို နာကြားရလေသည်။ ဤသို့လျှင် ဒွါရ ၆-ပေါက်မှ လာသော ဝေဒနာအရပ်ရပ်တို့ကို အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်သာ လျှင် ဖြစ်စေရန် ကျိုးစားရမည်။ အမှန်ပခန အချုပ်ကိုဆိုရသော် ဝေဒနာကို ခံစားခြင်းသည် တဏှာနှင့် အဝိဇ္ဇာကို ကျွန်စွာ အားပေးခြင်းဖြစ်သည်ကို သတိပြုတော်မူကြပါကုန်။

ထို့ကြောင့် မေတ္တာစိတ်ဖြင့် အသက်သတ်လွတ် စားသော ပုဂ္ဂိုလ်များနှင့် ကောသနိက်-ပတ္တပိုဏ် ဓုတင် ဆောင်ကြကုန်သော သူတော်ကောင်းတို့သည် အချို့ကား လျှာနှင့် အစားအစာ တွေ့ထိ၍ ဖြစ်ပေါ်လာသော ဝေဒနာအပေါ်တွင် တဏှာအားဖြင့် မစွဲလမ်းစေဘဲ (ဝါ)အကုသိုလ်စိတ် မဖြစ်စေဘဲ အာဟာရအပေါ်တွင် ဝိပဿနာ ကုသိုလ်ကို ပွားများဆင်ခြင်ပြီးလျှင် အဘိုးထိုက်တန်လှသော ကုသိုလ်ကို ယူကြကုန်၏။ အချို့တို့ကား သတိမပြုကြကုန်။ ထို့ကြောင့်လည်း စာမျက်နှာ ၉၅-တွင် ဖော်ပြခဲ့သော ဆရာတော်ကြီး ၂-ပါးသည် ဆွမ်းဘုန်းပေးရမည်ကိုပင် အော်-ဒုက္ခ ဒုက္ခဟု ညည်းညူတော် မူခြင်းမှာ ဒွါရ ၆-ပေါက်မှ ဝင်ရောက်မည့် ဒဏ်ရာ ဒဏ်ချက် တို့ကို ကြောက်ရွံ့ လှခြင်းကြောင့်ပင် ဖြစ်သည်မှာ ထင်ရှားလေပြီ။ ကောင်းသောဝေဒနာကို ခံစားလိုခြင်းသည် ပဋိသန္ဓေ နေရခြင်းဆင်းရဲ, နာရခြင်းဆင်းရဲ, အိုရခြင်းဆင်းရဲ, သေရခြင်းဆင်းရဲကို တောင့်တသည်ပင် ဖြစ်၏။ ထို့ကြောင့် ဤမှတဖန် ဝေဒနာ အရေးကြီးပုံကို ဘုရားရှင်သည် ညီတော်အာနန္ဒာအား ဟောတော်မူခြင်းကို ဆက်ဦးအံ့။

## ဝေဒနာ ခံစားလို့မှု အတွက် အကုသိုလ် ပြုလုပ်ကြပုံ

သတ္တဝါဟူသမျှကို ဒုက္ခဖြစ်စေနေသည်မှာ အဘယ်နည်းဟု စစ်ဆေးသော် အဝိဇ္ဇာနှင့် တဏှာကို တွေ့ရပေ၏။ တဖန် တဏှာ၏ အကြောင်းရင်းကို စစ်ပြန်သော် ဝေဒနာကို တွေ့ရပြန်၏။ ဝေဒနာသည် တဏှာကို ဖြစ်စေတတ်သော နေရာတွင်

အကြောင်းရင်းဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည် ညီတော် အာနန္ဒာအား ဝေဒနာကို သဘောပေါက်စေရန် သုတ်မဟာဝါ ပါဠိတော် နိဒါနသုတ်၌ ရှည်လျားစွာ ဟောတော်မူ၏။ ဟော တော်မူပုံ တစိတ်တဒေသကို ဖော်ပြရသည်ရှိသော် အောက်ပါ အတိုင်း ဖြစ်၏။

အခါတပါး၌ အရှင်အာနန္ဒာသည် အလွန် ခက်ခဲ နက်နဲသော ပဋိစ္စသမုပ္ပါဒ်တရားကြီးကို ဆင်ခြင် သုံးသပ်ရာ တရားသဘော ပေါက်၍ ဘုရားရှင်ထံ သွားရောက် လျှောက်ထားသည်တို့၏ အစိပ္ပါယ် လိုရင်းမှာ ပဋိစ္စသမုပ္ပါဒ် တရားတော်သည် တပည့်တော် အတွက် ထင်သလောက် အသိမခက်ပါဘုရားဟု လျှောက်ထား ၏။

ထိုသောအခါ ဘုရားရှင်က ချစ်သား ဤသို့ မဆိုလေနှင့် ထိုတရားသည် ခက်လည်းခက်၏၊ နက်လည်းနက်၏။ ချစ်သားမှာ မူကား ငါဘုရား ဟောပြော သွန်သင် ဆုံးမထားခြင်း ဂုဏ်ရားအခံ ရှိနေခြင်းကြောင့်ရင်း၊ ရှေးရှေးသော ပဒုမုတ္တရ ဘုရားရှင်ထံမှ စ၍ ချစ်သားပြုခဲ့သော ကုသိုလ်ကောင်းမှု ပညာဉာဏ် အာနိသင် တို့ကြောင့်ရင်း၊ သင်ချစ်သား ထိုမျှလွယ်ကူစွာ သိခြင်းဖြစ်၏ဟု မိန့်တော်မူ၏။ ထိုနောက်တဖန် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင် ရှင်းလင်း ဖော်ပြရာတွင် ဝေဒနာကို ဤသို့ရှင်းလင်း ဟောပြော် မူပြန်၏။

ခေါ်ပန၊ ဧင်စစ်။ ဝေဒနာ ပစ္စယာတဏှာ ဘိ၊ ဝေဒနာပစ္စယာ တဏှာဟူ၍။ ဣတိ၊ ဤသို့။ တေပဒံ၊ ဤပုဒ်ကို။ မယာ၊ ငါ

ဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ယထာယေန ပရိယာယေန၊ အကြင်သို့သော အကြောင်းဖြင့်။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်း ကြောင့်။တဏှာ၊ ၃-ပါးသော တဏှာတရားသည်။ (ဝါ) ၆-ပါး သော တဏှာတရားသည်။ ဟောတိ၊ ဖြစ်၏။ တဒမိနာပိ ပရိယာ ယေန၊ ဤအကြောင်းဖြင့်လည်း။ တံဝေပဒံ၊ ထိုဝေဒနာ ပစ္စယာ တဏှာဟူသော ပုဒ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဟိသစ္စံ၊ မှန်၏။ ဝေဒနာစ၊ ဝေဒနာတရားသည်လည်း။ စေနအာဘဝိဿ၊ အကယ်၍မျှား မဖြစ်ခဲ့ငြားအံ့။ ဧဝံသတိ၊ ဤသို့ဝေဒနာတရား မဖြစ်ခဲ့သည် ရှိသော်။ သဗ္ဗေနသဗ္ဗံ၊ အခြင်းခပ်သိမ်း။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သဗ္ဗံ၊ အလုံးစုံ ၃-ပါးသော တဏှာ တရားသည်။ (ဝါ) အလုံးစုံ ၆-ပါးသော တဏှာတရားသည်။ ကိမှိစိတဏှာမှ၊တပါးသော တစုံတခုသော အကြောင်းကြောင့်။ ကဿစိ၊ တစုံတယောက်သော လူ, နတ်, ဗြဟ္မာ သတ္တဝါအား။ နအာဘဝိဿ၊ မဖြစ်နိုင်လေရာ။

ထိုမှတဖန် ဘုရားရှင်သည် ဆက်လက် ဟောတော် မူပြန် သည်မှာ ချစ်သား ဝေဒနာသည် အဘယ်ကိုမှတည်၍အဘယ်ကဲ့သို့ ဖြစ်ပေါ်လာသနည်းဆိုသော် စက္ခုသမ္ဘဿဇာ ဝေဒနာဟူသည် နှင့်အညီ၊ စက္ခုပသာဒကို မှီ၍ဖြစ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာသည် ဖြစ်ပေါ်လာရ၏။ ဤသို့လျှင် ဘုရားရှင်သည် စက္ခု,သောတ, ဃာန, ဇိဝှာ, ကာယ,မန မည်သော တံခါး ၆- ပေါက်မှ ဝေဒနာ ဖြစ်ပေါ်ရ၏ဟု မိန့်တော်မူ၏။

ထိုဝေဒနာမရှိခဲ့လျှင် တဏှာမရှိတော့ပြီဟု ဟောတော်မူပြီး နောက် ဘုရားရှင်သည် တဖန် ဆက်လက် ဟောတော်မူပြန်သည်မှာ ချစ်သား အာနန္ဒာ- ဝေဒနာခံစားမှုကို အကြောင်းပြု၍ ဥစ္စာကိုရှာမှီး၏။ ဥစ္စာကို စောင့်ရှောက်ရ၏။ ဥစ္စာကို လျှို့ဝှက်ရ၏။ ဥစ္စာကြောင့် စိတ်အနှောက်အယှက် ဖြစ်ရ၏။ ဓား လက်နက်ကို ကိုင်စွဲရ၏။ ကိုယ်နှုတ်တို့ဖြင့် ထိပါးပုတ်ခတ် ငြင်းခုံ၏။ မုသားဆို၏။ များစွာသော အကုသိုလ်တို့ကို ပြု၏ဟု မိန့်တော်မူ၏။

ဤသို့လျှင် ဒွါရ ၆-ပေါက်မှ ဝင်လာသော ဝေဒနာတို့ အပေါ်တွင် သာယာနှစ်သက်လိုမှုသည် တဏှာ၏အကြောင်းရင်း ဖြစ်ရကား ထိုဝေဒနာ အရပ်ရပ်တို့ကို မခံစား မနှစ်သက် မတပ်မက်ဘဲ ဒွါရ ၆-ပေါက်မှ လာသော ဝေဒနာတို့ကို ကုသိုလ် ဖြစ်လာရေးအတွက် အနိစ္စ, ဒုက္ခ, အနတ္တ ဆိုသောစက်ဖြင့် ကြိတ်ဝါး ပစ်ရပေမည်။ တဏှာဘက်သို့ အကူးမခံစေရ။ အကယ်၍ သတိ မပြုဘဲ ဝေဒနာကို လက်ခံမိသော် စာမျက်နှာ ၁၂၁-တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုဝေဒနာကို အကြောင်းပြု၍ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ- ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ဖြစ်မည်မှာ သေချာလျက် ရှိပေတော့၏။

ဤကဲ့သို့ ဒွါရ ၆-ပေါက်မှ လာသည်တို့ကို ထိန်းသိမ်းစောင့် ရှောက်နိုင်ပါလျှင် အဘယ်လျှင် ၅-ပါးသီလကို လွန်ကျူးရပါ တော့အံ့နည်း။ ဒွါရ ၆-ပေါက်မှလာသော ဝေဒနာကို အနိစ္စ, ဒုက္ခ, အနတ္တဟူသော စက်ကြီးဖြင့် ကြိတ်ဝါးရန် ပဌမဦ ခဲယဉ်း

သည်ဟု ထင်ရသော်လည်း မိမိ၏ အဖေ သဟဲ မိမိ၏ ဘက်တော်သားများ ဖြစ်ကြကုန်သော စာမျက်နှာ ၅၁-တွင် ဖေါ်ပြထားသော အဘိဏှသုတ်နှင့် ၅၃-တွင်လာသော မရဏာနုဿတိကမ္မဋ္ဌာန်းကို နေ့စဉ်နေ့တိုင်း ဆင်ခြင် ကျိုးစားပေးပါက ဒွါရ ၆-ပေါက်မှ ဝင်လာသော ဝေဒနာကို အနိစ္စ, ဒုက္ခ, အနတ္တဟု ကြိတ်ဝါးပစ်ရန် မခဲယဉ်းသည်ကို ကိုယ်တိုင်တွေ့ရ ပေလတံ့။ ကျိုးစားတော် မူကြပါကုန်၊ ရလတံ့သော အကျိုးကား အတိုင်းမဖြတ်နိုင်ပေ။ ဒွါရ ၆-ပေါက် အရေးကြီးပုံကို ဆက်ဦးအံ့။

## နဂါးအမေး
## ဘုရားရှင် အဖြေ

မေး။ ။ကိံသု အဓိပတိ ရာဇာ။

ဖြေ။ ။ဆဒ္ဒါရာ ဓိပ္ပတိ ရာဇာ။

ကဿပ ဘုရားရှင် လက်ထက်၌ ရဟန်းတရားကို ကျနစွာ အားထုတ်ပါလျက် သေခါနီးတွင် အထက်ကျော် ကာရိက မပြောပလောက်သော သမန်းမြက်ငယ်သည် မိမိလက်တွင် ပြတ်ခါ ကပ်ရှိပါလာသည်ကို ဒေသနာမကြားမိသည် အတွက် ကုက္ကုစ္စ ဖြစ်ရှိ စုတေသည်၏ အခြားမဲ့၌ နဂါးသွား၍ ဖြစ်ကြောင်းကို စာမျက်နှာ ၁၀၆-တွင် ဖေါ်ပြခဲ့လေပြီ။

ထိုဧရကပတ္တ နဂါးမင်းသည် ဘုရားရှင်အား လွန်စွာဖူးမျှော်လိုခြင်းနှင့် ဘုရားရှင်၏ တရားတော်ကို လွန်စွာ နာကြားလို၍ ဘုရားရှင် ပွင့်တော်မူလျှင် ဘုရားရှင် ပွင့်တော်မူမှန်း သိရလေ

အောင် အမေးပုစ္ဆာပြဿနာ ဂါထာသီကုံး၍ မိမိသမီးကို ၁၅–ရက်တကြိမ် က,ခုန် သီဆိုစေ၏။ အကယ်၍ ထိုပုစ္ဆာ ပြဿနာတို့ကို ဖြေဆိုနိုင်ပါက နဂါးပြည်နှင့်တကွ သမီးတော်ကို ပေးမည်ဟုလည်း ကျေညာကြေးကြော်စေ၏။

ထိုပုစ္ဆာမှာ အလွန်ခက်ခဲသော ပုစ္ဆာဖြစ်၍ ဘုရားရှင်မှတပါး အခြားပုဂ္ဂိုလ်တို့၏ အရာမဟုတ်ခြင်းကြောင့် မည်သူ တစုံ တယောက်မျှ ဖြေဆိုခြင်းငှာ မဘတ်စွမ်းနိုင်ကြကုန်။ ဤသို့လျှင် အချိန်ကြာလတ်သော် တနေ့သောအခါ ဘုရားရှင်သည် ထင်ရှား ပွင့်တော်မူလေရာ ဥတ္တရလုလင်သည် ဘုရားရှင်ထံမှ အဖြေကိုယူ၍ နဂါးမင်းထံ သွားရောက် ဖြေဆိုလေသည်။ ထိုပုစ္ဆာနှင့် ဘုရား ရှင်အဖြေမှာ အဘယ်နည်းဆိုမူ....

အမေး။

ကိံသု အဓိပတိ ရာဇာ၊
ကိံသု ရာဇာ ရဇ္ဇိုသရော။

အဘယ်ကို အုပ်စိုးသောသူသည် မင်းမည်ပါ သနည်း။ အဘယ်မင်းသည် အဘိုးမထိုက် မြူမှုံအမှိုက်ကို အစိုးရပါ သနည်း။

အဖြေ။

ဆဒ္ဒါရာဓိပ္ပတိ ရာဇာ၊
ရဇ္ဇမာနော ရဇ္ဇိုသရော။

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနော ဟူသော ၆- ပါးသော တံခါးတို့ကို ကိလေသာ ခိုးသားဓားပြ မဝင်ရအောင်

စောင့်ရှောက် ထိန်းသိမ်းနိုင်သူသည် မင်းမည်၏။ ရူပ- သဒ္ဒ စသည်အာရုံ ကာမဂုဏ်ကို စုံစုံမက်မက် တပ်နှစ်သက်သော သူသည်ကား အဘိုးမထိုက် ကိလေသာ မြူအမှိုက်ကို အစိုးရသူ မည်၏။

အမေး။

ကထံသု ဝိရဇော ဟောတိ၊
ကထံ ဗာလောတိ ဝုစ္စတိ။

အဘယ်သို့ဖြစ်သောသူသည် အဘိုးမထိုက်သော မြူအမှိုက် ကင်းသည် ဖြစ်သနည်း။ အဘယ်သို့သော သူကို လူမိုက်ဟု ခေါ်ဆိုပါသနည်း။

အဖြေ။

အာရဇ္ဇံ ဝိရဇော ဟောတိ၊
ရဇ္ဇံ ဗာလောတိ ဝုစ္စတိ။

ရူပ သဒ္ဒစသည်အာရုံ ကာမဂုဏ်ကို မစုံမမက် မတပ်မနှစ် သက်သောသူသည် ကိလေသာမြူမှ သန့်ရှင်း ကင်းဝေးသောသူ မည်၏။ ကိလေသာအာရုံ ကာမဂုဏ်တို့ကို တပ်နှစ်သက်သော သူသည် လူမိုက်မည်၏။ (ဓမ္မပဒ–ဗုဒ္ဓဝဂ်။)

ဤသို့လျှင် ဘုရားရှင်သည် ဒွါရ ၆-ပေါက်မှ ဝင်လာသော ရန်သူတို့ကို နိုင်နင်းအောင် စောင့်ရှောက် သိမ်းဆည်း ရမည်ဟု မိန့်ဆိုတော်မူ၏။ (ဝါ) ဒွါရ ၆-ပေါက်မှ လာသောဝေဒနာတို့ကို မနှစ်သက် မခံစားဘဲ တဏှာဘက်သို့ မကူးမရောက်စေရန် သုခ, ဒုက္ခ, ဝေဒနာ အဝါကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာ ဘာဝနာဖြင့် ကြိတ်ဝါးပစ်ရပေမည်။

# ဒွါရ ၆-ပေါက်မှ
# ဝင်ရောက် နှိပ်စက် ညှဉ်းပန်းနေပုံ

ဒွါရ ၆-ပေါက်မှ ရောက်ရှိလာသော ဝေဒနာ ဟူသရွေ့အတွက် အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်သာ ဖြစ်စေရန် ဘုရားရှင်သည် သိကြားမင်းအား မိန့်တော်မူပုံတို့ကို ဖော်ပြခဲ့လေပြီ။ ထိုအတူ ညီတော်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ်ကို အကြောင်းပြု၍ လူတို့သည် ဝေဒနာကို ခံစားလိုမှုအတွက် လိမ်ကြ၊ ကောက်ကြ၊ သတ်ကြ၊ ဖြတ်ကြ၊ မတရား ပြုလုပ်ကြသည်တို့ကို ဘုရားရှင် အမိန့်ရှိကြောင်း ဖော်ပြခဲ့ပြီ၊ ထိုမှတဖန် ရေကပတ္တာ နဂါးကြီးအား ဝေဒနာဝင်ရာ တံခါး ၆-ပေါက်ကို ပိတ်ဆို့နိုင်သူသာ လောကတွင် မင်းအစစ်ဖြစ်ကြောင်း ဘုရားရှင်ဖြေဆိုပုံတို့ကိုလည်း ဖော်ပြခဲ့ပြီဖြစ်ရာ ယခုကား ဒွါရ ၆-ပေါက်မှ အပ ရန်သူ ၆-ဦးတို့သည် အစဉ်မပြတ် တလစပ်တည်း ညှဉ်းပန်း နှိပ်စက်နေပုံတို့ကို ဖော်ပြဦးအံ့။

စက္ခုသ္မိံ ဟညတိ မနာပါ မနာပေဟိ ရူပေဟိ။
သောတသ္မိံ ဟညတိ မနာပါ မနာပေဟိ သဒ္ဒေဟိ။
ဃာနသ္မိံ ဟညတိ မနာပါ မနာပေဟိ ဂန္ဓေဟိ။
ဇိဝှါယသ္မိံ ဟညတိ မနာပါ မနာပေဟိ ရသေဟိ။
ကာယသ္မိံ ဟညတိ မနာပါ မနာပေဟိ ဖောဋ္ဌဗ္ဗေဟိ။
မနသ္မိံ ဟညတိ မနာပါ မနာပေဟိ ဓမ္မေဟိ။

(သဠာယတနသံယုတ် အာသီဝိသဝဂ်)

စက္ခုသိမ်၊ စက္ခုပသာဒဥ်။ မနာပါ မနာပေဟိ၊ နှစ်သက်အပ် နှစ်သက်အပ်ကုန်သော။ ရူပေဟိ၊ အဆင်းရူပါရုံတို့ဖြင့်။ (ဝါ) အဆင်းရူပါရုံတို့သည်။ ဟညတိ၊ နှိပ်စက်ညှဉ်းဆဲ၏။ ထိုအတူ သောတ, ဃာန, ဇိဝှာ, ကာယ, မနဖြစ်သော ဒွါရ တံခါးတို့ကို လည်း သိအပ်ပြီ။ အထက်ပါ ပါဠိတော်ကို အလွတ်ကျက်၍ အားတိုင်း လေ့ကျင့်ရွတ်ဘတ် သရဇ္ဈာယ်တော် မူကြပါကုန်။

ဤ၌ ဆိုလိုရင်းကား အပြင်ပမှ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တည်းဟူသော အာရုံ ၆ ပါးတို့သည် မိမိ၏ ဒွါရ ၆-ပေါက်မှ အစဉ်အမြဲ ညှဉ်းပန်း နှိပ်စက်နေ၏ဟု ဘုရားရှင် မိန့်ဆိုတော်မူခြင်းဖြစ်၏။ မည်ကဲ့သို့ ညှဉ်းဆဲနှိပ်စက် ပြုကျင့်နေပါသနည်း။ မည်မျှ ဒုက္ခပေးနေ ပါသနည်းဆိုမူ စာမျက်နှာ ၁၁၅-နှင့် ၁၂၁-တွင် ကြည့်ရှုပါလေ။ ထိုကြောင့် ဒွါရ ၆-ပေါက်မှ ဝင်ရောက်ကုန်သော ဝေဒနာအရပ်ရပ်တို့ကို အလိုမရှိဘဲ (ဝါ)တဏှာဘက်သို့ မကူးစေဘဲ၊ (ဝါ)ဒေါသဘက် သို့ မကူးစေဘဲ၊ ဝေဒနာဟူသမျှတို့ကို ဤသည်တို့ကား အနိစ္စ သာတည်း၊ ဒုက္ခသာတည်း၊ အနတ္တသာတည်းဟု သမ္မာသနဉာဏ် စက်ကြီးဖြင့် မိမိရရ တိတိကျကျကြီး ကြိတ်ဝါးပစ်ပေးရမည်။ ဤ၌ ဒွါရ ၆-ပေါက်ကို ပိတ်ခြင်းကား တမဂ်တဖိုလ်ကို အလိုရှိ၍ ကျိုးစားအားထုတ်တော် မူကြကုန်သော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့၏ အဓိက လုပ်ငန်းကြီး တရပ်ပေတည်း။

# ဝိပဿနာလုပ်ငန်း
# နှင့်
# အစ္ဆေဝ ကိစ္စ အာတပ္ပံ

ဘုရားရှင်၏ တရားတော်ကို ဘုရားရှင် မပွင့်မီ အချိန်တွင် ရှိနေသော အကောင်းဆုံး တရားနှင့် ချိန်ဆ နှိုင်းယှဉ်သည် ရှိသော် ဘုရားမပွင့်မီက ဒါနသီလ သမထသည် ရှိ၏။ ဘုရားရှင် ပွင့်တော်မူသောအခါ ထိုဒါနသီလ သမထတို့ကို ဝဋ္ဋအဖြစ်မှ ကျော်လွန်ခါ ဝိဝဋ္ဋအဖြစ်သို့ တိုးတက်လိုက်ခြင်းပင် ဖြစ်၏။ တနည်းဆိုသော် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ယုံကြည်လေးစားမှုကိုဖြစ်စေ၍ "အနတ္တ"ကိုထင်ရှားစေလိုပြီးလျှင် ခန္ဓာ ၅-ပါးကို နှံ့မှုန်းငြီးငွေ့ စက်ဆုတ်စေရန်ဖြစ်၏။

ဘုရားရှင် မပွင့်မီက သမထလုပ်ငန်းသည် ရှိခဲ့၏။ ထိုသမထ လုပ်ငန်းဖြင့် ဗြဟ္မာပြည်သို့ ရောက်ရှိကြကုန်၏။ သမထ လုပ်ငန်း သည် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မချစ်မနှစ်သက်သော သူနှင့် ပေါင်းဖော်ရခြင်း၊ ချစ်နှစ်သက် သောသူနှင့် ကွေကွင်းရခြင်း၊ ဆင်းရဲအပေါင်းတို့ကို လွတ်အောင် မလုပ်နိုင်၊ သမထနေရာတွင် ဘုရားရှင်သည် ဝိပဿနာလုပ်ငန်း ကို ဖော်ထုတ်ပြသ၏။ ထိုဝိပဿနာလုပ်ငန်းကား၊ ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း။ ဝေဒနာခံစားရခြင်း ဘေးအပေါင်းတို့မှ ကင်းဝေးလွတ်လပ်အောင် လုပ်သောနည်း ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်၏ စာပေပရိယတ္တိ သင်ကြားရာတွင် စာသင်ခြင်း၏ ရည်ရွယ်ချက်မှာ ဝိပဿနာလုပ်ရန် စာသင်ကြား

ရမည်ဟု စာမျက်နှာ ၃-တွင် ဖော်ပြခဲ့လေပြီ။ ယခုလည်း ဝိပဿနာလုပ်ရန် အချိန်အခါ မဖင့်လေးစေဘဲ ချက်ခြင်း ကျိုးစား အားထုတ်ရန် ဘုရားရှင် ဟောတော်မူသည်ကို ထပ်လောင်း ဖော်ပြပါဦးအံ့။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံဝိဒွါ မနုဗြူဟယေ။
အဇ္ဇေဝကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။
နဟိနော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။

(ဉပရိပဏ္ဏာသ-ဘဒ္ဒေကရတ္တသုတ်။)

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန် ဖြစ်သော။ ဓမ္မဉ္စ၊ ခန္ဓာ ၅-ပါး တရားကိုလည်း။ တတ္ထတတ္ထ၊ ထိုထိုကာလ၌။ ဝိပဿတိ၊ ဝိပဿနာရှု၏။ အသံဟီရံ၊ တွန့်တိုခြင်း မရှိသော။ အသံကုပ္ပံ၊ ပျက်စီးခြင်းမရှိသော။ တံ၊ ထိုရှေးရှေး ဖြစ်သော ဝိပဿနာဉာဏ်ကို။ ဝိဒွါ၊ ပညာရှိသော။ သောဘိက္ခု၊ ထိုရဟန်းသည်။ အနုဗြူဟယေ၊ အဖန်တလဲလဲ ပွားများရာ၏။ အာတပ္ပံ၊ ကုသိုလ်ကောင်းမှုတို့၌ အားထုတ်ခြင်း လုံ့လကို။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ကိစ္စံကာတဗ္ဗံ၊ ပြုအပ်၏။ သုဝေ၊နက်ဖြန်၌။ ဇီဝိတံ၊ အသက်ရှင်အံ့ သည်ကိုလည်းကောင်း။ မရဏံ၊ သေအံ့ သည်ကိုဝင်း။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်ရာအံ့နည်း။ မဟာသေနေန၊ များစွာသော စစ်သည်ရှိသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ သဒ္ဓိံ၊ တကွ။ သင်္ဂရံ၊ ချစ်ကျွမ်းဖွဲ့၍ နေ့ရက် ချိန်းချက် ခြင်းသည်။ နဟိနော နဟိဝေ၊မရှိသည်သာလျှင်တည်း။

အထက်ပါ ပါဠိတော်အရ ကုသိုလ်ကောင်းမှု ပြုရာတွင် ရွှေ့ဆိုင်းခြင်းကို မပြုရ။ ယခုချက်ချင်းပင် ထ၍ ပြုလုပ်ရမည် ဆိုရာ၌ တိုက်ရိုက်အားဖြင့် ဝိပဿနာ ကုသိုလ်လုပ်ငန်းကို ပြုလုပ်ရမည်ဟု တိကျစွာ မိန့်ဆိုတော် မူထားခြင်း ဖြစ်သည်ကို သတိပြုတော် မူကြပြီးလျှင် ဝိပဿနာလုပ်ငန်းကို နက်ဖန်, သဘက် ရွှေ့ဆိုင်းမနေဘဲ အလျင်အမြန် ကျိုးစားအားထုတ်တော် မူကြကုန်ရာသည်။

ထိုမျှမက ဘုရားရှင်သည် ဝိပဿနာတရားကို ကျိုးစားအားထုတ် လုပ်ကိုင်ကြရန်သာ ဇောနထား၍ ဟောတော်မူရကား ထိုထိုသော ပါဠိတော်များတွင် ဝိပဿနာ လုပ်ငန်းအကြောင်း မြောက်များစွာ ပါရှိသည်ကို တွေ့ရှိရလေသည်။ ထိုကြောင့် ဤစာအုပ်၌ ဝိပဿနာလုပ်ငန်းကို ကျိုးစားအားထုတ် လုပ်ကိုင်ရန် ဘုရားရှင် ဟောကြားတော်မူသည်တို့မှ နောက်ထပ်တဖန် ဖော်ပြလိုသည်မှာ အောက်ပါအတိုင်းပင်။

## ဗြဟ္မာ့အဆို
## နှင့်
## ဘုရားရှင်အလို

အခါတပါး၌ ဗြဟ္မာကြီးသည် ဘုရားရှင်အား လူ့ပြည်၌ အသက်တို၏။ အဆင်းအို၏။ အနာပေါ၍ ဘေးများ၏။ အမျိုးမျိုးသော ဒုက္ခအပေါင်းတို့ ခြံရံလျက်ရှိ၏။ ထိုကြောင့် အသက်ရှည်ရန်၊ ဘေးကင်းရန်၊ အဆင်းလှရန်၊ ကာမရာဂကို အရေးတကြီး ပယ်သတ်ရန် အောက်ပါအတိုင်း ဆို၏။

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

ဤကဲ့သို့ ဗြဟ္မာကြီးက ဆိုသောအခါ ဘုရားရှင်က ကာမရာဂစွန့်ရုံ၊ ကာမရာဂ ကွာရုံမျှနှင့် ဒုက္ခအပေါင်းတို့မှ အစဉ်ထာဝရ မကောင်းငြိမ်းနိုင်သေး။ ထိုကြောင့် ကာမရာဂလောက်သာ မဟုတ်မူ၍ ကာမရာဂနေရာတွင် ငါ-ငါ့ဥစ္စာ-ငါ-ငါ့ကိုယ်ဟု အထင်မှားနေသော သက္ကာယဒိဋ္ဌိကို ပြုတ်အောင် ကွာအောင် နေ့မနေ ညမအား အစဉ်သဖြင့် ကြိုးစား ပွားများ အားထုတ်ရမည်ဟု အောက်ပါအတိုင်း မိန့်ဟတော်မူလေ၏။

သတ္တိယာ ဝိက ဩမဋ္ဌော၊
ဍယှ မာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။
(သဂါထာဝဂ္ဂသံယုတ်-သတ္တိဝဂ်)

သတ္တိယာ၊ လှံဖြင့်။ ဩမဋ္ဌောဝိက၊ ရင်ဝကို ထိုးစိုက်ခြင်း ခံနေရသောသူသည် အခြားကိစ္စအဝဝကို မလုပ်မူ၍ ထိုလှံကို အရေးတကြီး ဆွဲချွတ်ဘိသကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်းတခုလုံးကို။ ဍယှမာနောဝ၊ မီးဟုံးဟုံးစွဲလောင်နေခြင်းကို ခံနေရသောသူသည် အခြားကိစ္စအဝဝကို မလုပ်သေးဘဲ ဦးခေါင်းက မီးတောက်ကို အရေးတကြီး ငြိမ်းဘိသကဲ့သို့ရင်း။ ဘိက္ခု၊

သံသရာ ဘေးပေါင်းများစွာကို ကြောက်ရွံ့ခါ မျှော်တွေးသော သူသည်။ သတော၊ မမေ့မလျော့သော သတိရှိသည်ဖြစ်၍။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှာ။ ပရိဗ္ဗဇေ၊ သမထ ဝိပဿနာဘာဝနာ ပွားများခြင်းကို ခန္ဓာ အသက် မငဲ့ကွက်ဘဲ ရက်ရက်ရောရော အားထုတ်ရာသတည်းဟု ဘုရားရှင်က ပြင်ဆင်ခါ ဗြဟ္မာကြီးအား ဟောကြားတော်မူလေ သတည်း။

အထက်ပါ ဘုရားရှင်၏ ဟောပြောချက်မှာ ထိုစဉ်အခါက နေရထိုင်ရ အတော်ပင် နေရာကျသော ဘုရားရှင် သက်တော် ထင်ရှားရှိသော အခါကြီး၌ပင် ဘုရားရှင်သည် ရင်ဝလှံစူးသော သူကဲ့သို့ရင်း၊ ဦးခေါင်း မီးစွဲသော သူကဲ့သို့ရင်း၊ အခြားကိစ္စ အဝဝကို မပြုသေးဘဲ စူးဝင်နေသော လှံကို ချွတ်ဘိသကဲ့သို့ရင်း၊ ဦးခေါင်းက စွဲနေသောမီးကို သတ်ဘိသကဲ့သို့ရင်း၊ ငါဥစ္စာ၊ ငါ့ကိုယ်ဟု အယူမှားနေသော သက္ကာယဒိဋ္ဌိကို ပြုတ်အောင် ကျိုးစားအားထုတ်ရမည်ဟု အမိန့်ရှိတော်မူခဲ့၏။ အကြောင်း မှုကား သေခြင်းသဘောတရားသည် အလွန်လျင်မြန်ခြင်းကြောင့် ဖြစ်၏။

တိကျစွာ စဉ်းစားရန်ကား ဘုရားရှင် လက်ထက်နှင့် စာသော် ယခုကဲ့သို့ တတိုင်းပြည်လုံး သာသနာကြီး ဆုတ်ယုတ်နေသော ခေတ်တွင် အကယ်၍ ယခုကဲ့သို့ လောဘ, ဒေါသ, မောဟဇော အမျိုးမျိုးဖြင့် သေလွန်သွားသော် အဘယ်ဘုံသို့ မိမိတို့ ရောက် ရှိသွားမည်ကို စဉ်းစား သိရှိနိုင်လေပြီ။ ။

ထိုသို့မဟုတ်ဘဲကံကောင်း ထောက်မ၍ လူပြန်ဖြစ်သည်ထား စေဦး အဘယ်အမိဝမ်းတွင် ပဋိသန္ဓေနေမည်ဟု စိတ်ကူးပါ သနည်း။ ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း မသိသော သူတို့အား မိဘတော်စပ်ရလျှင် မိမိဘဝ အဘယ်သို့ ဖြစ်မည်နည်း။ ထို့ကြောင့် အားကိုးဘွယ်မှာ ဝိပဿနာ လုပ်ငန်းသာလျှင် ရှိရကား ထို လုပ်ငန်းကို အချိန်ရွေ့ဆိုင်း ဖင့်နွှဲမနေကြဘဲ ယနေ့ ယခုပင် တမဂ်တဖိုလ် ရရှိရေးအတွက် စတင် ပြင်ဆင် ကျိုးစားတော်မူနိုင် ကြပါ စေကုန်သတည်း။

ဝိပဿနာလုပ်ငန်းတွင်

နာမရူပ ပရိစ္ဆေဒဉာဏ်၊

ပစ္စယ ပရိဂ္ဂဟဉာဏ်၊

သမ္မသနဉာဏ်၊

ဉဒယဗ္ဗယ ဉာဏ်၊

ထိုဉာဏ်လေးပါး အရေးကြီး၏။

# ဘုရားရှင် အလိုရှိအပ်သော အနတ္တတရား

သဗ္ဗေ သင်္ခါရာ အနိစ္စ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခ၊
သဗ္ဗေ ဓမ္မာ အနတ္တာ၊

ဘုရားရှင်သည် ၄၅-နှစ်ကာလပတ်လုံး ဟောတော်မူအပ်သော တရားတို့ကို အတိုချုပ်လတ်သော် သတိပဋ္ဌာန် ၄-ပါး၊ သမ္မပဋ္ဌာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါးအားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါး ဖြစ်လာ၏။ ထို ၃၇-ပါးကို ချုပ်ပြန်သော်၊ သီလ, သမာဓိ, ပညာ ဖြစ်၏။ ပညာစခန်းတွင်လည်း အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ရှိရာ အဓိက ဘုရားရှင်အလိုတော် ရှိသည်မှာ "အနတ္တ" ဖြစ်၏။ (၀၁) နိဗ္ဗာန်ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည် သဗ္ဗေဓမ္မာ အနတ္တာဟု ဟောတော် မူခဲ့လေပြီ။

တနည်းဆိုသော် ဘုရားရှင် ပွင့်တော်မူခြင်းမှာ အနတ္တကို ထင်ရှားပိုင်ပိုင် ဟောတော်မူလိုခြင်း ဖြစ်လေသည်။ ရှေးအခါက အနိစ္စ, ဒုက္ခဟူ၍ ရှိခဲ့ကြ၏။ သို့ရာတွင် "အနတ္တ" ကိုကား ဘုရားရှင် ပွင့်မှသာ သိကြရသော တရားထူး ဟာရားမြတ် ဖြစ်လေသည်။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အာယတန ဝိဘင်္ဂတွင် အကျယ်တဝင့် ဖွင့်ဆိုထားလေပြီ။ ထိုအတူ မူလပဏ္ဏာသ အဋ္ဌကထာ အလဂဒ္ဒူပမသုတ်တွင် လာသည်မှာကား ဤသို့တည်း။

**အနိစ္စံ ဒုက္ခဥ္စ ပါကဋံ၊ အနတ္တာတိ နပါကဋံ။**

ဤ၌ ဆိုလိုရင်းမှာ ဘုရားမပွင့်မီသော အခါတွင်လည်း အနိစ္စနှင့် ဒုက္ခမှာ ပါကဋ၊ ထင်ရှားကြကုန်၏။ အနတ္တမှာကား နပါကဋ၊ မထင်ရှားကြကုန်။ ထို့နောက် အဋ္ဌကထာ ဆရာရှင်သည် ဆက်လက် ဖော်ပြပြန်သည်မှာ....

ပရိဗောဇက ဘာဇနာဒီသု ဟိ
ဘိန္နေသု အဟော အနိစ္စန္တိ
ဝဒန္တိ၊ အဟော အနတ္တာတိ
ဝတ္တာနာမ နတ္ထိ။

ပရိဗောဇက ဘာဇနာဒီသု၊ အသုံးအဆောင် ဖြစ်သော အိုး, အင် အစရှိသည်တို့သည်၊ ဘိန္နေသု၊ ကွဲကုန်သည် ရှိသော်။ အဟော အနိစ္စန္တိ၊ မြဲ-အနိစ္စဟု။ ဝဒန္တိ၊ ဆိုကြကုန်၏။ အဟော အနတ္တာတိပန၊ မြဲ- အနတ္တဟူ၍ မူကား။ ဝတ္တာနာမနတ္ထိ၊ ဆိုကြသူမရှိကုန်။ ထို့ကြောင့် ဘုရားရှင် တဆူတဆူ ပွင့်ပါမှ သိရှိအပ်သော "အနတ္တ" ဆိုသော ငါမဟုတ် ငါမပိုင် ငါအစိုးမရသည့် ခန္ဓာ ၅-ပါးကို ထင်ရှားစွာ ပွားများနိုင်စေရန် ဝိဘင်းပါဠိတော်မှ လာသော သတိပဋ္ဌာန်နှင့် ၎င်းအဋ္ဌကထာ ဖြစ်သော သမ္မောဟဝိနောဒနီမှ လိုရင်းကို ဖော်ပြပေအံ့။

**လူ့ တိရစ္ဆာန်မထင်**
**ကောဋ္ဌာသသာ ထင်ခြင်း**

တဲအိမ်တလုံးကို ၎င်းအတိုင်းမထားဘဲ ဖျက် ပုံ လိုက် သည်ရှိသော် အမိုး, အကာ, အခင်း, တိုင်ဟူ၍သာရှိတော့၏။တဲအိမ်ကား

မရှိတော့ပြီ။ ထိုအတူ ငါ-ဟု စွဲလမ်းယူဆထားသော ကိုယ်ခန္ဓာကြီးကို ခွဲခြမ်းစိတ်ဖြာ၍ အမျိုးတူ အချင်းချင်းကို စုပေါင်းချထားပါမူ ကိုယ်ခန္ဓာသည် မရှိတော့ချေ။ အမျိုးတူဖြစ်သော အပုံ ၃၂-ပုံကိုသာ တွေ့ရှိရပေတော့၏။ ၎င်း ၃၂-ပုံကို တနည်းအားဖြင့် ၃၂-ကောဋ္ဌာသဟုလည်း ခေါ်ဆို၏။ ၎င်း ၃၂-ကောဋ္ဌာသမှာ—

၁-ကေသာ .... ဆံပင်။

၂-လောမာ .... အမွေး။

၃-နခါ .... လက်သည်း,ခြေသည်း။

၄-ဒန္တာ .... သွား။

၅-တစော အရေ။ ၆-မံသံ အသား။ ၇-နှာရု အကြော။ ၈-အဋ္ဌိ အရိုး။ ၉-အဋ္ဌိမိဉ္ဇံ ရိုးတွင်းခြင်ဆီ။ ၁၀-ဝက္ကံ အညှို။ ၁၁-ဟဒယံ နှလုံး။ ၁၂-ယကနံ အသဲ။ ၁၃-ကိလောမကံ အမြှေး။ ၁၄-ပိဟကံ အဖျဉ်း။ ၁၅-ပပ္ဖာသံ အဆုတ်။ ၁၆-အန္တံ အူမ။ ၁၇-အန္တဂုဏံ အူသိမ်အူတွဲ။ ၁၈-ဥဒရိယံ အစာသစ်။ ၁၉-ကရီသံ အစာဟောင်း။ ၂၀-မတ္ထလုင်္ဂံ ဦးနှောက်။ ၂၁-ပိတ္တံ သည်းခြေ။ ၂၂-သေမှံ သလိပ်။ ၂၃-ပုဗ္ဗော ပြည်။ ၂၄-လောဟိတံ သွေး။ ၂၅-သေဒေါ ချွေး။ ၂၆-မေဒေါ အဆီခဲ။ ၂၇-အဿု မျက်ရည်။ ၂၈-ဝသာ ဆီကြည်။ ၂၉-ခေဠော တံတွေး။ ၃၀-သိင်္ဃာဏိကာ နှပ်။ ၃၁-လသိကာ အစေး။ ၃၂-မုတ္တံ ကျင်ငယ်။

လူအများ ထင်မှားနေကြသည်မှာ သတ္တဝါသည် နိစ္စ, သုခ, အတ္တ, သုဘ ဖြစ်၏။ ဘုရားရှင်သည် နိယာမတရား ၅-ပါးကို

မျက်ဝါးထင်ထင် တွေ့ရှိရသည်မှာ သတ္တဝါသည် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဖြစ်၏။ လောက၌ အမှားသည် လူပြောများ၍ အယူအဆ ကြာလတ်သော် အမှန်ဟု အယူရှိလာကြပြီးလျှင် နောင်တဖန် အမှန်ကို တွေ့ရှိသော်လည်း လွယ်ကူစွာ ပြန်လည် လက်မခံလိုကြသည်နှင့် အညီပင် ဖြစ်လေသည်။

ဤအယူဝါဒအမှားကို အမှန်ဟု ယခုဘဝမှသာ ယူဆကြသည် မဟုတ်၊ ရှေး-အနမတဂ္ဂ သံသရာ ဘဝများစွာကလည်း တဏှာ, မာန, ဒိဋ္ဌိ စွဲကာ ငါ့ဥစ္စာ "ငါ" ငါ့ကိုယ်ဟူ၍ အယူစွဲလာခဲ့ကြရာ ထိုမျှကြာရှည်စွာ အမှားကို အမှန်အဖြစ်ဖြင့် စွဲမှတ်လာခဲ့ကြသည် ကို ချက်ခြင်း ရုတ်တရက်အားဖြင့် ပြုပြင်၍မရနိုင်။ သို့သော် တာရှည်စွာ လေ့ကျင့်ပေးပါက ဖြစ်နိုင်သည်သာတည်း။ ထို့ကြောင့် မဇ္ဈိမနိကာယ်ပါဠိ ထိုထိုသော ပါဠိတော်များတွင် ဘုရားရှင် မကြာခဏ မိန့်တော်မူခဲ့သည်မှာ—

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ။
ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ။
အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ။

အဓိပ္ပါယ်မှာ မမြဲပါတကား-မမြဲပါတကားဟု အစဉ် အမြဲ မပြတ် လေ့ကျင့်ပေးပါက မြဲသည်ဆိုသော အမှတ်အသား သညာသည် ကင်းပျောက် စွန့်လွှတ်သွားတော့၏။ ထို့အတူ ဤခန္ဓာကိုယ်ကြီးကို ဒုက္ခပါတကား-ဒုက္ခပါတကားဟု အမြဲတစေ လေ့ကျင့်နေပါက သုခဟု အထင်မှားနေသော သညာသည် တနေ့တခြား နည်းပါး၍သွားကာ စွန့်လွှတ် ကွယ်ပျောက် သွားပေတော့၏။ ထို့အတူ ဤခန္ဓာကိုယ်သည် ငါမဟုတ်၊

ငါမပိုင် ၊ငါ့အစိုးမရဟု ထပ်ခါထပ်ခါ ဆင်ခြင်ပေးဖန်များလတ်သော် "ငါ" ဆိုသော "အတ္တ" အယူကိုစွန့်၍ အနတ္တ ဖြစ်ကြောင်းကောင်းကောင်းကြီး ပေါ်လာပေတော့၏။ ထိုအတူ ခန္ဓာကိုယ်ကြီးကို သုဘဟု စွဲလမ်းလာခဲ့သည်ကို သုဘမဟုတ် အသုဘသာတည်းဟု ကြိမ်ဖန်များစွာ ထိုသောအခါ၌ သုဘသညာကို စွန့်တော့၏။ ထို့ကြောင့် အထက်ပါ ၃၂-ကောဋ္ဌာသကို နိစ္စ, သုခ, အတ္တ, သုဘ မဟုတ်၊ အမှန်စင်စစ် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဖြစ်ကြောင်း ထင်ရှားလာအောင် ဝိဘင်းပါဠိတော်မှလာသောနည်းကို လေ့ကျင့်ပွားများနိုင်ရန် အနည်းငယ် ဖေါ်ပြပေအံ့။

၁။ တစ ပဥ္စက။

ကေသာ လောမာ နခါ ဒန္တာ တစော။

တစော ဒန္တာ နခါ လောမာ ကေသာ။

ဤသို့လျှင် အနုလုံအားဖြင့် ပဌမစာကြောင်းကို ၅-ရက်။ ပဋိလုံအားဖြင့် ဒုတိယစာကြောင်းကို ၅-ရက်။ အနုလုံပဋိလုံအားဖြင့် ၅-ရက်၊ ပေါင်း ၁၅-ရက်။ နှုတ်ဖြင့် တတွတ်တွတ်ရွတ်ဆိုပွားများရမည်။ ပါင်းသို့ ရွတ်ဆိုရာတွင်လည်း ဝတ်ကြေ ၁တ်ကုန် ရွတ်ဆိုရန်မဟုတ်။ ကေသာဆိုလျှင် ဆံပင်ကို မြင်အောင်ရှုခြင်း။ လောမာဆိုလျှင် အမွေးငယ် ကလေးများကို မြင်အောင် ဆင်ခြင်ခြင်း။ ဤသို့လျှင် ဆံပင်, အမွေး,ခြေသည်း, လက်သည်း, သွား, အရေ။ အရေ, သွား, လက်သည်း, ခြေသည်း, အမွေး ဆံပင်-စသည်တို့ကို ဖြေးဖြေးနှင့် ၃၂-ကောဋ္ဌာသ အစိတ်အပိုင်းတွေကိုမြင်အောင် စက်ဆုတ် ရွံရှာလာအောင် ငါမဟုတ် ငါမရှိ

ဆိုသည်ကို သဘောပေါက်လာအောင် ပွားများဆင်ခြင်ပေး ရမည်။ လိုရင်းမှာ ဝိတ်မပျံ့လွင့်စေဘဲ သမာဓိရရှိရေး ခန္ဓာကိုယ် ကြီးကို ရှုမုန်းရေးနှင့် ငါမဟုတ် ငါမရှိ ဓာတ်သဘော အနတ္တ သာဟည်းဟု ထင်ရှားလာရန်ကို အဓိကထား၍ ပွားများပေးရ မည်။ ။ထိုအတူ—

၂။ ဝက္က ပဉ္စက။

မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဤ ၅-မျိုးကိုလည်း ၅-ရက် တိုင်တိုင် သရဇ္ဈာယ်ပေးရမည်။

ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ ဤ ၅-မျိုးကိုလည်း ၅-ရက် တိုင်တိုင် သရဇ္ဈာယ်ပေးရမည်။

ထို့မှတဖန် ရှင်းစာကြောင်း ၂-ခုကို တပေါင်းတည်းပြု၍ အနုလုံ၊ ပဋိလုံ အားဖြင့်လည်း ၅-ရက်တိုင် သရဇ္ဈာယ်ပေးရ မည်။ ထိုနောက် ရှေ့တစပဉ္စကနှင့် ပေါင်း၍လည်း....

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။

ဟူ၍ ၅-ရက် သရဇ္ဈာယ်ပေးရမည်။ ထိုနောက်တဖန်

ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

ဟူ၍လည်း ၅-ရက်တိုင်တိုင် သရဇ္ဈာယ်ပေးရမည်။

၃။ ပပ္ဖါသ ပဉ္စက။

ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ။

အထက်ပါအတိုင်း ၅-ရက်။
အောက်ပါအတိုင်း ၅-ရက်။

ပဗ္ဗါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။

အထတ် ၂-ကြောင်းကို ပေါင်း၍ ၅-ရက်တိုင်။ ထိုနောက် ရှေးက ပဉ္စကတို့နှင့် ရော၍....

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္က ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အနုလုံငါးရက်။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ယဒယံ၊ ဝက္က ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။ ။ပဋိလုံငါးရက်။ ။ နှစ်ပါးစုံ ပေါင်း၍ ငါးရက် အားဖြင့် သရဇ္ဈာယ်အပ်ကုန်၏။ ထို့နောက် မတ္ထလုင် ပဉ္စက ၌လည်း....

## ၄။ မတ္ထလုင် ပဉ္စက။

အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။ ။ အနုလုံ ငါးရက်။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပဋိလုံ ငါးရက်။ နှစ်ပါးစုံ ငါးရက်အားဖြင့် လခွဲ။ ရှေးပဉ္စကတို့နှင့် ရော၍လည်း။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္က ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိကံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ အနုလုံငါးရက်။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္က ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

ပဋိလုံငါးရက်။ နှစ်ပါးစုံငါးရက်အားဖြင့် လခွဲ သရဇ္ဈာယ် အပ်ကုန်၏။

## ၅။ မေဒ ဆက္က။

ထို့နောင် မေဒဆက္က၌လည်း။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ မေဒေါ။ အနုလုံငါးရက်။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။ ပဋိလုံငါးရက်။ အနုလုံ ပဋိလုံငါးရက်အားဖြင့် လခွဲ။ ရှေးပဥ္စကတို့နှင့် ပေါင်း၍လည်း ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဥ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အနုလုံငါးရက်။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဥ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။ ပဋိလုံ ငါးရက်။ နှစ်ပါးစုံပေါင်း၍ ငါးရက်အာဖြင့် လခွဲ။ သရဇ္ဈာယ် အပ်ကုန်၏။

## ၆။ မုတ္တ ဆက္က။

ထိုနောက် မုတ္တဆက္က၌လည်း။ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။ အနုလုံငါးရက်။ မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊ ပဋိလုံ ငါးရက်။ နှစ်ပါးစုံ ပေါင်း၍ ၅-ရက်အားဖြင့် လခွဲ။ အလုံးစုံတို့ကို ပေါင်း၍ ကေသာ၊ လောမာ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊

အင္ဂမိဒ္ဓိံ၊ ဝဏ္ဏံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ၊ အနုလုံ ၅-ရက်၊ မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု၊ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝဏ္ဏံ၊ အင္ဂမိဒ္ဓိံ၊အင္ဂိ၊ နှာရုမံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ၊ ဤပဋိလုံ ၅-ရက်။ နှစ်ပါးစုံကို ပေါင်း၍ ၅-ရက် အားဖြင့် လခွဲ။ ဤသို့လျှင် ဒွတ္တိံသပါဠိ အစဉ်ကိုခြောက်လတို့ ပတ်လုံး နှုတ်ဖြင့် သရဇ္ဈာယ်အပ်၏။ ထိုကြောင့် ဆေ ဆမာသေ သရဇ္ဈာယော ကာတဗ္ဗော။ ဟူ၍ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၌ မိန့်ဆိုထားခဲ့လေသည်။

## အဘိုးတန် ပစ္စည်းကို ပေါပေါနှင့် မရနိုင်

အထက်တွင် ၃၂-ကောဋ္ဌာသကို ဝိဘင်းပါဠိတော်အလာ သတိပဋ္ဌာန်နည်းဖြင့် ပွားများရန် ဖော်ပြထားရာ စာမျက်နှာ အားဖြင့် များသည်ဟု ထင်ရသော်လည်း ကျက်မှတ်ရန်အမည် နာမမှာ ၃၂-မျိုးသာ ရှိခြင်းကြောင့် များသည်ဟု မဆိုနိုင်။ ပွားများရာမှာလည်း ၅-ရက်တိုင်တိုင် ပွားများပါမှ နောက်ထပ် အသစ် ၅-လုံး၊ ၆-လုံး၊ ပိုမိုလာခြင်းကြောင့် ခက်သည် ခဲယဉ်း

သည်ဟု ဆိုဘွယ်မရှိချေ။ ယင်းသို့ လေ့ကျင့်အားထုတ်ရမည်မှာ ကြာလှ၏ဟု ဆိုဘွယ်ရှိသော်လည်း အဘိုးတန်သော ပစ္စည်းသည် ပေါပေါနှင့် မရနိုင်ခြင်းကို အထူးသတိပြုတော် မူအပ်၏။ မဟာသိဝ မထေရ်ကြီးသည် အနှစ် ၃၀-ကာလပတ်လုံးကျိုးစား အားထုတ်ရသည်ကိုလည်း အားကျနည်းယူဘွယ်ပင်။

တနည်းဆိုသော် သစ်ပင်တပင်ကို နက်ဖြန်သဘက် ၁-ရက် ၂-ရက်အတွင်း အသီးအပွင့် သီးပွင့်အောင် ရေလောင်းခြင်း၊ မြေတောင်မြှောက်ခြင်းကို ပြုပေးသော်လည်း ရနိုင်ဘွယ်မရှိ။ အနည်းငယ်ကား မြန်လာဘွယ်သာရှိ၏။ ထိုအတူ ဝိပဿနာ လုပ်ငန်းမှာ ဇွဲနှဲရှင့်ရန် အရေးကြီး၏။ (ဝါ) အာသေဝန ပစ္စည်းရရန်အချိန်လို၏။(ဝါ)ဘာဝိတာ ဗဟုလိကတာ ပွားများ ရာ၏။ ကြိမ်ဖန်များစွာ ပွားများရာ၏။ တံစိုးလက်ဆောင်ထိုး၍ မရသော လုပ်ငန်းဖြစ်၏။

ထိုကြောင့်၃၂-ကောဋ္ဌာသတို့ကိုရက်ပေါင်းများစွာကြာအောင် ဆင်ခြင်ပြီးနောက် ၎င်း ၃၂-ကောဋ္ဌာသတို့တွင် တခုသော ကော ဋ္ဌာသသည် ကျန် ၃၁-ပါးနှင့် မည်သို့မျှ မနေရာမယှက်အသိအမှတ် မရှိသည်ကိုလည်း ဆင်ခြင်ရာ၏။ အဘယ်ကဲ့သို့နည်းဟူမူ၊ ဆံပင် ကောဋ္ဌာသသည် ခေါင်းခွံအရေပေါ်တွင် ရှိသော်လည်း တပါး ကို တပါး အသိအမှတ်မပြုကုန်၊ ဥပမာဆိုသော် တောင်ပို့ထိပ် တွင် မျက်ပင်များ ပေါက်ရောက်လျက်ရှိသော်လည်း တောင်ပို့ သည် ငါ၌ မြက်ပင်များ ပေါက်ရောက်လျက်ရှိကုန်ပြီဟူ၍ မသိ၊

မြက်ပင်များကလည်း ငါတို့သည် တောင်ပို့ပေါ်တွင် ပေါက်ရောက်ရကုန်ပြီဟူ၍လည်းမသိ၊ ဤသို့လျှင် ၃၂-ကောဋ္ဌာသတို့ကို ပိုင်းခြားဝေဖန်၍လည်း ရှုအပ်၏။

ဤသို့ ဆင်ခြင်သောအခါ ခန္ဓာကိုယ်သည် ၃၂-ကောဋ္ဌာသ၏ အစုအဝေးမျှသာ ဖြစ်ပြီးလျှင် "ငါ" မရှိ ငါကောင်မဟုတ် သဘာဝတရားတို့သည် အကြောင်းညီညွတ်၍ ဖြစ်ပေါ်လာကြကုန်၏ဟု မျက်ဝါးထင်ထင်မြင်၍ လာလတ်သော် ခန္ဓာကိုယ်ကြီးကို စက်ဆုတ်ရွံရှာလာရုံမျှမက တဿ၊ထိုပုဂ္ဂိုလ်အား။ ဝေ၊ဤသို့။ သဗ္ဗကောဋ္ဌာသေသု၊ အလုံးစုံသော ကောဋ္ဌာသတို့သည်။ ပါကဋ္ဌဘူတေသု၊ ထင်ကုန်လတ်သော်။ အာဟိတ္တုန္တာ၊စွဲလမ်းကုန်သော။ မနုဿတိရစ္ဆာနာဒယော၊ လူ တိရစ္ဆာန်စသော သူတို့သည်။ သတ္တာကာရံ၊ သတ္တဝါဟူသော အခြင်းအရာကို။ ဝိဇဟိတွာ၊ စွန့်၍။ ကောဋ္ဌာသ ရာသိဝသေနေဝ၊ ကောဋ္ဌာသအစု၏ အစွမ်းအားဖြင့်သာလျှင်။ ဥပဋ္ဌာဟန္တိ၊ ထင်ကုန်၏။ တေဟိ၊ ထိုသတ္တဝါတို့သည်။ အဇ္ဈောဟရိယမာနံ၊ မျိုအပ်သော။ ပါနဘောဇနာဒိ၊ ထမင်းအဖျော်အစရှိသည်တို့သည်။ ကောဋ္ဌာသရာသိမှိ၊ ကောဋ္ဌာသအစု၌။ ပက္ခိပိယမာနမိဝ၊ ထည့်သွင်းသကဲ့သို့။ ဥပဋ္ဌာတိ၊ ရှေ့ရှု ထင်၏။ဤသို့လျှင် သမ္မောဟဝိနောဒနီ၊ သတိပဋ္ဌာန ဝိဘင်္ဂတွင် လာ၏။

အကယ်၍ ခန္ဓာကိုယ်ကို အနတ္တထင်ရှားအောင် မရှုမဆင်ခြင်သော် အဘယ်သို့သော ဒုက္ခအဝဝကို ခံစားရပါမည်နည်း ဆိုလျှင်–ဆက်ဦးအံ့။

ရုပ် ဝေဒ် မမ၊
ဝေဒ ပါမဘွိ၊
ဝေဒ မေ အတ္တာ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟု အခေါ်ခံလျက် ဗုဒ္ဓဘာသာ ဘုရားရှင်၏ လိုရင်း စာရားတော်မြတ်ကို မသိသူ မကြားနာဘူးသူ တို့မှာ ယခုအခါ မြောက်မြားစွာ ပိုလာချေပြီ။ အချို့ သိပါသည် ဆိုသော ပုဂ္ဂိုလ်တို့ကို စိစစ်လိုက်သော် ဘုရားသွားခြင်း၊ ကျောင်း သွားခြင်း ဒါနပြုခြင်းတို့လောက်သာ သိရှိကြလေသည်။ ဘုရား ရှင် အလိုရှိအပ်သော ပဋိပတ္တိ အကျင့်မြတ်တို့ကား မပါမရှိကြ ချေ။ တရားနာ တရားဟောကြရာတွင်လည်း အချို့ အချို့တို့ မှာ ဒါနခဏ်းသီလခဏ်း၌သာ ရပ်တန့်လျက် ရှိကြလေသည်။ ဘာဝနာခဏ်းသို့ မဆိုက်ရောက်ကြပေ။

ဘာဝနာဆိုရာတွင်လည်း သမထ ဘာဝနာနှင့် ဝိပဿနာ ဘာဝနာဟူ၍ ၂-မျိုး ၂-စားရှိရာ ဝိပဿနာဘာဝနာကို ဘုရားရှင် ပို၍ အလိုရှိလေသည်။ ဤတွင် ပုဂ္ဂိုလ် ၄-မျိုးရှိသည့်အနက် နေယျပုဂ္ဂိုလ်တို့အတွက်ကား မဟာဘုတ် ၄-ပါး၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး စသည်တို့ကို သုတမယ ဉာဏ်အားဖြင့် ဝိပဿနာလုပ်ငန်း စာပေကို ဘတ်ခြင်း၊ ဝိပဿနာ လုပ်ငန်းနှင့် ဆိုင်သော တရားများ နာကြားမှတ်သားခြင်းတို့ကို ပြုလုပ်၍ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်စခန်းကို နေ့စဉ် မပြတ် လေ့ကျင့် ပွားများ ပေးနေရမည်။ ထိုသို့ ဝိပဿနာ ဗဟုသုတမရှိဘဲ ကိုယ်ခန္ဓာကြီးကို ငါဉစ္စာ "ငါ" ငါ့ကိုယ်ဟု စွဲလမ်းနေသမျှ ထိုသူသည် အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊

ပဋိသန္ဓေ နေရခြင်း၊ ပူဆွေးငိုကြွေး နေရခြင်းဖြင့်သာ ဒုက္ခ၏ အစာဖြစ်၍ နေရတော့၏။ ထို့ကြောင့် ခန္ဓာဝဂ္ဂ သံယုတ်တွင် လာသော ပါဠိတော်မှာ အလွန်ကျက်မှတ် ဟောပြောအပ်သော ပါဠိတော်ဖြစ်ခြင်းကြောင့် အောက်တွင် ဖော်ပြလိုက်ပေ၏။

အသုတဝါ ပုထုဇ္ဇနော၊
ရူပံ ဧတံ မမ ဧသောဟမသ္မိ၊
ဧသော မေ အတ္တာတိ သမနုပဿတိ။
တဿ တံရူပံ ဝိပရိဏာမတိ
အညထာ ဟောတိ၊ တဿ
ရူပဝိပရိဏာမညထာ ဘာဝါ
ဥပ္ပဇ္ဇန္တိ သောကပရိဒေဝ
ဒုက္ခဒေါမနဿုပါယာသာ။ ။

(ခန္ဓာဝဂ္ဂသံယုတ်-နကုလပိတုဝဂ်)

အသုတဝါ၊ အရိယာတို့၏ တရားကို မကြားနာရသော။ ပုထုဇ္ဇနော၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည်။ ရူပံ၊ ရုပ်ကို။ ဧတံ၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဧသော၊ ဤရုပ်တရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤရုပ်တရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အစိုးရစွာ အလိုသို့ပါသော အတ္တ တည်း။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ တဏှာမာနဒိဋ္ဌိတို့ဖြင့် ရှုကုန်၏။ (မှားယွင်းစွာ စွဲလမ်းမှတ်ယူထား၏ ဟူလို)။ တဿ၊ ထိုပုဂ္ဂိုလ်အား။ တံရူပံ၊ ထိုရုပ်သည်။ ဝိပရိဏာမတိ၊ ဖေါက်ပြန် ၏။ အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ရူပဝိပရိဏာ မညထာဘာဝါ၊

ချုပ်၏ ဖေါက်ပြန်ခြင်းကြောင့်။ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, နှလုံးမသာယာ လွန်စွာပင်ပန်းခြင်းတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏ဟု ဘုရားရှင်သည် ဟောတော်မူခဲ့၏။ ဤသို့ ဒုက္ခအမျိုးမျိုး ဘဝများစွာတို့၌ ခံခဲ့ရခြင်းတို့မှာ ကိုယ်ခန္ဓာကြီးကို ငါပိုင်၊ ငါ့ဥစ္စာ၊ ငါ့အစိုးရ၏ဟု ယူမှတ်ခဲ့ခြင်းကြောင့် တွေ့ရှိခံစားရသော ဒုက္ခများပေတည်း။ ယခု သတိမရသေး၍ ယခင်အတိုင်းပင် နေပါက ရှေ့ဘဝများစွာတွင်လည်း ထိုအိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်သူနှင့်ကွေကွင်းရခြင်း၊ စိတ်တိုင်းကျ မဖြစ်သဖြင့် ဒုက္ခဖြစ်ရခြင်း၊ ၉-လကျော် ဆယ်လခန့် မိခင်ဝမ်း၌ ကျဉ်းကြပ်စွာ ပဋိသန္ဓေဝဋ်ဒုက္ခကို ခံရခြင်းစသည့် ဘေးဒုက္ခအပေါင်းတို့ တွေ့ကြုံရဦးမည်သာတည်း။ ဤနည်းအတိုင်းပင် ကျန်ခန္ဓာ ၄-ပါးတို့ အတွက်သည်း....

ဝေဒနံ တေ မမ။ ပ။

သညံ တေ မမ။ ပ။

သင်္ခါရေ တေ မမ။ ပ။

ဝိညာဏံ တေ မမ၊ သောဟမသ္မိ၊ သောမေ အတ္တာတိသမနုပဿတိ၊ တဿတံဝိညာဏံ ဝိပရိဏာမတိ၊ အညထာဟောတိ၊ တဿ ဝိညာဏံ ဝိပရိဏာမညထာ ဘာဝါ ဥပ္ပဇ္ဇန္တိ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ။ အနက်မှာ စာမျက်နှာ ၁၈၉-အတိုင်း ယူပါလေ။ ဤသို့လျှင် ခန္ဓာ ၅-ပါးကို မိမိအစိုးမရ၊ မိမိမပိုင်ဆိုင်ပါဘဲလျက် အမြင်အမှတ်မှားကာ....

ရူပက္ခန္ဓာကို ၎ါ့ဥစ္စာ-၎ါ-၎ါအစိုးရ၏။
ဝေဒနက္ခန္ဓာကို ၎ါ့ဥစ္စာ-၎ါ-၎ါအစိုးရ၏။
သညက္ခန္ဓာကို ၎ါ့ဥစ္စာ-၎ါ-၎ါ အစိုးရ၏။
သင်္ခါရက္ခန္ဓာကို ၎ါ့ဥစ္စာ-၎ါ-၎ါအစိုးရ၏။
ဝိညာဏက္ခန္ဓာကို ၎ါ့ဥစ္စာ-၎ါ-၎ါအစိုးရ၏။

ဟု ယူဆလာခဲ့ခြင်းကြောင့် မရေမတွက်နိုင်သော ဘဝများမှစ၍ ယခုဘဝတိုင် ဒုက္ခအမျိုးမျိုး ခံစားခဲ့ရလေပြီ။ ဤကဲ့သို့သာ ဆက်လက် အသိအကြား အမြင်အမှတ် မှားနေဦးမည် ဆိုပါလျှင် ရှေးဘဝများစွာတွင်လည်း ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲ၊ ချစ်နှစ်သက်သော အမေသေခြင်း၊ အဘေသေခြင်း၊ သားသေခြင်း၊ သမီးသေခြင်း၊ မယားသေခြင်း၊ လင်သေခြင်း၊ ဥစ္စာပျက်စီးခြင်း စသည့် ဆင်းရဲ ဒုက္ခအပေါင်းတို့နှင့် တွေ့ကြုံ ခံစားရဦးမည်မှာ လွဲဖယ်၍ မရနိုင်တော့ချေ။ ထို့ကြောင့် အလွန်အလွန် ကံကောင်း ထောက်မ၍ ဤတရားစစ် တရားမှန်ကို သိရှိရခြင်း ဖြစ်ရကား အချိန်ကုန် မသွားမီ ယခုယနေ့ ဤအချိန်မှစ၍ ခန္ဓာ ၅-ပါးကို သုဘ, နိစ္စ, သုခ, အတ္တ ထင်မှား မြင်မှား ဖြစ်နေသည်တို့ကို အသုဘ, အနိစ္စ, ဒုက္ခ, အနတ္တဟု မိမိ ဉာဏ်မျက်စိတွင် ထင်မြင် ရောက်ရှိလာရန် အစွမ်းကုန် ကျိုးစားတော်မူကြပါကုန်။ ဝဋ်မှ လွတ်မြောက်ရန် မရည်ရွယ်ဘဲ ပြုလုပ်သမျှ ပုညာဘိ သင်္ခါရနှင့် အာနဉ္စာဘိ သင်္ခါရ တို့မှာ အထက်ပါ ဒုက္ခဆင်းရဲမှ မလွတ်ကင်းနိုင်သည်သာတည်း။ ထို့ကြောင့်....

ဧတံမမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ။

## ဆိုသည့်နေရာတွင်

နေတံ မမ၊ နေသော ဟမသ္မိ န မေသော အတ္တာ။

ဖြစ်အောင် ဦးခေါင်းတွင် မီးစွဲသောသူသည် အခြားကိစ္စတို့ကို မပြုလုပ်ဘဲ ဦးခေါင်းတွင် စွဲလျက်ရှိသောမီးကို သတ်ဘိသကဲ့သို့ အနတ္တကို အရေးအကြီး ပိုင်နိုင်ရန် နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့ကို သိရှိအောင် လေ့လာဆည်းပူးပြီးလျှင် ဝိပဿနာ ဘာဝနာကို အစွမ်းကုန် ကျိုးစားအားထုတ်တော် မူကြပါကုန်။

## နာမရူပ ပရိစ္ဆေဒဉာဏ်

ဘုရား, တရား, သံဃာ ရတနာသုံးပါးတွင် ယုံကြည်သူ ဖြစ်ပြီးလျှင် ကံ,ကံ၏အကျိုးကို ယုံကြည်သူဖြစ်လျက် ဝိပဿနာ အလုပ်ကို လုပ်လိုသူယောဂီ ပုဂ္ဂိုလ်သည် ပဌမ-ရှေးဦးစွာ ရုပ်နှင့် နာမ်ကို ကွဲပြားစွာ သိထားအပ်လေသည်။ ဤတွင် ဗာဟိယ ဒါရုစီသည်ငှင်း၊ အင်္ဂုလိမာလသည်ငှင်း၊ ပဋာစာရီသည်ငှင်း ရုပ်တွေ နာမ်တွေ သင်ကြားပြီး နေရသေးသလားဟု စောဒက တက်နေဘွယ်မလို၊ ငှင်းတို့ကား- ကုသိုလ်ရှင် ပါရမီရှင်ကြီးများ ဖြစ်ကြ၍ ဘုရားပွင့်တော်မူစဉ် လူဖြစ်ကြကုန်၏။ စာမျက်နှာ ၆၁-တွင် ထင်ရှားစွာ ဖေါ်ပြခဲ့လေပြီ။ ဘုရားရှိစဉ်နှင့် ယခု စာသော် ခေတ်ကြီးကား ထူးခြားစွာ ဆုတ်ယုတ် ပျက်ပြားလာ ရကား အပြင်းအထန် ကျိုးစားပါမှ တမင်္ဂတဖိုလ် ရနိုင်မည်ကို သတိပြုတော် မူစေလိုပါသည်။ အထက်-ရောက်လေလေ ဆရာ ကောင်း လိုလေလေ အလုပ်ဖြစ်ပါသည်။ ထိုကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ပိုင်နိုင်ထားရန် အထူးလိုအပ် လေသည်။

—‡—

### ၁-ရုပ်တရား

ရထရေဏုမှု၊ တဇ္ဇာရီမှု၊ အနုမှု၊ ပရမာနုမှု။

လှည်းများ ရထားများ သွားသောအခါ ဖုံထ၏။ ထိုဖုံ ကလေးများကို ရထရေဏုမှုခေါ်၏။ ထိုရထရေဏုမှုကို ၃၁-စိပ် စိပ်

လိုက်သော် တဇ္ဇာရီမြူတလုံးရ၏။ ထိုတဇ္ဇာရီမြူတလုံးကို ၃၆-စိပ် ခွဲစိပ်လိုက်ပြန်သော် အနုမြူတလုံးရ၏။ တဖန်ထိုအနုမြူကို ၃၆-စိပ် ခွဲလိုက်ပြန်လျှင် ပရမာနုမြူ တလုံးရ၏။

နံရံပေါက်မှဝင်သော နေရောင်တွင် ကြည့်သောအခါ အလွန်သေးငယ်သော မြူကလေးများကို တွေ့မြင်နိုင်၏။ ထိုမြူကလေးများကို အနုမြူခေါ်၏။ ၎င်းအနုမြူကို ၃၆-စိပ် စိပ်သည်ရှိသော် လူတို့၏ ပကတိမျက်စေ့ဖြင့် မမြင်ကောင်းသော ပရမာနုမြူတလုံးရရှိ၏။ ထိုပရမာနုမြူမှာ နတ်မျက်စေ့ဖြင့်သာ မြင်ကောင်းတော့၏။ အမှန်ဆိုသော် ဓာတ်သဘော သက်သက်မျှသာ ဖြစ်၏။ ထိုပရမာနုမြူကို ဘုရားရှင်၏ ဉာဏ်မျက်စေ့ဖြင့် ကြည့်သည်ရှိသော် ကလာပ်စည်း ၅၁-စည်းသည် သဘာဝအားဖြင့် ရှိ၏။

ပရမာနုမြူကလေး တလုံး တလုံးတွင် ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူ၍ အဋ္ဌကလာပ် ဓာတ်ရှစ်ပါးသည်ရှိ၏။ ၎င်းအဋ္ဌကလာပ် ရှစ်ပါးကို အဝိနိဗ္ဘောဂ ဟူ၍ခေါ်၏။ အဝိနိဗ္ဘောဂ ဟူသော အနက်မှာ ၎င်းဓာတ်ရှစ်ပါးကို တခုစီခွဲယူ၍ မဖြစ်သောကြောင့် ၎င်းပရမာ နုမြူကလေး တလုံးကို အဝိနိဗ္ဘောဂဟုခေါ်၏။ ၎င်းအဝိနိဗ္ဘောဂဆိုသည်မှာ ဓာတ်သဘောသက်သက်မျှသာ ဖြစ်၏။

လူတကိုယ်လုံးကို ခွဲစိပ်ကြည့်သည်ရှိသော် တလုံးတခဲတည်း မဟုတ်၊ လူတကိုယ်လုံးမှာ ထိုထိုသော အနုမြူကလေးများ ဖြစ်ပျက်နေသည်ကိုသာ ဆရာဝန်များ တွေ့ရှိကြလေသည်။ သို့သော် ထိုအနုမြူကလေးများ မရေမတွက်နိုင်အောင် စုပေါင်းဖြစ်ပျက်

ခနရကား ဤသည်ကား လက်ဆစ်၊ လက်ညှိုး၊ လက်ဝါး၊ လက်မောင်း၊ ခြေထောက်၊ ကိုယ်စသည်ဖြင့် နာမပညတ်အားဖြင့် ခေါ်ဆိုသာရာ နောက်ဆုံးတွင် ဤကားယောကျ်ား၊ ဤကား မိန်းမ၊ ဤကားလူ၊ ဤကား တိရစ္ဆာန်ဟူ၍ ခွဲခြားခေါ်ဆိုသည် အထိ နာမပညတ် ဖြစ်ပေါ်လာလေသည်။

လူ့ကိုယ်လုံးတွင် တခဏမစဲ တသဲသဲ ဖြစ်ပျက်နေသော ပရမာနုမြူ ကလေးများသည် အဘယ်ကြောင့် ဖြစ်ပေါ် ပျက် ချုပ် နေနိုင်ရပါသနည်းဆိုမူ လူတို့ စားလိုက်သော အစာ အာဟာရသည် သွေးသားဖြစ်ခါ တကိုယ်လုံးရှိ သွေးကြော ကလေးများက ပို့ဆောင်ပေးခြင်းကြောင့် နေရာတကာတွင် ပျက်၍ ပျက်၍ သွားသော သွေးသား ဩဇာကလေးများ နေရာ တွင် အသစ်အသစ် အစားအစား ထိုးနိုင်ခြင်းကြောင့် ဖြစ်၏။

လူတို့စားသောက်လိုက်သော အစာတို့မှာ၊ တပုံကို ကိုယ်တွင်း ရှိ ပိုးများစား၏။ တပုံကို ကိုယ်တွင်းရှိ ဓာတ်မီးစား၏။ တပုံမှာ ကျင်ငယ်ဖြစ်၏။ တပုံမှာ ကျင်ကြီးဖြစ်၏။ ကျန်တပုံမှာ ဩဇာ ဓာတ်ဖြစ်၍ ရသကြောများမှ တကိုယ်လုံး ပျံ့နှံ့စေ၏။

အဆက်ပါ အကြောင်းခြင်းရာတို့ကို စစ်ဆေး လိုက်သည် ရှိသော် လူတကိုယ်လုံးရှိ ပရမာနုမြူ ကလေးများသည် တဖြစ် ထည်းဖြစ်၍ တပျက်ထည်း ပျက်နေသော်လည်း အသစ်စား သောက် ထားသောအစာ အာဟာရ ဖြစ်လာသော ဩဇာဓာတ် သည် အသစ်အစားထိုးခါ နေခြင်းကြောင့် ပရမာနုမြူတိုင်းသည် မမြဲ၊ တဖြစ်ထည်းဖြစ်၍ တပျက်ထည်း ပျက်နေသည်ကို သုတမယ ဉာဏ်ဖြင့် သိရှိသော်လည်း စိန္တာမယဉာဏ်သို့ ရောက်ရှိအောင်

လေးနက်စွာ မလေ့ကျင့်မှုကြောင့် ခန္ဓာကိုယ်ကြီးသည် မြဲနေဘိသကဲ့သို့ ထင်မှတ်ယူဆထားခြင်း ဖြစ်၏။ ဤသို့ ထင်မှတ်ခြင်းမှာလည်း အမှန်စင်စစ် ပရမတ်အားဖြင့် သိရှိထင်မှတ်ထားသည် မဟုတ်။ ပညတ်နှင့် ပရမတ် ရောရှက်ခါ ထင်မှတ်ထားခြင်းမျှသာ ရှိသေး၏။ ပရမတ္ထအားဖြင့် သဘာဝ ရုပ်ဓာတ်ကိုသာ ဉာဏ်မျက်စေ့ဖြင့် ကြည့်ရှုဆင်ခြင် လတ်သော် အထည်ဒြပ်သဏ္ဍာန် ကိုယ်ခန္ဓာ မပါ မရှိ ဂရုမပြု ရုပ်သဘာဝဓာတ်၏ အဖြစ်အပျက်ကိုသာ အာရုံပြုတော့သဖြင့် ပညတ်မျှသာ ဖြစ်သော ယောကျ်ား မိန်းမဟူ၍ မရှိဆိုသော သဘာဝမှာ ထင်ရှားစွာ သိမြင်လာတော့၏။

## ပရမတ်ကို ပညတ် ဖုံးကွယ်ထားပုံ

ပရမတ္ထသဘာဝဓာတ်တရားတို့ကို ဖုံးအုပ်နေသော ပညတ်မှာ အကြမ်းအားဖြင့် ၅-ပါးရှိ၏။ ၎င်း ၅-ပါးမှာ...

သန္တတိ ပညတ်
သမူဟ ပညတ်
ဃန ပညတ်
သဏ္ဍာန ပညတ်
နာမ ပညတ်

တို့ဖြစ်လေသည်။ ၎င်းပညတ်တို့က အမှန် အစစ် ဖြစ်သော ပရမတ္ထတရားတို့ကို ဖုံးအုပ်ကာကွယ် ထားပုံတို့မှာ တဖြစ်ထည်း ဖြစ်၍ တပျက်ထည်း ပျက်နေသော ပရမာနုမြူ နေရာတွင်

အသစ်အသစ် အစားထိုးပုံမှာ အဆင်ပြေကာ သဘာဝကျလှသဖြင့် ပြကတေ့ အရင်းအတိုင်းပင် ထင်နေရခြင်းကို သန္တတိပညတ်ဟု ခေါ်ဆိုရ၏။

အဝိနိဗ္ဘောဂဖြစ်သော ပရမာနုမြူ ကလေးများမှာ တလုံးနှင့်တလုံး အာကာသအကြားပင် ရှိလင့်ကစား အကြားမရှိဘိသကဲ့သို့ ပရမာနုမြူတခုနှင့်တခု ပူးကပ်နေခြင်းကို သမူဟပညတ်ဟု ခေါ်ဆိုရ၏။

ဃနပညတ်မှာ အပျက်နေရာတွင် အစားအသစ်ဖြစ်မှု သန္တတိပညတ် နေသားတကျရှိမှု အကြားမရှိဟု ထင်ရလောက်အောင် ပရမာနုမြူကလေးများ တခုနှင့်တခု ပူးကပ်နေမှု သမူဟပညတ် နေသားတကျ ရှိမှုကြောင့် တလုံးထည်း တပြင်ထည်း တခုထည်း ထင်ရအောင် နေသားကျနေမှုကို ဃနပညတ်ဟု ခေါ်ဆိုရ၏။

ယင်းသို့ သန္တတိကိစ္စ၊ သမူဟကိစ္စ၊ ဃနကိစ္စတို့မှာ အဖြစ်အပျက်တို့မှ ကျနသေသပ်မှုတို့ တဆင့်တက်ခါ ဤကားအရှည်ဤကားအတို၊ ဤကားအလုံး၊ ဤကားအပြား၊ စသည်ဖြင့် ပုံပန်းသဏ္ဌာန်တို့ဟု ဆိုရသော သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသဖြင့် ပဋ္ဌမဖြစ်၍ ပျက်၍နေသော ပရမာ နုမြူကလေးများကို မမြင်နိုင်ကြတော့ချေ။

ထိုပုံပန်းသဏ္ဌာန်ကိုပင် ဤကားယောကျ်ား၊ ဤကားမိန်းမဟု နာမပညတ်က ထပ်ဆင့်ခါ ဖုံးအုပ်လိုက်သောအခါ ပဋ္ဌမဆုံးမူရင်းဖြစ်သော ပရမာနုမြူ ဖြစ်ပျက်မှုမှာ တခါထည်း ကွယ်ပျောက်သွားသဖြင့် လူသည်မမြဲဟု ဆိုခြင်းကို အလွယ်တကူ

လက်မခံနိုင်ခြင်း ဖြစ်လေသည်။ အမှန်စင်စစ်မှာ ပရမာနုမြူ ကလေးတွေ မမြဲခြင်းကိုကား မည်သူမျှ မငြင်းဆိုနိုင်ချေ။ ထိုကြောင့် လူ၏ပုံပန်းသဏ္ဍာန် ဒြပ်ကြီးမှာ သဲတလုံးစီတလုံးစီ စုပုံတည်ထားအပ်သော သဲပုံစေတီ သဘောပင်။ ဓာတ် အဝိနိဗ္ဘောဂ အနုမြူကလေးများ စုပုံနေခြင်းမျှသာ ဖြစ်လေသည်။ ဤကား ပညတ်အားဖြင့် ရုပ်ခန္ဓာမမြဲပုံကို ဖေါ်ပြခြင်းမျှသာ ဖြစ်၏။ စင်စစ်သော်ကား ပရမတ် သဘောအရ ဆိုလျှင် ဓာတ် သဘော သဘာဝ သက်သက်မျှသာ ဖြစ်ပျက်နေသည်ကိုသာ ဘုရားရှင် အလိုရှိတော်မူလေသည်။

ပညတ်နှင့် ပရမတ်အခက်း စာမျက်နှာ ၁၄၇-တွင် ရှင်းလင်းခဲ့သည့်အတိုင်း ပညတ်အားဖြင့် အထည်ဒြပ် သဏ္ဍာန် အဘယ်မျှ ကြီးမားစွာ မြင်သိနေရသော်လည်း မြင်သိရသော ပုံပန်းသဏ္ဍာန် အထည်ဒြပ်မှာ ပညတ်မျှသာဖြစ်၏။ ပရမတ် မဟုတ်ချေ။ ဝိပဿနာ ယောဂီပုဂ္ဂိုလ် အတွက်မှာ ပညတ်ကို အလျှင်း အာရုံမပြုမူ၍ ရုပ်ဓာတ်နာမ်ဓာတ် သဘာဝပရမတ် တရား ၂-ပါးကိုသာ ပညတ်မျက်စေ့တွင် အမြဲတစေ မြင်အောင် ရှုနေရပေမည်။

## ဓာတ်ကြီး ၄-ပါး

## သဘော လက္ခဏာ

ရုပ်သည် ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော တခုနှင့် တခုခွဲ၍ မရစကောင်းသော အဋ္ဌကလာပ်ရှစ်ပါး ပေါင်းစပ်နေသော ပရမာနုမြူကလေးများ

ဖြစ်သည်ဟု ဆိုသော်လည်း လွယ်ကူစေရန် ပထဝီ့ တေဇော့ အာပေါ့ ဝါယော့ဟူ၍ အတိုချုပ်ခါ မဟာဘုတ် လေးပါး ဟူ၍လည်း ခေါ်ဆိုရ၏။ အကြမ်းသဘောအားဖြင့် အတူတူပင် ဖြစ်၏။

ပထဝီကို မြေ့ဟု သိရှိသော်လည်း ယောဂါဝစရ ပုဂ္ဂိုလ် အတွက်ဆိုမူ သာမန် ပုဂ္ဂိုလ် မဟုတ်တော့သည် ဖြစ်ရကား အထက်တန်းကျကျ ဘုရား အလိုတော်ကျ ဖြစ်ရန်မှာ ပထဝီ သည် မာသောလက္ခဏာ (ဓတ်) သဘောတရားမျှသာ ဖြစ်၏ဟု သိရှိထားရမည်။ ကိုင်တွယ်ကြည့်၍ မာနေသည်ကို မဆိုလို။ မာသော သဘောလက္ခဏာကိုသာ ဆိုလိုသည်။

ထိုအတူ တေဇော့ကို မီး့ဟု သာမန်လူတို့ သိရှိထားသော် လည်း ရောဂါဝစရပုဂ္ဂိုလ်အတွက်မှာ ဘုရားရှင် အလိုတော်ကျ အတိုင်း တေဇောသည် ပူသောလက္ခဏာသဘော (ဓာတ်) မျှသာ ဖြစ်၏ဟု သိရှိထားရမည်။

ထိုအတူ အာပေါ့ကို ရေ့ဟု သိရှိထားသော်လည်း ရောဂါ ဝစရပုဂ္ဂိုလ်မှာ အာပေါသည် ဖွဲ့စည်းသော လက္ခဏာ (ဓာတ်) သဘောမျှသာ ဖြစ်၏ဟု သိရှိထားရမည်။ စေးကပ်နေသည့်ကို မဆိုလို။

ထိုအတူ ဝါယော့ကို လေ့ဟု သိရှိထားသော်လည်း ရောဂါ ဝစရ ပုဂ္ဂိုလ်မှာ ဝါယောကို ထောက်ကန် ရွေ့ရှားတတ်သော (ဓာတ်) သဘော လက္ခဏာမျှသာ ဖြစ်၏ဟု သဘောသဘာဝကို သိရှိထားရပေမည်။

ဓာတ် ၄-ပါးတို့တွင် ကြမ်းတမ်းခိုင်မာခြင်း သဘောလက္ခဏာ ရှိသော ဓာတ်သဘောတရား အထူးသည် ပထဝီဓာတ်မည်၏။

သို့ရာတွင် ထိုပထဝီဓာတ်မှာ ရှေ့ဖြစ်ပျက်သွားသော ပထဝီဓာတ်နှင့် နောက်ထပ် ဖြစ်ပေါ်လာသော ပထဝီဓာတ်မှာ မတူချေ။ သဘာဝအားဖြင့် ပို၍ကြမ်းတမ်း မှုလည်း ကြမ်းတမ်းရာ၏။ သုတ်လျော့၍ ကြမ်းတမ်းမှုလည်း ကြမ်းတမ်းရာ၏။ ထို့ကြောင့် သမ္မုတိသစ္စာအားဖြင့် ပြောဆိုရာတွင် လွယ်ကူ သိနိုင်စိမ့်သောငှာ ပျက်သွားသော ပထဝီဓာတ်ထက် ပိုမိုခိုင်ခန့်လာသော် "ကက္ခဋ" ဟု ခေါ်ဆို၍ ယုတ်လျော့သွားသော် "မုဒု"ဟု အမည်ပေးထားခြင်း ဖြစ်၏။

ကျန်ရှိကုန်သော တေဇော, အာပေါ, ဝါယောဓာတ်တို့ကိုလည်း ထိုသို့ပင် သိရာ၏။ ထို့ကြောင့် ၎င်းဓာတ်ကြီး ၄-ပါးသည် ဖြစ်ပျက်သွားသော ဓာတ်နှင့် အသစ် ဖြစ်ပျက်သော ဓာတ်များ မတူသည်ကို ခေါ်ပြောရာတွင် လွယ်ကူစိမ့်သောငှာ အောက်ပါအတိုင်း သိအပ်၏။

ပထဝီဓာတ်၊ ကက္ခဋ-မာသောလက္ခဏာ၊
မုဒု-နူးညံ့သောလက္ခဏာ။

တေဇောဓာတ်၊ ဥဏှ-ပူသောလက္ခဏာ၊
သီတ-အေးသောလက္ခဏာ။

အာပေါဓာတ်၊ အာဗန္ဓန-ဖွဲ့စည်းသောလက္ခဏာ၊
ပဃ္ဃရဏ-ယိုစီးသော လက္ခဏာ။

ဝါယောဓာတ်၊ ဝိတ္ထမ္ဘန-ထောက်ကန်သော လက္ခဏာ။
သမုဒီရဏ-ရွေ့ရှားလှုပ်ရှားသော
လက္ခဏာ။

ဘုရားရှင်၏ အလိုတော်ကျ ခေတ်သဘောကို ပေါက်အောင် ဉာဏ်ပိုင်မှသာလျှင် တမဂ် တဖိုလ်ကို လွယ်ကူစွာ ရရှိနိုင်ပေမည်။ ဘုရားအလိုတော်ကျမှာ အထက်က ဖေါ်ပြခဲ့သည့် အတိုင်း နာမပညတ်၊ သဏ္ဌာနပညတ်၊ ဃနပညတ်၊ သမူဟပညတ်၊ သန္တတိ ပညတ်တို့၌သာ ရပ်တန့်မနေဘဲ ထိုပညတ်တို့က ဖေါက်ထွင်းခါ ပရမတ်သဘော ခေတ်သတ္တိ ထူးများသို့ ဆိုက်ရောက်အောင် မိမိရရ တိတိကျကျ သိရှိရန် အထူးကျိုးစားအပ်လေသည်။ ထိုသို့ ခေတ်ကြီး ၄-ပါး သဘော လက္ခဏာကို ဉာဏ်မျက်စေ့တွင် စွဲပိုင်ပါက....

အသုတဝါ ပုထုဇ္ဇနော
ရူပံ အတ္တတော သမနုပဿတိ။

ပညာမဲ့သူတို့သည် ယောကျ်ား, မိန်းမ နာမပညတ် သဏ္ဌာန ပညတ်စသည့် ပညတ်တို့ကို ပရမတ်သို့ တိုင်အောင် ဖေါက်ထွင်း မမြင်နိုင်ခြင်းကြောင့် ရုပ်တည်းဟူသော "အတ္တ" မပျောက်နိုင်။ အတ္တမပျောက်နိုင်သော တမဂ်တဖိုလ် မပေါက်နိုင်ရာ၊ ဆရာ ကောင်း လိုလှ၏။

## ခေတ်ကြီး ၄-ပါးတို့၏ ခွဲခြမ်းရည်သတ္တိ

လူ့ဘကိုယ်လုံးတွင် ဆေးဆရာဝန်များ ဝန်ခံချက်အရ အလွန် သေးငယ်သော သွေးသားကလေးများသည် တဖြစ်ထည်း ဖြစ်၍ တပျက်ထည်း ပျက်နေသည်တို့ကို အစားထိုးခါ ထိုးခါ အသစ်

သေးသားကလေးများ ဖြစ်ပျက်နေသည်ကို လက်တွေ့အားဖြင့် သိရှိခဲ့ကြလေပြီ။

ထိုအနုမြူဖြစ်သော အထည်ဒြပ် သဏ္ဍာန်တို့ကို ခွဲခြမ်းစိတ်ဖြာသော်၊ အထက်တွင် ဖော်ပြခဲ့သော ပရမာနုမြူ ကလေးများကို တွေ့ရပေလိမ့်မည်။ ထိုပရမာနုမြူ ကလေးများမှာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ၎င်းဓာတ်ကြီး လေးပါး စုပေါင်းထားရှိခြင်းကိုလည်း သိရှိပြီး ဖြစ်ခဲ့၏။

ထိုဓာတ်ကြီး ၄-ပါးသည် ဗရမတ် မာသောသဘော ပူသောသဘော ဖွဲ့စည်းသောသဘော ထောက်ကန်သော၊ သဘော လက္ခဏာ ကလေးတွေမျှသာ ဖြစ်သည်ကိုလည်း သိရှိခဲ့လေပြီ။ သို့ရာတွင် ၎င်းတို့ကို တနည်းအားဖြင့် သိရှိရန်ကား ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုသော ဓာတ်ကြီး ၄-ပါးသည် အလွန်ထူးခြား စွမ်းအင်ကြီးမားသော သတ္တိရှိသည်ကို သိထားအပ်၏။ ကမ္ဘာလောကကြီး တည်နေနိုင်ခြင်း၊ သက်ရှိသက်မဲ့များ မပုတ်မသိုးစိမ်းလန်းစွာ ရှိနေခြင်း၊ မကဲ့မကွာ ပူးပေါင်းနေရခြင်း လှုပ်ရှား ရွေ့ပြောင်း နေရခြင်း စသည်တို့မှာ ဤဓာတ်ကြီး ၄-ပါး၏ သတ္တိများသာ ဖြစ်ကြ၏။ အလွန်ပြင်းထန်လှသော အနုမြူဗုံးမှာလည်း ဤဓာတ်ကြီး ၄-ပါးတို့၏ သတ္တိများပင် ဖြစ်လေသည်။

လူတကိုယ်လုံးမှာ ထိုဓာတ်ကြီး ၄-ပါး ချယ်လယ်ဖန်တည်းလျက် ရှိနေခြင်းဖြစ်၏။ ၎င်းပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ အကွဲအကျကျ ဓာတ်သဘာဝဖြင့် စခန်းသွား နေကြပုံကို

သိလာခဲ့လျှင် "ငါ"ဆိုသော အတ္တသည် ပျောက်ကွယ် သွားရ တော့၏။ ထို့ကြောင့် "ငါ"မဟုတ်၊ခတ်ကြီး ၄-ပါး ချယ်လယ် ပုံတခုကို ထင်ရှားစွာ ပြပေအံ့။ လူတို့တွင် ဝါယောခတ်သည် ရှိ၏။ ထိုဝါယောခတ်မှာ ၆-မျိုးရှိ၏။ ၎င်း ၆-မျိုးမှာ....

ဥဒ္ဓင်္ဂမ ဝါယော၊
အဓောဂမ ဝါယော၊
ကုစ္ဆိသမယ ဝါယော၊
အန္တာနုသယ ဝါယော၊
အင်္ဂမင်္ဂါနုသာရီ ဝါယော၊
အဿာသ ပဿာသ ဝါယော။

ကြို့ထိုးခြင်း၊ ချောင်းဆိုးခြင်း၊ ပျို့အန်ခြင်း စသည်တို့ကို ဖြစ်စေ တတ်သော အထက်သို့ဆန်တက်သော ဝါယော ခတ်သည် ဥဒ္ဓင်္ဂမ ဝါယောမည်၏။

ကျင်ကြီး ကျင်ငယ်တို့ကို ထုတ်ဆောင် စေတတ်သော အောက်သို့ စုန်သောလေဟူသော ဝါယောခတ်သည် အဓောဂမ ဝါယောခတ်မည်၏။

ကြုတ်ကြုတ် မြည်ခြင်းစသည်တို့ကို ဖြစ်စေလျက် အူမပြင် ကြီးဖြစ်သော ဝမ်း၌ ကိန်းဝပ်သော ဝါယောခတ်သည် ကုစ္ဆိသမယ ဝါယောခတ်မည်၏။

အစာ အာဟာရတို့ကို အစာသစ်အိမ်သို့ ရောက်အောင် တွန်းဆောင် သယ်ယူ သွားစေတတ်သော အူတွင်း၌ ရှိသော လေဟူသည့် ဝါယောခတ်သည် အန္တာနုသယ ဝါယောခတ် မည်၏။

ကွေးခြင်း၊ ဆန့်ခြင်း၊ ရပ်ခြင်း စသော ဣရိယာ ပထကိစ္စကို ပြီးစေလျက် အင်္ဂါကြီးငယ်တို့၌ တည်၍ အခေါင်းရှိသော ဓမနီ မည်သည့် အကြောသို့ ရောက်လျက်ရှိသော လေဟူသည့် ဝါယော ဓာတ်သည် အင်္ဂမင်္ဂါနုသာရီ ဝါယောဓာတ်မည်၏။

ထွက်သက်ဝင်သက် ရှူရှိုက်ခြင်းကို ဖြစ်စေ၍ နှာသီးဖျားမှ သည်-ချက်၊ ချက်မှသည်-နှာသီးဖျားတိုင်၊ ကိုယ်အတွင်း၌ ကိန်း သော ဝါယောဓာတ်သည် အဿာသပဿာသ ဝါယောဓာတ် မည်၏။ ဤသည်တို့ကား လူတကိုယ်လုံးကို ဝါယောဓာတ် ဆန်းကျယ်စွာ ဆောင်ရွက်နေပုံဖြစ်၏။

စကားပြောဆိုခြင်းသည် ဝါယောဓာတ် သဘော များစွာ ပါရှိ၏။ ပဌမဦးစွာ စိတ်တွင် စကားပြောဆိုလိုသော ဆန္ဒဖြစ်ပေါ် လာ၏။ ထိုအခါစိတ် (နာမ်)က ဝါယောဓာတ်ကို စေခိုင်းဘိ သကဲ့သို့ဖြစ်၏။ ဝါယော (လေ) ဓာတ်သည် ဝမ်းမှ လည်၊ လည်မှ အာ၊ အာမှ လျှာ၊ လျှာမှ သွား၊ သွားမှ နှုတ်ခမ်းသို့ ရောက် ရှိ ထွက်လာလေတော့၏။ မီးရထား မီးသင်္ဘောတို့မှ ဥသြမှုတ် ခြင်းတို့မှာ ဤသဘော ဝါယောဓာတ်ပင် ဖြစ်လင့်ကစား လူ မှာကဲ့သို့ ပြုပြင်ပေးရန် အာ၊ လျှာ၊ သွား၊ နှုတ်ခမ်း စသည်တို့ မရှိခြင်းကြောင့် ဥသြသံမှာ တသမတ်တည်း တမျိုးတည်း ဖြစ် နေ၍ လူတွင်ကား အာ၊ လျှာ၊ သွား၊ နှုတ်ခမ်း စသည်တို့က သဘာဝအတိုင်း ပြုပြင်လိုက်ခြင်းကြောင့် စကားလုံး များမှာ တလုံးနှင့်တလုံး မတူဘဲ ထွက်လာရခြင်း ဖြစ်၏။ ထို့ကြောင့် စကား ပြောခြင်းမှာ ငါပြောသည် မဟုတ်၊ စိတ်ဓာတ်နှင့် ဝါယောဓာတ်မျှသာ ဖြစ်၏။

ဤသို့လျှင် လူ့ခန္ဓာကိုယ်ကြီး တခုလုံးမှာ ခေတ်ကြီး ၄ - ပါး သည် မိမိ မိမိတို့ကိစ္စတာဝန် ဝတ္တရားများကို တိကျစွာ ဆောင်ရွက် လျက် ရှိကြလေသည်။ ၎င်းခေတ်ကြီး ၄-ပါးတွင် တပါးပါး ချို့ယွင်းခဲ့သော် ခန္ဓာကိုယ်ကြီးသည် ပကတိအတိုင်း တည်ရှိမနေ နိုင်တော့ချေ။ ထိုကြောင့်....

အတ္တနော သဘာဝံ
ခေရေတီတိ ခေတု။

ဟူ၍ အများအားဖြင့် ကိုးကားရွတ်ဆိုကြခြင်း ဖြစ်လေသည်။ **အဓိပ္ပါယ်သော်ကား** ခေတ်တို့သည် မိမိ မိမိတို့၏ တာဝန်ကို တိကျစွာ ဆောင်ရွက်ကြကုန်၏ဟူလို။

## ခေတ်ကြီး ၄-ပါး
## ပြောင်းလဲပုံ

တဖန် ပရမာ နှုမြူတွင်ပါရှိသော ခေတ်ကြီး ၄-ပါးသည် တပါးကို ကျန် ၃-ပါးက အားပေးကူညီ ထောက်ပံ့နေ၏။ ကျန် ၃-ပါးကို တပါးက အားပေးကူညီနေ၏။ ၂-ပါးကို ကျန် ၂-ပါးက ကူညီအားပေးနေပြန်၏။ ထိုကြောင့် ပါဠိ တော်တွင်....

ဧကံ မဟာဘူတံ ပဋိစ္စတယော မဟာဘူတာ၊
တယော မဟာဘူတေ ပဋိစ္စဧကံ မဟာဘူတံ၊
ဒွေ မဟာဘူတေ ပဋိစ္စဒွေ မဟာဘူတာ။
(ပဋ္ဌာန်း ပဋိစ္စဝါရ)

ခေတ်ကြီး ၄-ပါးသည် အချင်းချင်း အစဲ့ပြုကာ အမှီသဟဲပြု၍ ဖြစ်ပေါ်တည်နေရသည် ဆိုပြန်ရကား ပဌမ ဖြစ်ပေါ်ပျက်ချုပ်သွားသည့် ပရမာနုမြူတွင် ပါရှိသွားသော ခေတ် ၄-ပါးတို့သည် တပါးကိုတပါး အချင်းချင်း ကျေးဇူးပြုသွားရာ နောက်ထပ် ပေါ်သော ပရမာနုမြူတွင် ပါရှိသော ခေတ်တို့မှာ တမျိုးတမျိုးစီပင် ဆိုင်ရာ ပဌမခေတ်နှင့် မတူတော့ရကား နောက်ဖြစ်ပေါ်လာသော ပရမာနုမြူတွင် ပါသော ခေတ် ၄-ပါးတို့သည် အထက်ပါ ပဌာန်းပါဠိတော်အတိုင်း တပါးကိုတပါး အချင်းချင်း ကျေးဇူးပြုကြရပြန်သဖြင့် ပဌမ ပရမာနုမြူတွင် ပါရှိသွားသော ခေတ် ၄-ပါးနှင့် နောက်ဖြစ်လာသော ပရမာနုမြူတွင် ပါရှိလာသော ခေတ် ၄-ပါးသည် မည်သည့်နည်းနှင့်မျှ မတူနိုင်တော့ချေ။ ထိုကြောင့် ပညာဘူမိ နိဒ္ဒေသတွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည်....

ရုပ္ပနလက္ခဏံ ရူပံ၊
ဝိကိရ ဏရသံ။
အဗျာကတာ ပစ္စုပဋ္ဌာနံ၊
ဝိညာဏ ပဒဋ္ဌာနံ။

ဟု မိန့်တော်မူ၏။ ရူပံ၊ ရုပ်သည်။ ရုပ္ပနလက္ခဏံ၊ ရှေ့ရုပ်နှင့် နောက်ရုပ်ခတူ ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲ ပြိုကွဲခြင်း ကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ ရုပ်သည် သိတတ်သော လက္ခဏာမရှိဟု သိရှိရ၏။ ဝိညာဏ ပဒဋ္ဌာနံ၊ ဝိညာဉ်လျှင် နီးစွာသော အကြောင်းရှိ၏။ ထို့ကြောင့် ပဌမ ရုပ်နှင့် နောက်ဖြစ်သောရုပ်မှာ မတူကြချေ။

ထိုမှတဖန် အထက်ပါရုပ်၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ လိုရင်းမှာ ပရမာနုမြူကလေး မရေမတွက် နိုင်အောင် ဖြစ်ပေါ်ချုပ်ငြိမ်းလျက် ရှိသောရုပ်သည် ရှေ့ရုပ်နှင့် နောက် ဖြစ်ပေါ်လာသောရုပ် မတူဘဲ ပြောင်းလဲဖေါက်ပြန်၍ နေ၏။ (လက္ခဏ)

ထိုရုပ်သည် တာရှည်မတည် ဖရိုဖရဲဖြင့် ပျက်စီးချုပ်ငြိမ်း သွားခြင်း အလုပ်ကိစ္စသာ ရှိပေ၏။ (ရသ)

ထိုကြောင့် ၎င်းရုပ်သည် ဘာမျှသိတတ်သော သဘော တရားမရှိ။ သဘာဝအတိုင်း ဖြစ်ပေါ်ပြီးလျှင် ချုပ်ငြိမ်းသွား ခြင်း သဘောတရားကလေးမျှသာ ပါတကားဟု ယောဂီပုဂ္ဂိုလ် သည် ကျနစွာ သိမြင်လိုက်၏။ (ပစ္စုပဋ္ဌာန်)

ထိုပရမာ နုမြူကလေးပေါင်းများစွာတို့၌ အနီးကပ်ဆုံးတွင် အဘယ်တရား ရှုပါသနည်းဆိုမူ၊ ဝိညာဉ်တရားသည်သာလျှင် နီးစွာသော တရားရှိ၏ဟု ယောဂါဝစရ ပုဂ္ဂိုလ်၏ဉာဏ်တွင် ထင်မြင်လာ၏။ (ပဒဋ္ဌာန်)

ဤသို့ ပရမာနုမြူကလေးပေါင်းများစွာ ဖြစ်ပျက်နေသည် တို့ကို ယထာဘူတကျအောင်သိလျှင် ဒိဋ္ဌိဝိသုဒ္ဓိအတွက် ခရီးတဝက် ရောက်ရှိနေလေပြီ။ ထိုကြောင့် အထက်ပါ အဋ္ဌကထာ ဆရာရှင် အမိန့်ရှိသော ရုပ်၏လက္ခဏရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြစ်သော ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊ အဗျာကတ ပစ္စုပဋ္ဌာနံ ဝိညာဏ ပဒဋ္ဌာနံကို ပါဠိရော အနက်ပါရအောင် ထင်အောင် ထပ်ခါ ထပ်ခါ ရွတ်ဆိုလေ့ကျင့် ပွားများပေးပါလေ။

ဤသို့ ရှုတ်ဖန်ဆိုဖန် ဘာဝနာပွားဖန်များသော် ပညတ်ရုပ် ပျောက်၍ ဘုရားရှင် အလိုတော်ကျ ဖြစ်သော ပရမတ်သဘော ရုပ်အပေါ်တွင် ကောင်းစွာပေါက်လာပေလိမ့်မည်။ ဤအခြေ အနေသို့ ရောက်ရှိလာလျှင် ဝိပဿနာလုပ်ငန်း ဆောက်လုပ်ရာတွင် ဆူးချုံရှင်းခြင်း၊ ပန္နက်သဲ ရိုက်ခြင်းတို့မှာ ပြီးစီးလာသည်မည်၏။ စာသင်ရာတွင် အောက်စာ ကြေလျှင် အထက်စာ လွယ်၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် အထက်ဉာဏ်စခန်းများ လွယ်ကူ နိုင်ရန် ဤရုပ်ခဏ်း၊ နာမ်ခဏ်းကိုပိုင်အောင် ကျိုးစားတော် မူကြ ပါလေ။

——✢——

## ၂-နာမ်တရား

ရုပ်တရားကို အနည်းငယ် သဘော ပေါက်လောက်အောင် ရှင်းလင်းပြီး၍ နာမ်တရားကို ရေးသားအံ့။ နာမ်တရားကို ဗမာလို အများခေါ်ဝေါ် နေကြသည်မှာ စိတ်ဟူ၍၎င်း၊ အသက်ဟူ၍ ၎င်း၊ ဝိညာဉ်ဟူ၍၎င်း၊ လိပ်ပြာဟူ၍၎င်း၊ အတ္တကလေးဟူ၍၎င်း စသည်ဖြင့် ခေါ်ဆိုနေကြကုန်၏။

၎င်းအသက်၊ ဝိညာဉ်၊ စိတ်၊ လိပ်ပြာ အတ္တကလေးသည် လူတို့ ၏ ကိုယ်ခန္ဓာထဲတွင် ကိန်းအောင်းတည်ရှိနေရာ မွေးသည်ကစ၍ သေသည့်တိုင်အောင် အစဉ်မပျက် တည်ရှိနေသည်ဟု အချို့ ပုဂ္ဂိုလ်တို့ ယူဆနေကြကုန်၏။ အမှန်မှာ ထိုစိတ်သည် မွေးသည့် အခါကစ၍ သေသည့် အချိန်တိုင်အောင် တည်မြဲနိုင်သောစိတ် မဟုတ်ချေ။ ၎င်းစိတ်သည် လက်ဖျစ် တတွက်တွင် ကုဋေ

တသိန်းချုပ်၏။ ၎င်းစိတ်အဖြစ်အပျက်မှာ အလွန် လျင်မြန်ရ ကား ရုပ်ရှင်ပြသော ဓာတ်ကားငယ်ကလေးများမှာ အကူး ပြောင်းမြန်လှသဖြင့် အစမှအဆုံးအထိ တဆက်တည်း တကား တည်း ထင်ရဘိသကဲ့သို့ပင် ဖြစ်၏။

စိတ်၏ အဖြစ်အပျက်မှာ ရုပ်ထက်ပို၍ လျင်မြန်၏။ ရုပ်ဘကြိမ် ဖြစ်ပျက်လျှင် (စိတ်) နာမ်တရားသည် ၁၇ ကြိမ် ဖြစ်ပျက်၏။ နာမ်တရားသည် အလွန်ဆန်းကျယ်၏။ ရုပ်တွင် ပထဝီ, တေဇော, အာပေါ, ဝါယောဟု ၄-မျိုးရှိဘိသကဲ့သို့ နာမ်ခန္ဓာတွင်လည်း....

ဝေဒနက္ခန္ဓာ၊
သညက္ခန္ဓာ၊
သင်္ခါရက္ခန္ဓာ၊
ဝိညာဏက္ခန္ဓာ။

ဟူ၍ ခန္ဓာ ၄-ပါးရှိ၏။ ၎င်း ၄ ပါးသည် တစုတည်း တပေါင်း တည်းဖြစ်၍ တခုကိုတခုမှခွဲ၍ မရစကောင်းချေ။ ထို့ကြောင့် စိတ်တခုတခုတွင် နာမ်ခန္ဓာ ၄-ပါးစီ ပ ရှိသည်ကို သတိပြုထား အပ်၏။ ထို့ကြောင့် စိတ်ဘခုဖြစ်တိုင်း ဖြစ်တိုင်း ပျက်တိုင်း ပျက်တိုင်း နာမ်ခန္ဓာ ၄ ပါးစလုံး အတူတကွ ဖြစ်ပျက် ချုပ်ငြိမ်း သွားရတော့၏။ ၎င်းနာမ်ခန္ဓာ ၄-ပါး အပေါင်း အစုကိုပင် "စိတ်"ဟူ၍ ခေါ်ရ၏။

၎င်းစိတ် တခုတခုတွင် ပါရှိသော နာမ်ခန္ဓာ ၄-ပါး၏ သတ္တိ ထူးများသည် တခုနှင့်တခု မတူကြချေ၊ ၎င်း ၄-ပါး၏ သတ္တိ

တူများကို သတိပြုအပ်လေသည်။ ဝေဒနက္ခန္ဓာ၏ သတ္တိစွမ်းရည်မှာ အာရုံ၏အရသာကို ခံစားခြင်း၊ သညက္ခန္ဓာမှာ–မှတ်ခြင်း၊ သင်္ခါရက္ခန္ဓာမှာ စေ့ဆော်ခြင်း၊ ဝိညာဏက္ခန္ဓာမှာ- သိခြင်း၊ ဤသို့လျှင် နာမ်ခန္ဓာ ၄-ပါးတို့သည် တခုနှင့်တခု ကိစ္စဆောင်ရွက်ပုံမှာ မတူကြကြောင်း ခွဲခြားသိမှတ်ထားအပ်လေသည်။

ရူပက္ခန္ဓာတွင်ပါသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောသည် အထည်ဒြပ်ကိုယ်သဏ္ဌာန်မရှိ၊ ဓာတ်သဘာဝသက်သက်မျှသာ ဖြစ်ဘိသကဲ့သို့ လက်ဖျစ်တတွက်တွင် ကုဋေ တသိန်းဖြစ်ပျက်သွားသော စိတ်တခုတခုသည် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ နာမ်ခန္ဓာ ၄-ပါးစီ ပါရှိသည်ဟုသော်လည်း အမှန်မှာ ဓာတ်ကြီး ၄-ပါးကဲ့သို့ပင် အထည်ကိုယ်သဏ္ဌာန် ဒြပ်မရှိ၊ ပကတိ သက်သက် သဘာဝ ဓာတ်သဘောမျှသာ ရှိလေသည်။

အထက်တွင် နိယာမတရား ၅-ပါးကို ဖော်ပြခဲ့သည့်အတိုင်း စိတ္တနိယာမသည် အလွန်ဆန်းကျယ်စွာ မိမိတို့ တာဝန်ကို မိမိတို့ ကိုယ်စီ ကိုယ်စီ အပိုအလိုမရှိ တိကျစွာ ဆောင်ရွက်နေကြလေသည်။

လူတယောက်၏ နားအနီးမှ လူတယောက်က "အနတ္တ"ဟု ရွတ်ဆိုလိုက်သောအခါ စိတ်တွင်တခါတည်း "အနတ္တ"ကို တချိန်တည်း ကြားသိလိုက်သည်ဟု ထင်ရ၏။ သို့သော် စိတ်သည် အဖြစ်အပျက် လျှင်မြန်ရကား စိတ်တလုံးဖြစ်၍ ပျက်သွားခြင်းသည် "အနတ္တ"ကို စေ့ငှပြီးစီးအောင် မတည်နေနိုင်ရုံမျှပင်

မက "အနတ္တ" ဆိုသော စကား၏ အစဖြစ်သော (အ) ဆိုသော စကားတလုံး ဆုံးအောင်ပင် မတည်ရှိနိုင်ဘဲ ပျက်စီးခြင်းသို့ ရောက်သွားရလေသည်။

ထိုကြောင့် "အနတ္တ" ဆိုသော စကားတွင် ပဌမ (အ) ဆိုသော စကားတလုံးကိုပင် သိရှိနားလည်နိုင်ရန် အကြမ်းအားဖြင့် သဘောပေါက်ရုံလောက်သာ ပြောဆိုရလျှင် စိတ်ပေါင်း ၁၇-လုံး ဖြစ်ပျက်သွားမှသာလျှင် (အ) ဆိုသော စကားတလုံးကိုကြားသိလိုက်ရခြင်း ဖြစ်၏။ ထို့အတူ (နတ်) ဆိုသော စကားမှာလည်း အကြမ်းအားဖြင့် စိတ်အလုံးပေါင်း ၁၇-ကြိမ် ဖြစ်ပျက် သွားပြီးမှသာလျှင် (နတ်) ဆိုသော စကားလုံးကို ကြားသိရခြင်းဖြစ်၏။ ထို့အတူ (တ) ဆိုသော စကားလုံးမှာလည်း စိတ် ၁၇-ကြိမ် ဖြစ်ပျက်သွားပြီးမှသာလျှင် (တ) ဆိုသော စကားလုံးကို ကြားသိရခြင်း ဖြစ်လေသည်။ ဤတွင်မရှုပ်ထွေးစေရန် တဒနုဝတ္တက မနောဒွါရဝီထိ၊ ဝါ-အနုဗန္ဓက မနောဒွါရဝီထိတို့ကို ချန်လှပ်ထားခဲ့၏။

ဤသို့ စိတ် ၁၇-လုံး ဖြစ်ပျက်ပြီးမှ စကားတလုံးကို သိရှိနိုင်သည်ဆိုရာ၌ စိတ်သည် မွေးကတည်းကစ၍ သေသည့်တိုင်အောင် စိတ်တခုတည်းမဟုတ်၊ စိတ်ပေါင်းများစွာ မရေမတွက်နိုင်အောင် လက်ဖျစ်တတွက်တွင် ကုဋေတသိန်းခန့်ဖြစ် ချုပ်-ခြင်းကိုသာ ပဓာနထားခါ ပြောလိုရင်းဖြစ်၍ ဝီထိ ဖြစ်စဉ်ကို အသေးစိပ် ဤတွင်မပြတော့ပြီ။ အမှန်အားဖြင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် စိတ်ဝီထိတို့ဖြစ်စဉ် သဘော သဘာဝကို သိအပ်၏။ ထိုကြောင့်လည်း အထက်တွင် ဝိပဿနာယောဂီသည် သင့်ဂြိုဟ်

၉-ပိုင်းတွင် ပါရှိသော စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ဝီထိပိုင်း၊ ရုပ်ပိုင်းတို့ကို သော့လာအင်၏ဟု ဆိုခဲ့ခြင်း ဖြစ်၏။ ယင်းသို့ သင်ကြားရမည် ဆိုသော်လည်း အသက်အရွယ် ကြီးရင့်သူတို့ အတွက်မှာ စာပုလွေခင်း၍ စာတက်နေရန် မဆိုလို။ ဆရာက ထိုစိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ဝီထိပိုင်း၊ ရုပ်ပိုင်းတို့ကို ကျနစွာ သဘောပေါက်အောင် တပိုင်း တပိုင်းကို သုံးလေးရက်စီမျှ ရှင်းလင်းဖေါ်ပြပေးပါကလည်း ပြီးနိုင်ပေ၏။

ယင်းသို့ စိတ် ၁၇-သုံး ဖြစ်ပျက်ပြီးမှ (အ) ဟူသော စကားတလုံးကို သိသည်ဆိုရာ၌ ပဌမစိတ်နှင့် ဒုတိယစိတ်၊ ဒုတိယစိတ်နှင့် တတိယစိတ်၊ တတိယစိတ်နှင့် စတုတ္ထစိတ် စသည်ဖြင့် စိတ်တလုံးနှင့် တလုံး အလုပ်လုပ်ကိုင် ဆောင်ရွက်သွားကြသော တာဝန်များမှာ တစိတ်နှင့် တစိတ် မတူကြချေ။ ထို့ကြောင့် နိယာမတရား ၅-ပါးတို့သည် ပြောမယုံလောက်အောင် ဆန်းကျယ်စွာ မိမိတို့ မိမိတို့၏ တာဝန်လုပ်ငန်းများကို တိကျစွာ လုပ်ကိုင်နေကြသည်ဟု သိရခြင်းဖြစ်၏။

(အ) ဆိုသော စကားတလုံးကို စိတ် ၁၇-လုံး ဖြစ်ပျက်ပြီးမှ ကြားသိရသဖြင့် (အ) ဟု ဆိုလိုက်သော အချိန်အနည်းငယ်ကလေးကို ၁၇-ပုံ ပုံရပေမည်။ ထို ၁၇-ပုံတွင် ပဌမစိတ်မှ နောက်ဆုံးစိတ်အထိ စိတ်တခု တခုသည် အချိန် တကြိမ်ကျ ပိုင်ဆိုင်ရာ ထိုမိမိတို့ ပိုင်ဆိုင်သော အချိန်ကလေးကို စိတ် ၁၇-လုံးသည် ကိုယ်စီကိုယ်င တာဝန်ကျေအောင် ဆောင်ရွက်သွားကြခြင်းကြောင့်၊ နောက်ဆုံး စိတ် ၁၇-လုံး စေ့သောအခါ (အ)ဟူသော စကားကို ကြားသိရခြင်းဖြစ်၏။

(အ)ဟုဆိုလိုက်သော စကားတွင်ပင် ပဋ္ဌမကြားလိုက်ရသော စိတ်ကို (၁)အတီတ ဘဝင်ဟု ခေါ်၏။ ၎င်းစိတ်မှာ အဖြစ် အပျက် မြန်လွန်း၍ (အ)ဆိုသော စကားကို ဘာမျှမသိလိုက်ဘဲ ဖြစ်-ပျက်-ချုပ်-ဆုံး-ကျော်လွန်သွားခြင်းကြောင့် ထိုပဋ္ဌမစိတ်ကို အတီတဘဝင်ဟု ခေါ်ဆိုရ၏။

(၂)ဘဝင်္ဂစလနမှာ အာရုံကို အနည်းငယ် ထိခိုက်သွားသည် မည်၏။ သို့သော် မသင်ရှားသေးချေ။

(၃) ဘဝင်္ဂုပစ္ဆေဒမှာ ပို၍လှုပ်ရှားလာတော့၏၊ သို့သော် ထင်ရှားတိကျခြင်း မရှိသေး။

(၄) ပဉ္စဒွါရာဝဇ္ဇန်းသည် (အ) ဆိုသော အသံကို ပဋ္ဌမ ဖြစ်ပျက်သွားသော စိတ် ၃-လုံးကဲ့သို့ မဟုတ်ဘဲ ဆင်ခြင်လာတော့ ၏။

(၅) သောတ ဝိညာဉ်စိတ်သည် သောတပသာဒရုပ်ကို မှီ၍ ဖြစ်ခြင်းကြောင့် သောတဝိညာဉ်စိတ်ဖြစ်၏။

(၆) သမ္ပဋိစ္ဆိုင်းသည် (အ) ဆိုသော အသံကို နားစိုက် နေဘိသကဲ့သို့ ခံလင့်လျက်ရှိ၏။

(၇) သန္တီရဏစိတ်သည် အထက်က ဆင်ခြင်ခံလင့်ခဲ့သည် တို့ကို စုံစမ်းတော့၏။

(၈) ဝုဋ္ဌောစိတ်မှာအထက်က ဖြစ်ပျက်သွားသော စိတ်များ ဆင်ခြင်ခံလင့် စုံစမ်းသွားသည်တို့ကို ကောင်း၊ မကောင်း တိကျစွာ ဆုံးဖြတ်တော့၏။

၉-မှ ၁၅-အထိမှာ ဇောစိတ်များ ဖြစ်ကြ၏၊ ဇောစိတ်မှာ အထက်က ဝုဋ္ဌောစိတ်ကဆုံးဖြတ်သွားသည်ကို ကောင်းလျှင်လည်း ကောင်းသည့်အလျောက် မကောင်းလျှင်လည်း မကောင်းသည့် အလျောက် ကျနစွာ အရသာကို ခံစားတော့၏။ ဇောမှာ ၇-ကြိမ်ဖြစ်၏။

(၁၆-၁၇) တဒါရုံမှာ ဇောစိတ်ကျပြီးနောက် ၎င်းဇော စိတ်အရှိန်ကို အာရုံပြု၍ တဒါရုံ ၂-ကြိမ်ကျ၏။ ဤသို့လျှင် စိတ်ပေါင်း ၁၇-လုံးတို့သည် မိမိတို့ကိစ္စကို မိမိတို့တာဝန်ကျေ အောင် ဆောင်ရွက်သွားကြသော အခါ၏ အဆုံးတွင် (အ) ဟူသော အသံကို ကြားသိလိုက်တော့၏။

ဤသို့လျှင် (နတ်)ဟူသော စကားလုံးတွင်လည်း စိတ် ၁၇-လုံး ဖြစ်ပျက် ဆောင်ရွက်သွားကြရ၏။ ထိုအတူ(တ)ဟူသော စကားလုံးကိုလည်း သိရှိနိုင်ရန် စိတ် ၁၇-လုံးဖြစ်ပျက် ဆောင် ရွက် သွားကြရ၏။

ထိုအတူ ကျန်စက္ခုဝိညာဉ်စိတ် စသည်တို့ကိုလည်း ဤကဲ့သို့ ပင် စိတ် ၁၇-လုံးစီ ဖြစ်ပျက် ဆောင်ရွက်သွားပါမှ သိအပ် သည်သာတည်း။

စိတ်၏ဖြစ်ပျက်ဆောင်ရွက်ပုံတို့ကို အထက်ပါအတိုင်း သိရှိပြီး၍၊ စိတ် ၁၇-ကြိမ် ဖြစ်ပျက်ပါမှ ရုပ်တကြိမ် ဖြစ်ပျက်သည်တို့ကို ရှင်းလင်းစွာ သိရှိနိုင်ရန် တဘက်တွင် ရုပ်နှင့်နာမ် တွဲလျက် ပြဥပြလိုက်ပေသည်။

# နာမ်နှင့်ရုပ်

## နာမ် ၁၇-ကြိမ်ပျက်မှ ရုပ်တကြိမ်ပျက်၏။

| နာမ်သက် | | ရုပ်သက် |
|---|---|---|
| ၁ | ဝ-အတီတဘဝင် → | ဥပါဒ် |
| ၂ | ဝ-ဘဝင်္ဂစလန | |
| ၃ | ဝ-ဘဝင်္ဂုပစ္ဆေဒ | ↓ |
| ၄ | ဝ-ပဉ္စဒွါရဝဇ္ဇန်း | |
| ၅ | ဝ-သောတဝိညာဉ် | |
| ၆ | ဝ-သမ္ပဋိစ္ဆိုင်း | ↓ |
| ၇ | ဝ-သန္တီရဏ | |
| ၈ | ဝ-ဝုဋ္ဌော | |
| ၉ | ဝ-ဇော | ဌီ |
| ၁၀ | ဝ-ဇော | |
| ၁၁ | ဝ-ဇော | ↓ |
| ၁၂ | ဝ-ဇော | |
| ၁၃ | ဝ-ဇော | |
| ၁၄ | ဝ-ဇော | ↓ |
| ၁၅ | ဝ-ဇော | |
| ၁၆ | ဝ-တဒါရုံ | |
| ၁၇ | ဝ-တဒါရုံ → | ဘင် |

တဘက်တွင် နာမ်နှင့်ရုပ် ဖြစ်ပျက်ပုံတို့ကို တွဲပြထားရာ အမြင် အားဖြင့် ကြာသည်ဟု ထင်ရ၏။ အမှန်မှာ စာနှင့်ပြထားခြင်း ကြောင့်သာ ရှည်ကြာနေ၏။ရုပ်ဖြစ်ပုံမှာ နာမ်ဖြစ်ပျက်ပုံတို့ကား လွန် လျင်မြန်လှပေ၏။စာနှင့်ပြခြင်းမှာ ရုပ်ရှင်ပြပွဲတွင် အနေး ၂(စလိုးမိုးရှင်း)နှင့် သဘောချင်း တူလျက် ရှိနေ၏။ အမှန်မှာ အမြန်ဆုံး ပန်ကာလည်သည်ထက် ဆပေါင်းများစွာ ပို၍ လျင်မြန်၏။

ရုပ်နာမ်တို့၏ ဖြစ်ပျက်ခြင်းမှာ အဘယ်မျှ လျင်မြန်ပါ သနည်းဆိုသော် ပွဲကြည့်ရာတွင် က,သည်ကိုလည်း မြင်ရ၏။ ဆိုင်းသံကိုလည်း ကြားရ၏။ ဘူးသီးကြော်ဆိုင်မှ အငွေ့နံ့ လည်း နံ၏။ စားနေသော ချောကလက် ကလည်း စား၍ ကောင်းလှ၏။ ဝယားရ်၍ ကုတ်ရတာကလည်း အရသာရှိ၏။ ထိုမြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ ခံတွင်းတွေ့ခြင်း၊ ယားခြင်းတို့ကို တခါတည်းစုပေါင်း၍ သိသည်ဟု ထင်လိုက်ရ၏။ စင်စစ်ကား စိတ်သည် တချိန်တည်းတွင် ၂ လုံး ၃-လုံးပြိုင်၍ မဖြစ်၊ အဖြစ် မြန်လှခြင်းကြောင့် တခုပြီးမှ တခုသိသော်လည်း တချိန်တည်း တွင် အားလုံးသိလိုက်သည်ဟု ထင်ရခြင်း ဖြစ်လေသည်။ ထိုမျှ ရုပ်နာမ်တို့သည် အဖြစ်အပျက် မြန်လှပေ၏။ ဤတွင် ရုပ်နှင့် နာမ်တို့ အမြဲမရှိ ထဖြစ်တည်းဖြစ်၍ တပျက်တည်း ပျက်နေသည် မှာ ထင်ရှားရကား ရုပ်နှင့်နာမ်မှာ နိစ္စမဟုတ်၊ အနိစ္စဖြစ်ကြောင်း ယုံမှားဘွယ် မရှိတော့ပြီ။

## နာမ်ခန္ဓာ ၄-ပါး

စိတ်တလုံးတလုံးတွင် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါ ရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟု နာမ်ခန္ဓာ ၄-ပါးပါရှိရာ ၎င်းနာမ်

ခန္ဓာ ၄-ပါးတို့သည်လည်း ခန္ဓာတပါးချင်း လွတ်လပ်စွာ နေကြသည်မဟုတ်၊ ရုပက္ခန္ဓာတွင် ဓာတ်ကြီး ၄-ပါးသည် တပါးကို ၃-ပါးက၊ ၃-ပါးကို တပါးက၊ ၂-ပါးကို ၂-ပါးက ကူညီထောက်ပံ့ ကျေးဇူးပြုနေဘိ သကဲ့သို့ နာမ်ခန္ဓာ လေးပါးသည်လည်း ၂၄-ပစ္စည်း သတ္တိတို့ဖြင့် ထိုက်သည့် အားလျော်စွာ အပြန်အလှန် ကျေးဇူးပြုနေ ကြလေသည်။ ထိုကြောင့် ပဋ္ဌာန်ပါဠိတော် ပဋိစ္စဝါရ၌ လာရှိသည်မှာ....

ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ၊
တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊
ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ။

ဤသို့လျှင် စိတ်ခဏ တခုခုတွင် ဖြစ်ပေါ်လာလျှင် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ နာမ်ခန္ဓာ ၄-ခုပေါ် ရှိလာပြီးလျှင် ၎င်းနာမ်ခန္ဓာ ၄-ခုတို့သည် အချင်းချင်း ကူညီထောက်ပံ့ ကျေးဇူးပြုအား ကြလေသည်။

ရုပ်ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် အထပ်ထပ်ဆင်ခြင်ဘိသကဲ့သို့ နာမ်ခန္ဓာကိုလည်း လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့် ကြိမ်ဖန်များစွာ ဆင်ခြင်ပွားများ ရမည်။ သို့မှသာလျှင် မိမိတို့ အထင်လွဲနေသော နာမပညတ်၊ သဏ္ဌာနပညတ် စသည်တို့ ပြုတ်နိုင်ပေမည်။ ဆင်ခြင်ရန်မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဘူမိနိဒ္ဒေသတွင် လာသည့်အတိုင်း....

ဝိဇာနနလက္ခဏံ ဝိညာဏံ၊
ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိ
ပစ္စုပဋ္ဌာနံ၊ သင်္ခါရ ပဒဋ္ဌာနံ။

ဝိညာဏံ၊ ဝိညာဉ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကို သိဘတ်သော လက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ နာမ်ရုပ်တို့၏ ရှေ့ဆောင် ရှေ့သွား ရသ ကိစ္စရှိ၏။ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊ စုတိပဋိသန္ဓေ ဟူသော ဘဝနှစ်ပါးတို့ကို တစပ်ထည်းကဲ့သို့ ဆက်စပ်သောတရား ဟူ၍ (ယောဂီ) ဉာဏ်တွင် သိရှိ၏။ သင်္ခါရပဒဋ္ဌာနံ၊ သင်္ခါရ တရားသည် နီးစွာသော အကြောင်းရှိ၏။

ဤသို့ နာမ်တရား ဖြစ်ပျက်နေပုံ၊ မိမိထင်သကဲ့သို့ မွေးက တည်းက သေသည်အထိ စိတ်တခုထည်း မဟုတ်ပုံ၊ အသက် လိပ်ပြာ စိတ်ဝိညာဉ် ဆိုသည်တို့မှာ လူအများ ထင်ရှိနေဘိ သကဲ့သို့ အထည် ဒြပ် သဏ္ဍာန်မရှိ၊ ခဏတ်သဘော သက်သက် ဖြစ်ပျက် နေခြင်းမျှသာ ဖြစ်သည်ဟု ပေါ်လွင် ထင်ရှားလာ အောင် ကြိမ်ဖန်များစွာ အားထုတ်ဆင်ခြင် လေ့ကျင့်ပေးရ မည်။ ဤသို့ လေ့ကျင့်ခြင်းအားဖြင့် မိမိသည် ဝိပဿနာလုပ်ငန်း မှာ အတော်ပင် အခြေပါဒ ခိုင်လုံရင့်သန်လာရကား သာမန် လူညံ့မဟုတ်တော့ပြီ။ ထိုသို့ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို ပိုင်းခြား စွာ သိနေသော ပုဂ္ဂိုလ်သည် သုတ်မဟာဝါ- မဟာသတိပဋ္ဌာန် ပါဠိတော်တွင် လာရှိသော....

ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ။

ဂစ္ဆန္တောဝါ၊ သွားသော်လည်း။ အဟံ၊ ငါသည်။ ဂစ္ဆာမိ၊ သွား၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

အဘိက္ကန္တေ ပဋိက္ကန္တေ၊
သမ္ပဇာနကာရီ **ဟောတိ**။

အဘိက္ကန္တေ၊ ရှေ့သို့တက်ခြင်း။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ် ခြင်း။ သမ္ပဇာနကာရီ၊ ကောင်းစွာပညာဖြင့် ဆင်ခြင်၍သာ

ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းကို ပြုသည်။ ဟောတိ၊ ဖြစ်၏။ စသည်တို့ကို ပါဠိတော်နှင့် ကိုက်ညီအောင် ဆင်ခြင်နိုင်လေပြီ။ ဝမ်းသာဘွယ်။

ယင်းသို့ နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်သော ရုပ်ခတ်၊ နာမ်ခတ်တို့ကို ခွဲခြမ်းစိပ်ဖြာ သိရှိပြီးနောက် ဤရုပ်ခတ်နှင့် ဤနာမ်ခတ်တို့သည် အဘယ်ကြောင့် ဖြစ်ပေါ်နေကြရသနည်းဟု အကြောင်းအကျိုးကို ဆင်ခြင်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ပေါ်ပြပါအံ့။

—‡—

## ပစ္စယပရိဂ္ဂဟဉာဏ်

ပစ္စယ ပရိဂ္ဂဟဉာဏ် ဆိုသည်မှာ ဤနာမ်ရုပ် ခန္ဓာ ၅-ပါးသည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်းဟု အကြောင်းအကျိုးကို ဆင်ခြင်သော ဉာဏ်ဖြစ်သည်။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်ပိုင်လျှင် "ငါ" စွဲ "အတ္တ" စွဲ ပြုတ်ရန် လွယ်ကူလာလေပြီ။ အကြိမ်ကြိမ် ပွားများ လေ့ကျင့်ပေးရန်သာ လိုပေတော့၏။

လူတွင် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်ကာယ၊ စိတ်ဟူ၍ အရေးကြီးသည့် အချက်ကြီး ၆-ချက်ရှိ၏။ ၎င်းတို့ကို ဒွါရ ၆-ပေါက်ဟူ၍လည်း ခေါ်၏။ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန, ဟူ၍လည်းခေါ်၏။ တနည်းအားဖြင့် အတွင်းအခံခတ် ၆-ပါး ဟူ၍လည်း ခေါ်၏။

၎င်းအတွင်း အခံခတ် ၆-ပါးနှင့် တွေ့ဆုံ တိုက်ခိုက်ရန် အပြင်အတိုက်ခတ် ၆-ပါးလည်း ရှိပေသေး၏။ ၎င်း ၆-ပါး

မှာ ရူပါရုံ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟူ၍ အပြင်အတိုက်ဓာတ် ၆-ပါးရှိ၏။

၎င်းအတွင်းဓာတ် ၆-ပါးနှင့် အပြင်ဓာတ် ၆-ပါးပေါင်းသော် အာယတနဓာတ် ၁၂-ပါးရ၏။ ထိုအတွင်းအခံဓာတ် ၆-ပါးနှင့် အပြင်အတိုက်ဓာတ် ၆-ပါး တွေ့ဆုံကြသော် ပေါက်ပွား ဖြစ်ပေါ်လာသော ဓာတ် ၆-ပါးသည်ရှိ၏။ ထိုကြောင့် အတွင်း အခံဓာတ် ၆-ပါး၊ အပြင်အတိုက်ဓာတ် ၆-ပါးပေါက်ပွား ဖြစ်ပေါ်လာသော အပေါ်ဓာတ် ၆-ပါးကို ပေါင်းသော် ဓာတ် ၁၈-ပါး ခေါ်ရ၏။ ၎င်းအတွင်းအခံဓာတ် ၆-ပါး၊ အပြင်အတိုက်ဓာတ် ၆-ပါး၊ ပေါ်ထွက်လာသော အပေါ်ဓာတ် ၆-ပါးတို့ကို စုပေါင်းဖော်ပြရသော် တဘက် စာမျက်နှာတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပေလိမ့်မည်။

ထိုတဘက်တွင် ပြထားသော စာမျက်နှာကို ကြည့်လျှင် သောတပသာဒရုပ် အကြည်ဓာတ်နှင့် သဒ္ဒါရုံ အသံဓာတ် ၂-ပါး တွေ့ဆုံ ထိခိုက်လတ်သော် စာမျက်နှာ ၂၁၀-တွင် ဖော်ပြထား သည့်အတိုင်း ကြားသိသော သောတဝိညာဉ် ဝိထိစိတ်တို့သည် ဖြစ်ပေါ်လာကြကုန်တော့၏။

ထို့အတူ စက္ခုပသာဒရုပ် အကြည်ဓာတ်နှင့် ရူပါရုံ အဆင်း ဓာတ် ၂-ပါး တွေ့ဆုံထိခိုက်လတ်သော် စက္ခု ဝိညာဏ် ဝိထိစိတ်တို့ သည် ဖြစ်ပေါ်လာတော့၏။ ထိုနည်းအတူ ဃာန, ဇိဝှါ, ကာယ, မန တို့ကိုလည်း သိအပ်လေပြီ။

အပေါ်ဓာတ် ၆-ပါးဟူ၍ နောက်ထပ် ဖြစ်ပေါ်လာရခြင်း မှာ အခံဓာတ် ၆-ပါးနှင့် အတိုက်ဓာတ် ၆-ပါး တွေ့ဆုံမိကြ၍

## အာယတန ၁၂-ပါး၊ ခေတ် ၁၈-ပါး

| အခံခေတ် ၆-ပါး။ | | အတိုက်ခေတ် ၆-ပါး။ | | အပေါ်ခေတ် ၆-ပါး။ |
| --- | --- | --- | --- | --- |
| စက္ခုအကြည်ခေတ် | .... | ရူပါရုံ-အဆင်း | .... | စက္ခုဝိညာဉ် |
| သောတအကြည်ခေတ် | .... | သဒ္ဒါရုံ-အသံ | .... | သောတဝိညာဉ် |
| ဃာနအကြည်ခေတ် | .... | ဂန္ဓာရုံ-အနံ့ | .... | ဃာနဝိညာဉ် |
| ဇိဝှာအကြည်ခေတ် | .... | ရသာရုံ-အရသာ | .... | ဇိဝှာဝိညာဉ် |
| ကာယအကြည်ခေတ် | .... | ဖေါဋ္ဌဗ္ဗာရုံ-အထိအတွေ့ | .... | ကာယဝိညာဉ် |
| မနောအကြည်ခေတ် | .... | ဓမ္မာရုံ-စိတ်ကူး | .... | မနောဝိညာဉ် |

အခံခေတ် ၆-ပါးနှင့် အတိုက်ခေတ် ၆-ပါးတို့ကို အာယတန ၁၂-ပါးဟု ခေါ်ဆို၍ ၎င်း ၁၂-ပါးတွင် အပေါ်ခေတ် ၆-ပါးထပ်၍ပေါင်းသော် ခေတ် ၁၈-ပါး ခေါ်၏။

ဖြစ်ပေါ်လာရခြင်း ဖြစ်ခြင်းကြောင့် ပဋ္ဌမအခံခေတ် ၆-ပါးနှင့် အတိုက်ခေတ် ၆-ပါးမှာ အကြောင်းတရားများ ဖြစ်ကြပြီးလျှင် အပေါ်ခေတ် ၆-ပါးမှာ အကျိုးတရားများ ဖြစ်ကြ၏။

တနည်းဆိုလျှင် စက္ခုနှင့် ရူပါရုံသည် အကြောင်းတရားဖြစ်၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဉ်စိတ်မှာ အကျိုးတရားဖြစ်၏။ ဤသို့လျှင် သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ် စသည်တို့တွင်လည်း အကြောင်းတရား အကျိုးတရားတို့ကို သိအပ်လေသည်။

ထိုနောက်ဘဖန် စက္ခုနှင့် ရူပါရုံအကြောင်း ၂-ပါးတွေ့ဆုံကြ၍ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာသည်ဆိုသော်လည်း စက္ခုနှင့် ရူပါရုံတို့က စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာရလေအောင် အခြားအကြောင်းရင်း ၂-ပါးလည်း ရှိပေသေး၏။ ၎င်းတို့ကို ပေါင်း၍ တပါးထည်းပြရသော်....

စက္ခုဝတ္ထု
ရူပါရုံ
အာလောက
မနသိကာရ

ထိုအကြောင်း ၄-ပါး ပြည့်စုံပါမှသာလျှင် စက္ခုဝိညာဉ် အမြင်စိတ်တလုံး ပေါ်ပေါက်နိုင်၏။ ၎င်း ၄-ပါး မပြည့်စုံက စက္ခုဝိညာဉ် အမြင်စိတ် မဖြစ်ပေါ်နိုင်။

သောတဝိညာဉ်စိတ် အတွက်မှာလည်း သောတ ဝတ္ထု၊ သဒ္ဒါရုံ၊ အာကာသခေတ်၊ မနသိကာရ ဤအကြောင်းတရား ၄-ပါး ပြည့်စုံရ၏။

ဃာနဝိညာဉ် စိတ်အတွက်မှာလည်း ဃာနဝတ္ထု၊ ဂန္ဓာရုံ၊ ဝါယောဓာတ်၊ မနသိကာရ၊ ဤအကြောင်းတရား ၄-ပါး ပြည့်စုံရ၏။

ဇိဝှာဝိညာဉ်စိတ် အတွက်မှာလည်း ဇိဝှာဝတ္ထု၊ ရသာရုံ၊ အာပေါဓာတ်၊ မနသိကာရ။

ကာယဝိညာဉ်စိတ် အတွက်မှာလည်း ကာယဝတ္ထု၊ဖေါဋ္ဌဗ္ဗာရုံ ပထဝီဓာတ်၊ မနသိကာရ။

ဤသို့လျှင် အကြောင်းတရားများ ပြည့်စုံပါမှ အကျိုးဖြစ်သော မြင်စိတ်၊ ကြားစိတ်၊ စသည့်စိတ်များ ဖြစ်ပေါ်လာနိုင်လေသည်။

ထို့ပြင် သိရန်မှာကား စက္ခုဝတ္ထု၊ ရူပါရုံ၊ အာလောက၊ မနသိကာရ အကြောင်းတရားတို့ကြောင့် စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာရသည်ဆိုရာ၌ ၎င်းအကြောင်းတရား ၄-ပါးတို့က စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာရန် မည်ကဲ့သို့ ဆက်သွယ်ပြီး မည်ကဲ့သို့ အားပေး ထောက်ခံ ကျေးဇူးပြုကြ၍ ထိုစက္ခုဝိညာဉ် စိတ်ဖြစ်ပေါ်လာရပါသနည်းဆိုသော် ၂၄-ပစ္စည်း သတ္တိတို့က သဘာဝဓမ္မအားဖြင့် ကူညီအားပေး ကျေးဇူးပြုနေခြင်းကြောင့် ဖြစ်လေသည်။ ၎င်း ၂၄-ပစ္စည်းတို့မှာ အလွန်စွမ်းရည်သတ္တိ ကြီးမားလှပေ၏။ ဘုရားရှင် ဉာဏ်တော်ကျက်စားရာ ပဋ္ဌာန်းကျမ်းကြီးမှာ ထို ၂၄-ပစ္စည်းတို့ဖြင့်သာ ပြီးလျက်ရှိ၏။ ထို၂၄-ပစ္စည်းမှာ အလွန် သတ္တိတန်ခိုး ကြီးမားရကား စေတီတည်ရာတွင် ထို ၂၄-ပစ္စည်းကို ဌာပနာခါ ပူဇော်ရလေသည်။အထက်ကျော် ကာရိကဆိုလျှင်

ထို ၂၄-ပစ္စည်းကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်လျှင် လူကြီးများကို မဆိုထားဘိ ခလေးများပင် အလွတ်ရရှိထားကြလေသည်။ ထို ၂၄-ပစ္စည်းကို ရွတ်ဘတ် သရဇ္ဈာယ်ပါက အကျိုးကြီးမားလှပေ၏။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဟေတုပစ္စယော။ အာရမ္မဏပစ္စယော။ အဓိပတိပစ္စယော။ အနန္တရပစ္စယော။ သမနန္တရပစ္စယော။ သဟဇာတပစ္စယော။ အညမညပစ္စယော။ နိဿယပစ္စယော။ ဥပနိဿယပစ္စယော။ ပုရေဇာတပစ္စယော။ ပစ္ဆာဇာတပစ္စယော။ အာသေဝနပစ္စယော။ ကမ္မပစ္စယော။ ဝိပါကပစ္စယော။ အာဟာရပစ္စယော။ ဣန္ဒြိယပစ္စယော။ ဈာနပစ္စယော။ မဂ္ဂပစ္စယော။ သမ္ပယုတ္တပစ္စယော။ ဝိပ္ပယုတ္တပစ္စယော။ အတ္ထိပစ္စယော။ နတ္ထိပစ္စယော။ ဝိဂတပစ္စယော။ အဝိဂတပစ္စယောတိ။

အထက်ပါ ၂၄-ပစ္စည်း ဓာတ်သတ္တိထူးတို့သည် ထိုက်သည်အားလျော်စွာ အခါအားလျော်စွာ ထောက်ပံ့ ကျေးဇူးပြုနေခြင်းကြောင့် သတ္တဝါတို့သည် ဖြစ်ပေါ်တည်နေနိုင်ခြင်းဖြစ်၏။

စက္ခုဝိညာဉ် စိတ်တလုံး ဖြစ်ပေါ် လာရှိရန် ရူပါရုံက အဘယ်သတ္တိတို့ဖြင့် ကူညီအားပေး ကျေးဇူးပြုပါသနည်း ဆိုသော် အာရမ္မဏသတ္တိ၊ ပုရေဇာတသတ္တိ၊ အတ္ထိသတ္တိ၊ အဝိဂတသတ္တိ၊ ထို ၄-ပါးသော သတ္တိတို့ဖြင့် ကျေးဇူးပြုလုပ်ခြင်းကြောင့် စက္ခုဝိညာဉ်စိတ်ဓာတ် တလုံး ဖြစ်ပေါ် တည်ရှိရလေသည်။

ထိုအတူ စက္ခုဝတ္ထုကလည်း စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်တည်ရှိလာရန် စက္ခုဝိညာဉ် စိတ်အား နိဿယသတ္တိ၊ ပုရေ

ဇာတသတ္တိ။ အိန္ဒြိယသတ္တိ။ ဝိပ္ပယုတ္တသတ္တိ။ အတ္ထိသတ္တိ။ အဝိဂတသတ္တိ။ ထို၆-ပါးသော သတ္တိတို့ဖြင့် ကျေးဇူးပြုခြင်းကြောင့် စက္ခုဝိညာဉ် စိတ်ဓာတ်တလုံးသည် ဖြစ်ပေါ် တည်ရှိလာရလေသည်။ စက္ခုဝိညာဉ်စိတ်ဓာတ် တလုံး ဖြစ်ပေါ်လာရန် ရုပ်ရိုးနှင့် စက္ခုဝတ္ထုတို့က ကျေးဇူးပြုပုံကို ထင်ရှားစွာ သိမြင်နိုင်ရန် ၂၂၆-၌ သီးခြားပြထားခဲ၊ ၂၂၃-မှာ ပိုမိုရှင်းလင်းထား၏။

ထိုမှတပါး အာလောကလည်း စက္ခုဝိညာဉ် စိတ်ဓာတ်အား ဥပနိဿယသတ္တိဖြင့် ကူညီအားပေး ကျေးဇူးပြုနေရ၏။ ထိုအတူ စက္ခုဝိညာဉ် စိတ်ဓာတ် ဖြစ်ပေါ်တည်နေနိုင်ရန် မနသိကာရကလည်း ထိုက်သည့်ပစ္စည်း သတ္တိတို့ဖြင့် ကျေးဇူးပြုနေရပြန်၏။

ယင်းသို့သော အကြောင်း ၄-ပါးသည် အကျဉ်းအားဖြင့်သာ ဖြစ်သေး၏။ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာရန် ကျန်အကြောင်းပေါင်း များစွာလည်း ရှိပေသေး၏။ ဥပမာဆိုသော် လက်ဖျစ်တတွက်တွင် စိတ်သည် ကုဋေတသိန်း ဖြစ်ပျက်နေသည်ဖြစ်ရကား ရှေ့စိတ်ဆောင်ရွက်သွားသည် တို့ကို မိမိသည် မည်သည့်ကိစ္စ မည်သည့်ကိစ္စတို့ကို ဆောင်ရွက်သွားလေပြီ။ သင်လည်းဆက်လက်ဆောင်ရွက်ပါလေဦးဟု မပြောသော်လည်း ဓမ္မနိယာမ၊ စိတ္တနိယာမ အားဖြင့် ပြောဘိသကဲ့သို့ ကျေးဇူးပြုခဲ့ခြင်းကြောင့် နောက်စိတ်အစဉ်က ရှေ့စိတ်အစဉ် ဆောင်ရွက်သွားသည်တို့ကို ဆက်လက်ခါ ဆောင်ရွက်သွားနိုင်ခြင်းဖြစ်၏။ ဥပမာဆိုသော်

**စိတ်တလုံး ဖြစ်ရပုံ အကြောင်းရင်းများ (၂၂၄ နှင့်၂၃၃တွင် ဖတ်ပါ)**

နာနာက္ခဏိက ကမ္မသတ္တိ

ပကတူပနိဿယသတ္တိ

**စက္ခုဝတ္ထု**

နိဿယသတ္တိ
ပုရေဇာတသတ္တိ
ဣန္ဒြိယသတ္တိ
ဝိပ္ပယုတ္တသတ္တိ
အတ္ထိသတ္တိ
အဝိဂတသတ္တိ

**စက္ခုဝိညာဉ်**
**အမြင်စိတ်**

**ရူပါရုံ**

အာရမ္မဏသတ္တိ
ပုရေဇာတသတ္တိ
အတ္ထိသတ္တိ
အဝိဂတသတ္တိ

**ချုပ်သွားသောစိတ်**

အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊
ဥပနိဿယသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိ။

မီးဇိုရှိမီးကို ရေနှင့်ဖျန်းပက်ပါလျှင် မီးငြိမ်းသည်ကား မှန်၏။ ထို့သော် ပြာကား ပူလျက်ပင် ဤသို့လျှင် ရှေ့စိတ်ဓာတ်တလုံးက နောက်ဖြစ်ပေါ်လာမည့် စိတ်ဓာတ်တလုံးအား....

အနန္တရသတ္တိ။

သမနန္တရသတ္တိ။

ဉပနိဿယသတ္တိ။

နတ္ထိသတ္တိ။

ဝိဂတသတ္တိ။

ဤ ၅-ပါးသော သတ္တိတို့ဖြင့် ကျေးဇူးပြုသွားခြင်းကြောင့် နောက်ဖြစ်ပေါ်လာသော စိတ်သည် ရှေးစိတ်တို့ ဆောင်ရွက်သွားသည်တို့ကို ဆောင်ရွက်သွားနိုင်ခြင်းဖြစ်၏။ အကယ်၍ ဇောစိတ်ဖြစ်ဘိမူကား နောက် ဇောစိတ်တို့မှာ ယခင် ၅-ပါးသော သတ္တိအပြင်၊ အာသေဝနသတ္တိတခုပို၍ ကျေးဇူးပြုခြင်း ခံရ၏။

**မှတ်ချက်။** ။နိုင်ငံခြားတွင် သာသနာပြုမည်ဆိုလျှင် သုတ္တန်ဒေသနာနှင့် ဟောပြောပါက ၎င်းတို့စိတ်တွင် ယုံချင်ယုံ မယုံချင်နေ ဆိုသော ပုံပြောသလိုသာဖြစ်၍ နေပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံခြားကို သာသနာပြုလိုလျှင် ဓမ္မသင်္ဂဏီနှင့် ဝိဘင်းကျမ်းကြီး ၂-ကျမ်းကို မိဘ ၂-ပါးသဘွယ် မှတည်ပြီးလျှင် ပဋ္ဌာန်းကျမ်းကြီးနှင့် အမွန်းတင်ခါ သံယုတ်အစရှိသော သုတ္တန်ဒေသနာတော်နှင့် တန်ဆာဆင်မှသာ ၎င်းတို့အတွက် အဆင်ပြေနိုင်ဘွယ် ဖြစ်သေ

သည်။ မြန်မာပြည်အတွက်ကား ဗုဒ္ဓဘာသာကို ယုံကြည်ပြီး ဖြစ်၍ သက်သေခံထုတ်နေရန် မလိုချေ။

ပစ္စယပရိဂ္ဂဟဉာဏ် စခန်းကို ပြန်၍ ဆက်ဦးအံ့။ အချို့တို့သည် "အတ္တ" ကလေးသည် တဆက်ထည်း တည်ရှိနေ၏။ သေလျှင် ဟိုဘဝသို့ပါသွား၏ဟု သဿတဒိဋ္ဌိအယူကို ယူလေ့ရှိကြ၏။ အချို့ကား သေလျှင်ပြီးတာဘဲဟု ဥစ္ဆေဒဒိဋ္ဌိအယူကို ယူလေ့ရှိကြ၏။ အချို့ကား တစုံတယောက်သောသူက ဖန်ဆင်း၍ လူ့တိရစ္ဆာန် ဖြစ်ပေါ်နေရ၏ဟု ယူလေ့ရှိကြ၏။ ထိုကြောင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ပိုင်လျှင် တစုံတယောက်သောသူက ဖန်ဆင်းသည်ဟူ၍ရင်း "အတ္တ" ကလေးသည် ဘဝတိုင်း ဆက်ခါဆက်ခါ ပါသွားသည် ဆိုသည်ကိုရင်း၊ သေလျှင် ကိစ္စတုံးတာဘဲဟူ၍ရင်း၊ အယူအမှတ် လွဲမှားနေသည်တို့သည် ကင်းရှင်းသွားတော့၏။

ယင်းသို့လျှင် စိတ်တလုံးဖြစ်ပေါ်ပုံကို ပဋ္ဌာန်းနည်းဖြင့် သိရှိသော် ရုပ်ဓာတ် နာမ်ဓာတ်တို့မှာ ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါမပိုင်၊ ငါ့အစိုးမရ၊ ဆိုသည်တို့ကို မယုံပါနှင့်ဆို၍ မရတော့ချေ။ ထိုကြောင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် တက်နိုင်လျှင် သင်္ဂြိုဟ်ကျမ်းတွင်ပါရှိသော စိတ်ပိုင်း၊ စေတသိက်ပိုင်း, ဝီထိပိုင်းတို့ကို အနည်းငယ်သဘောပေါက်ရုံမျှလောက် လေ့လာလိုက်ပါလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရေးမှာ အလွန်အားကြီးသော အကူအညီအထောက်အပံ့ ရရှိနိုင်၏ဟု ရှေ့တွင် ရေးသားခဲ့ခြင်း ဖြစ်၏။ ဤကဲ့သို့ ရုပ်ဖြစ်ပျက်ပုံ နာမ်ဖြစ်ပျက်ပုံတို့ အပြင် နာမ်ရုပ်

တို့သည် အကြောင်းမဲ့ ဖြစ်ပေါ်နေသည်မဟုတ်။ သူ့အကြောင်းနှင့် သူ့အကျိုး ဖြစ်ပေါ် ပျက်ချုပ် နေခြင်းကို ထင်ရှားလာပေလိမ့်မည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာရှင်သည်....

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ။

ဆိုလိုရင်းကား ကံကို ပြုတတ်သော သူသည်မရှိ။ အကျိုးဝိပါက်ကို ခံစားတတ်သော သူသည်လည်းမရှိ။ သက်သက်သော နာမ်ရုပ်ဟု ဆိုအပ်သော သင်္ခတခေတ် တရားတို့သည်သာလျှင် ဖြစ်ကုန်၏ ဤသို့ပြဆိုပြီးသော သဘောရှိသော ထိုထိုသော ဉာဏ်အမြင်သည်သာလျှင် မဖောက်မပြန် ဟုတ်မှန်သော အမြင်သည်ဖြစ်၏။

ယင်းသို့ ဝိပဿနာယောဂီသည် ရုပ်နာမ်၏ အဖြစ်အပျက်နှင့် ရုပ်နာမ်တို့၏ အကြောင်းအကျိုးတို့ကို ဆင်ခြင်လေ့ကျင့်ဖန်များလတ်သော် ငါ သူတပါး ယောကျ်ား-မိန်းမဟူသည် မဟုတ် နာမ်နှင့် ရုပ်မျှသာကား၊ ၎င်းနာမ်ရုပ်သည်လည်း အကြောင်းအကျိုး ဆက်စပ်ခါ ဖြစ်ပျက်နေပုံကို ကျနစွာ ဉာဏ်မျက်စိတွင် သိရှိလာသောအခါ သေလျှင် အသက်လိပ်ပြာ ဝိညာဉ်ကလေး ဟိုဘက်ဘဝသို့ ကူးပြောင်းသွားသည်ဟူသော သဿတဒိဋ္ဌိ အယူမဟုတ်ကြောင်း ထင်ရှားစွာသိသာတော့၏။ ထိုအယူ သေလျှင် ပြီးတာပဲ ကိစ္စတုံးတာပဲ နောက်လားရာ ဘဝမရှိသော ဉစ္ဆေဒ

ဒိဋ္ဌိကိုလည်း အယုံအကြည်မရှိတော့ဘဲ မိမိကိုယ်တိုင် ဘုရားရှင် အလိုတော်ရှိအပ်သော ဝိပဿနာ နယ်နိမိတ်သို့ ဝင်စပြုလာရကား မိမိကိုယ်တိုင် ဝမ်းသာ၍မဆုံး ဖြစ်လာပေလိမ့်မည်။

ထိုအခါ မိမိအား သူဌေးစည်းစိမ်ကို ယူမည်လော မိမိသိရှိထားသော တရားဘော်ကို စွန့်မည်လောဟု မိမိကိုယ်ကို မိမိမေးသည်ရှိသော် ငါကားသူဌေးစည်းစိမ်ကိုပင် အဆုံးခံမည်။ ငါ၏ တရားကိုကား မစွန့်နိုင်ဟူသော အခြေအနေသို့ ရောက်ရှိလာလိမ့်မည်။ထိုသောအခါကစ၍ ဗ-ဒ္ဒါရကိုလည်း ပိတ်ဆို့လိုသော ဆန္ဒတိုးတက်လာလိမ့်မည်။ သီလကိုလည်းမကျူးလွန်ရဲတော့ချေ။ အပျော်အရွှင်များကိုလည်း ငြီးငွေ့စ ပြုလာပြီးလျှင် တရားတွင်သာ စိတ်ဝင်စားလာပေတော့၏။ ထိုသောအခါ ယောဂီပုဂ္ဂိုလ်သည် ဘုရားရှင်၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ပြီးဖြစ်ရကား ယခုဘဝ တမဂ်တဖိုလ် မရသေးသော်လည်း အပါယ် ၄-ဘုံ အတွက်ကား အထူး သက်သာရာ ရရှိခဲ့လေပြီ။ ထိုကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသည်မှာ....

> လူမိနာ ဥာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ
>
> သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော
>
> စူဠသောတာပန္နော နာမဟောတိ။

အဓိပ္ပါယ်သော်ကား ဤကဲ့သို့ ကင်္ခါဝိတရဏ ဥာဏ်နှင့် ပြည့်စုံသော ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သဗ္ဗညု ရှင်တော်ဘုရား၏ သာသနာတော်၌

သက်သာရာ ထောက်တည်ရာကို ရသည် မြဲသော သုဂတိရှိသည် ဖြစ်၍ "စူဠသောတာပန်" မည်သည်ဖြစ်၏။

ယင်းသို့လျှင် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟာဉာဏ်ကို ကျနပိုင်းခြား လေ့ကျင့်နေစဉ် ဉာတပရိညာကို ပိုင်နေသော အချိန်အခါသည် သီလဝိသုဒ္ဓိဖြစ်ခြင်း၊ စိတ္တဝိသုဒ္ဓိဖြစ်ခြင်း၊ ဒိဋ္ဌိ ဝိသုဒ္ဓိဖြစ်ခြင်း၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်ခြင်း တို့ကြောင့် ထိုအချိန်အခါမျိုးတွင် စုတိ နောင်ပဋိသန္ဓေ အကျိုးပေးရာဝယ် အပါယ် ၄-ဘုံသို့ မကျရောက်ဟု ဆိုခြင်းဖြစ်၏။

ဤသို့ မဟုတ်မူ၍ ယောဂီပုဂ္ဂိုလ်သည် ထိုမျှသာ ကျင့်သုံးခါ နောင်တဖန် ယောဂီလုပ်ငန်းကို ရပ်တန့်စေ၍ ဒုစရိုက် ၁၀-ပါး ကို ကျူးလွန်ပြီးလျှင် ၅-ပါးသီလကိုပင် မလုံခြုံသောမန်အန္ဓဗာလ တို့ကဲ့သို့ ပြန်လည်လေ့ကျင့် နေထိုင်ဦးမည်ဆိုသော် ထိုပုဂ္ဂိုလ် အား အထက်တွင် အဋ္ဌကထာရှင်ပြဆိုခဲ့သော "စူဠသောတာပန်" ၏ ဂုဏ်ပုဒ်ကို မရရှိနိုင်။ (ဝါ)သေသည်၏ အခြားမဲ့၌ အပါယ် ၄-ပါး တံခါးပိတ်ပြီဟု မဆိုနိုင်သည်ကို သတိရှိအပ်၏။ ဒုတိယ စစ်ကြီး မဖြစ်မီက သာသနာ့ဘောင်တွင် ရဟန်းပြုခါ ရုပ်၊ နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကို ကောင်းစွာလေ့လာခဲ့ကြပြီးလျှင် အချို့တို့ကား လူထွက်ကြခါ အထောက်အပံ့ယူ၍ ခရာဇ်ယာန် တရားဟော ဆရာများ ပြုလုပ် ကြလေသည်။ ထိုကြောင့် အထက်ပါ တရားသဘာဝများကို နားလည်ပြီးလျှင် ကျနစွာ ကျင့်သုံးလေ့လာနေစဉ် သေသော ပုဂ္ဂိုလ်များ အဘို့ကိုသာလျှင် အဋ္ဌကထာရှင် ရည်ရွယ်ခြင်းဖြစ် ၏။ သက်သေပြရန်ကား စာမျက်နှာ ၁၀၆-မှစ၍ ဖေါ်ပြခဲ့သော

တိဿမထေရ်၊ ရေကပတ္တနဂါး၊ မလ္လိကာမိဖုရား၊ အသောက မင်းကြီးတို့ သေသည်၏ အခြားမဲ့၌ အပါယ် ၄-ပါး တံခါး ပပိတ်ပုံတို့ပင်တည်း။

သို့ရာတွင် သေခါနီး၌ စာမျက်နှာ ၁၀၄-တွင် ဖေါ်ပြခဲ့သော တမ္ဗဒါဠိကကဲ့သို့ (အနုလောမိကခန္တိ) ဝိပဿနာဉာဏ်ကို ရုတ်တရက် ရှောင်တခင် သတိရစေ၍ အနိစ္စ၊ဒုက္ခ၊အနတ္တကို ပွားများနိုင်ပါက သိန်းထီပဋ္ဌမဆုကြီးကို အကြိမ်တရာ ပေါက်သည်ထက် ကံကောင်းလှပေတော့၏။

ထို့ကြောင့် သေခါနီးတွင် သမာဓိရရှိရေးအတွက် သေမည့်ဆဲဆဲတွင် အခြားစိတ်များ ဝင်မလာနိုင်ရန်(ဝါ)မကောင်းသော အာသန္နကံ ဝင်ရောက်မလာနိုင်ရန် ယခုမှစ၍ ဝိပဿနာဉာဏ်စခန်းကို အာသေဝန ပစ္စည်း ရ,ထားအောင် အထူးကျိုးစားထားရမည်။သို့မှသာလျှင် သေခါနီးဆဲဆဲတွင် အခြား အကုသိုလ်စိတ်များ မဝင်ရောက်စေဘဲ ဝိပဿနာ စိတ်သာလျှင် ကိန်းအောင်းခါသေရပေလိမ့်မည်။ ဤသို့ ကုသိုလ်စိတ်ဖြင့် သေသူတို့သာလျှင် ထမဂ်တဖိုလ် မရသေးသော်လည်း အပါယ် ၄-ပါး တံခါးပိတ်နိုင်လေသည်။ သာမန်လူတို့မှာကား သေခါနီး၌ သားစိတ်၊ မယားစိတ်၊ လင်စိတ်၊ ဥစ္စာပစ္စည်းစိတ်စသည့် အကုသိုလ်စိတ်တို့နှင့် သေသည်သာ များကြ၏။ ယင်းသို့ အကုသိုလ်ဇောနှင့်သေလျှင် အပါယ် ၄-ပါးသို့သာ လားရာဂတိရှိ၏။ ဤသေခါနီးစိတ်ထားကို အများအားဖြင့် သတိမပြုကြ၊ ထို့ကြောင့် အရေးကြီးလှသည့် သေခါနီး စိတ်ထားကို လေးနက်စွာ သတိပြုကြပါကုန်။

# စိတ်တလုံးဖြစ်ပေါ်မှု အကြောင်းရင်းများ
## (ပဋ္ဌာန်းနည်း)

နိယာမတရား ၅-ပါးတွင် စိတ္တနိယာမ ဖြစ်ပုံမှာ အခြားကျန်နိယာမတရား ၄-ပါးကဲ့သို့ အလွန်ဆန်းကျယ်လှ၏။ ထိုမျှဆန်းကျယ်စွာ ဖြစ်ပျက်နေပုံတို့ကို တစုံတယောက်သော သူသည် အဘယ်နည်းနှင့်မျှ သိမြင်နိုင်ဘွယ် မရှိချေ။ ထိုမျှမက ဗုဒ္ဓဘာသာအခြေခံတရား မရှိသူတို့ကား ပြော၍ပင် မယုံနိုင်လောက်အောင် ရှိတော့၏။ ဘုရားရှင် သိမြင်တော် မူရခြင်းမှာလည်း သာမန်ကျိုးစားမှုဖြင့် သိရှိရသည်မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်မှု ရရှိအပ်သော ဉာဏ်မျက်စိကြီး ဖြစ်လေသည်။

လူတွင် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ ၂-ပါးရှိ၏။ နာမ်ခန္ဓာ ဆိုသည်မှာ စိတ်စေတသိက်ကို ခေါ်ဆိုခြင်းပင်ဖြစ်၏။ စိတ်တလုံးတလုံး ဖြစ်ပေါ်မှုမှာ အစီအစဉ်အားဖြင့် အကြောင်းပေါင်းများစွာ ပြည့်စုံပေါင်းဆုံမိပါမှ စိတ်တလုံး ဖြစ်ပေါ်နိုင်လေသည်။အကျိုးဖြစ်ပေါ်မှု၏ အကြောင်းရင်းကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်ကို ပဋ္ဌာန်းနည်းဖြင့် ပြဦးအံ့။

ဤတွင် စာမျက်နှာ ၂၁၅-တွင် ပြန်၍ကြည့်သော် တချိန်တည်း၌ လူတကိုယ်တွင် စိတ် ၂-လုံး မဖြစ်ရ၊ တလုံးသာ ဖြစ်ပေါ်ရ၏။ မြင်မှုကြားမှု စသည်တို့တွင်လည်း မြင်မှုစိတ်ကတမျိုး၊ ကြားမှုစိတ်က တမျိုးသာ ဖြစ်ပေါ်ရ၏။ မြင်မှုစိတ်က ကြားမှုကိစ္စကို မဆောင်ရွက်နိုင်။ ကြားမှုစိတ်က မြင်မှုကိစ္စကို မဆောင်

ရွက်နိုင်၊ ဖြစ်ရာဒွါရအားဖြင့်လည်း တမျိုးစီသာ ဖြစ်ရ၏။ မြင်မှုစိတ်၏ ဖြစ်ရာစက္ခုဒွါရ၌ ကြားမှုစိတ် မဖြစ်နိုင်၊ ကြားမှုစိတ်ဖြစ်ရာ သောတဒွါရ၌ မြင်မှုစိတ် မဖြစ်ပေါ်နိုင်။ မေ့လျော်ရာအာရုံအားဖြင့်လည်း တမျိုးစီသာ ဖြစ်ရ၏။ မြင်မှုစိတ်၏ မေ့လျော်ရာ ရူပါရုံ၌ ကြားမှုစိတ် မမေ့လျော်၊ ကြားမှုစိတ် မေ့လျော်ရာ သဒ္ဒါရုံ၌ မြင်မှုစိတ်မမေ့လျော်နိုင်၊ မှီရာတည်ရာ ဝတ္ထုအားဖြင့်လည်း တမျိုးစီသာ ဖြစ်ရ၏။ မြင်မှုစိတ်၏ မှီရာနေရာစက္ခုဝတ္ထုရုပ်၌ ကြားမှုစိတ် မမှီမနေ။ ကြားမှုစိတ် မှီရာနေရာသောတဝတ္ထုရုပ်၌ မြင်မှုစိတ် မတည်မနေ။ ဥပမာဆိုသော်စာမျက်နှာ ၂၁၅-တွင် ပြထားသော အတိမဟန္တာရုံ၌ ဖြစ်သောစိတ် ၁၇-လုံးအနက် စက္ခုဝိညာဉ်စိတ်သည် သူ့အလုပ်ကိုသာသူဆောင်ရွက်ပြီး ချုပ်ပျောက် သွားတော့၏။ နောက်လာမည့်သမ္ပဋိစ္ဆိုင်း၏ ကိစ္စလုပ်ငန်းကို မဆောင်ရွက်၊ ဆောင်ရွက်ပါဆို၍လည်းမရ၊ စိတ္တနိယာမ အစဉ်အလာဖြစ်၏။ သမ္ပဋိစ္ဆိုင်း စိတ်တလုံးကလည်း သူ့တာဝန်ကိုသာ သူဆောင်ရွက် ပြီးနောက်ချုပ်ပျောက် သွားတော့၏။ နောက်လာမည့် သန္တီရဏကိစ္စကိုမဆောင်ရွက်၊ သန္တီရဏ စိတ်ကလည်း သူ့ကိစ္စသူ ဆောင်ရွက်ပြီးလျှင် ချုပ်ပျောက်သွားတော့၏။ ဝုဋ္ဌောကိစ္စကို မဆောင်ရွက်၊ ဤသို့လျှင် စိတ်ဓာတ်သဘော တရားတို့သည် မိမိတို့တာဝန်ကိုသာလျှင် မိမိတို့ ဆောင်ရွက် ချုပ်ပျောက် သွားကြကုန်၏။ ထိုကြောင့်....

အတ္တနော သဘာဝံ
ဓာရေတီတိ ဓာတု။

ခေတ်သဘော တရားတို့သည် မိမိတို့တာဝန်တို့ကို အသီးသီး ဆောင်ရွက်ကြကုန်၏ဟု ဆိုစမှတ်ရှိခဲ့၏။

ယင်းသို့လျှင် စိတ်တို့သည် မိမိတို့တာဝန်ကို မိမိတို့ အပိုအလို မရှိရအောင် တိကျစွာ ဆောင်ရွက် သွားကြသည် ဆိုသော်လည်း ၎င်းစိတ်တလုံးတလုံး ဖြစ်ပေါ်လာသည်မှာ အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းပေါင်း များစွာတို့၏ သတ္တိကြောင့် ထိုစိတ်တလုံး ဖြစ်ပေါ်လာရခြင်းဖြစ်၏။

ဥပမာဆိုသော် မြင်မှုစက္ခုဝိညာဉ် စိတ်တလုံး၏ ဖြစ်ပေါ်နိုင်မှုအကြောင်းတရားကို ရှာသော်....

(၁) စက္ခုဝိညာဉ်စိတ်နှင့် အတူတကွဖြစ်သော အချင်းချင်းအား ကျေးဇူးပြုတတ်သော ဖဿဝေဒနာ စသော နာမက္ခန္ဓာ ပစ္စည်းတရားတို့က စက္ခုဝိညာဉ် စိတ်တလုံးအား—

၁-သဟဇာတသတ္တိ။ ၂-အညမညသတ္တိ။ ၃-နိဿယသတ္တိ။ ၄-ကမ္မ သတ္တိ။ ၅-ဝိပါက သတ္တိ။ ၆-အာဟာရ သတ္တိ။ ၇-ဣန္ဒြိယသတ္တိ။ ၈-သမ္ပယုတ္တ သတ္တိ။ ၉-အတ္ထိ သတ္တိ။ ၁၀-အဝိဂတသတ္တိ။

ဤပစ္စယ သတ္တိ ၁၀-ပါး တို့ဖြင့် ကျေးဇူး ပြုကြရကုန်၏။ (သဟဇာတမျိုး)

(၂) ရူပါရုံ (အဆင်း-ဝဏ္ဏ) ခေတ်ကလည်း စက္ခုဝိညာဉ် စိတ်ခေတ်တလုံးအား ၁-အာရမ္မဏ သတ္တိ။ ၂-ပုရေဇာတ သတ္တိ။ ၃-အတ္ထိသတ္တိ။ ၄-အဝိဂတသတ္တိ။ ဤသို့လျှင် ပစ္စယသတ္တိ ၄-ပါးတို့ဖြင့် ကျေးဇူးပြုကြ ရကုန်၏။ (အာရမ္မဏမျိုး)

(၃) ရှေးဦးစွာ အတိတ်ဘဝင်နှင့်အတူ ဥပါဒ်သော စက္ခု ဝတ္ထုပစ္စည်း တရားတို့က ၁-နိဿယသတ္တိ။ ၂-ပုရေဇာတသတ္တိ။ ၃-ဣန္ဒြိယသတ္တိ။ ၄-ဝိပ္ပယုတ္တ သတ္တိ။ ၅-အတ္ထိသတ္တိ။ ၆-အဝိဂတ သတ္တိ။ ဤ ၆-ပါးသော ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုကြရ ကုန်၏။ (ဝတ္ထုပုရေဇာတမျိုး)

(၄) စက္ခုဝိညာဉ်စိတ် မပေါ်မီကလေးတွင် ချုပ်ကွယ် သွားသော ပဉ္စဒွါရာဝဇ္ဇန်းစိတ် နာမက္ခန္ဓာ ပစ္စည်း တရားတို့က ၁-အနန္တရ သတ္တိ။ ၂-သမနန္တရသတ္တိ။ ၃-ဥပနိဿယ သတ္တိ။ ၄-နတ္ထိသတ္တိ။ ၅-ဝိဂတသတ္တိ။ ဤ ၅-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြရကုန်၏။ (အနန္တရမျိုး)

(၅) အတိတ် ဖြစ်ကုန်သော ကာမ ကုသိုလ်ကံ (အကုသိုလ် ကံ) ပစ္စည်းတရားတို့က နာနာက္ခဏိက ကမ္မသတ္တိ။ ပကတူပ နိဿယ သတ္တိပစ္စည်းဖြင့် ကျေးဇူး ပြုရ၏။ (နာနာက္ခဏိကကမ္မ သတ္တိမျိုး)

(၆) ဗလဝဖြစ်သော စိတ်-၇၉။ စေတသိက်-၅၂။ ရုပ်-၂၈။ ပစ္စည်းဖြစ်ဆိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့က ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုရ၏။(ပကတူပနိဿယမျိုး)

ဤသို့လျှင် အမျိုးအားဖြင့် ရေတွက်သော် ၁-သဟဇာတမျိုး။ ၂-အာရမ္မဏမျိုး။ ၃ ဝတ္ထုပုရေဇာတမျိုး။ ၄-အနန္တရမျိုး။ ၅-နာနာက္ခဏိက ကမ္မမျိုး။ ၆-ပကတူပ နိဿယမျိုး။ ၆-မျိုး။ သတ္တိအားဖြင့် စုစုပေါင်း ရေတွက်သော် ၂၇-ပစ္စယသတ္တိ တို့ဖြင့် ထောက်ပံ့ ကျေးဇူးပြုခြင်းကြောင့် သာလျှင် စက္ခု ဝိညာဉ် စိတ်ခေတ်ကလေး တလုံး ဖြစ်ပေါ်တည်ရှိ လာရခြင်း၏

အကြောင်းရင်းများ ဖြစ်ကြလေသည်။ ဤကား ပဌာန်းနည်း အားဖြင့် အကြောင်းအကျိုးကို သိမ်းဆည်းအပ်သော ပစ္စယ ပရိဂ္ဂဟ ဉာဏ်ပေတည်း။

(စာမျက်နှာ ၂၂၆-၌ ဖေါ်ပြထားသော စက္ခု ဝိညာဉ် အမြင်စိတ် ဖြစ်ပေါ်လာပုံ ဇယားကွက်တွင် နေရာမရ၍ အပြည့် အစုံ မဖေါ်ပြလိုက်ရပါ၊ သဘောမှာ အတူတူပင်။)

ဤနှင့်ထပ်မံ သိရှိတော်မူရန်မှာ စိတ်သည် မေ့းသည်က စ၍ သေသည့်တိုင်အောင် ဤစိတ်တခုထည်းမဟုတ်။ စိတ္တနိယာမ အားဖြင့် စိတ်တို့သည် တခုပြီးတခု ဖြစ်ပျက်နေသည်ကို ထင်ရှား စွာ သိရပေပြီ။

ထိုကြောင့် စိတ်သည်မမြဲ၊ မမြဲခြင်းကြောင့် အနိစ္စသာတည်း။ အတည်မမြဲမနေနိုင်ခြင်းကြောင့် စိတ်သည် သုခမဟုတ်၊ ဒုက္ခ အစစ်သာတည်း။ မမြဲခြင်း၊ ဒုက္ခဖြစ်ခြင်းတို့ကို ပြုပြင်ပြောင်းလဲ ပေးခြင်းငှာ မည်သူမျှမတတ်နိုင်၊ အစိုးမရ၊ ပိုင်သူမရှိခြင်း။ နိယာမဓာတ်သဘော အတိုင်းသာလျှင် ဖြစ်ပျက်နေခြင်းကြောင့် "အနတ္တ" ပါတကားဟူ၍လည်း ထင်ရှားစွာ သိအပ်လေပြီ။ (ဤဗဌာန်းနည်းမှာ မန္တလေးမြို့ မစိုးရိမ် ဆရာတော်နှင့် ရန်ကုန် မြို့ ပြည်လမ်းရှိ ပဌာန်း ဆရာတော်များထံတွင် ပဌာန်းတက်စဉ်က လေ့ကျင့်မှတ်သားခဲ့သော နည်းဖြစ်၍ ထိုဆရာတော်ကြီးများ၏ ကျေးဇူးပင်။)

ထို့မှတဖန် သိအပ်ပြန်သည်မှာ ယခုအခါ သင်္ဂြိုဟ်၊ အဘိဓမ္မာ (ပဌာန်း) တရားများကို သင်ကြားရာတွင် "အပေါက်" စာတက်ခြင်းမျှသာ မဟုတ်ဘဲ ဝိပဿနာ လုပ်ရန် အတွက်ပါ

သင်ကြားမည်ဆိုသော် စာသင်နေစဉ်ပင် ဆရာက-တပါထည်း ဝိပဿနာ လုပ်ငန်းအတွက်ပါ သင်ကြားပေးသည် ဖြစ်လျှင် စာသင်ကြားနေစဉ်ပင် ဝိပဿနာ လုပ်ငန်းကို အခြေပိုင်အောင် လုပ်နေသည်မည်၏။ ခန္ဓာ ၅-ပါးသည် နိစ္စ, သုခ, အတ္တ မဟုတ် အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ကြောင်းကို စာသင် နေရင်းပင် ဝိပဿနာလုပ်ငန်းတွင် အတော်ရင့်သန်နေပေမည်။

ထိုမျှမက စာမျက်နှာ ၃-တွင် ဖေါ်ပြခဲ့သည့် အတိုင်း ဘုရားရှင်အလိုရှိတော်မူအပ်သော စာသင်ကြားခြင်း၏ မူရင်း ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီပေလိမ့်မည်။ ထိုနောက် ၁၆၉-တွင် ဖေါ်ပြခဲ့သည့်အတိုင်း ဝိပဿနာ ကုသိုလ်ကို ရှေ့ဆိုင်းမထားဘဲ ချက်ခြင်းပြုလုပ်ရန် မူရင်းသဘောနှင့်လည်း ကိုက်ညီပေလိမ့်မည်။ ယခုကား စာသင်ရာတွင် ဘုရားရှင် အလိုတော် ရှိအပ်သော မူရင်းပဓာနဖြစ်သော ဝိပဿနာလုပ်ငန်းမှာ ငုပ်ကွယ်လျက်ရှိချေ၏။ တရားဟောပြောပေးရာ၊ သင်ကြားပေးရာတွင်၊ အတ္တုက္ကံသနနှင့် ပရဝမ္ဘနကိုသာ ရှောင်ကြဉ်ရန်မဟုတ်၊ ဘုရားရှင်အလိုတော်ရှိအပ်သော ဝိပဿနာလုပ်ငန်းကိုလည်း ဖေါ်ထုတ်ပေးအပ်လေသည်။ ထို့ကြောင့် ဝိပဿနာလုပ်ငန်းကို ဖေါ်ထုတ်ပေးတော်မူကြပါကုန်။

နောက်ဆုံးကား စိတ္တာနိယာမဟု ဆိုအပ်သော စိတ်တလုံးဖြစ်ပေါ်လာရမှုမှာ အကြောင်းပေါင်းများစွာ ပြည့်စုံပါမှဖြစ်ပေါ်လာရသည်ကို မိမိကိုယ်တိုင် သိ၍ အခြား သူများအား ဟောပြောနိုင်ခြင်းမှာ ဘုရားရှင်မှလွဲ၍ မည်သူတဦးတယောက်မျှ တတ်နိုင်သော ပြဿနာမဟုတ်ချေ။ လောကဓာတ် ဆရာများ လောက်နှင့်ကား ဝေးဘိတောင်း။ သိကြားမင်း ဗြဟ္မာမင်းတို့

လည်း မတတ်စကောင်းချေ။ ပဋ္ဌာန်းဒေသနာသည် ပစ္စယ ပရိဂ္ဂဟဉာဏ်အတွက် အစွမ်းကုန်ပြ၍ အနတ္တ စခန်းအတွက် ဟန်ကုန်အောင် ဟောတော်မူ၏။

## ပဋိစ္စ သမုပ္ပါဒ်
## နှင့်
## ပစ္စယ ပရိဂ္ဂဟဉာဏ်

စာမျက်နှာ ၃၂-နှင့် ၃၃-တွင် ဖော်ပြထားသော အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ စသည့် ပဋိစ္စ သမုပ္ပါဒ်တရား၏ အကြောင်းအကျိုးကို သိမ်းဆည်းပုံ၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ်စခန်းကို တနည်းရေးသား ဖော်ပြဦးအံ့။ ၎င်း သိမ်းဆည်း ဆင်ခြင်နည်းမှာ....

ကေတ္တနည်း
နာနတ္တနည်း
အဗျာပါရနည်း
ဧဝံဓမ္မတာနည်း

ဟူ၍ ၄-မျိုးရှိ၏။ ထိုနည်းမျိုးတို့ဖြင့် သိမ်းဆည်းရန်မှာ ပဌမ ရှေးဦးစွာ စာမျက်နှာ ၃၂-တွင် ဖော်ပြထားသော အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ စသည်ကို အလွတ်ရ ထားရမည်။ မရ၍မဖြစ်၊ လူတိုင်းလိုလို ရထားသော ပါဠိတော် ဖြစ်၏။ ထိုပဋိစ္စသမုပ္ပါဒ်တရားသည် တရားတော်တို့တွင် ခက်ခဲ နက်နဲ အသားပါ အရာရောက်လှသော တရားတော်ကြီး ဖြစ်လေ သည်။ ဗုဒ္ဓဘာသာ အမည်နာမကို ခံယူပါလျက်၊ ထိုတရား

ကို မရဘူးဆိုက ရှက်ကြောက်ဘွယ်ပင် ဖြစ်တော့၏။ အရကျက်၍ စာမျက်နှာ ၃၃-တွင်ရှိသော အနုက်သဘော သဘာဝတို့ကို ပိုင်နိုင်စွာ လေ့လာပြီးနောက်....

**ကေတ္တာနည်းဖြင့်** သိမ်းဆည်းရန်မှာ....

**အဝိဇ္ဇာ** — တည်းဟူသော အကြောင်းကြောင့် သင်္ခါရ အကျိုး တရားတို့သည် ဖြစ်ကုန်၏။ (ကျဉ်းသဘောပေါက်ထားရန်မှာ ထိုအဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ် နာမ်ရုပ် စသည်အထဲတွင် ငါမပါ၊ ငါမရှိ၊ အကြောင်းနှင့် အကျိုးတရား မျှသာ ဖြစ်၏ဟု အစဉ်သတိ ပြုသွားရမည်။)

သင်္ခါရ — တည်းဟူသော အကြောင်းကြောင့် ဝိညာဉ် တည်းဟူသော အကျိုး တရားသည် ဖြစ်၏။ (ထိုအထဲတွင်၊ ငါ-မပါ၊ ငါ-မရှိ။ အကြောင်းနှင့် အကျိုးသာရှိ၏။)

ဝိညာဉ် — တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ် တည်းဟူသော အကျိုး တရားသည် ဖြစ်၏။ (ငါ-မပါ၊ ငါ-မရှိ၊ အကြောင်းနှင့် အကျိုးသာ ရှိ၏။)

နာမ်ရုပ် — တည်းဟူသော အကြောင်းကြောင့် အကျိုး သဠာယတနသည်ဖြစ်၏။ (ငါ-မပါ၊ ငါ-မရှိ၊ အကြောင်းအကျိုးသာရှိ၏။)

**သဠာယတန** — တည်းဟူသော အကြောင်းကြောင့် အကျိုး ဖဿသည် ဖြစ်၏။ (ငါ-မပါ၊ ငါ-မရှိ၊ အကြောင်း အကျိုးသာ ရှိ၏။)

**ဖဿ** — အကြောင်းကြောင့်၊ အကျိုး ဝေဒနာ သည် ဖြစ်၏။ (ငါ-မပါ၊ ငါ-မရှိ၊ အကြောင်းအကျိုး သာရှိ၏။)

**ဝေဒနာ** — အကြောင်းကြောင့်၊ အကျိုးတဏှာသည် ဖြစ်၏။ (ငါ-မရှိ ငါ-မပါ။ အကြောင်းအကျိုးသာ ရှိ၏။)

**တဏှာ** — အကြောင်းကြောင့်၊ ဥပါဒါန်အကျိုးသည် ဖြစ်၏။ (ငါ-မပါ၊ ငါ-မရှိ။ အကြောင်း အကျိုး သာရှိ၏။)

**ဥပါဒါန်** — အကြောင်းကြောင့်၊ ဘဝအကျိုးသည် ဖြစ်၏။ (အကြောင်းအကျိုးသာ ရှိ၏။ ငါ-မရှိ၊ ငါ-မပါ။)

**ဘဝ** — အကြောင်းကြောင့် ဇာတိအကျိုးသည် ဖြစ်၏။ (အကြောင်းအကျိုးသာရှိ၏။ ငါ-မရှိ၊ ငါမပါ။)

**ဇာတိ** — အကြောင်းကြောင့်၊ ဇရာ မရဏ အကျိုးသည် ဖြစ်၏။ (အကြောင်းအကျိုးသာရှိ၏။ ငါ-မရှိ။ ငါ-မပါ။)

ဤသို့လျှင် အဝိဇ္ဇာမသိမှုကြောင့် အကြောင်းနှင့် အကျိုး ဖြစ်ခါ တဆင့်တဆင့် ဆက်စပ်လာရာ နောက်ဆုံး၌ ဇာတိ-ဇရာ-မရဏ-သောက-ပရိဒေဝ စသည့် ဒုက္ခ အမျိုးမျိုးသို့ ရောက်ရှိ လာခြင်းပါတကား၊ ဤကဲ့သို့ သိမ်းဆည်း ခြင်းသည် ဇေတ္တ

နည်းဖြစ်၍ ဤသို့ သိမ်းဆည်းခြင်းအားဖြင့် သေလျှင်ပြီးတာဘဲ ကံစွတ်ုံးတာဘဲဆိုသော ဥစ္ဆေဒဒိဋ္ဌိ အယူကို စွန့်၏။

နာနတ္တနည်း- ဆိုသည်မှာ ဧကတ္တနည်းတွင် ပြောခဲ့သည့် အတိုင်း အဝိဇ္ဇာသည် အကြောင်းသင်္ခါရသည် အကျိုးဟု ဆိုရသော်လည်း အဝိဇ္ဇာ၏ သဘောတရားသည် တမျိုးတဖုံဖြစ်၍ သင်္ခါရ၏ သဘောတရားကား တမျိုးတခြား ဖြစ်၏။ တခုနှင့်တခု မတူကြချေ။ ထိုအတူ သင်္ခါရသည် အကြောင်း၊ ဝိညာဉ်သည် အကျိုးဟုဆိုရသော်လည်း သင်္ခါရ၏ သဘောတရားသည် တမျိုး တဖုံဖြစ်၍ ဝိညာဉ်၏ သဘောတရားကား တမျိုး တခြားဖြစ်၏။ တခုနှင့်တခု မတူကြချေ။ ထိုအတူ- ဝိညာဉ်သည်အကြောင်း၊ နာမ်ရုပ်သည် အကျိုးဟု ဆိုရသော်လည်း ဝိညာဉ်၏ သဘော တရားသည် တမျိုးတဖုံဖြစ်၍ နာမ်ရုပ်၏ သဘောတရားကား တမျိုးတခြား ဖြစ်၏။ တခုနှင့် တခု မတူကြချေ။

ဤသို့လျှင် အထက်တွင် ဖေါ်ပြခဲ့သည့် ဧကတ္တနည်းအတိုင်း အဝိဇ္ဇာသင်္ခါရမှစ၍ အောက်ဆုံးဖြစ်သော ဇာတိ-ဇရာ-မရဏ စသည်တို့အထိ သွားသည်ကို နာနတ္တနည်းဟု ခေါ်ဆိုလေသည်။ နာနတ္တနည်းကို ဆင်ခြင် သိမ်းဆည်းသည်ရှိသော်၊ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးတွင် တပါးနှင့်တပါးမတူ ကွဲပြားလျက်ရှိသည်ကို တွေ့ရ ခြင်းကြောင့် နာနတ္တနည်းဟု ခေါ်ဆိုရ၏။ ၎င်းကိုဆင်ခြင် သိမ်းဆည်း လတ်သော် အသက်သည်, လိပ်ပြာသည် တဘဝမှ တဘဝသို့ ကူးပြောင်း ပါလာသည်ဆိုသော သဿတဒိဋ္ဌိ အယူကို စွန့်တော့၏။

**အနုဗျာပါရနည်း**- ဆိုသည်မှာ ကေတ္တနည်းတွင် ဖေါ်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည်ဟု ဖေါ်ပြခဲ့သော်လည်း အဝိဇ္ဇာသည် သင်္ခါရ ဖြစ်စေရန် တိုက်တွန်းခြင်းမရှိ။ ထိုအတူ သင်္ခါရကလည်း ဝိညာဉ်စိတ်ဖြစ်စေရန် တိုက်တွန်း အားထုတ်ခြင်းမရှိ။ ဤသို့လျှင် အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာ- သင်္ခါရမှ စ၍ အောက်ဆုံးဖြစ်သော ဇာတိ, ဇရာ, မရဏ စသည်တို့အထိ သုံးသပ်ဆင်ခြင်သွားသည်ကို အနုဗျာပါရ နည်းဟု ခေါ်ဆိုလေသည်။ ဤ အနုဗျာပါရနည်းကို သိမ်းဆည်းဆင်ခြင်လတ်သော် တရားတခုက တရားတခုကို ဖြစ်အောင် တိုက်တွန်းခြင်းမရှိခြင်းကြောင့် နိဿတ္တ နိဇ္ဇီဝသဘာဝ ါ ဆိုသည့်အတိုင်း သတ္တဝါမဟုတ်၊ ဇီဝမဟုတ်၊ သဘောတရား မျှသာဖြစ်ခြင်းကြောင့်၊ အတ္တဒိဋ္ဌိကို စွန့်တော့၏။

**ဓမ္မတာနည်း**- ဆိုသည်မှာ နို့ရည်မှ နို့ဓမ်းဖြစ်ဘိသကဲ့သို့ အဝိဇ္ဇာမှသည် သင်္ခါရဖြစ်ခြင်း၊ သင်္ခါရမှသည် ဝိညာဉ်ဖြစ်ခြင်း၊ ဤသဘောတရား အတိုင်းသာလျှင် ဇာတိ, ဇရာ, မရဏအထိ၊ သုံးသပ်ဆင်ခြင်သွားသည်ကို ဓမ္မတာနည်းဟု ခေါ်ဆိုလေသည်။

ဤသို့လျှင် ဆင်ခြင်သိမ်းဆည်းလတ်သော် အကျိုးအကြောင်းကို လက်မခံသော အဟေတုကဒိဋ္ဌိ အကြိယာဒိဋ္ဌိတို့ကို စွန့်တော့၏။

ဤသို့လျှင် ဝိပဿနာယောဂီ ပုဂ္ဂိုလ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် အကြောင်းအကျိုးကို ဆင်ခြင်သော် ပစ္စယ ပရိဂ္ဂဟ

ဉာဏ်ကို လေ့လာကျင့်သုံးနေသည်ရှိသော် အနုမတဂ္ဂသံသရာက စ၍ ကိန်းအောင်းဖြစ်ပွားလာသော ကိလေသာ အရပ်ရပ်တို့သည် တနေ့တခြား တနုကရအားဖြင့် ခေါင်းပါးလာတော့၏။

## ညာတပရိညာစခန်းကို ပိုင်နိုင်သဖြင့် ဝမ်းမြောက်ဘွယ်

ဤသို့လျှင် နာမ်ရုပ်တို့ကို ကျနစွာခွဲခြားစိတ်ဖြာ၍ သိသော (၁)နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် နာမ်ရုပ်တို့ဖြစ်ရာ အကြောင်းအကျိုးတို့ကို ဆင်ခြင်သော (၂)ပစ္စယပရိဂ္ဂဟဉာဏ်၊ ထိုဉာဏ် ၂-ပါးကို ပိုင်နိုင်ပြီးလျှင် ဘာဝိတာ ဗဟုလီကတာ ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပွားများဆင်ခြင်နေခြင်းသည် ဝိပဿနာယောဂီအတွက် သမာဓိ မည်တော့၏။ တမင်္ဂတဖိုလ် ရရှိရေးလုပ်ငန်းတွင် ၂-ပါးသော ယာဉ်သည်ရှိကုန်၏။ ထို ၂-ပါးမှာ သမထယာနိက နှင့် ဝိပဿနာ ယာနိက ၂-ပါးတို့ပင် ဖြစ်၏။ သမထယာနိကာ၌ သမာဓိလျှင် ရှေ့သွား၏။ သမာဓိကို ပဌမရှေးဦးစွာ ထူထောင်၏။ နောက်မှ ဝိပဿနာဘက်သို့တက်၏။ ဝိပဿနာ ယာနိကမှာ မူကား ပညာသင်လျှင် ရှေ့သွားရှိ၏။ သမာဓိကား နောက်မှာ အစဉ်ပါလျက်ရှိ၏။ ထို့ကြောင့်အချို့ကား သမထယာနိက လမ်းစဉ်ဖြင့် သွားကြ၍ အချို့ကား ဝိပဿနာယာနိက လမ်းစဉ်ဖြင့် သွားကြ၏။

ယင်းသို့လျှင် ဝိပဿနာ ယာနိက ယောဂီသည် မိမိစိတ်ကို အခြားတပါးသို့ မရောက်စေမူ၍ ခန္ဓာ ငါးပါး၌ နာမ ရူပ

ပရိစ္ဆေဒဥဒ္ဒေသ, ပစ္စယပရိဂ္ဂဟဥဒ္ဒေသ ၂-ပါး (ဝါ) ဥဒ္ဒေသတပရိညာ စခန်းကို ကျနစွာ လေ့ကျင့်ဖန် များလတ်သော်၊ ငါ-မရှိ။ အကြောင်းတရား အကျိုးတရားသာ ရှိ၏ဟု သိခါ၊ ငါ့ဥစ္စာ, ငါ, ငါ့ကိုယ်ဟူ၍ရင်း၊ အသက် လိပ်ပြာ သတ္တဝါဆိုသော အမှတ်လွဲမှားထားသော အယူစွဲကို စွန့်တော့၏။ ထိုကြောင့် ပဋိသမ္ဘိဒါမဂ် မဟာဝဂ် ဒိဋ္ဌိကထာတွင်ရင်း၊ ခန္ဓသံယုတ်တွင်ရင်း၊ စသည့် ထိုထိုသော ပါဠိတော်တို့၌....

ရူပံ အတ္တတော သမနုပဿတိ
ရူပဝန္တံ ဝါ အတ္တာနံ
အတ္တနိ ဝါ ရူပံ
ရူပသ္မိံ ဝါ အတ္တာနံ။
(ပဋိသမ္ဘိဒါမဂ်)

မြန်မာစကားဖြင့် ရှင်းလင်းစွာ နားလည်ရန် ရေးရသော်—

ရုပ်သည် ငါဘဲ။
ငါသည် ရုပ်ဘဲ။
ငါ၌ ရုပ်ရှိ၏။
ရုပ်၌ ငါရှိ၏။

ဤသို့လျှင် အနတ္တကို အတ္တဟုစွဲသော အယူဝါဒကိုစွန့်၏။ ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် စသည်တို့ အပေါ်တွင် ထို ၄-ပါးသော အစွဲတို့စွဲနေခြင်းကိုလည်း စွန့်၏။ တပါးလျှင် ၄-မျိုးကျစီ စွဲသဖြင့် ၅-ပါးတွင် အမျိုး ၂၀-ဖြစ်ရကား၊ ထို ၂၀-ကိုပင် သက္ကာယဒိဋ္ဌိဟု ခေါ်၏။

ထိုသက္ကာယဒိဋ္ဌိ ၂၀-တွင် ခန္ဓာ တပါးပါး၌ ဥစ္ဆေဒဒိဋ္ဌိ တခု တခုစီပါရှိ၏။ ထို့ကြောင့် ခန္ဓာ ၅-ပါးတွင် ဥစ္ဆေဒဒိဋ္ဌိ ၅-ခုရှိ၏။ ထို ၅-ခုမှာ....

ရူပံ အတ္တတော သမနုပဿတိ။
ဝေဒနံ အတ္တတော သမနုပဿတိ။
သညံ အတ္တတော သမနုပဿတိ။
သင်္ခါရေ အတ္တတော သမနုပဿတိ။
ဝိညာဏံ အတ္တတော သမနုပဿတိ။

ထိုသက္ကာယဒိဋ္ဌိ ၅-ပါးတို့ကို အဘယ်ကြောင့် ဥစ္ဆေဒအယူဟု ဆိုရသနည်းဟူမူ ရုပ်ကို ငါဘဲဟု စွဲယူထားခြင်းကြောင့်၊ ရုပ် ပျက်စီးသွားသောအခါ ငါလည်း မရှိတော့ပြီ။ ရုပ်ပျက်ခြင်း ကြောင့် (အတ္တ) ငါလည်း ပြတ်တော့၏။ ထိုအတူ ဝေဒနာ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း သိအပ်ပြီ။ ထိုဥစ္ဆေဒဒိဋ္ဌိ ၅-ပါးမှ ကြွင်းသော ၁၅-ပါးသော ဒိဋ္ဌိတို့သည် သဿတဒိဋ္ဌိ ဖြစ်ကုန်၏။ ထိုသက္ကာယ ဒိဋ္ဌိ ၂၀-ရှိနေသေးလျှင် အနုတ္တာ နုပဿနာ မပြီးနိုင်၍ တမဂ်တဖိုလ်သို့ မရောက်နိုင်။ မရနိုင်။ ထို့ကြောင့် ၎င်းသည် မဂ္ဂါဝရဏ မည်တော့၏။ အကျယ်ကို ကြည့်ရှုတော်မူလိုလျှင် အဋ္ဌသာလိနီ- နိက္ခေပကဏ္ဍ၊ (ဗမာပြန် မိတ်ဆွေမူဖြစ်အံ့၊ စာမျက်နှာ ၃၄၆-တွင် ကြည့်ရှုတော် မူကြပါ။)

ဤသို့များ သက္ကာယဒိဋ္ဌိ ၂၀-ကို ရှင်းလင်းစွာ ပိုင်နိုင်ပါ လျှင် ယုံမှားခြင်း ဝိစိကိစ္ဆာ ရှစ်ပါးသည် ကင်းတော့၏။ အဘယ်ရှစ်ပါးနည်းဟူသော်....

ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ။
သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ။
ပုဗ္ဗန္တေ အပရန္တေ ကင်္ခတိ၊ ဣဒပ္ပစ္စယတာ၊
ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ။

ဟူသည် ရှစ်ပါးတည်း။ **ဗုဒ္ဓေ**၊ ဘုရားရှင်၏ ဒြပ်၌ (ဝါ) ဘုရားရှင်၏ ဂုဏ်တော်၌။ **ကင်္ခတိ**၊ ယုံမှားခြင်း။ **ဓမ္မေ**၊ တရားတော်၏ ဒြပ် (ဝါ) တရားတော်၏ ဂုဏ်တော်၌။ ကင်္ခတိ၊ ယုံမှားခြင်း။ **သံဃေ**၊ သံဃာတော်၏ ဒြပ်၌ (ဝါ) သံဃာတော် မြတ်တို့၏ ဂုဏ်တော်၌ ယုံမှားခြင်း။ **သိက္ခာယ**၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဖြစ်သော ၃-ပါးသော အကျင့်သိက္ခာ၌ ယုံမှားခြင်း။ **ပုဗ္ဗန္တေ**၊ အတိတ်ကာလရှေးအဘို့ အစွန်း၌ ယုံမှားခြင်း။ **အပရန္တေ**၊ အနာဂတ်ကာလ နောက်အဘို့ အစွန်း၌ ယုံမှားခြင်း။ **ပုဗ္ဗန္တာပရန္တေ**၊ အတိတ်ကာလ, အနာဂတ်ကာလ ရှေးအစွန်း နောက်အစွန်းတို့၌ ယုံမှားခြင်း။ **ဣဒပ္ပစ္စယတာ**၊ သင်္ခါရ အစရှိသော အကျိုးတရားတို့၏ အဝိဇ္ဇာ အစရှိသော အကြောင်းတရား၏ အဖြစ်၊ အဝိဇ္ဇာ အစရှိသော အကြောင်းတရားကို စွဲ၍ သင်္ခါရ အစရှိသော အကျိုးတရားတို့၏ အဖန်ဖန် ဖြစ်ခြင်းဟု ဆိုအပ်သော ပဋိစ္စ သမုပ္ပါဒ်တရား၌ ယုံမှားခြင်းတို့တည်း။

ဤသို့လျှင် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ပိုင်သော ပုဂ္ဂိုလ်သည် လောကတွင် လူဖြစ်ကျိုး နပ်တော့၏။ ဝမ်းသာ၍လည်း မဆုံးနိုင်တော့ပြီ။ အကြောင်းမူကား၊ ယခု

အချိန်တွင် တကမ္ဘာလုံး၌ လူဦးရေ သန်းပေါင်း ၂၄၀၀-နှစ်ထောင့်လေးရာကျော်ရှိ၏။ ထိုအထဲတွင် မိမိကဲ့သို့ အလားတူ ယသာဘူတ တရားစစ်တရားမှန်ကို သိရှိနားလည် ကျင့်သုံးသူ ည် အဘယ်မျှ ရှိပါသနည်း၊ လူတရာတွင် တယောက်မရှိ၊ လူ ၂ထောင်တွင် တယောက်မရှိ၊ လူတသောင်း, လူတသိန်းတွင် တယောက်မရှိချေ။

ဤကဲ့သို့လျှင် ဥာတပရိညာစခန်းကို ဆင်ခြင်သုံးသပ် နေစဉ် စုတေ သေလွန်သည်ရှိအံ့၊ ထိုပုဂ္ဂိုလ်သည် အပါယ် ၄-ပါးတို့ မလားတော့ပြီ။ တနည်းဆိုပြန်သော် ထိုဥာတ ပရိညာစခန်းကို လေ့ကျင့် ပိုင်နိုင်ပြီးနောက် သတိမေ့လျော့၍ နေစေကာမူ သေခါနီး၌ ထိုဥာတပရိညာ စခန်းကို ပြန်လည်ဆင်ခြင် ပွားများ နိုင်ပါက အပါယ်သို့ မလားနိုင်ပြီ။

သို့ရာတွင် အနည်းငယ်သာ လေ့ကျင့်ပြီးနောက် လောဘ၊ ဒေါသ၊ မောဟ နယ်ပယ်သို့ ပြန်လည်ဆင်းသက်နေ၍ အကုသိုလ် အရှိန် ပြင်ထန်နေပြန်လျှင် သေခါနီး၌ ထိုအရှိန် ပြင်းထန်နေ သော အကုသိုလ်စိတ်ဇောတို့ကို မေ့လျော့ထားသော ဥာတ ပရိညာစခန်းက ပြန်လည် နိုင်နင်းအောင် တွန်းလှန်နိုင်ကောင်းမှ တွန်းလှန်နိုင်ပေ လိမ့်မည်။ ထို့ကြောင့် သေခါနီးတွင် အကုသိုလ် စိတ်၊ (ဝါ) လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် မဝင်နိုင် အောင် (ဝါ) လင်စိတ်၊ သားစိတ်၊ မိဘ ဆွေမျိုးစိတ်၊ မယား စိတ်၊ သားသမီးစိတ်၊ ဥစ္စာပစ္စည်းစိတ်၊ မကောင်းမှုများကို ပြုလုပ်ခဲ့မိသည့် ကြောက်ရွံ့သောစိတ်၊ ရောဂါဝေဒနာကိုထောက် စသည် စိတ်တို့ကို လက်သင့်မခံဘဲ ဝိပဿနာ စိတ်ကိုသာ

အာရုံပြုနိုင်ရန် ယခုကာစ၍ အာသေဝနပစ္စည်း ရရှိနေအောင် (ဝါ)အရှိန်ပြင်းထန်၊ သတ္တိပြင်းထန်အောင် ဝိပဿနာ ဘာဝနာ ကိုနေ့စဉ်နေ့တိုင်း ပွားများကျိုးစားအားထုတ်နေရာသည်။ဤသို့ လျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်ကို တခဏ်းသိမ်းခါ သမ္မသနဉာဏ်ခဏ်း ကို ဆက်ပေအံ့။

—‡—

## သမ္မသနဉာဏ်

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော
အနုလောမိကံ ခန္တိံ ပဋိလဘတိ။

(ပဋိသမ္ဘိဒါမဂ်၊ ပညာဝဂ်-ဝိပဿနာကထာ)

ပဉ္စက္ခန္ဓေ၊ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ခန္ဓာ ၅-ပါးတို့ကို။ အနိစ္စတော၊ အမြဲမရှိပါ တကား အဘည်မနေရပါတကားဟု။ ပဿန္တော၊ ဝိပဿနာ ဉာဏ်ဖြင့် ရှုကြည့်ဆင်ခြင်နေသော ပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အား လျော်စွာသော။ ခန္တိံ၊ တရားကို နှစ်သက် တတ်သော သဘောသဘာဝဉာဏ် အခြေခံကို။ ပဋိလဘတိ၊ ရချေတော့၏။

အထက်ပါ ပါဠိတော်၏ လိုရင်းအဓိပ္ပါယ်မှာ ခန္ဓာငါးပါး ကို အနိစ္စ-အနိစ္စဟု ကြိမ်ဖန်များစွာ ပွားများဆင်ခြင် နေခြင်း သည် တမဂ်တဖိုလ် ရောက်ရှိရေးသို့ သက်ဝင်နေပြီဟု ဆိုလိုရင်း ဖြစ်၏။ ဒုက္ခနှင့် အနတ္တ နှစ်ပါးအတွက်မှာ အထက်ပါ ပါဠိတော်

တွင် ပါရှိသော အနိစ္စတော နေရာတွင် ဒုက္ခတောဟူ၍၎င်း။ အနတ္တတောဟူ၍၎င်း။ ထည့်သွင်းရန်မျှသာဖြစ်၏။ ပါဠိတော် အသွား၊နှင့် အနက်အဓိပ္ပါယ်မှာ အနိစ္စအတိုင်းပင်ဖြစ်၏။

သမ္မသနဉာဏ်ဆိုသည်မှာ ဝိပဿနာယောဂီအတွက် အလုပ်စခန်းသို့ ဝင်ရောက်လုပ်ကိုင်သော လုပ်ငန်းဖြစ်၏။ ခန္ဓာ ၅-ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်ခါထပ်ခါ ဆင်ခြင်ပွားများရမည့် ဉာဏ်စခန်းဖြစ်၏။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်မှာ အလုပ်စခန်းသို့ မရောက်သေးချေ။ ပညာရှိတဦးဖြစ်ရန် စာဘတ်ရ၏။ စာမဘတ်က အထက်တန်းပညာရှိ မဖြစ်နိုင်။တဖန်စာဘတ်နိုင်ရန် ပဌမရှေးဦးစွာ ကကြီး၊ ခကွေးမှ အစပြု၍ သင်ပုန်းကြီးကို ကြေညက်စွာ သင်အံလေ့ကျက် ထားရဘိသကဲ့သို့ ဝိပဿနာယောဂီ လုပ်လိုသူသည် ပဌမရှေးဦးစွာ ဉာတပရိညာစခန်းကို ပိုင်နိုင်အောင် လုပ်ထားရ၏။ သင်ပုန်းကြီး ကြေညက်နေသူသည် အထက်တန်းစာများကို ဘတ်ရှုရာ၌ သင်ပုန်းကြီးကို ပြန်လည်တွေးတော စိတ်ကူးနေရသည်မဟုတ်။ ရှင်းရှင်းနားလည်အောင် ရေးရသော် သင်ပုန်းကြီးကို ဂရုမပြုတော့ပြီ။ ယင်းသို့ဂရုမပြုသော်လည်း ထိုပညာရှင်သည် သင်ပုန်းကြီးကို မှတ်သည်ခြင်းမပြုခဲ့ပါက ထိုစာအုပ်များကို မဘတ်နိုင်ဘိ သကဲ့သို့ပင်ဖြစ်၏။ထိုပြင် သိရှိရန်မှာ စာဘတ်တိုင်း စာဘတ်တိုင်း သင်ပုန်းကြီးစာများ ပါရှိနေဘိသကဲ့သို့ အထက်ဉာဏ် စခန်းများမှာလည်း နာမရူပ ပရိစ္ဆေဒနှင့် ပစ္စယ ပရိဂ္ဂဟ ပါဝင်နေပြီဖြစ်၏။ သင်ပုန်းကြီး မကြေလျှင် အထက်တန်းစားများတွင် ထစ်တငေါ့ငေါ့ဖြစ်တတ်

လေသည်။ထို့ကြောင့် ဝိပဿနာ၏သင်ပုန်းကြီးဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်အောင် လုပ်ထား ရသည်။

ထိုမှတဆင့် တဖန်တက်သော် သမ္မသနဉာဏ်သည် အဘယ် နည်း။ အဘယ်ကို အဘယ်ကစ၍ လုပ်ရမည်နည်း ဆိုလျှင် ဝိပဿနာ လုပ်ငန်းအတွက် မှိုင်ငြမ်းတခု အားကိုး အားထား ပြုရသော ပဋိသမ္ဘိဒါမဂ်တွင် လာရှိသည်မှာ....

ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ
အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ
သုခုမံဝါ ဟီနံဝါ ပဏီတံဝါ
ယံဒူရေ သန္တိကေဝါ သဗ္ဗရူပံ
အနိစ္စတော ဝဝတ္ထေတိ၊ ဧကံသမ္မသနံ
ဒုက္ခတော ဝဝတ္ထေတိ၊ ဧကံ သမ္မသနံ
အနတ္တတော ဝဝတ္ထေတိ၊ ဧကံ သမ္မသနံ။
(ပဋိသမ္ဘိဒါမဂ်-ဝိပဿနာကထာ)

ဤပါဠိတော်မှာ ဝိပဿနာယောဂီအတွက် ပဋိသမ္ဘိဒါမဂ်၌သာ လာသည်မဟုတ်၊ ဘုရားရှင်သည် ထိုပါဠိတော်ကို အကြောင်း တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း မကြာခဏ ဟောတော်မူသော ပါဠိတော်ဖြစ်၍ အရှင် သာရိ ပုတ္တရာသည် ပဋိသမ္ဘိဒါ မဂ်၌ ဝိပဿနာလုပ်ငန်းအတွက် ပန်းကုံးသဘွယ် စီစဉ်ထားခြင်းကြောင့် ထိုပါဠိတော်ကို အနက်အဓိပ္ပါယ်နှင့် နားလည်အောင် ပြုကျင့် ကျက်မှတ် သရဇ္ဈာယ်အပ်လေသည်။

အနက်မှာ အတီတာ နာဂတပစ္စုပ္ပန္နံ၊ ရှေးအတိတ်က ရုပ် ဖြစ်စေ၊ ဖြစ်လတံ့သောရုပ်ဖြစ်စေ၊ ယခုဖြစ်နေဆဲ ရုပ်ဖြစ်စေ။

အဇ္ဈတ္တံဝါ၊ ကိုယ်တွင်းရှိရုပ်ဖြစ်စေ။ ဗဟိဒ္ဓါဝါ၊ ကိုယ်ပ,ရုပ်ဖြစ်စေ။ သြဠာရိကံဝါ၊ ကြမ်းတမ်းသော ရုပ်ဖြစ်စေ။ သုခုမံဝါ၊ နူးညံ့သောရုပ်ဖြစ်စေ။ ဟီနံဝါ၊ ညံ့သောရုပ်ဖြစ်စေ။ ပဏီတံဝါ၊ မြတ်သောရုပ်ဖြစ်စေ။ ယံဒူရေသန္တိကေဝါ၊ အကြင်ဝေးသော ရုပ်ဖြစ်စေ၊ နီးသောရုပ်ဖြစ်စေ။ ယံကိဉ္စိရူပံ၊ အကြင်အလုံးစုံ ကုန်သော ရုပ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံရူပံ၊ ထိုအလုံးစုံကုန်သော ရုပ်ကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထေတိ၊ ပိုင်းခြား၍ ရှု၏။ ဧကံသမ္မသနံ၊ (ထိုသို့ ပိုင်းခြားရှုမှုသည်) သမ္မသန ဉာဏ်တပါး မည်၏။

ဆိုလိုရင်းမှာ-မိမိအတွင်းရှိ ရုပ်၊ ပြင်ပမှရှိသော ရုပ်ဟူသမျှတို့ကို ဘဝများစွာမှ ယခုဘဝ ယနေ့အထိ ရုပ်များသည်။ အနိစ္စ၊ မမြဲခဲ့ချေ။ ရှေး နိဗ္ဗာန်မရမီ ရုပ်တို့မှာလည်း အနိစ္စ၊ မမြဲချေ။ ယခု ဘဝနာ ပွားများနေစဉ် ရုပ်များသည်။ အနိစ္စ၊ မမြဲချေ။ ဤကဲ့သို့ အနိစ္စသဘောကို အတိတ်၊ အနာဂတ်၊ပစ္စုပ္ပန်၊ ကာလ ၃-ပါးကို ပိုင်းခြားခါ ဆင်ခြင်ပွားများ နေခြင်းသည်လည်း သမ္မသနဉာဏ်တပါး ဖြစ်ပေသည်။ (အနိစ္စ)

အထက်ပါအတိုင်း ရုပ်တို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါးအားဖြင့် မမြဲခြင်း၊ အနိစ္စကြောင့် ရှေးအတိတ် ဖြစ်သော ရုပ်တို့သည်လည်း ဒုက္ခပါတကား။လာမည့် အနာဂတ် ကာလတွင် ဖြစ်မည့် ရုပ်များသည်လည်း မမြဲခြင်းကြောင့် ဒုက္ခပါတကား။ ယခုဖြစ်ဆဲ ရုပ်များသည် မမြဲခြင်းကြောင့် ဒုက္ခပါတကား။ ဤကဲ့သို့ ရုပ်အပေါ်တွင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါးအားဖြင့် ဒုက္ခကို ပိုင်းခြား ဆင်ခြင် ပွားများ နေခြင်းသည် သမ္မသနဉာဏ် တပါးပင် ဖြစ်၏။ (ဒုက္ခ)

ထိုအတူ ရှေးအတိတ် ရုပ်တို့သည်မမြဲ၊ မမြဲခြင်းကြောင့် ဒုက္ခသာ ဖြစ်တော့၏။ ယင်းသို့ မမြဲခြင်းနှင့် ဒုက္ခဖြစ်ခြင်းတို့ကို တားဆီး၍မရ၊ငါမပိုင်၊ငါ့အစိုးမရပါ တကားဟု အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါးကို အနိစ္စနှင့် ဒုက္ခကို ဆင်ခြင် ပွားများဘိသကဲ့သို့ အနတ္တကို ပွားများ ဆင်ခြင် ခြင်းသည်လည်း သမ္မသနဥာဏ်တပါးပင် ဖြစ်၏။ (အနတ္တ)

ဤကဲ့သို့ပင် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကိုလည်း တပါးစီ တပါးစီ တိကျစွာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါးအားဖြင့် ပိုင်းခြား၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု စိတ်မပြန့်လွင့်စေဘဲ ပွားများ နေခြင်းသည် သမ္မသနဥာဏ် ဖြစ်လေသည်။

ထိုထိုသော ပါဠိတော် အဋ္ဌကထာတို့နှင့် ညှိနှိုင်းပြီးလျှင် လက်ရှိ ယောဂီ ပုဂ္ဂိုလ်တို့အတွက် အလုပ်စခန်းတွင် မြင်လွယ် ထင်လွယ် ခရီးရောက်ရှိနိုင်ရန် ရေးရသော် အထက်ပါ အတိုင်း မိမိ ခန္ဓာ ၅-ပါးကို တပါးစီ တပါးစီ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါးကို ပိုင်းခြားခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆင်ခြင်ရမည်။ ထိုနည်းအတူ အပြင်ပဖြစ်သော သူတပါး၏ ခန္ဓာ ၅-ပါးကို တပါးစီ တပါးစီ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါး ပိုင်းခြား၍ စိတ်ကို တပါးသို့ မပြန့်လွင့်စေဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်ရမည်။

ထိုအတူ ကြမ်းတမ်းသော ရုပ်ရိုကုန်သော ဘီလူး၏ ခန္ဓာ ၅-ပါးကိုသော်ရှင်း၊ နူးညံ့သော ကိုယ်ရှိသည့် သိကြားမင်း၏ ခန္ဓာကို သော်ရှင်း၊ ခန္ဓာ တပါးစီ တပါးစီ အတိတ်၊ အနာဂတ်၊

ပစ္စုပ္ပန်အားဖြင့် ကာလ ၃-ပါးကို ပိုင်းခြား၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပွားများ ဆင်ခြင်ရမည်။

ထိုအတူ ယုတ်ညံ့သော အနူ၊ သူတောင်းစား စသည်တို့၏ ခန္ဓာ ၅-ပါးကို သော်၎င်း၊ မြတ်သော သူတော်ကောင်း၏ ခန္ဓာ ၅-ပါး၊ (ဝါ) ရှင်ဘုရင်၏ ခန္ဓာ ၅-ပါးသော်၎င်း၊ ခန္ဓာ တပါးစီ တပါးစီကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ ၃-ပါးအားဖြင့် ပိုင်းခြားခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဝိပဿနာ ဘာဝနာကို ပွားများဆင်ခြင်ရမည်။

ထိုနည်းတူစွာ အဝေးရှိသတ္တဝါ၏ ခန္ဓာ ၅-ပါးကိုသော်၎င်း၊ အနီးရှိ သတ္တဝါ၏ ခန္ဓာ ၅-ပါးကိုသော်၎င်း၊ ခန္ဓာတပါးစီ တပါးစီကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် ကာလ ၃-ပါးကို ပိုင်းခြားခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဝိပဿနာဘာဝနာ ပွားများဆင်ခြင်ရမည်။

ဤကဲ့သို့ စိတ်ကို မပြန့်လွင့်စေဘဲ သမ္မသနဉာဏ်ကို ဆင်ခြင်သောအခါ တနာရီသည် အလွန်မြန်၏၊ အလွန်တိုတောင်း၏ဟု ထင်မှတ်လာတော့၏။ ဤသို့ထင်မှတ်ခြင်းမှာ ဝိပဿနာ လုပ်ငန်းတွင် မိမိသည် စိတ်ဝင်စားနေသည်မှာ ထင်ရှားတော့၏။ ဝမ်းသာဘွယ်ပင်။

ဤကဲ့သို့ ရုပ်ဓမ္မ နာမ်ဓမ္မ ၂-ပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်ဖန် များလတ်သော် ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ ဉာဏ် အမြင် ရင့်သန်လာပြီးလျှင် ရုပ်နာမ် ၂-ပါးသည် ဘဝများစွာက သခုတိုင် ပုတီးကုံးသဘွယ် စီတန်းနေသော်လည်း တခုနှင့်တခု ဆက်စပ်၊ ပုတီးလုံး၌ တလုံးစီ တလုံးစီ သဘွယ် ဖြစ်နေသည်ကို

ဉာဏ်မျက်စေ့တွင် ထင်မြင်လာပေလိမ့်မည်။ ထိုအမြင်သည် အလွန့်အလွန် သဘာဝကျသော ဉာဏ်မျက်စေ့ အမြင်ဖြစ်၏။ ဤတွင် သဿတဥစ္ဆေဒ အတ္တ စသည်တို့ မဟုတ်ကြောင်း ကောင်းစွာ ရှင်းလင်းသိမြင်တော့၏။

ထိုမှတပါး ဝိပဿနာယောဂီသည် ဆက်လက် ဆင်ခြင်လတ်သော် သတ္တမဟုတ်၊ ဇီဝမဟုတ်၊ ရုပ်ဓမ္မ နာမ်ဓမ္မ(ဝါ)ရုပ်ခါတ် နာမ်ခါတ်တို့သည် ကောင်းကင်တွင် လျှပ်စီးပြက်သော အခါ ပဌမ လျှပ်စီးမပေါ်မီက ဘယ်တွင်နေသည်ဟု မသိမမြင်ရသော နေရာမှ ဖြစ်ပေါ်လာ၍ မသိမမြင်ရသော နေရာသို့ ကွယ်ချုပ်သွားသော ခါတ်သဘောကဲ့သို့ ရုပ်ခါတ် နာမ်ခါတ် ၂-ပါးတို့သည် မရှိသည့်နေရာမှ ဖြစ်ပေါ်ပြီးလျှင် မသိမမြင်ရသော နေရာသို့ ချုပ်ကွယ် သွားခြင်း သဘာဝကို ထင်ရှားစွာ တွေ့မြင်ရတော့၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသတွင် လာရှိသည်မှာ အောက်ပါ အတိုင်း ဖြစ်၏။

အဒဿနတော အာယန္တိ၊
ဘဂ္ဂါ ဂစ္ဆန္တျဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊
ဥပ္ပဇ္ဇန္တိ ဝယန္တိစာတိ။

ဤပါဠိကို ကျက်မှတ်၍ အချိန်အားများတွင် အနက်အဓိပ္ပါယ်ပါ ပါအောင် ရွတ်ဆိုဆင်ခြင် နေကလည်း များစွာ အသားပါ၍ ဟောပြောရာတွင်လည်း အလွန် အချက်ပိုင်သော ပါဠိစကားရပ် ဖြစ်လေသည်။

ထိုမျှမက မရပ်မနား ခန္ဓာ ၅-ပါးကို အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေး ၃-ပါးကို ဆင်ခြင်ဖန်များသော် ငါ့,သူတပါး, ယောကျ်ား, မိန်းမ, လူဘဲ, နတ်ဘဲ, ခွေးဘဲ, နွားဘဲစသည် အထင်မှားမှုများ ကွယ်ပျောက်ပြီးလျှင် ရုပ်ခဲ့တက် နာမ်ဓာတ် ရုပ်ဓမ္မ နာမ်ဓမ္မမျှသာ ဖြစ်ကြောင်း ထင်ရှားစွာ ဉာဏ်မျက်စေ့အမြင် ရရှိလာပေ လိမ့်မည်။ ထိုကြောင့်လည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာရှင်သည်....

> ကမ္မဿ ကာရကော နတ္ထိ။
> ဝိပါကဿစ ဝေဒကော။
> သုဒ္ဓဓမ္မာ ပဝတ္တန္တိ။
> ဧဝေတံ သမ္မဒဿနံ။

ဟု မိန့်ဆို၏။ အဓိပ္ပါယ်သော်ကား ကံ့,ဟူသည်ကို ပြုလုပ်တတ်သော သူသည်လည်းမရှိ။ ထိုကံ၏ အကျိုးကို ခံစားတတ်သူသည်လည်း မရှိ၊ သက်သက်သော နာမ်ရုပ်ဟု ဆိုအပ်သော ဓမ္မသဘာဝတရားသာလျှင် ဖြစ်ကုန်၏ဟု မိန့်ဆိုခြင်းဖြစ်၏။

ဤအဆင့်အတန်းသို့ ရောက်ရှိရန်မှာလည်း နည်းသစ်ရှာရန် မရှိ၊ အထက်က ပြဆိုရှင်းလင်းခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်ဆိုအပ်သော ဉာတပရိညာ စခန်းကို နိုင်နင်းစွာထုံပြီးလျှင် အဇ္ဈတ္တ, ဗဟိဒ္ဓစသည့် နာမ်ရုပ် ခန္ဓာ ၅-ပါးတို့မှ တပါးသို့ စိတ်မလွင့်စေဘဲ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို အနက်အဓိပ္ပါယ်ပေါ်အောင် သဘာဝကျအောင် အသေဝနပစ္စည်း ရင့်သန်အောင် ကျိုးစားပေးရန်မျှသာ လိုပေတော့၏။

ဤသို့ ကျိုးစားဖန်များသဖြင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာပွားရာတွင် ငါလုပ်သည်၊ ငါ့ကိုယ်၊ငါသည် ဝိပဿနာ ရှုအံ့။ ငါ၏ ဝိပဿနာတည်း။ ဤသို့ယူဆနေသေးသော ယောဂီ အား ဒိဋ္ဌိပျောက်ခြင်း၊ ကွာခြင်းသည်မဖြစ်သေး။ အဘယ်အချိန် အခါ ကျရောက်မှ သင့်လျော်လျောက်ပတ်သော ယောဂီဖြစ်ပါ သနည်းဆိုသော် သင်္ခါရတို့သာလျှင် သင်္ခါရတို့ကို ရှုကုန်၏။ (သင်္ခါရတို့သာလျှင် သင်္ခါရတို့ကိုစားကုန်၏)ဟု "ငါ" မပါဘဲ ဓာတ်အချင်းချင်း ပြုလုပ်နေသည်ဟု ပိုင်နိုင်ထင်ရှားစွာ သိမြင် လာမှသာလျှင် ဝိပဿနာ ယောဂီအား ဒိဋ္ဌိ ကွာသည်မည်၏။ ထို့ကြောင့် အဋ္ဌကထာရှင် မိန့်ဆိုသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

အဟံ ဝိပဿနာမိ၊ မမ ဝိပဿနာတိ၊ ဂဏှာတော ဟောတိ ဒိဋ္ဌိ သမုဂ္ဃာတနံ နာမ န ဟောတိ၊ သင်္ခါရာဝ သင်္ခါရေဝိပဿန္တိ၊ သမ္မသန္တိ၊ ဝဝတ္ထပေန္တိ၊ ပရိဂ္ဂဏှန္တိ၊ ပရိစ္ဆိန္ဒန္တိ ဂဏှာတောပန၊ ဒိဋ္ဌိဥဂ္ဃာတနံ နာမ ဟောတိ။

ယင်း အခြေအနေသို့ရောက်ရှိရန် ခန္ဓာ ၅-ပါးတွင် တပါးပါး၌ပင် သတ္တဝါမရှိ၊ အသက်မရှိ၊ "ငါ" ဟူ၍မရှိ၊ ပကတိ ဓာတ် သဘောတွေ အကြောင်းအားလျော်စွာ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေပုံကို ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်ပေးနေရပေမည်။ ထိုမှတဖန် ဤသမ္မသန

ဉာဏ်ခဏ်းတွင် သိအပ် ဆင်ခြင်အပ်သော တရားသဘောသည် ရှိသေး၏။ ထိုတရားကို....

ဝိပဿနာဉာဏ် ၄၀-ဟူ၍ရင်း၊
တော ၄၀-ဟူ၍ရင်း၊
ဝိပဿနာ ကမ္မဋ္ဌာန်း ၄၀-ဟူ၍ရင်း၊
အနုလောမခန္တီဉာဏ် ၄၀-ဟူ၍ရင်း၊

ခေါ်ဆိုကြကုန်၏။ ထိုတော ၄၀-မှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် စသည်တို့တွင် လာ၏။ ၎င်းတို့မှာ....

ပဉ္စက္ခန္ဓေ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ ဤတိတော၊ ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊ စလတော၊ ပဘင်္ဂုတော၊ အဓုဝတော၊ အတာဏတော၊ အလေဏတော၊အသရဏတော၊ရိတ္တတော၊တုစ္ဆတော၊သုညတော အနတ္တတော၊ အာဒီနဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊ အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော၊ သာသဝတော၊သင်္ခတတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊ သောကဓမ္မတော၊ ပရိဒေဝ ဓမ္မတော၊ ဥပါယာသဓမ္မတော၊ သံကိလေသိက ဓမ္မတော၊ ပဉ္စက္ခန္ဓေ အနိစ္စတော၊ပဿန္တော၊အနုလောမိကံခန္တိံ၊ပဋိလဘတိ၊ ၎င်းကို အဘယ်သို့ ဆင်ခြင်ရမည်နည်းဆိုသော်....

## ခန္ဓာ ၅-ပါးမှာ

| | | |
|---|---|---|
| အနိစ္စ | (တော) | မမြဲ။ |
| ဒုက္ခ | ။ | ဆင်းရဲ၏။ |
| ရောဂ | ။ | ရောဂါများ၏။ |
| ဂဏ္ဍ | ။ | အိုင်း အမာနာကြီး ဖြစ်၏။ |
| သလ္လ | ။ | စိတ်ကိုထိခိုက်စေသော မြှားညှောင့် ဖြစ်၏။ |
| အဃ | ။ | အကျိုးစီးပွားမဲ့ရာကို ဆောင်တတ်သော ဝတ္ထုဖြစ်၏။ |
| အာဗာဓ | ။ | ကြက်သရေမရှိခြင်းကို ဖြစ်စေ၏။ |
| ပရ | ။ | အလိုမလိုက် တစိမ်းပြင်ပဖြစ်၏။ |
| ပလောက | ။ | အိုခြင်း, နာခြင်း, သေခြင်းတို့ဖြင့် ဖျက်ဆီးတတ်၏။ |
| ဤတိ | ။ | များစွာသော ပျက်စီးခြင်းကို ဆောင်တတ်၏။ |
| ဥပဒ္ဒဝ | ။ | အလုံးစုံသော မင်းဘေး မင်းဒဏ် ခံရာ ဖြစ်၏။ |
| ဘယ | ။ | ခပ်သိမ်းသော ဘေးတို့၏ တည်ရာ ဖြစ်၏။ |
| ဥပသဂ္ဂ | ။ | မကောင်းသော ဘေးရန် အတိတ်နိမိတ် ဖြစ်၏။ |
| စလ | ။ | အိုနာ သေဘေး တို့ကြောင့် တုန်လှုပ်ရ၏။ |

| | | |
|---|---|---|
| ပဘင်္ဂု | (တော) | မိမိ သူတပါးတို့၏ လုံ့လကြောင့် ပျက်စီးရ၏။ |
| အဝ္စ | ။ | မမြဲမခိုင်တတ်ခြင်း။ |
| အတာဏ | ။ | ဘေးမကင်းနိုင်ခြင်း။ |
| အလေဏ | ။ | ဘေးကင်းအောင် မပုန်းနိုင်ခြင်း။ |
| အသရဏ | ။ | ကိုးကွယ်အားထားရာမဟုတ်။ |
| ရိတ္တ | ။ | ဓုဝ သုခ သုဘ အတ္တမရှိခြင်း။ |
| တုစ္ဆ | ။ | အချီးအနှီးမျှသာ ဖြစ်ခြင်း။ |
| သုည | ။ | အလိုမလိုက် အစိုးမရ အတ္တမရှိ သဘာဝသာ ဖြစ်ခြင်း။ |
| အနတ္တ | ။ | အတ္တဟူသော အနှစ်မဟုတ်ခြင်း။ |
| အာဒီနဝ | ။ | ဆင်းရဲဖေါက်ပြန်သော အပြစ်ရှိ၏။ |
| ဝိပရိဏာမဓမ္မ | ။ | အိုခြင်း၊ သေခြင်း တို့ဖြင့် ဖေါက်ပြန်တတ်ခြင်းသဘောရှိခြင်း။ |
| အသာရက | ။ | အနှစ်မရှိ အကာ သက်သက်သာ ဖြစ်ခြင်း။ |
| အဃမူလ | ။ | မကောင်းမှုတို့၏ ဖြစ်ကြောင်းရှိခြင်း |
| ဝဓက | ။ | အကျွမ်းဝင်သူကို သတ်တတ်၏။ |
| ဝိဘဝ | ။ | ပျက်စီးကြောင်းဖြစ်၏။ |
| သာသဝ | ။ | အာသဝေါဘရားတို့၏ အာရုံဖြစ်၏၊ |
| သင်္ခတ | ။ | အကြောင်းတို့စုပေါင်းပြုပြင်အပ်၏၊ |

| | | |
|---|---|---|
| မာရာမိသ | (တော) | ကိလေသာ သေမင်းတို့၏ ဥစ္စာပစ္စည်း ဖြစ်၏။ |
| ဇာတိဓမ္မ | ॥ | ဖြစ်တတ်သော သဘောဖြစ်၏။ |
| ဇရာဓမ္မ | ॥ | အိုတတ်သော သဘောဖြစ်၏။ |
| ဗျာဓိဓမ္မ | ॥ | နာတတ်သော သဘောဖြစ်၏။ |
| မရဏဓမ္မ | ॥ | သေတတ်သော သဘောဖြစ်၏။ |
| သောကဓမ္မ | ॥ | စိုးရိမ်ရခြင်း ဖြစ်၏။ |
| ပရိဒေဝဓမ္မ | ॥ | ငိုကြွေးရခြင်းဖြစ်၏။ |
| ဥပါယာသဓမ္မ | ॥ | ပြင်းစွာပူပန်ရ၏။ |
| သံကိလေ<br>သိကဓမ္မ | ॥ | ပြင်းစွာပူပန်ညှဉ်းဆဲတတ်သော ကိလေသာတရားတို့အကြောင်း ဖြစ်၏။ |

ဤသို့လျှင် ခန္ဓာ ၅-ပါးကို အလွတ်အာဂုံ မဆောင်နိုင်စေကာမူ အနက်အဓိပ္ပါယ်ပါ သဘောပေါက်အောင် စာအုပ်ကိုဘတ်ခါ ဆင်ခြင်ပေးနေလျှင်ပင်၊ ပဉ္စက္ခန္ဓေ၊ ၅·ပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ (ဒုက္ခတော၊ အနတ္တတော) မမြဲသည်ဟူ၍ (ဆင်းရဲ၏ဟူ၍၊ ကိုယ်မပိုင်ဟူ၍)။ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ဆင်ခြင်နေသော ပုဂ္ဂိုလ်သည်။အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိံ၊ တရားကိုနှစ်သက်လိုချင်လာသော ဉာဏ်ကို။ ပဋိလဘတိ၊ ရရှိ၏။

ယင်းသို့ "တော-၄၀" ကို ဆင်ခြင်နေသည်ရှိသော် ခန္ဓာ၅-ပါး တို့မှာ ဘေးအပေါင်းတို့ အခါမလပ် ဝိုင်းအုံနှိပ်စက်နေကြောင်း

ကို ထင်ရှားစွာ သိမြင်လာပေလိမ့်မည်။ ဤကဲ့သို့ ခန္ဓာ ၅-ပါး ကို ဘေးအမျိုးမျိုး ဝိုင်းအုံနှိပ်စက်နေခြင်းကို ခံရသည်မှာ ယခု အချိန် ယခုဘဝမှသာမဟုတ်၊ ရှေးအချိန်ရှေးအခါ ရှေးဘဝများ တွင်သည်း ထိုကဲ့သို့ပင် အနှိပ်စက် အညှဉ်းပန်းကို ခံခဲ့ရလေပြီ။ ထိုမျှသာမကသေး၊ လာလတံ့သော အချိန်၊ လာလတံ့သော ဘဝတို့တွင်လည်း ခန္ဓာ ၅-ပါးမှာ ယင်းသို့သော ဘေးဒဏ် အပေါင်းတို့ဖြင့် အခါမပြတ် ညှဉ်းပန်းနှိပ်စက် ခံရဦးမည်ဟု ဉာဏ်မျက်စိတွင် ထင်ရှားစွာ သိမြင်လာပေတော့၏။ တနည်း ဆိုသော် ခန္ဓာ ၅-ပါးကို ရှိမုန်းလာပြီးလျှင် ထိုဘေးအပေါင်းတို့ မှ လွတ်ရာဌာနသို့ ကူးပြေးလိုသောဆန္ဒ ပေါ်ပေါက်လာတော့ ၏။ တနည်းဆက်ခါ အနည်းငယ် ဖေါ်ပြဦးအံ့။

ရှေး၌ ဖေါ်ပြခဲ့သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးကိုနိုင်သော ယောဂီပုဂ္ဂိုလ်သည် ရုပ်တရား သဘာဝသည် မိမိဖြစ်ရာ နေရာဌာနမှ ဆံချည်ဆယ်စိပ်စိပ်၍ တစိပ်-မျှပင် ရွေ့ပြောင်းမသွားနိုင်မီ ထိုဖြစ်သည့် နေရာ၌ပင်လျှင် ချုပ်ပျောက်သွားသည်ကို ကျေနပ်ထားခဲ့လေပြီ။ ထိုအတူ နာမ် တရား သဘာဝသည် မိမိဖြစ်ရာနေရာဌာနမှ ရွေ့ပြောင်းမသွား နိုင်မီ ချုပ်ပျောက်သွားသည်ကို ကျေနပ်ထားခဲ့လေပြီ။

ဤတွင်အကြောင်းသင့်၍ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ အကျိုး များမည်ကို ရှေးရှုခါ ဝိပဿနာ လုပ်ငန်းကို ပဋ္ဌာန်းနည်းဖြင့် နေ့စဉ်တက်ရောက် လေ့လာနေစဉ် မန္တလေး မစိုးရိမ်တိုက်၊

ဆရာတော် ဦးဝိသုဒ္ဓက ကျောင်းသားများသဘွယ် ကရုဏာ ရှေ့ထား၍ ရေးသားပေးသည်မှာ....

ထိုနေရာတွင်အကုန်ချုပ်၊ ငါမဟုတ်သည့်၊ နာမ်နှင့်ရုပ်။
ငါမဟုတ်သည့်နာမ်နှင့်ရုပ်၊ ဆိုစဉ်နာမ်ရုပ်၊ ဆိုစဉ်ချုပ်။
ငါမဟုတ်သည့် နာမ်နှင့်ရုပ်၊ ကြားစဉ်နာမ်ရုပ်၊ ကြားစဉ်
ချုပ်။
ငါမဟုတ်သည့်နာမ်နှင့်ရုပ်၊ စားစဉ်နာမ်ရုပ်၊ စားစဉ်ချုပ်။
ငါမဟုတ်သည့်နာမ်နှင့်ရုပ်၊ သွားစဉ်နာမ်ရုပ်၊ သွားစဉ်ချုပ်။

ဤသို့ ရွတ်ဆို သရဇ္ဈာယ် ပွားများနေရမည်ဟု သြဝါဒ ရေးသား ပေးဘူးသည်ကို ယခုတိုင်လည်း နာခံမှတ်သားလျက် ရှိပေ၏။ ယင်းသို့ ဉာဏပရိညာစခန်းကို သဘောပေါက်ပြီး ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် အောက်တွင် ဖော်ပြထားသည် တို့ကို လေ့ကျင့်ရန် မခဲယဉ်းတော့ပြီ။

ထိုကြောင့် ခန္ဓာ ၅-ပါးကို ဤသို့လည်း ရှုအပ်၏။ငယ်စဉ်က ရုပ်နာမ်တို့သည် ယခုအထိ ပါမလာ။ ယခုရုပ်နာမ်များလည်း ရှေ့သို့မပါနိုင်။ ထိုအတူ မနေ့က ရုပ်နာမ်တို့သည် ယခုနေ့သို့ ပါမလာ။ ယခုရုပ်နာမ်တို့သည် ရှေ့အချိန်ကာလသို့ မပါနိုင်။ ထိုအတူ ညကရုပ်နာမ်တို့သည် နံနက်သို့ပါမလာ။ နံနက်က ရုပ် နာမ်တို့သည် ညသို့ပါမလာ။ ထို့အတူ ထိုင်သော ရုပ်နာမ်သည် ထသော အခါသို့ ပါမလာ၊ ထသောအခါက ရုပ်နာမ်သည် ထိုင်သောအခါသို့ ပါမလာ။ ထမင်းမစားမီက ရုပ်နာမ်သည် ထမင်းစားသည်သို့ ပါမလာ။ ထမင်းစားစဉ်က ရုပ်နာမ်သည် ထမင်းစားပြီးသည့် အချိန်အခါသို့ ပါမလာ၊ ကိုယ်လက်မသုတ်

သင်မီက ရုပ်နာမ်သည် ကိုယ်လက်သုတ်သင်သည့်အထိ ပါမလာ၊ ကိုယ်လက် သုတ်သင်သောအခါ ရုပ်နာမ်သည် ကိုယ်လက် သုတ်သင်ပြီးသည့် အချိန်အခါသို့ ပါမလာ။ ဤသို့လျှင် ရုပ်နာမ်သဘာဝတရားတို့ မမြဲပုံ ဒုက္ခရောက်ပုံ မိမိအစိုးမရပုံကို အနိစ္စ ဒုက္ခ အနတ္တဟု ဆင်ခြင် ပွားများအပ်လေသည်။ ထို့ကြောင့်....

အဘိက္ကန္တေ ပဋိက္ကန္တေ၊
အမ္ပဇာနကာရီ ဟောတိ။
အာလောကိတေ ဝိလောကိတေ၊
သမ္ပဇာနကာရီ ဟောတိ။
(မဟာသတိပဋ္ဌာန်ပါဠိတော်)

အဘိက္ကန္တေ၊ ရှေ့သို့တက်သည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အလောကိတေ၊ ရှေ့တူရူကြည့်သည်ရှိသော်။ ဝိလောကိတေ၊ တစောင်းကြည့်သည်ရှိသော်။သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ရှေ့တူရူသို့ ကြည့်ခြင်း တစောင်း ကြည့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့လျှင် အနိစ္စ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်ခါ နေခြင်းဖြင့် မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ခါနေ၏။

တနည်းလည်း သဘောပေါက်စေရန် သတိပဋ္ဌာန် အဋ္ဌကထာဆရာရှင်သည် အောက်ပါအတိုင်း ဖွင့်ဆိုခဲ့ပြီ။ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းတို့ကို ပြုနေစဉ် အဘယ်ကဲ့သို့

သိအပ်ပါသနည်း ဆိုသော် ဥပမာ-တခုကို ဆောင်၍ပြ၏။ ထိုဥပမာမှာ လှည်းကို နွား ၄-ကောင်တပ်၍ လှည်းသမားသည် နွားကိုသွားစေသော် လှည်းသွားပြီ၊ လှည်းရပ်ပြီ စသည်ဖြင့် ခေါ်ဆိုမှု ပြုကြကုန်၏။ ထိုအတူ လှည်းသမားနှင့် တူသော သွားလို ရပ်လို ထိုင်လို လျောင်းလိုသော စိတ်သည် နွားနှင့် တူသော စိတ္တဇ ဝါယောဓာတ်ဝိညာဉ်ကို ဖြစ်စေသည်ရှိသော် ထိုစိတ္တဇ ဝါယောဓာတ်သည် တကိုယ်လုံး ပျံ့နှံ့သွားခြင်းကြောင့် လှည်းနှင့်တူသော ခန္ဓာကိုယ်သည် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း စသည်တို့ကို ပြုကုန်တော့၏။ ဤသို့ အဋ္ဌကထာ၌ လာ၏။ ဆိုလိုရင်းမှာ သွားခြင်း၊ ရပ်ခြင်း စသည်တို့တွင် ငါ၊သူ တပါး၊ ယောကျ်ား၊ မိန်းမ မရှိ၊ ရုပ်ဓာတ် နာမ်ဓာတ်မျှသာဟု အပြားအားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ သိရမည်ဟု ဆိုလိုရင်းဖြစ်၏။

တဖန် အဋ္ဌကထာဆရာ ဆက်လက် ဥပမာ ပြုပြန်သည်မှာ ယန္တယားစက်ရုပ်ကို စိတ်ဓာတ်ဝါယော သော့ကို ပေးထားလျှင် လှုပ်ရှား သွားလာ နေဘိသကဲ့သို့လည်း သိအပ်၏။ ဤကဲ့သို့ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ၊ သို့မဟုတ် ရုပ်ဓာတ်နှင့် နာမ်ဓာတ်တွင် ငါမပါ သူတပါး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ။ နိစ္စသတ္တ နိဇ္ဇီဝ၊ သဘာဝ စသည်တို့ကို ပိုင်းခြားဝေဖန်ခါ "အတ္တ" ကို ခွာ၍ "ငါ"ကို စွန့်ခါ အပြားအားဖြင့် ခွဲခြမ်းစိတ်ဖြာသိရှိ သူမှသာလျှင် တမဂ်တဖိုလ် လုပ်ငန်းအတွက် နည်းမှန်လမ်းမှန်သို့ ရောက်ရှိသည်မည်၏။ ဤကဲ့သို့ "ငါ"မခွာလျှင် ဤကဲ့သို့ "အတ္တ" ကိုမစွန့်လျှင် ဝိပဿနာယောဂီ၏ အသိမျိုးမဟုတ်ဘဲ၊ အောက် တန်းစား အသိမျိုး ဖြစ်၍နေပေတော့၏ဟု အဋ္ဌကထာ ဆရာရှင် ဆိုလို၏။ ထိုကြောင့် သတိပဋ္ဌာန် အဋ္ဌကထာ ဆရာရှင်သည်....

တတ္ထကာမံ သောဏာ သိင်္ဂါလာဒယောပိ
ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ။

စသည်ဖြင့် ထင်ရှားစွာ ရှင်းလင်းထားပြန်လေသည်။ ဆိုလိုရင်းမှာ အိမ်ခွေး, မြေခွေး စသော တိရစ္ဆာန်တို့သည်လည်း သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းတို့ကို တကယ်သိကြပါသည်။ သို့ရာတွင် "အတ္တ"ကို မခွာ "ငါ"ကို မစွန့်ခြင်းတို့ကြောင့် ဝိပဿနာ ယောဂီ အသိမျိုး မဟုတ်ဟု ရှင်းလင်း ထားပြန်လေသည်။

ထို့ကြောင့် တမဂ်တဖိုလ်ကိုအလိုရှိသောယောဂီသည် ပဌမဆုံး ဉာဏ်ပရိညာစခန်းဟု ဆိုအပ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂ပါးကို မိမိရရ ပိုင်ပိုင် နိုင်နိုင်ကြိုးလေ့ကျင့်ထားအပ်သည်ဟု ရှေ့ပိုင်းများတွင် လေးနက်စွာ သတိပေး ရေးသားခဲ့ခြင်းဖြစ်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်မပိုင်ဘဲ ရုပ်ကြီးသွားနေသည်၊ ရုပ်ကြီးရပ်နေသည်၊ ရုပ်ကြီးထိုင်နေသည်၊ ရုပ်ကြီးလျောင်းနေသည်ဟု ပညတ်ရုပ်ကြီးကို စွဲနေသမျှ ကာလပတ်လုံး....

ရူပံ အတ္တတော သမနုပဿတိ။

ရုပ်ကို သတ္တဝါ "အတ္တ" စွဲနေသမျှ ဝိပဿနာ ဘာဝနာမှာ နည်းမှန် လမ်းမှန် မကျတော့သည်ကို သတိပြုပါလေ။

ထို့ကြောင့် ဣရိယာပုတ် ၄-ပါးတွင် ဆင်ခြင်သော ယောဂီသည် သွားလိုသောစိတ် လှုံ့ဆော်မှုကြောင့် ...

ဝါယောဓာတ်ပညတ်ကို ဖြစ်စေသည်ရှိသော် ထိုစိတ္တဇ ဝါယော ဓာတ်သည် လှုပ်နိုင်တုသော ကိုယ်ခန္ဓာကို သွားခြင်း၊ ရပ်ခြင်း စသည်တို့ကို ဖြစ်စေသည် မျှသာတည်း။ စင်စစ်သော်ကား ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ သွားသော သူမရှိ၊ ခံစားသောသူ မရှိဟု ပိုင်နိုင်စွာ ပိုင်းခြားစိတ်ဖြာ၍ ဝိပဿနာ ဘာဝနာကို ဆင်ခြင်ရမည်ဟု ဆိုလိုရင်းဖြစ်၏။

ယင်းသို့လျှင် ယောဂီသူမြတ်သည် စိတ်ကိုအခြားတပါးသို့ မပြန့်လွင့်စေဘဲ ယထာသူတကျစွာ အစဉ်စောင့်ရှောက် ထိန်းသိမ်း ခါ ဝိပဿနာ ဘာဝနာကို ပွားများနေရ၏။ ဝိပဿနာ ဘာဝနာ စိတ်ကို လွတ်လိုက်သည်နှင့် တပြိုင်နက် အဝိဇ္ဇာသည် ဖြစ်တော့ ၏။ အန္ဓပုထုဇ္ဇနတို့သည် အစဉ်သဖြင့် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဖြစ်၍နေ၏။ ယောဂီသူမြတ်မှာ အစဉ်သဖြင့် အလောဘ၊ အဒေါသ၊ အမောဟ စိတ်ဖြစ်၍ နေရ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်နေလျှင် လောဘနှင့် ဒေါသစိတ် ကင်းဝေးနေသည်သာမက မောဟစိတ်(အဝိဇ္ဇာ)လည်း ကင်းဝေး နေပေတော့၏။ ဝိပဿနာ ယောဂီသူမြတ်အတွက်မှာ လောဘ စိတ်၊ ဒေါသစိတ် ၂-ပါး ကင်းဝေးနေသည်ထက် မောဟစိတ် (အဝိဇ္ဇာ) မဖြစ်ရန် အရေးအကြီးဆုံးဖြစ်၏။ ဝိပဿနာ ပညာ စခန်းကို လုပ်နေခြင်းသည် အဝိဇ္ဇာကို မလာစေသည်သာမက အဝိဇ္ဇာကို အမြစ်ဖြုတ်ရန် ပြုလုပ်နေခြင်းပင် ဖြစ်၏။

အထက်ပါ နည်းများအတိုင်း စိတ်ကိုပညာစခန်းဖြင့် ဆင်ခြင် ပြီးသည့်နောက်၌ ဤသို့လည်း သမ္မသနဉာဏ်ခဏ်းတွင် ဆက်လက် ဆင်ခြင်ရ၏။

ဇာတိပစ္စယာ, ဇရာမရဏံ အသတိ
ဇာတိယာ နတ္ထိ၊
ဇရာမရဏန္တိ သံခိပိတွာ
ဝဝတ္ထာနေ ပညာ သမ္မသနဉာဏံ။
(ပဋိသမ္ဘိဒါမဂ်)

ဇာတိကြောင့် ဇရာမရဏသည် ဖြစ်၏။ ဇာတိ မရှိသော် ဇရာမရဏသည်မရှိ။ ဤသို့ ပေါင်းရုံးပိုင်းခြား ဆင်ခြင်ရာ ဖြစ်သော ပညာသည် သမ္မသနဉာဏ်မည်၏။

အထက်ပါ ပါဠိတော်အရ ဇာတိကြောင့်၊ ဇရာမရဏသောက ပရိဒေဝစသော ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်သူနှင့် ကွေကွင်းရခြင်း၊ ဒုက္ခအမျိုးမျိုးတို့နှင့် ဘဝတိုင်း ဘဝတိုင်း တွေ့ရခြင်းဖြစ်၏။ ထိုကဲ့သို့ ဒုက္ခအမျိုးမျိုးနှင့် တွေ့ရခြင်းသည် အဘယ်ကြောင့်ပါနည်းဟု ဆင်ခြင်ပြန်သော် စာမျက်နှာ ၃၂-နှင့် ၃၃-တွင် ဖော်ပြထားသည့်အတိုင်း အဝိဇ္ဇာ၊ သင်္ခါရ အစရှိသည်တို့ကြောင့် ပါတကားဟု တဆင့်တက်ခါ ထိုအဝိဇ္ဇာ ဒုက္ခပေးပုံ၊ သင်္ခါရ ဒုက္ခပေးပုံတို့ကို စိတ်တွင် သံမှိုနှင့် နှ ဘိသကဲ့သို့ စွဲမြဲနေအောင် ဆင်ခြင်နေရမည်။

တနည်းဆိုရသော် ထိုသို့ ဆင်ခြင်ခြင်းကို အဘယ်မျှ ဆင်ခြင်နေရမည်နည်းဟု မေးလျှင် မိမိသည် အဝိဇ္ဇာကို ဝင်ခွင့်ပြုရန် အလွန်ကြောက်ရွံ့လာသည်အထိ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရပြန်ခြင်း၊ ချစ်သူအပေါင်းနှင့် ကွေကွင်းရမည့် ဒုက္ခတွေကို ဖြစ်စေတတ်သော ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိ သင်္ခါရတို့ကို ဝင်ခွင့် မပြုရဲအောင်

ကြောက်ရွံ့ လာသည်အထိ ဆင်ခြင်ပေးရမည်။ ဤတွင် စာမျက်နှာ ၁၂၁-မှ ၁၂၄-အထိ အထူးသက်ဆိုင်၏။ ထိုစာမျက်နှာ ၄-မျက်နှာကို ထပ်ခါထပ်ခါ ဘတ်၍ ပါဠိတော်ကို အရဆောင်ထားပါလေ။ သူတပါးလည်း သဘောပေါက်အောင် ဟောပြောတော်မူကြပါ။ ယင်းသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လုပ်နေယင်းပင် တဘက်ကလည်း ခန္ဓာ ၅-ပါး တို့ကိုလည်း မျက်ဝါးထင်ထင် သိမြင်နေရန် လုပ်ပေးရမည်။

ဤအဆင့်အတန်းသို့ ရောက်ရှိလာသော ယောဂီသူမြတ်သည် ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိတော့၏။ ထိုပညာစခန်းကို မမေ့ပစ်ပါ။ ဘုရင့်စည်းစိမ်ကို ပေးမည်။ သူဌေးစည်းစိမ်ကို ပေးမည် ဆိုသော်လည်း မိမိရရှိထားသော ပညာနှင့် မလဲနိုင်ချေ။ သို့ရာတွင် ၎င်းအဆင့်အတန်းသို့ ရောက်ရှိရန်မှာ ခက်သည် မဟုတ်ပါ။ အလုပ်လုပ်ခြင်း၊ မလုပ်ခြင်းသာ ပဓာန ဖြစ်ပါသည်။ ထို အဆင့်အတန်းသို့ လူတိုင်း ရောက်နိုင်လေဘည်။ ကျိုးစားရန်သာ လိုပေတော့၏။ ကျိုးစားက ဘုရားပင် ဖြစ်နိုင်သည်ကို သတိပြုခါ ကျိုးစားတော်မူကြပါ။

ဤအဆင့်အတန်းသို့ ရောက်ရှိလာသော ယောဂီသူမြတ်သည် ထိုသဒ္ဓါတရားကို ယုတ်လျော့မသွားစိမ့်သောငှာ တဘက်ကလည်း စာမျက်နှာ ၅၁-တွင် ဖေါ်ပြထားသော အဘိဏှသုတ်နှင့် ၅၃-တွင် ဖေါ်ပြထားသော သေခြင်းသဘောတရား ဖြစ်သော မရဏာနုဿတိတရားကို မပြတ် ပွားများ ပေးရမည်။ ထိုတရား ၂-ပါးသည် ဝိပဿနာယောဂီအတွက် သဒ္ဓါတရား တိုးတက်စိမ့်သောငှာ၊ အထူး အားပေးသော တရား ၂-ပါးဖြစ်၏။

ထိုပြင် စာမျက်နှာ ၈၉-တွင် ဖေါ်ပြထားသော ၃၂-ပါးသော တိရစ္ဆာနကထာကို အထူးရှောင်ကြဉ် ပြီးလျှင် ၇၉-တွင် ဖေါ်ပြထားသော ဗောဇ္ဈင် ၇-ပါးကိုမကြာမဏာဘတ်ရှုလိုက်နာပြုကျင့်ရမည်။ ထိုမှတဖန် အထက်တန်းသို့ ရောက်ရှိလာသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် အထူး ရင့်သန် လာပြီဖြစ်ရကား စာမျက်နှာ ၁၁၀-တွင် ဖေါ်ပြထားသော ကိလေသာ ခေါင်းပါးမှု အထူးကျိုးစား လိုက်နာရပေမည်။ ထိုသို့ လိုက်နာနိုင်ရန်မှာ အနုသယပြုတ်ရန်ဆိုသော စာမျက်နှာ ၁၁၅-မှ ဗြဟ္မာအဆိုနှင့် ဘုရားရှင်အလိုဆိုသော စာမျက်နှာ ၁၇၁-အထိ ထပ်ခါထပ်ခါ ဘတ်ကြားရမည်။ အဘယ်မျှ ဘတ်ကြားရမည်နည်း ဆိုမူ သူ့ဘပါးအား ထိုတရားများကို လွယ်ကူစွာ ဟောပြောနိုင်သည့်အထိ ဘတ်ကြားထားရပေမည်၊ ဤသို့လျှင် ပြန်လည်ဘတ်ကြားခြင်းပြုပါက မြင့်မြတ်လှသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာတရား ပွဲများရာတွင် နည်းလမ်းမှန်ကန်ကျန ဘုရားရှင်အလိုရှိတော် မူသည့်အတိုင်း တမဂ်တဖိုလ်ရရှိရန် ကျိုးစားရေးတွင် သဒ္ဓါမယုတ်လျော့နိုင်သည် သာမက သဒ္ဓါတရား တနေ့တခြား တိုး၍တိုး၍ပင် လာတော့၏။

ထိုသို့မဟုတ်မူ၍ ၎င်းအထက်တွင် ဖေါ်ပြအပ်သော အခဏ်းများကို မနိုင်နင်းပါက၊ (ဝါ) သဘောကို မငုံမိပါက ဘုရားရှင်အလိုရှိအပ်သော သဘော သဘာဝတရားများကို မပိုင်နိုင်ချေ။ သဘောမပိုင်ဘဲ လုပ်ရသည်ထက် သဘောကို ပိုင်နိုင်ပြီး လုပ်ရခြင်းက ပိုမို ခရီးရောက်၏။ သတိပြုတော် မူကြပါကုန်။ ယင်းသို့ သဘောမပိုင်သဖြင့် လုပ်ငန်းတွင်လည်း ခရီး ဖင့် လေး ရာ၏။

ထိုမှတပါး အခြေမခိုင်သော စက္ကူတိုက်အိမ် ပြာသာဒ်ကဲ့သို့၊ ဟန်ဆောင် အတုမျှသာဖြစ်၍ လေတိုက် မိုးထိလျှင် ပြိုအိပျက်စီး သွားဘွယ်ရာ ရှိသည်။

အထက်တွင် ဖေါ်ပြထားသော အခဏ်းများမှာ စာမျက်နှာ အားဖြင့် ရေတွက်သော်၊ ၆၀-ခန့်သာရှိပေလိမ့်မည်။ ထိုစာမျက်နှာ ၆၀-ခန့်ကို သဘောပေါက်ရန်မှာ ၃-ကြိမ်၊ ၄-ကြိမ် ဘတ်ရှု ပါက ပိုင်နိုင်လေပြီ။ တနည်းဆိုသော် မသိတတ်သေးသော သူတို့အား ဟောပြောနိုင်လောက်အောင် လေ့ကျင့် ဟောပြော ပေးရမည်။ ထိုသို့ ဟောပြောသော် မိမိတွင်လည်း မမေ့နိုင် တော့ဘဲ ရရှိမည့် ဓမ္မဒါန ကုသိုလ်အကျိုးကား အဘိုးမဖြတ် နိုင်ပေ။

တနည်းဆိုဦးအံ့၊ ကျောင်းတွင် အသုံးလုံးကို တတ်သိရန် ၁-နှစ်၊ ၂ နှစ်၊ ၃-နှစ်၊ နေ့စဉ် နေ့တိုင်း ကျောင်းတက်ခဲ့ရ၏။ ရရှိသော တိုက်ရိုက်အကျိုးကား အရေး, အဘတ်, အတွက်, ထို ၃-မျိုးကိုသာ တတ်သိရ၏။ အထက်တွင် ဖေါ်ပြထားသော စာမျက်နှာ ၆၀-ခန့်ကို နိုင်နင်းပါက တမဂ်ဘဖိုလ် သွားရေးမှာ လမ်းမမှားတော့ပေ။ လွယ်လည်း လွယ်ကူလှပေ၏။ အပါယ် ၄-ပါးလည်း တံခါးပိတ်တော့၏။ ထိုမျှ အကျိုးများ သည်ကို အဘယ်သူလျှင် မလေ့ကျင့်ဘဲ နေထိုက် နေအပ် ပါသနည်း။ ထိုကြောင့် ၁၀၁-တွင် အများကိုအလိုရှိလျှင် အနည်းကို စွန့်ရ၏ ဟု ဆိုခဲ့၏။

ထိုမှတပါး ဤသမ္မာသနဉာဏ်ခဏ်းကို နိဂုံးမချုပ်မီ ယောဂီ သူမြတ်အား သိရှိထားတော် မူပြန်စေလိုသည်မှာ ဝိပဿနာ လုပ်ရာတွင် ပဌမဆုံးမှာ အထက်ပါ စာမျက်နှာများတွင် ပါရှိ

သော အကျိုးအပြစ်တို့ကို ကျနစွာ နားလည်ထားစေလိုပါသည်။ ထိုနောက် သမ္မသနစခန်းကို လုပ်ရာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ပေါ်လွင်အောင် ရှုရန်မဟုတ်သေးဘဲ ရှုစဉ်တွင် စိတ်ကို အခြား တပါး မပြောင်းလွဲ မပြန့်လွင့်စေရန်လည်း အထူး အရေးကြီး၏။ ၅-မိနစ်လုပ်လျှင် ၅-မိနစ်၊ တနာရီလုပ်လျှင် တနာရီ၊ မိမိ၏ စိတ်အား အခြားတပါးသော အာရုံသို့ လွင့်ပါး ကူးပြောင်း မသွားစေရ၊ ထိုအခါ ယောဂီသူမြတ်သည် သမာဓိတရား နိုင်နင်း ပြီ ဖြစ်ရကား သေခါနီးတွင် အခြားစိတ်များ၊ (ဝါ) မကောင်း စိတ် အာသန္နကံ မဝင်နိုင်တော့ပြီ။ ဤသို့ မိမိစိတ်ကို မိမိနိုင်နင်း ထားရန်ကိုလည်း သတိအစဉ် ရှိအပ်၏။ တနည်းဆိုသော် စိတ်ကို မိမိက နိုင်နင်းထားရမည်။ စိတ်၏ နိုင်နင်း ချုပ်ချယ်ခြင်းကို မခံရ။ မည်ကဲ့သို့ စိတ်ကိုမိမိကနိုင်နင်း ထားရမည်နည်း ဆိုလျှင် စိတ်က ရူပါရုံကိုမြင်၍ ကာမဂုဏ် ခံစားလိုသောစိတ်ဖြင့်ကြည့်လတ်သော် စိတ်၏ ဦးဇွန်းပုတ်ကို ဆွဲဆောင့်ကာ လာခဲ့-ဒီမှာထိုင်။ ဒီဟာကို ရှုတ် (စာမျက်နှာ-၁၆၇)။

စက္ခုသ္မိံ ဟညတိ မနာပါ မနာပေတိ ရူပေတိ။

ရူပါရုံဟာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ ဒုက္ခပေးတယ်။ သူ့ကို သာယာနေလျှင် (၁၂၁)။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊
စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ။

ဖြစ်ပြီး ဇာတိ, ဇရာမရဏ, သောက, ပရိဒေဝတွေ အကုန်ရှောက် ဖြစ်တယ်၊ ဒါကြောင့် မင့်မကြည့်ရ-ဆိုခါ စိတ်ကို မိမိလက်တွင်

ရှိသော ရှုကို မိမိနိုင်နင်းစွာ ပြုပြင်နိုင်ဘိသကဲ့သို့ နိုင်နင်းစေရမည်။ ထို့အတူ စိတ်က အရသာကို ခံစားလို၏။ ခွင့်မပြုရ။ အထက်ပါအတိုင်း စိတ်၏ ဆံပင်ကို ဆွဲဆောင့်လာခါ (၁၆၇)

ဇိဝှာယ ဟာညတိ မနာပါ မနာပေတိ ရသေဟိ။

အရသာဟာ ကောင်းရင်လဲ ဒုက္ခပေးတာဘဲ၊ မကောင်းရင်လဲ ဒုက္ခပေးတာဘဲ၊ သူ့ကိုသာယာနှစ်သက်နေရင် (၁၂၄)

ဇိဝှာ့ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ။
ဇိဝှာဝိညာဏံ တိဏ္ဏံ သင်္ဂတိ။

ဖြစ်ပြီး ပဋိသန္ဓေနေရမယ်၊ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ ဒုက္ခအမျိုးမျိုးနှင့် တွေ့ရအုံးမယ်၊ ဒါကြောင့် အမောင်စိတ် အမောင်အား ငါစားခွင့်ကိုမပြုနိုင်ဟု စိတ်ကို တိတိကျကျ မိမိ ရရကြီး နိုင်နင်းထားရမည်။

ဤကဲ့သို့စိတ်ကို မိမိကကျနစွာ နိုင်နင်းထားရန်မှာ ခဲယဉ်း၏ဟု ထင်ရသော်လည်း လေ့ကျင့်ဆင်ခြင်ဖန် များလတ်သော် ဖြစ်နိုင်ကြောင်းကို ကိုယ်တိုင်လက်တွေ့ သိရှိလာပေ လိမ့်မည်။ အခြားပုဂ္ဂိုလ်များ ဖြစ်နိုင်လျှင် မိမိလည်း ဖြစ်နိုင်သည်သာတည်း။

ဤကဲ့သို့စိတ်ကို နိုင်နင်းထားမှသာလျှင် မိမိသေခါနီးတွင် အကုသိုလ်ဇော ဖြစ်စေမည့် သားမယားစိတ်၊ ဥစ္စာပစ္စည်းစိတ်၊ နောက်နောက်ကပြုခဲ့သော အကုသိုလ်များကို စိတ်ကူး

ခွင့်မပြုဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ သမ္မာသနဉာဏ် စိတ်ဖြင့် စုတေသေလွန်သည် ဖြစ်အံ့။ ထိုယောဂီသူမြတ်အား အပါယ်လေးပါးသို့ မလားစေသည် သာမက နောက်ဘဝ အတွက်ဘုရားရှင်သည် အင်္ဂုတ္တိုရ်ပါဠိတော် စတုတ္ထပဏ္ဏာသက ၅-မဟာဝဂ်၌ ဟောတော်မူသော သဘောတရပ်မှာ ချစ်သားတို့ တရားတော်ကို နှုတ်ဖြင့် အဖန်ဖန် ရွတ်ဆိုပြီးလျှင် ပညာဖြင့် အဖန်ဖန် ကောင်းစွာထိုးထွင်းသိရှိအောင် ကျိုးစားနေခြင်းသည် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ယားရ၏။ ထိုနတ်ပြည်သို့ ရောက်သောအခါ၌လည်း....

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊
ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ
သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ပဋိသန္ဓေအတွက် မပင်ပန်းဘဲ ချမ်းသာစွာ။ တဿ၊ စုတေ၍ နတ်ပြည်သို့ ရောက်ခါသွားသော ထိုပုဂ္ဂိုလ်အား။ ဓမ္မပဒါနိ၊ လူ့ဘဝက အားထုတ်သမှု ပြုခဲ့သော တရားသမ်းကြောင်းတို့

သျှင်မြန်စွာလျှင်၊ ဝိသေသဘာဂီ၊ မဂ်ဖိုလ်တရားထူးကို ရခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့လျှင် သမ္မသနုဉာဏ်ကို ပွားများနေလျှင် ယခုဘဝ၌ တမဂ်တဖိုလ်သို့ မရောက်သေးသည် တိုင်အောင် လာမည့်ဘဝတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ် ၄-ဘုံသို့ မကျရောက်တော့ဘူး၊ နတ်ပြည်သို့ ရောက်ရှိပြီးလျှင် တမဂ်တဖိုလ်ရမည်မှာ တနည်းနည်းအားဖြင့် သေချာလျက်ရှိ၏။

ဤ၌ ယောဂီသူမြတ်အား အကြောင်းအားလျော်စွာ ထပ်မံသတိပေး တိုက်တွန်းလိုသည်မှာ သာသနာတော်ကြီးကား စနေ့တခြား ဆုတ်ယုတ်လာခဲ့ချေပြီ။ ဘုရားရှင်လက်ထက်တော်ကနှင့် ယခုကိုမဆိုထားဘိ၊ ယောဂီသူမြတ်၏ မိဘ, ဘိုးဘွားလက်ထက်ကနှင့် ယခုပင်မတူတော့ပြီ။ ခေတ်လူတို့မှာ– ဥပုသ်ဆောက်တည်ခြင်း၊ ဒုစရိုက် ၁၀-ပါးကို လုံခြုံစေခြင်း၊ မေတ္တာတရားကို ပွားများခြင်း စသည်တို့ကို မဆိုထားဘိ၊ ဒုစရိုက် ၁၀-ပါးကိုပင် အနက် အဓိပ္ပါယ်နှင့်တကွ ၁၀-ပါးစေ့အောင် ရေတွက်ပြောဆိုနိုင်သူ လွန်စွာရှားပါးနေခဲ့လေပြီ။

ယခုပင် ဆရာသမားကို ကျေးဇူးတင်ရန်မလိုဟု ဆိုကြ၏။ မိဘကိုပင် ကျေးဇူးတင်ရန်မလို၊ ၎င်းတို့ ကမြင်းချင်၍ ကမြင်းကြတာဟု ဆိုကြလေကုန်ပြီ။ အချို့ကား ဘုန်းတော်ကြီးများကိုပင် ပိုက်ဆံရှိသူတို့၏ အကျွယ်အကာ ခနရှင်တို့၏ ဘက်တော်သားများဟု စွပ်စွဲနေကြကုန်ပြီ။ ထိုမျှမကသေး ဘုရားရှင်၏ သဗ္ဗညုတဉာဏ်ကိုပင် ထိခိုက်စော်ကား လာကြချေပြီ။ အချို့ကား ဘုရားရှင်၏ အဘိဓမ္မာတရားကိုပင် ထိပါးပုတ်ခတ် စော်ကားစ ပြုလာ

ကြလေပြီ။ နောင်လာမည့် ခေတ်များအတွက်ကား မစဉ်းစား နိုင်အောင် ရှိတော့၏။

ထို့ကြောင့် ယောဂီသူမြတ်သည် ယခုဘဝတွင်မနေ စုတေသွား သည်ရှိသော် အကယ်၍များ လူပြန်ဖြစ်ပါက၊ အဘယ်သူအား အဖေ၊ အမေ တော်စပ်ရန် ရည်ရွယ်ရပါသနည်း။ ဘုရား, တရား, သံဃာ ရတနာ ၃-ပါး၏တန်ခိုးကို ဘာမျှမသိသော အန္ဓဗာလ၊ ဗာလပုထုဇဉ်တို့၏ ဝမ်းတွင်ဝင်ခါ လူဖြစ်ရပါက အသို့ဖြစ်မည် နည်း။ စဉ်းစားတော်မူပါလော့။

ထို့ကြောင့် ယခုအချိန်အခါမှစ၍ ဝိပဿနာဉာဏ်ကို ကျိုးစား အားထုတ်ခါ လာမည့်ဘဝတွင် အနည်းဆုံး တုသိတာ နတ်ပြည် သို့ ရောက်ရှိအောင် အထူးကျိုးစားတော် မူကြပါကုန်။ နတ်ပြည် တွင်ကား သာသနာတော်ကြီး စည်ပင်သာယာလျက်ပင်။

၎င်းသို့လျှင် သမ္မသနဉာဏ်ကို နိဂုံးချုပ်လျက် ဥဒယဗ္ဗယဉာဏ် စခန်းသို့ ဆက်လက်ပေဦးအံ့။

——‡——

## ဥဒယဗ္ဗယဉာဏ်

ဟာန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။
(သုတ်မဟာဝါ-မဟာပရိနိဗ္ဗာနသုတ်)

ဤစာအုပ်ကို အစမှစ၍ ဘတ်ရှု လေ့ကျင့် လာသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်အတွက်ဆိုသော် ဤစာမျက်နှာအထိ ဆိုလျှင် မိမိနှင့် မိမိနေထိုင်သော ကမ္ဘာလောကကြီးအတွင်းရှိ သတ္တဝါ အပေါင်းတို့နှင့် ဆန့်ကျင်ဖီလာ ဖြစ်၍ နေချေပြီ။ အကြောင်းသော်ကား သတ္တဝါတို့၏ စိတ်တွင်....

ဧတံ မမ၊
ဧသော ဟမသ္မိ၊
ဧသော မေ အတ္တာ။

ငါ့ဥစ္စာ, ငါ, ငါ့ကိုယ်ဟု မိမိရရ လုံးလုံးလျားလျားကြီး စွဲယူ ထား၏။ မိမိမှာကား ထိုသို့ ဒိဋ္ဌိအယူ မရှိတော့ဘဲ ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်၊ သဘာဝနာမ်ခတ် ရုပ်ခတ်ဟု ဆိုခါ....

နေတံ မမ၊
နေသော ဟမသ္မိ၊
န မေသော အတ္တာ။

ဟု ဆန့်ကျင်ဘက် ပြုလုပ်နေခြင်းကြောင့်တည်း။ ထိုမျှသာမက သေး၊ မိမိသည်ပင်လျှင် ယခင်က "မိမိ"နှင့် မတူတော့ပြီ။ ယခင်အခါက မိမိပင်လျှင် လောဘတုံး, ဒေါသတုံး, မောဟတုံးကြီး ဖြစ်ခဲ့၏။ ယခုအခါမှာ အလောဘ, အဒေါသ, အမောဟ ဖြစ်စပြုလာသဖြင့် ယခင်မိမိနှင့် ယခုမိမိ မတူတော့ချေ။

ထိုကြောင့် မိမိနှင့် အဆင်မပြေသော လောကကြီးနှင့် ဆက်လက်၍ ဆက်ဆံခါ နေသင့်သေးသည်လော။ မိမိအိမ်၌ပင် မိမိအိမ်သားများနှင့် ဆက်ဆံခါ နေသင့်သေးသည် လောဟု ဆင်ခြင် စဉ်းစားဘွယ် ဖြစ်လာ၏။

တဘက်တွင်လည်း တမဂ်တဖိုလ်ကို မရမနေဟု ကျိုးစားနေသော ဝိပဿနာယောဂီ ပုဂ္ဂိုလ်သည် သာမန် ပုဂ္ဂိုလ်မဟုတ်တော့ပြီ။ လောဘ, ဒေါသ, မောဟ မဝင်ရောက်နိုင်အောင် ၆-ဒွါရကို အစဉ်ပိတ်ဆို့ ထားရမည့် ပုဂ္ဂိုလ်ဖြစ်၏။ ဤသို့ ဝိပဿနာယောဂီ ပုဂ္ဂိုလ်သည် အဘယ်အထိ အဆင့်အတန်း မြင့်နေပါသနည်း ဆိုသော် ရှေးအခါက မိမိပြုခဲ့သော ကုသိုလ်ကိုပင် "ငါ" မပါရှိတော့ချေ။ ထိုကြောင့် (၁၃၇)တွင် ဒါနံဒတွာဟူ၍ရင်း၊ ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိဟူ၍ရင်း အနက်နှင့်တကွ ဖော်ပြခဲ့၏။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်တို့ကို လေ့ကျင့်မှုတွင် ကျော်လွန်လာသော ပုဂ္ဂိုလ်သည်လောဘ,ဒေါသ,မောဟကိုစွန့်လွှတ်၍ သူတော်ကောင်းဥစ္စာ ၇-ပါးဖြစ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပကိုသာ နေ့စဉ်နှင့်အမျှ သာမဟုတ်၊ နာရီ, မိနစ်, စက္ကန့်နှင့်အမျှ တိုးအောင် တက်အောင် ကွက်ကျိကွက်ကြား မဖြစ်အောင်-

ကျိုးစားနေရသည်။ ထိုကြောင့် မိမိအကြောင်းကို ချီးမွမ်းနေသော အတ္တုက္ကံသနကို တိတိကျကျ ရှောင်ကျဉ်ရုံမျှမက သူတပါး၏. မကောင်းကြောင်းကို ပြောဆိုသော ပရဝမ္ဘနကိုလည်း စိုးစဉ်းမျှ မပြောတော့ပြီ။ ထိုမျှမက စာမျက်နှာ ၇၉ တွင် ဖေါ်ပြထားသော ၃၂-ပါးသော တိရစ္ဆာနကထာကိုလည်း မပြောတော့ပြီ။ ကာယကံ ဝစီကံမျှသာမက မနောကံတွင်ပင် စိတ်မကူးတော့ပြီ။ အကယ်၍ စိတ်ကူးသော် ပြောသော် တမဂ်တဖိုလ်သို့ နီးမလာတော့ဘဲ စိတ်တွင်ကြံစည်သည် ပါးစပ်က ပြောသည်နှင့် အမျှ တမဂ်တဖိုလ်နှင့် ဝေးခါဝေးခါ ဆုတ်ယုတ်ပျက်စီး လာသည်ကို သတိပြုရာ၏။

နားထောင်နေသူသည် မိမိ ပြောဆိုသောစကားတွင် မူတည်၍ မိမိကို ရိုသေလေးစားခြင်းကို ပြု၏။ ထိုကြောင့် အတ္တုက္ကံသန၊ ပရဝမ္ဘနနှင့် တိရစ္ဆာနကထာများကို ကောင်းကောင်းကြီး ရှောင်ကြဉ်ရမည်။

တမဂ်တဖိုလ်သို့ ရောက်ရှိသော သောတာပန် ပုဂ္ဂိုလ်သည် လူဖြစ်၍ ၅-ပါးသီလကို မကျူးလွန်တော့ပြီ။ အသက်သေခံရမည်ဆိုလျှင် အသက် အသေခံတော့၏။ သူတ္တာန်အားဖြင့် သက်သေသာခကေ များစွာလာရှိ၏။

## ခုံဇ္ဇုတ္တရ

အသိများသော သက်သေတရပ်ကို အတိုချုပ် ဖေါ်ပြရသော် အခါတပါး၌ ဘုရားရှင်သည် ပန်းသည်မကြီးအိမ်၌ တရားဟော

နေစဉ် ပန်းဝယ်လာသော အစေခံမ ခုဇ္ဇုတ္တရာသည် တရားဝင်နာရင်း သောတာပန် ဖြစ်သွားတော့၏။ ထိုနောက်ပန်းကို ခါတိုင်းကဲ့သို့ ၄-သပြာဘိုး မဝယ်တော့ဘဲ ယနေ့သော် ရှစ်သပြာဘိုးဝယ်၍ အိမ်သို့ပြန်၏။ ခါတိုင်းကား နေ့စဉ် ရှစ်သပြာဘိုးဝယ်ရန် သာမာဝတီအရှင်မက ပေးလိုက် ငွေသော်လည်း ၄-သပြာကို ထိန်ချန် လိမ်လည်ထားပြီးလျှင် ၄-သပြာဘိုးသာ ဝယ်ခြင်းဖြစ်ခဲ့၏။ ယနေ့သော် သောတာပန်ဖြစ်ခဲ့၍ အိမ်ကျလျှင် အပြစ်ဒဏ်ကို ခံယူရန်ရှိက ပေးမည့်အပြစ်ဒဏ်ကို ခံယူအံ့၊ သီလကိုကား မဖောက်မကျူးတော့ပြီ။

ထိုမျှမကသေး ကာမရာဂ သံယောဇဉ်, ပဋိဃ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဘဝရာဂ, ဣဿာ, မစ္ဆရိယ, အဝိဇ္ဇာ သံယောဇဉ်ဟူ၍ ၁၀-ပါး ရှိသည်အနက် သောတာပန်သည်....

ဣဿာ၊ မစ္ဆရိယ၊
သီလဗ္ဗတပရာမာသ၊
ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ။

ဤ ၅-ပါးသော သံယောဇဉ်တို့ကို ပယ်၏။ ထိုသို့ဖြစ်မှုတာမင်္ဂတဖိုလ်ကို အလိုရှိ၍ ကျိုးစားနေသော ဝိပဿနာပုဂ္ဂိုလ်သည် ဣဿာနှင့် မစ္ဆရိယကို အဘယ်လျှင် လက်ခံထားဘွယ်ရှိရအံ့နည်း။ ခေါင်းပါးသည်ထက် ခေါင်းပါးအောင်သာ ပြုကျင့်ရာသည်။ မိမိသည် သောတာပန်အဖြစ် မရောက်သေးသည်ကား မှန်၏။ သို့ရာတွင် သာမန် လူတို့ထက် သဘောထားမြင့်မြတ်

ရာသည်။ ဤ၌တွင် အကြောင်း တိုက်ဆိုင်သဖြင့် မနာလိုဝန်တိုမှု အကျိုးပေးပုံကို ဖေါ်ပြဦးအံ့။

## လောသကတိဿ

သူတပါး ကောင်းစားသည်ကို မကြည့်လို မကြားလို မနာလို ဝန်တိုသော ဣဿာ မစ္ဆရိယတရား၊ နှလုံးသွင်းမှားသဖြင့် ထင်ရှားသော နစ်နာပုံသာဓက တခုကို နမူနာပြုရသော် ဘုရားရှင် လက်ထက်၌ သူကြွယ်တဦးသည် ကျောင်းထိုင်ရဟန်းနှင့် အာဂန္တုက ရဟန်းတပါးအား ဆွမ်းလုပ်ကျွေးပြီးလျှင် ထိုရဟန်းနှင့် ကျောင်းထိုင်ရဟန်းတို့ ကျောင်းသို့ ပြန်ကြွခါနီးတွင် ကျောင်းထိုင် ဘုန်းကြီးနှင့်တကွ ဘုန်းတော်ကြီး ၂-ပါးလုံးပင် ဆွမ်း ဘုန်းပေးရန် ပင့်ဘိတ်ခဲ့လေသည်။

နက်ဖြန်နံနက်သို့ ရောက်သောအခါ ကျောင်းထိုင်ဘုန်းကြီးက မိမိ၏ ကျောင်းတကာသည် သူတပါးအား ကြည်ညိုသည်ကို မခံလို ဝန်တိုသောစိတ်ဖြင့် အာဂန္တုက ရဟန်းအား မသိစေမှုသောငှာ ကျောက်စည် ခေါင်းလောင်းကို လက်သည်းဖျားနှင့် တီးခေါက်ပြီးလျှင် တပါးတည်းသာ ကျောင်းတကာအိမ်သို့ ကြွသွားလေ၏။

ထိုအခါ ကျောင်းတကာက ယမန်နေ့က အာဂန္တုက ရဟန်း မပါကြောင်းကို မေးလျှောက်ရာ ကျောင်းထိုင် ဘုန်းကြီးက တကာ့ရဲ့ရဟန်းဟာ ယမန်နေ့က အစားကြီးပြီး အိပ်ပျော်နေသည်မှာ ယနေ့နံနက် ကျောက်စည်ခေါင်းလောင်းကို ထိုးပါလျက် မနိုးနိုင်ဘဲ ကျန်ခဲ့သည်ဟု ပြောဆို၏။

ထိုအခါ ကျောင်းတကာက ကျောင်းထိုင်ဘုန်းကြီး အပြန်တွင် အာဂန္တုက ရဟန်းအတွက် သပိတ်တွင် ဆွမ်းထည့်ခါ ကပ်လှူလိုက်ပြန်၏။ ကျောင်းထိုင်ဘုန်းကြီးသည် လမ်းတွင်သွန်ခဲ့လေ၏။ ကျောင်းသို့ ရောက်သောအခါမှ အာဂန္တုက ရဟန်း မရှိသည်ကိုသိ၍ မိမိအကြံကိုသိသောရဟန်းအား ပြစ်မှားမိချေပြီ ဟု နောင်တကြီးစွာ ဖြစ်လေတော့၏။

ထိုပြစ်မှုကြောင့် ကျောင်းထိုင်ရဟန်း လောသကတိဿမှာ ဘဝတိုင်း ဘဝတိုင်းတို့၌ အငတ်ဘဝဖြင့်သာ နေခဲ့ရလေ၏။ ထိုနောက် နောက်ဆုံးဘဝ၌ အိမ်ခြေတထောင်ရှိသော တံငါရွာကြီးတွင် မွေးဖွားရာ ၎င်းမွေးသည့်နေ့မှစ၍ တံငါရွာကြီးသည် ငါးဘမ်း၍မရ၊ အိမ်ခြေငါးရာစီခွဲ၍ ငါးဘမ်းကြပြန်ရာ ၎င်း လောသကတိဿ ပါသောဘက်က ငါးမရ၊ ထိုအစု တဝက်စီ တဝက်စီခွဲခဲ့ရာ နောက်ဆုံး၌ လောသကတိဿအိမ်မှာ ထင်ရှား ဖြစ်ပေါ်လာရကား မိဘများပင် ဆင်းရဲဒုက္ခ မခံနိုင်တော့သဖြင့် အိမ်မှ နှင်ထုတ်လိုက်တော့၏။

ထိုသောအခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် သနားတော်မူလှခြင်းကြောင့် ကျောင်းသို့ခေါ်လာခါ သင်္ကန်း ကိုဝတ်စေ၏။ ဆွမ်းကိုခံစေ၏။ ဆွမ်းခံရာ၌ကား ရသည်ဟူ၍ မရှိ။ နောက်ဆုံးနေ့တွင် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ပင် ထိုလောသကတိဿနှင့်အတူ ဆွမ်းခံသွားသော် ဆွမ်းမရ။ လောသကတိဿအား ကျောင်းသို့ပြန်၍လွှတ်ခါ တပါးတည်း ခံမှ ဆွမ်းရ၏။ ကျောင်းသို့ရောက်၍ ဆွမ်းဘုန်းပေးစေရာ

ဆွမ်းကွယ်ပျောက်မည်စိုး၍ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် လက်တဘက်က သပိတ်ကိုကိုင်လျက် လက်တဘက်က လောသက တိဿ လက်ကိုကိုင်ခါ ဆွမ်းကို ဘုန်းပေးစေရ၏။ ထိုအကြိမ် ၌သာလျှင် လောသကတိဿသည် ဆွမ်းဝအောင် ဘုန်းပေးရ၍ ပရိနိဗ္ဗာန် စံယူတော်မူလေ၏။ ဤသည်မှာကား မနာလိုဝန်တို သော ဇာတကမစ္ဆေရတရား နှလုံးသွင်းမှားသဖြင့် ဒုက္ခအကျိုး ပေးပုံတည်း။ ထို့ကြောင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဇာတက မစ္ဆေရ၊ မနာလိုဝန်တိုမှုတို့ကိုလည်း အထူးသတိပြုအပ်လေသည်။

ထိုပြင် တမင်တဖိုလ်ရမည့်ဆဲဆဲ ပုဂ္ဂိုလ်တို့မှာ စာမျက်နှာ ၁၂၄-စာကြောင်းရေ ၄-တွင် ဖေါ်ပြထားသော....

မနုဍ္ဍ ပဍ္ဍိစ္စ ဓမ္မေစ
ဉပ္ပဇ္ဇတိ၊ မနောဝိညာဏံ။

သည် အထူးအရေးကြီး၏။ ၎င်း၏လိုရင်းကို လူတိုင်းနားလည် အောင် ရေးရသော် အနိစ္စ၊ဒုက္ခ၊အနတ္တ၊ သမ္မသန ဉာဏ်မဟုတ်ဘဲ စိတ်ကူးယဉ်နေပုံကို ဆိုလိုသည်။(၁) ပုညာဘိသင်္ခါရ၊အပုညာဘိ သင်္ခါရ၊ အာနဉ္စာဘိသင်္ခါရတို့ အပေါ်တွင် ရှေးဖြစ်ဟောင်း အောက်မေ့ဘွယ် ဆိုဘိသကဲ့သို့ တဦးထည်း လူမသိဘဲ ပြန်လည် စဉ်းစားခါ စိတ်ကူးယဉ်နေပုံများ ဖြစ်၏။ အမှန်မှာ ထိုသို့ တဦးထည်း စိတ်ကူးယဉ်နေခြင်းသည် အဝိဇ္ဇာကို အားပေး ပွားများနေခြင်းပင်ဖြစ်၏။ ဤနေရာတွင် အထက်တန်း ကျလှ

သော ဝိပဿနာ ယောဂီသူမြတ်အတွက် လောဘ, ဒေါသ, လောက်သာ ပယ်ရန်မဟုတ်၊ မောဟတည်းဟူသော အဝိဇ္ဇာကို လက်သင့်မခံ၊ အဝင်မခံ၊ ပယ်သတ်ရန်အချိန်သို့ ရောက်ရှိနေလေသည်။ အလွန်သိမ်မွေ့လာရကား အထူးသတိပြုပါလေ။ အဝိဇ္ဇာကို လက်ခံသော် မကြာမီတဏှာသည် လိုက်လာတော့၏။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒပါဠိတော်)

ပဋာစာရီ အမည်ရှိသော အမျိုးသမီး တဦးသည် အခါတပါး၌ လင်-မြေပေါက်၊ သားကြီး-ရေနစ်၊ သားငယ်စွန်ချီ၊ ဆွေမျိုးမိဘအားလုံး မြေလျောင်တွင် သေဆုံး၍ ယူကြုံးမရ၊ အရူးမသဘွယ်ဖြစ်လျက် ဘုရားရှင်ထံ ရောက်လာရာ ဘုရားရှင်၏ ဆုံးမတရားနာကြားရာတွင် အထူးပင် သက်သာရာရ၏။ ဘုရားရှင်သည် အထက်ပါအတိုင်း ဆက်လက် ဟောတော်မူရာ၊ အနက်သော်ကား ဘိက္ခဝေ၊ ရဟန်းတို့။ ယောစ၊ အကြင်သူကား။ ဥဒယဗ္ဗယံ၊ ရုပ်နာမ် သင်္ခါရတရားတို့၏ ဖြစ်ပေါ်မှု ဥဒယပျက်ကွယ်မှု ဝယသဘောကို။ အပဿံ၊ မမြင်ဘဲလျက်။ ဝဿသတံ၊ အနှစ်တရာကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တတော၊ ထိုဥဒယဝယ သဘောကို မမြင်သော အန္ဓဗာလပုဂ္ဂိုလ် အနှစ်တရာ အသက်ရှည်စွာ နေရ

သည်ထက်။ ဥဒယဗ္ဗယံ၊ ဖြစ်မှုပျက်မှု ဥဒယဝယသဘောစုကို။ ပဿတော၊ သမ္မာဒဿန ဉာဏစက္ခုဖြင့် ကောင်းစွာ လေ့ကျင့် ထင်မြင်သောသူ၏။ ဧကာဟံ၊ တနေ့တရက် တမနက်မျှ။ ဇီဝိတံ၊ အသက်ရှည်စွာ နေရခြင်းသည်။ သေယျော၊ ပိုမိုမြတ်လှပေ၏။

ဤသို့လျှင် ပဋာစာရီ အမျိုးသမီးသည် ခန္ဓာ ၅-ပါး၏ အဖြစ်အပျက် ဥဒယဗ္ဗယကမ္မဋ္ဌာန်းကို စီးဖြန်းရာတွင် ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာမဖြစ်၍ ဝိနည်းဓိုရ် သရာ၌ တေဇဂ်ရ၏ ဟူ၍ ဓမ္မပဒတွင် လာရှိ၏။

ထိုသို့လျှင် ဘုရားရှင်သည် အဖြစ်အပျက် ဥဒယဗ္ဗယ စခန်း လုပ်ငန်းကို ချီးမွမ်းတော်မူခဲ့၏။ ထိုမှတပန် အတ္တဒတ္ထမထေရ် သည် ပရိနိဗ္ဗာန်ပြုလတံ့သော ဘုရားရှင်ထံသို့ ဖူးမျှော်ရန်မလာ ဘဲ အဖြစ်အပျက် တရားကို အားထုတ်နေခြင်းဖြင့် ဘုရားရှင် ချီးမွမ်းတော်မူပုံကိုလည်း စာမျက်နှာ ၄၈-တွင် ဖေါ်ပြခဲ့ပြီ။

ဤတွင် သွားရင်းဟန်လွဲ ရှင်းလင်းလိုသည်မှာ ဘုရားရှင်သည် ကိုယ်ကျိုးအတွက် ကျင့်နေသော အတ္တဒတ္ထ မထေရ်အား ချီးမွမ်း တော်မူသည်ဆိုရာ၌ သုတ္တန်နည်းအားဖြင့် နေရာအချိန် စသည် တို့ကိုကြည့်၍ ဘုရားရှင်မိန့်ဆိုတော် မူခြင်းဖြစ်၏။ အထူးကား- ရဟန်းကိစ္စကို ပြီးစေလို၍။ (၀၁) ဝိပဿနာ လုပ်ငန်းကို လုပ်နေ ခြင်းကြောင့် ဝိပဿနာ လုပ်ငန်းကို လေးနက် စိမ့်သောငှာသာ လျှင် ထိုသို့မိန့်ဆိုတော် မူခြင်းဖြစ်၏။ ထိုကြောင့် ဝိပဿနာ လုပ်ငန်းမဟုတ်သော အခြားနေရာများ၌ ကိုယ်ကျိုးကိုသာကျင့်၊ အများအကျိုး မကျင့်ရဟု ဆိုလိုရင်းမဟုတ်။ ထိုကြောင့်

(ကျမ်းတတ်မခက်၊ ကျမ်းညှိခက်၏) ဟု ဆိုရိုးရှိခဲ့၏။ ထိုအတူ အမျှား၏ ကောင်းကျိုးအတွက် ဘုရားဆုကိုပင် မတောင်းရ၊ မကျင့်ရဟု ဆိုလိုရင်းမဟုတ်သည်ကို သတိချပ်အပ်၏။ ဤကား ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ဝိပဿနာလုပ်ငန်းကို အထူးအရေးတယူ အားပေး ချီးမြှင့်တော်မူပုံတို့ပေတည်း။

ထိုမျှမကသေး ဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုမည့်ဆဲဆဲ နောက်ဆုံး အချိန်၌ပင် အရေးတကြီး လေးလေးနက်နက် နောက်ဆုံးစကားဖြင့် မှာကြားသွားတော်မူသည်မှာ ချစ်သားတို့၊ ဤသို့လာလှည့်- နောက်ဆုံးစကား လေးနက်စွာ မှာကြားခဲ့အံ့။ ဤကမ္ဘာ လောကကြီး၌ ဖြစ်ပေါ်လာသော သင်္ခါရတရား ဟူသမျှတို့သည်၊ ပျက်ရမည်မှာ မလွဲသည်ကို အမြဲမပြတ် မမေ့ မလျော့သော သတိဖြင့် ပြည့်စုံကာ ကျိုးစား ရစ်ကြကုန်လော့ ဟူသော သဘောတရားကို မိန့်ဟတော်မူပြီးနောက် ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ ၎င်းပါဠိတော်မှာကား....

ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမိဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဟန္ဒ၊ တိုက်တွန်းပါ၏။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ အမန္တယာမိ၊ သိစေ၏။ ကိံ အာမန္တယာမိ၊ အဘယ်သို့ သိစေ၏နည်း ဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်ခြင်းသဘော ရှိကုန်၏။

တေသံ ဒါရေ၊ ထိုသံ ဒါရတရားတို့ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်၊ သမ္ပာဒေထ၊ ပြည့်စုံရစ်ကြစေကုန်လော့။ ဤသို့လျှင် ဘုရားရှင်သည် သုဘဒ်ရဟန်းအား တရားဟောကြားပြီးနောက် ပရိနိဗ္ဗာန် ပြုတော်မူခါနီး ဆဲဆဲတွင် ရဟန်းအပေါင်းတို့အား ဆုံးမမှာကြားတော် မူခဲ့လေသည်။

မိဘတို့သည် သားသမီးတို့အား သေခါနီးတွင် မှာသော စကားသည် သာမန်စကားမဟုတ်။ အရေးကြီးသော စကားကိုသာ သေခါနီးတွင် မှာလေ့ရှိ၏။ သားသမီးတို့ကလည်း မိဘသေခါနီး မှာကြားသောစကားကို လေးနက်စွာ မှတ်သားဆောင်ရွက်ကြကုန်၏။ ထိုအတူ ရှင်တော်ဘုရား နောက်ဆုံးလေးနက်စွာ မိန့်ဟတော်မူခဲ့သော စကားရပ်မှာ ဥဒယဗ္ဗယတရားတော်ကို မမေ့မလျော့ ကျိုးစားအားထုတ်ရန်ပင်ဖြစ်၏။ ထိုကြောင့် ဤဥဒယဗ္ဗယဉာဏ်ကို မလျော့သော လုံ့လဖြင့် သေးစားစွာ လိုက်နာပြုကျင့်တော် မူကြကုန်။

ဥဒယဗ္ဗယဉာဏ်ကို လေ့ကျင့်ရန်မှာ သမ္မသနဉာဏ်ကို လေ့ကျင့်ဘိသကဲ့သို့ ခန္ဓာ ၅-ပါး အပေါ်တွင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူ၍ ကာလ ၃-ပါးအတွက် ပိုင်းခြား၍ လေ့ကျင့်ဆင်ခြင်ရန် မဟုတ်တော့ဘဲ ပစ္စုပ္ပန် လက်ရှိဖြစ်ဆဲကိုသာ ဆင်ခြင်ပွားများရပေမည်။ ထိုကြောင့်....

ကထံ ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနာ
ပညာ ဥဒယဗ္ဗယာနုပဿနာဉာဏံ။
(ပဋိသမ္ဘိဒါမဂ်-မဟာဝဂ်ဉာဏကထာ)

ပစ္စုပ္ပန္နာနံ၊ ယခုလက်ငင်း ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ဝိပရိဏာမာနုပဿနာပညာ၊ ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်စနှင့်မတူ ဖောက်ပြန်ပြောင်းလွဲ ပျက်စီးသည်ကို ဆင်ခြင်ရှုမြင်သော ပညာသည်။ ဥဒယဗ္ဗယာနုပဿနာဉာဏံ၊ ဥဒယဗ္ဗယ အနုပဿနာ ဉာဏ်မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ အဖြေကား....

ဇာတံ ရူပံ ပစ္စုပ္ပန္နံ တဿ
နိဗ္ဗတ္တိလက္ခဏံ ဥဒယော
ဝိပရိဏာမ လက္ခဏံ ဝယော
အနုပဿနာ ဉာဏံ။

ယခုဖြစ်နေဆဲ ရုပ်သည် ပစ္စုပ္ပန်တရားမည်၏။ ထိုပစ္စုပ္ပန်ရုပ်၏ ဥပါဒ်ခဏ အားဖြင့် ဖြစ်ခြင်း လက္ခဏာသည် ဥဒယမည်၏။ ပြောင်းလွဲဖောက်ပြန်ခါ ဘင်ခဏအားဖြင့် ပျက်ခြင်း လက္ခဏာသည် ဝယမည်၏။ ထိုရုပ်၏ အဖြစ်အပျက်ကို ရှုမြင်သော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ........။
ဇာတာ သညာ ပစ္စုပ္ပန္နာ........။
ဇာတာ သင်္ခါရာ ပစ္စုပ္ပန္နာ........။
ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နာ........။

ဤခန္ဓာ ၄-ပါးကိုလည်း ဇာတံရူပံပစ္စုပ္ပန္နံတွင် ဆိုခဲ့သော ပါဠိတော်အတိုင်း ဆက်၍ဆိုပါ။ မခက်ပြီ။

အထက်ပါ ပဋိသမ္ဘိဒါမဂ်မှ လာသော ဥဒယဗ္ဗယဉာဏ်စခန်းကို ဆင်ခြင်ရန် လိုရင်း အဓိပ္ပါယ်မှာ ယောဂီသူမြတ်သည် ခန္ဓာ ၅-ပါးကို တပါးစီ တပါးစီ ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်တို့၏ ဖြစ်ပေါ်ပြီးလျှင် ပျက်စီးသွားခြင်းတို့ကို ကျနစွာ ဆင်ခြင်ရန်ဖြစ်၏။ ထိုသို့ ယထာဘူတ ဘုရားရှင်အလိုတော်ကျ ဥဒယဗ္ဗယဉာဏ်ကို ဆင်ခြင်နိုင်ရန်မှာ စာမျက်နှာ ၁၉၃-၂၁၈ အထိရှင်းလင်းပြထားသော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပိုင်နိုင်စွာ သိရှိထားရန် အထူးအရေးကြီး၏။ ထို နာမရူပ ပရိစ္ဆေဒဉာဏ် သဘောသဘာဝကို ငုံထားမိသူ အတွက်ကား ဤ ဥဒယဗ္ဗယလုပ်ငန်းတွင် သဘောပေါက်ရန် ဝန်မလေး မခဲယဉ်းတော့ပြီ။ ဥဒယဗ္ဗယဉာဏ်ခဏ်းကို လူတိုင်းနားလည်ရန် ဖေါ်ပြပေအံ့။

သမ္မသနဉာဏ်စခန်းကို နေ့ရှည်လများ အားထုတ်ပွားများပြီးလတ်၍ ဥဒယဗ္ဗယဉာဏ် လုပ်ငန်းသို့ တက်ရောက်လာသော ယောဂီသူမြတ်သည် စိတ်ကိုမပြန့်လွင့်စေဘဲ အထက်၌ ဖေါ်ပြထားသော ပါဠိတော်များအရ ရူပက္ခန္ဓာဟု ခေါ်ဆိုသော ဖြစ်ဆဲဖြစ်ပျက်နေသော ရုပ်ကို ဉာဏ်မျက်စိဖြင့်....

ရုပ်သည် ဖြစ်ပေါ်၊ ရင့်ရော်၊
ချုပ်ပျောက်သွား၏။

ဤကဲ့သို့ ရုပ်၏ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်ရမည်။ ထိုနောက် ဝေဒနက္ခန္ဓာဟု ခေါ်ဆိုသော ဖြစ်ဆဲ ဖြစ်ပျက်နေသော ဝေဒနက္ခန္ဓာကို ဉာဏ်မျက်စိဖြင့်....

ဝေဒနာသည် ဖြစ်ပေါ်၊ ရင့်ရော်၊
ချုပ်ပျောက်သွားနေပုံတို့ကို

ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်ပွားများရမည်။ ထိုနောက် သညာ၊သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း အကြိမ်ကြိမ် ပွားများရမည်။

ထိုကဲ့သို့ ခန္ဓာ ၅-ပါး ကို တပါးစီ တပါးစီ အဖြစ်အပျက်ကို ဆင်ခြင်ပွားများနေစဉ် စာမျက်နှာ ၂၅၅-တွင် ဖေါ်ပြထားသော....

အဒဿနတော အာယန္တိ

ဆိုသော သဘော သဘာဝနှင့်၊ ၂၅၆-၌ ဖေါ်ပြထားသော....

ကမ္မဿ ကာရကော နတ္ထိ

ဆိုသော သဘောသဘာဝကိုလည်း တိကျစွာ နားလည် ငုံမိထားရမည်။ ယင်းသို့ သဘာဝ သဘောတရားအတိုင်း မရှိသော နေရာမှ ဖြစ်ပေါ်လာကြပြီးလျှင် မရှိသော ဌာနသို့ ချုပ်ပျောက်သွားပုံနှင့်တကွ၊ ပြုလုပ်သူ ယောကျ်ား, မိန်းမ, မရှိ၊ ခံစားသူ ယောကျ်ား, မိန်းမ မရှိ။ သဘာဝဓမ္မအားဖြင့် အကြောင်းအကျိုးတို့မျှသာဟု သဘောပေါက်ခါ ဆင်ခြင် ပွားများရမည်။

ထိုပြင်တဝ စာမျက်နှာ ၂၁၅-တွင် ဇယားဖြင့် ပြထားသော ရုပ်တကြိမ်ပျက်လျှင် နာမ်ခန္ဓာ ၁၇-ကြိမ် ပျက်ပုံတို့ကိုလည်း အာရုံပြုခါ ဆင်ခြင်ပွားများရမည်။

အမှန်စင်စစ်မှာ ထိုရုပ်တကြိမ်နှင့် နာမ် ၁၇-ကြိမ် ဖြစ်ပျက်ပုံတို့ကို ကျနစွာ နားလည်ထား၍ ထိုနာမ် ၁၇-လုံး၏ အမည်များကို အတိတ ဘဝင်မှစ၍ နောက်ဆုံးတဒါရုံအထိ ကျက်မှတ်ပြီးနောက် တပါးသူအား နာမ်ခန္ဓာ မြဲပုံကို ဟောပြောပါက၊ စိတ် (ဝါ) လိပ်ပြာ (ဝါ) အသက် (ဝါ) ဝိညာဉ် မမြဲပုံတို့ကို တရားနာသူသည် အထူးစိတ်ကျေနပ်၍ နာမ်ခန္ဓာ၏ အနိစ္စကို ပေါ်လွင်ထင်ရှားစွာ ယုံကြည်သွားပေလိမ့်မည်။

ဤသို့လျှင် ခန္ဓာ ၅-ပါး၏ အဖြစ်အပျက်ကို နေ့ပေါင်းများစွာ ညပေါင်းများစွာ ဆင်ခြင်လတ်သော် တဘက်ကိုလည်း ဤသို့ ထောက်ဆ လာတော့၏။

အဘယ်အကြောင်းကြောင့် ဤရုပ်ဓာတ် နာမ်ဓာတ်တို့သည် ဖြစ်ပေါ် နေရပါသနည်းဟု ထောက်ရှု လတ်သော် အဝိဇ္ဇာ, တဏှာ စသည်တို့ကြောင့် ဖြစ်ပေါ် လာရခြင်းကို ဉာဏ်မျက်စိတွင် ကွက်ကွက်ကွင်းကွင်း ထင်ရှား ရှင်းလင်းစွာ တွေ့မြင်လာ၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌....

အဝိဇ္ဇာ သမုဒယာ ရူပသမုဒယောတိ၊ ပစ္စယ
သမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။

အဓိပ္ပါယ်မှာ.... အဝိဇ္ဇာတရား ဖြစ်ခြင်းကြောင့် ရူပက္ခန္ဓာ တရားသည်ဖြစ်၏။ ဤသို့ အကြောင်းတရား၏ ဖြစ်ခြင်းဟူသော အနက်ကြောင့်၊ အကျိုးရူပက္ခန္ဓာ ဖြစ်ခြင်းကို မြင်၏။ ထပ်၍ တဖန် သဘောပေါက်အောင် ရေးရသော် နေ့စဉ် ကြားနေကျ

ဖြစ်သော မသိမှု အဝိဇ္ဇာကြောင့် ရုပက္ခန္ဓာ ဖြစ်ရတာဘဲဆိုသည်ကို ယောဂီသူမြတ်စိတ်၌ ထင်ရှားစွာ မြင်လာတော့၏။ ဤတွင် စာဘတ်ရုံမျှနှင့် မပြီး ဥဒယဗ္ဗယ ဉာဏ်စခန်းကို ပွားများဆင်ခြင်ဖန် များလာလျှင် ဤအတိုင်း ကိုယ်တွေ့လက်တွေ့ ပေါ်လာတော့၏။

ထိုအတူ မသိမှု အဝိဇ္ဇာကြောင့် ဤခန္ဓာ ဖြစ်ပေါ် နေရပါတကားဟု ဉာဏ်မျက်စိတွင် ယောဂီသူမြတ်သည် သိဘိသကဲ့သို့ တဏှာ၊ ကံ၊ အာဟာရတို့ကြောင့်လည်း ဤခန္ဓာ ဖြစ်ရသည်ကို ထင်ရှားစွာ ပေါ်လာတော့၏။ ထိုကြောင့် အထက်ပါ ပါဠိတော်နှင့် ဆက်ခါလာရှိသည်မှာ....

တဏှာ သမုဒယာ ရူပသမုဒယောတိ ပစ္စယ
သမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။
ဟူ၍ရှိ၏။

ကမ္မသမုဒယာ ရူပသမုဒယောတိ ပစ္စယ
သမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။
ဟူ၍ရှိ၏။

အာဟာရသမုဒယာ ရူပသမုဒယောတိ ပစ္စယ
သမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။

ဟူ၍ရှိ၏ လာရှိ၏။ အဓိပ္ပါယ်မှာ- အဝိဇ္ဇာ အတိုင်းပင်ဖြစ်၍ မခက်ပြီ။ ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကိုလည်း သိအပ်၏။

အထက်ပါ ပါဠိတော်သဘောကို အတိုချုပ်အားဖြင့် သိနိုင်ရန် တဖန် ဖော်ပြရသော်၊ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားသည် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အဟာရတို့ကြောင့် ဖြစ်ပေါ် ဖြစ်ပေါ်လာရခြင်းဖြစ်သည်ကို ယောဂီသူမြတ်သည် သိမြင် တွေ့ရှိလာတော့၏။

ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ်ကို ဆင်ခြင် ပွားများ နေရင်းပင် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ရူပက္ခန္ဓာ၏ ဖြစ်ပေါ် ဖြစ်ပေါ်နေသော သဘော လက္ခဏာ တရားကိုလည်း ယောဂီသူမြတ်သည် မြင်လာတော့၏။ ထိုကြောင့် အထက်ပါ ပါဠိတော် အဆက်၌....

နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ
ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။

ဥပါဒ်ခဏ အားဖြင့် ဖြစ်ခြင်း လက္ခဏာကို မြင်သော ပုဂ္ဂိုလ်သည်လည်း ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို မြင်ပြန်၏။

ဤသို့ ဥဒယဗ္ဗယ ဉာဏ်ကို ဆင်ခြင်ပွားများနေသော ယောဂီသူမြတ်သည် ခန္ဓာ ၅-ပါး၏ အဖြစ်အပျက်ကို ဆင်ခြင်နေစဉ်၊ တဘက်တွင် ထိုခန္ဓာ ၅-ပါး၏ ဖြစ်ခြင်း အကြောင်းရင်းများကိုလည်း တွေ့ပြန်သော် ယောဂီသူမြတ်၏ စိတ်၌ ဩော်.... ၎င်း အဝိဇ္ဇာ, တဏှာ, ကံ, စသည်တို့ မဖြစ်ပေါ်လျှင် ထိုခန္ဓာ ၅-ပါး မဖြစ်ပေါ်နိုင်ပါတကား ဆိုသည်ကိုလည်း ထင်ရှားစွာ ဉာဏ်မျက်စိတွင် တွေ့မြင်လာတော့၏။ ဤအတွေ့မျိုးမှာ စာတွေ့ မဟုတ်၊ မိမိကိုယ်တိုင် ဥဒယဗ္ဗယ ဉာဏ်စခန်းကို ဆင်ခြင်ပွားများ

နေပါမှ တွေ့ရှိရသော ကိုယ်တွေ့ဖြစ်ရကား၊ အထူး အဘိုးထိုက် တန်လှပေ၏။

နေယျ ယောဂီပုဂ္ဂိုလ်အတွက် သုတမယ နာခံဘတ်ရှုထားသည်တို့ဖြင့် တမဂ်တဖိုလ်သို့ မရောက်နိုင်၊ ထိုသုတမယဉာဏ်ကို လက်ကိုင်ထား၍ နေ့စဉ်ပွားများနေပါမှ တမဂ်တဖိုလ်ကို ရနိုင်လေသည်။ ထိုကြောင့် ကိုယ်တိုင် ပွားများလေ့ကျင့်သဖြင့် ရရှိအပ်သော ကိုယ်တွေ့သည် အထူးအဘိုးထိုက်တန်၍ အရာရောက်ရှိလေသည်။

ထိုသို့ ယောဂီသူမြတ်သည် ခန္ဓာ ၅-ပါး၏ ပေါ်ထွက်ရာ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို စာတွေ့မဟုတ်ဘဲ ကိုယ်တိုင်လက်တွေ့ ဖြစ်လာသောအခါ အဝိဇ္ဇာနှင့် တဏှာ မဖြစ်ပေါ်ရန် လုံ့လပြုတော့၏။ ထိုအခါ ယောဂီသူမြတ်သည် ဒွါရ ၆-ပေါက်မှ ဝင်ရောက်လာသော ဝေဒနာတို့ကို မခံစားရတော့ချေ။ ထိုကြောင့် စာချက်နှာ ၁၂၁-တွင် လာသော....

တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ။

ဆိုသည်ကို သဘောကျလာပြီးလျှင် ဒွါရ ၆-ပေါက်မှ လာသော ဝေဒနာ ဟူသ၍တို့အနက် မည်သည့်ဝေဒနာကိုမျှ မခံစားလိုတော့ပြီ။ မခံစားရဲတော့ပြီ။ မလွဲမရှောင်သာ၍ စားရသောက်ရမှုကပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ဆင်ခြင်၍ မှီဝဲတော့၏။ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ စသည်တို့ဖြစ်ခါ နောက်ဆုံးတွင် ပဋိသန္ဓေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရ

ခြင်း၊ ပူဆွေး ငိုကြွေးရခြင်းစသည် အဖြစ်မျိုးကို ဖြစ်စေမည့် အရသာခံမှုတို့ကို မပြုလုပ်ရဲတော့ပြီ (၀ါ) အဝိဇ္ဇာနှင့် တဏှာက အဝင်မခံရဲတော့ချေ။ ထိုအချိန်၌ ယောဂီသူမြတ်သည် သူတပါးက မိမိအား ချီးကျူးခြင်း ကဲ့ရဲ့ခြင်းများကိုလည်း ပမာဏမပြုဂရုမထားသည်သာမက မိမိကိုယ်တိုင်ကလည်း အတ္တုက္ကံသနနှင့် ပရဝမ္ဘနကို မပြောရဲတော့ပြီ။ တိရစ္ဆာနကထာတို့ကို ပြောဆိုရန်လည်း ဝေးဘိဟူ၏။ ဤသို့လျှင် ယောဂီသူမြတ်သည် သူတော်သူမြတ် အစစ်ကြီးဖြစ်ခါ နေပေတော့၏။

ယင်းသို့ ဥဒယဗ္ဗယဥာဏ်ကို ဆင်ခြင်ပွားများလျက် နေစဉ် စာမျက်နှာ ၉၃-တွင် ဖော်ပြခဲ့သော ဥပက္ကိလေသာတို့သည် ပေါ်လာတော့၏။ ထိုသောအခါ ယောဂီသူမြတ်သည် သတိကြီးစွာထား၍ ထို ဥပက္ကိလေသာကို လက်မခံ မသာယာဘဲ မိမိလုပ်ငန်းဖြစ်သော ဥဒယဗ္ဗယ ဥာဏ်စခန်းကို ဆင်ခြင်ပွားများနေရမည်။ ဤသို့လျှင် အမှောက်အမှားဖြစ်သော ဥပက္ကိလေသာကို ကျော်လွန်သွားတော့၏။

ဤ ဥဒယဗ္ဗယဥာဏ်လုပ်ငန်းကို ရှင်တော်ဘုရားသည် အလိုတော် အရှိဆုံး ဖြစ်တော်မူလေသည်။ ထိုကြောင့် ပရိနိဗ္ဗာန်ပြုခါနီး ဆဲဆဲတွင် နောက်ဆုံးစကားဖြင့် အရေးတကြီးမှာကြားသွားတော်မူသည်မှာ—

ဝယဓမ္မာ သင်္ခါရာ

အပ္ပမာဒေန သမ္ပာဒေထ။

(ပါဠိတော်အနက်ကို စာမျက်နှာ ၂၇၆-တွင် ကြည့်ပါ။)

လိုရင်းအဓိပ္ပါယ်သော်ကား ချစ်သားတို့.... ကမ္ဘာလောက ကြီး၌ ဖြစ်သမျှ သင်္ခါရတရားတို့မှာ ပျက်ရသည်ကို မမေ့သော သတိဖြင့် အဖြစ်အပျက် ဥဒယဗ္ဗယဉာဏ်စခန်းကို ထမ်းဆောင်ခါ သွားများ နေရစ်ကြကုန်လော့ဟု နောက်ဆုံးစကား မှာကြား သွားတော်မူခြင်းဖြစ်၏။

ထိုကြောင့် ယောဂီသူမြတ်သည် ဘုရားရှင်၏ နောက်ဆုံး အရေးတကြီး လုပ်ကိုင်ဆောင်ရွက်ရန် မှာကြားသွားတော်မူအပ် သော ဤဝယဓမ္မာ သင်္ခါရာ ဥဒယဗ္ဗယ ဉာဏ်စခန်းကို ကွက်ကျို ကွက်ကြား မရှိမူ၍ ဆက်ခါဆက်ခါ ဆင်ခြင်ပွားများအားထုတ် ကျိုးစားခါ နေတော်မူကြပါကုန်။ ဤသို့ ဘုရားရှင် အလိုရှိအပ် သော တရားတော်ကို အားထုတ်ကျိုးစားခါ နေခြင်းသည် ဘုရားရှင်အား ကျေးဇူးဆပ်သည်မည်၏။ ထိုကြောင့် ၅၀-တွင်-

ယောခေါ ဝဂ္ဂလိ
ဓမ္မံ ပဿတိ၊ သောမံ ပဿတိ။

ဟူ၍ ဖော်ပြခဲ့ပြီ။ ဤကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်အထိ ယထာဘူတ နည်းမှန် လမ်းမှန်အတိုင်း ကျိုးစား ရောက်ရှိလာသော ယောဂီ သူမြတ်သည် အဘယ်အခြေအနေသို့ ဆိုက်ရောက်နေပါသနည်း ဆိုမူ စာမျက်နှာ ၁၅၆-တွင် ဖော်ပြခဲ့သော သိကြားမင်းသည် သိကြားသစ်ဘဝကိုပင် ရရှိသော အခြေအနေ အဆင့်အတန်း ကဲ့သို့ပင် လူပင်ဖြစ်လင့်ကစား ယခင်လူ မဟုတ်တော့ပြီ။ ဘုရား ရှင်၏ သာသနာတော်တွင် ကိုးကွယ်ဆောက်တည် အားထားရာ

ရရှိပြီး ပုဂ္ဂိုလ်ဖြစ်ခဲ့ချေပြီ။ ရှေးအဘို တက်ရန်လည်း မခဲယဉ်းတော့ပြီ။ သို့ရာတွင် ဆက်လက်အားထုတ်ရန်ကား လက်မလွှတ်လိုက်ရချေ။ ဝိပဿနာ လုပ်ငန်းကို အဘယ်မျှ ကျိုးစားအပ်သနည်း ဟူသည်ကို သက်သေသာဓကတခု ပြုဦးအံ့။

—‡—

## သုံးသောင်းသော ရဟန္တာတို့၏ ဆရာဖြစ်သော မဟာသီဝမထေရ်မြတ်

သုတ်မဟာဝါ အဋ္ဌကထာ သက္ကပဉ္စသုတ်၌ လာသည်မှာ ကမ္မဋ္ဌာန်းတရားကို ၃-လသော်ငင်း၊ ၆-လသော်ငင်း၊ ၉-လသော်ငင်း ဆက်ခါဆက်ခါ မိမိလိုရာ မဂ်ဖိုလ်တို့ကို မရမခြင်း ကျိုးစား အားထုတ်ရမည်။ ထိုမျှနှင့်မရသေးလျှင် ငါသည် ဤဘဝ၌ မရတော့ပါဘူးဆိုခါ ငိုရသည်အထိ ကျိုးစားရမည်။ ဤကျိုးစားမှုမျိုးနှင့် သေသော် စာမျက်နှာ ၂၇၄-တွင် ဖော်ပြခဲ့သည့်အတိုင်း နတ်ပြည်သို့ရောက်၍ နတ်ပြည်တွင် တမဂ်တဖိုလ်ကို ရရှိမည်မှာ သေချာလျက်ရှိ၏။

ဝိပဿနာလုပ်ငန်းကို အဘယ်မျှ ငိုရလောက်အောင် အားထုတ်သင့်ပါသနည်းဟူမူ အထက်ပါ အဋ္ဌကထာ၌ လာရှိသည်မှာ တနေ့သောအခါ ရဟန္တာတပါးသည် ဤသို့ စိတ်ပေါ်ပေါက်လာ၏။ ငါသည် အဘယ်ကြောင့် ရဟန်းတရားကို ပြီးစီးခဲ့ပါသနည်းဟု ဆင်ခြင်လတ်သော် ၁၈-ပါး ကုန်သော ဂိုဏ်းကြီး

တို့၏ အကြီးအမှူးဖြစ်သော မဟာသီဝမထေရ်မြတ်၏ အဆုံးအမ ဖြင့် ရဟန္တာဖြစ်ခဲ့ရသည်ကို သိရှိရ၏။

ထိုအခါ ငါ၏ဆရာရှင်သည် ရဟန်းကိစ္စကို ငါကဲ့သို့ပင် ပြီးအပ်ပြီလောဟု ဆင်ခြင်လတ်သော ရဟန္တာ မဖြစ်သေး၊ ပုထုဇဉ်အဖြစ်၌ပင် ရှိသေးသည်ကိုမြင်၍ ကျေးဇူးဆပ်သော အနေဖြင့် သွားရောက်သတိပေးအံ့ဟု အရှင်မဟာသီဝမထေရ် မြတ်ထံ ရောက်ရှိလာ၏။

မဟာသီဝ မထေရ်မြတ်ထံသို့ ရောက်ရှိသောအခါ အရှင်ဘုရား တပည့်တော်အား စာသင်ပေးခြင်းကို ပြုတော်မူပါဟု လျှောက် ၏။ ထိုအခါ အရှင်ဆရာမြတ်က ငါ့ရှင် စာသင်ရန် အချိန်အား မရှိတော့ပြီ။ အချိန်တိုင်း၌ ရဟန်းများကို အလှည့်ကျ သင်ကြား ပို့ချနေရပြီဟု ဆို၏။

ထိုအခါ တပည့်ရဟန္တာက အရှင်ဘုရား နံနက် မျက်နှာသစ် ချိန်တွင် ခွင့်ပြုပါဘုရား။ ငါ့ရှင် ဤအချိန်၌ မည်သည့် မည်သည့် ရဟန်းတို့အတွက် ဖြစ်နေခဲ့ချေပြီ။ ထိုသို့ဖြစ်မူ နံနက် ယာဂု သောက်ချိန်၊ နံနက် ဆွမ်းခံမသွားမီအချိန်၊ ဆွမ်းခံ သွားမည့် ဆဲဆဲ သက်န်းလဲချိန်၊ ဆွမ်းခံချိန်၊ ဆွမ်းခံအပြန်၊ ဆွမ်းမစားမီ၊ ဆွမ်းစားပြီး စသည်ဖြင့် တောင်းဆိုရာ နောက်ဆုံးတွင် အားလပ် ချိန် တခုမျှပင် မရှိတော့သည်အထိ ဖြစ်၍နေပေတော့၏။ ထိုအခါ ရဟန္တာအရှင်မြတ်က ထိုသို့ဖြစ်မူ အရှင်ဘုရား၌ ရဟန်းတရား အားထုတ်ချိန်ပင်မရှိ ဖြစ်နေပါပကောဘုရား။ အရှင်ဘုရားသည် သူတပါး အားကိုးရာသာ ဖြစ်၍ မိမိ အတွက် အားကိုးဘွယ်ရာကား မဖြစ်ပါဘုရား။ အကယ်၍များ သေမင်းက

လာရောက်ခေါ်လျှင်ပင် ငါမသေအားသေးဘူး၊ စာချရဦးမည် ဟု ဆိုဘွယ်ရာသာ ဖြစ်ပါတော့သည်ဘုရား။ ထိုကြောင့် တပည့်တော်လည်း စာမသင်ကြားတော့ပါ ဘုရားဟု ရိုသေစွာ လျှောက်ထားပြီးလျှင် ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားလေ၏။

ထိုသောအခါ မဟာသီဝမထေရ်မြတ်သည် ဤသို့စိတ်တွင် ထင်ပေါ်လာ၏။ အမှန်မှာ ထိုရဟန်း တကယ်စာသင်လို၍ မဟုတ်ဘဲ ငါ့အား ရဟန်းကိစ္စပြီးအောင် လာရောက်သတိပေးခြင်းပင် ဖြစ်၏ဟု ယူဆပြီးလျှင် ငါ၏တပည့်များပင် သောတာပန်, သကဒါဂါမိ်, အနာဂါမိ်, ရဟန္တာ စသည်ဖြင့် မြောက်များစွာ ဖြစ်နေပါလျှင် ငါကျင့်ရသော် အဘယ်မရဘဲ ရှိအံ့နည်း၊ အဘယ်လျှင် ကြာဘွယ်ရှိအံ့နည်းဆိုခါ နံနက်မိုးသောက် လတ်သော် ရဟန်းတရားအားထုတ်ရန် တောသို့ထွက်သွားလေ၏။ ထွက်သွားမှင်းကား ၂-ရက်၊ ၃-ရက်ကြာလျှင် ဝါဆိုမှီ ပြန်ရောက်လာမှာဘဲဟူသော သဘောဖြင့် ထွက်သွားရာ ဝါဆိုလပြည့်တွင်လည်း ကိစ္စမပြီး။ သီတင်းကျွတ်ပြန်လျှင်လည်း ကိစ္စမပြီး။ ဤသို့လျှင် ရှေ့ရက်တွင် ဖြစ်နိုးနိုး၊ ရှေ့လတွင် ဖြစ်နိုးနိုးနှင့် နေ့ရှိသမျှ အားထုတ်ရာ ၂၉-နှစ်သို့တိုင် ရောက်လာလေ၏။ ဤသို့လျှင် ဝါကျွတ်တိုင်း ဝါကျွတ်တိုင်း ရဟန်းကိစ္စမပြီးနိုင်၍ တွေးတောခါ မျက်ရည်ကျတော်မူရှာ ခဲ့သည်မှာ ၂၉-ကြိမ်တိုင်ပင် ဖြစ်ခဲ့၏။ သို့ရာတွင် အရှင်သူမြတ်ကား လက်မလျှော့ဘဲ ဆက်လက် ကျိုးစားတော် မူပြန်၏။

ဤကဲ့သို့လျှင် မလျှော့သော လုံ့လဖြင့် ဆက်လက်အားထုတ် ပြန်ရာ အကြိမ် ၃၀-မြောက် ဝါကျွတ်ပွဲသည် ဖြစ်ခဲ့၏။

အရှင်သူမြတ်ကား ရဟန်းကိစ္စ မပြီးစီးသေးချေ။ ထိုအခါတွင် မဟာသိဝမထေရ်မြတ်သည် ငါသည် ဤကိုယ်ဖြင့် မဂ်ဖိုလ်ကို မရနိုင်တော့ပြီတကားဟု မျက်ရည်ထွေထွေ စီးကျ ရှာပြန်၏။

ထိုသောအခါ အနီးမှ ငိုသံတခုကိုကြား၍ ဤတွင် ငိုနေသူကား အဘယ်သူနည်း။ အဘယ်ကြောင့် ငိုကြွေးနေရသနည်းဟု မေးလတ်သော်၊ တပည့်တော်မကား နတ်သမီး ဖြစ်ပါသည် ဘုရား၊ ငိုရခြင်းအကြောင်းမှာ မဂ်ဖိုလ်အလို့ငှာ ကျိုးစားနေပါသော်လည်း မရရှိခြင်းကြောင့် အရှင်ဘုရားကဲ့သို့ ငိုကြွေးပါက မဂ်ဖိုလ်ကိစ္စ ပြီးနိုင်မည်ထင်ပါ၍ အတုယူခါ ငိုကြွေးရပါသည် ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ မဟာသိဝမထေရ်မြတ်သည် မိမိကိုယ်ကို မိမိဆိုတော်မူသည်မှာ အို-မဟာသိဝ သင်အား နတ်တို့ပင်လျှင် ပြောင်လှောင်ပျက်ရယ် ပြုကြကုန်ပါပကောဟု ဆိုဆုံးမခါ ဆက်လက် ထပ်မံ ကျိုးစားပြန်ရာ မကြာမီ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရှိခါ ရဟန်းကိစ္စကို အဆုံးတိုင်ပြီးမြောက်သွားလေ၏။ ထိုသောအခါ နတ်ပြည်မှ သိကြားမင်းသည် ကိုယ်တိုင် နတ်သမီးတို့နှင့်တကွလာရောက်ခါ အရှင်မဟာသိဝမထေရ်မြတ်၏ ခြေတို့ကို ဆေးကြောသန့်ရှင်း ပေးလေသတည်း။ ဤသို့လျှင် တရားတော်မြတ်ကို ယုံကြည်အားကိုးခါ ကျိုးစားအားထုတ်ရာ၏။ ထိုမှတဖန် ယောဂီသူမြတ်၏ ကျိုးစားမှုတွင် အားတက်စေရန် ရည်ရွယ်၍ ဘုရားရှင်သည် ဘုရားဖြစ်မည့်ဆဲဆဲ အသက်နှင့်လဲ၍ ကျိုးစားတော်မူပုံကို အတုယူနိုင်ရန် ဖော်ပြဦးအံ့။

## အလောင်းတော်အား
## မာရ်နတ် သွေးဆောင်ခြင်း

အလောင်းတော်သည် သက်တော် ၂၉-နှစ်တွင် ထီးနန်းစည်းစိမ်နှင့်တကွ စွန့်ခြင်းကြီး ၅-ပါးကို စွန့်လျက် တောထွက်တော်မူပြီးလျှင် ပဌမ အာဠာရ ရသေ့နှင့်အတူ အားထုတ်၏။ ထိုနောက် ဥဒ္ဒကရသေ့နှင့်အတူ အားထုတ်၏။ ထိုနောက် ပဉ္စဝဂ္ဂီ ၅-ဦးတို့နှင့်အတူ အားထုတ်ပြီးလျှင် နောက်ဆုံး၌ မဆုတ်မနစ်သော လုံ့လဖြင့် ကျိုးစားပြန်ရာ ဘုရားရှင် ဖြစ်မည့်ဆဲဆဲတွင် အဘယ်မျှကျင့်တော် မူခဲ့သနည်းဟူမူ၊ မိမိရည်ရွယ်ချက်အောင်မြင်ရန် အစာရေစာ စားသောက်ခြင်းသည် တရားအားထုတ်မှုတွင် အရှိန်ပျက်သည်၊ အချိန်ကုန်သည် ဆိုခါ ဆွမ်းတလုပ်၊ သစ်သီးတလုံးဖြင့်သာ မှီဝဲ၍ ကျန်အချိန် ဟူသရွေ့တို့တွင် တရားကိုသာ အားထုတ်နေရာ မကြာမီ လက္ခဏာတော် ကြီးငယ်တို့ ကွယ်ပျောက်ပြီးလျှင် နောက်ဆုံး၌ အားပြတ်၍ စင်္ကြံဦးတွင် လဲရှာတော် မူခဲ့လေ၏။ ထိုမျှ ဘုရားရှင်သည် မိမိရည်ရွယ်ချက်သို့ ရောက်ရှိအောင် အသက်နှင့်လဲခါ ကျိုးစားတော် မူခဲ့လေပြီ။ ထိုအခါ မာရ်နတ်သည် အချက်ကောင်းရခါ ရုတ်တရက် ဘုရားအလောင်းထံ လာရောက် သွေးဆောင်သည်မှာ....

သဟဿဘာဂေါ မရဏဿ၊ ဧကော် သော တံ ဇီဝိတံ။
ဇီဝတော ဇီဝိတံသေယျော၊ ဇီဝံပုညာနိ ကာဟသိ။

(မာရ်နတ် အဆို)

(သုတ္တနိပါတ်-ပဓာနသုတ်)

လိုရင်းအဓိပ္ပါယ်မှာ- အသင်မင်းသား၊ သေခြင်းအကြောင်းတရားတို့သည် ရာထောင်မက များပြားလှ၏။ ထိုမျှ များပြားသော သေခြင်းတို့တွင် အသင်မင်းသား သေဘို့ရန် ဘေးကြီးတခုသည် ရောက်ရှိနေလေပြီ။ အသင် မင်းသားအတွက် အသက်ရှည်ရေးသည် မြတ်လှပေ၏။ အသက်ရှည်သဖြင့် ကုသိုလ်ကောင်းမှုအစုစုကို ပြုနိုင်ပေလတံ့။ ထိုသောအခါ အလောင်းတော်က ပြန်လည် မိန့်ကြားတော်မူသည်မှာ....

အဏုမတ္တောပိ ပုညေန၊ အတ္တော မယှံနဝိဇ္ဇတိ။
ယေသဥ္စ အတ္တော ပုညေန၊ တေမာရော ဝတ္တုမရဟတိ။

အဓိပ္ပါယ်လိုရင်းမှာ- အသင်မာရ်နတ် ငါ့အား အဏုမြူခန့်မျှသော ကုသိုလ်ကိုလည်း အလိုမရှိချေ။ အကြင်ပညာ သေးငယ်လူမမယ်အတွက်သာ၊ ကုသိုလ်ကောင်းမှုကို အလိုရှိကြ ပေ၏။ ထိုသို့ ဉာဏ်ပညာနုလှသော သူတို့အတွက်သာ ကုသိုလ်ကောင်းမှု ဟုဆိုကာ ပြောသင့်ပေ၏။ ထိုမှ တဖန် အလောင်းတော်က....

အတ္ထိ သဒ္ဓါ တပေါ ဝီရိယံ၊ ပညာစ မမ ဝိဇ္ဇတိ။
ဧဝံ မံ ပဟိတတ္တံပိ၊ ကိ ဇီဝ မနုပုစ္ဆထ။

အဓိပ္ပါယ်လိုရင်းသော်ကား- ဟယ်...မာရ်နတ်ယုတ်။ ငါ၌ အသက်ကိုစွန့်ရန် သဒ္ဓါတရားသည် ရှိ၏။ သဲသဲမဲမဲ ဇွဲကောင်းကောင်း ဖြင့် ကျိုးစားသော ဝီရိယသည်ရှိ၏။ အဝိဇ္ဇာ မှောင်ကို ဖြိုခွင်းနိုင်သော ပညာသည်ရှိ၏။ ဤသို့ လက်နက်စုံ ဇွဲကောင်းစွာနှင့် ကျိုးစားလျက်နေသော ငါ့အား အဘယ် အသက်ရှည်

ကြောင်းကို ဘမ်းပြခါ ဆိုလာပါသနည်း။ ဤသို့လျှင် မာရ်နတ်အား ဘုရားလောင်းသည် ကြိမ်းမောင်း နှင်ထုတ်ခါ ဆက်လက်ကျိုးစားပြန်ရာ မကြာမြင့်မီ လိုအင်ဆန္ဒ ပြည့်စုံခြင်းသို့ ရောက်ခါ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူလေ၏။ ဤသို့လျှင် တမဂ်တဖိုလ်ကို အလိုရှိသော ယောဂီသူမြတ်သည် မိမိဝိပဿနာ လုပ်ငန်းကို ဆက်လက်ကျိုးစား ပွားများတော်မူအပ်လေသည်။ ဤကား ယောဂီသူမြတ်သည် ဘုရားရှင်၏ ကျိုးစားပုံကို အားကျခါ ထပ်မံဆက်လက် ကျိုးစားရန် သက်သက်သော စေတနာဖြစ်၏။ ဤမှတဖန် ရဟန္တာခေတ် မကုန်သေးကြောင်း ယောဂီသူမြတ်အား အားတက်ဘွယ် အနည်းငယ် ဆက်ဦးအံ့။

—‡—

## ရဟန္တာ မဆိတ်ကြောင်း
## ဘုရားရှင် အမိန့် ရှိတော်မူပုံ

ဘုရားရှင်သည် သုဘဒ်ရဟန်းက မေးလျှောက်သဖြင့် မိန့်ဟတော်မူသည်မှာ ချစ်သား- ငါ၏ သာသနာ တော်၌သာ မဂ္ဂင်ရှစ်ပါးနှင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဟူ၍ရှိ၏။ ငါ၏ သာသနာတော် အဘယ်အချိန် ကာလအထိ တည်ရှိအံ့နည်းဆိုသော်၊ မဂ်ပုဂ္ဂိုလ် ၄-ပါး၊ ဖိုလ်ပုဂ္ဂိုလ် ၄-ပါး၊ မဂ်ကိုရခြင်းငှာ ကျိုးစားအားထုတ်နေဆဲ ပုဂ္ဂိုလ် ၄-ပါး၊ ဤ ၁၂-ပါးသော ပုဂ္ဂိုလ်တို့သည်။ သုဘဒ္ဒ၊ ချစ်သား သုဘဒ်။ ဣမေဘိက္ခူ၊ ဤတကျိပ် နှစ်ယောက်ကုန်သော ရဟန်းတို့သည်။ သမ္မာ၊ မဖေါက်မပြန် ကောင်းမွန် မှန်ကန်စွာ။ ဝိဟရေယျုံ၊

ဓုတင်လေ့လာ သမထ, ဝိပဿနာကို အဖန်ဖန် အားထုတ်ကုန်ငြားအံ့။လောကော၊ လောကကြီးသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သည်။ အဿဟောတိ၊ ဖြစ်ရာ၏။ ဟူ၍ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်တွင် လာ၏။ ထို့ကြောင့် ယခုအခါ တာမင်တဖိုလ်ကို အလိုရှိ၍ ကျင့်ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် စိတ်အား ထက်သန်စွာဖြင့် မဟာသိဝ မထေရ်ကြီး ကဲ့သို့ရင်း၊ သမဏ နတ်သားကဲ့သို့ရင်း၊ မလျော့သောလုံ့လဖြင့် ကျိုးစားတော် မူကြပါလေ။

—‡—

## ဘင်္ဂဉာဏ်

ဝိပဿနာ ယောဂီ သူမြတ်သည် ဥဒယဗ္ဗယဉာဏ်ကို နေ့စဉ်ညတိုင်း ထပ်ခါထပ်ခါပွားများဆင်ခြင်ရသဖြင့် ရင့်သန်လာသော အခါ ဘင်္ဂဉာဏ်အတွက် ဆင်ခြင်ပွားများ ရန်ကား....

ရူပါရမ္မဏံတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ။
တံ အာရမ္မဏံ ပဋိသင်္ခါ တဿစိတ္တဿ ဘင်္ဂံ
အနုပဿတိ (ပဋိသမ္ဘိဒါမင်္ဂ)။

အဓိပ္ပါယ်မှာ- အာရုံဖြစ်သော ရုပ်တရား၏ ပျက်ခြင်းကိုရင်း၊ အာရုံပြုတတ်သော ဝိပဿနာ စိတ်ကိုရင်း၊ ဘင်ခဏအားဖြင့် ပျက်ခြင်းကို ရှုသောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

အထက်ပါဋ္ဌိတော်နှင့် ဆက်စပ်လျက် လာရှိသော ပါဋ္ဌိတော်တို့၏ အာဘော်လိုရင်းကို ဖေါ်ပြရသော် ရုပ်သည် ဖြစ်ပြီးလျှင်

ပျက်၏ဟု ဆင်ခြင်၏။ ထိုအတူ ရုပ်သည်ဖြစ်ပြီးလျှင် ပျက်ဘိသကဲ့သို့ ထိုရုပ်၏ အဖြစ်အပျက်ကို ဆင်ခြင်သော စိတ်သည်လည်း ဖြစ်ပြီးပျက်ပြန်၏။ ဤကဲ့သို့ ရုပ်သည်ဖြစ်၍ ပျက်၏။ ထိုရုပ်၏ ဖြစ်ပြီးလျှင် ပျက်ခြင်းကို ဆင်ခြင်သော စိတ်သည်လည်း ဖြစ်ပြီးလျှင် ပျက်ပြန်၏ဟု ထပ်ခါထပ်ခါ ဆင်ခြင်ပွားများနေ၏။

ထိုသို့ ဆင်ခြင်ဖန်များသတ်သော် ရုပ်၏တပျက်ထည်းပျက်နေသည်ကိုသာ မြင်နေတော့၏။ ထိုအတူ ရုပ်၏ အပျက်ကိုသာ မြင်သော စိတ်သည်လည်း တပျက်ထည်း ပျက်နေသည်ကိုသာလျှင် မြင်၍နေတော့၏။ ယင်းသို့ ဆင်ခြင်ဖန်များလတ်ပြန်သော် ရုပ်နာမ်တို့သည် တပျက်ထည်းပျက်နေခြင်းကြောင့် ဒုက္ခအတိသာ ဖြစ်၏။ အနတ္တအစစ်သာ ဖြစ်၏ဟု ထင်ရှားလာတော့၏။

ထိုကြောင့် ခန္ဓာ ၅-ပါးပေါ်တွင် မြဲ၏ဆိုသော အနိစ္စသညာကို စွန့်တော့၏။ သုခသညာကို စွန့်တော့၏။ အတ္တသညာကို စွန့်တော့၏။ ထိုအခါ ခန္ဓာ ၅-ပါးကို နှစ်သက်ခြင်းကင်း၍ စက်ဆုတ်လာပေတော့၏။

## ဘယဥာဏ်

တယ အတီတာ သင်္ခါရာ နိရုဒ္ဓါ ပစ္စုပ္ပန္နာ
နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနသင်္ခါရာပိ

မဟာဋီကာ–၂၀။

ဝေမေဝ နိရုဇ္ဈိဿန္တီ ိတိ ပဿတော
တေသံ ဌာနေ ဘယတုပဋ္ဌာန ဉာဏံနာမ ဉပ္ပဇ္ဇတိ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ခန္ဓာ ၅-ပါး၏ အပျက်ကိုမြင်၍နေသော ဝိပဿနာယောဂီ သူမြတ်သည် အပျက်ဘင်္ဂဉာဏ်ကို အဖန်ဖန် ဆင်ခြင်ပွားများခြင်း ကြောင့် ဝိပဿနာဉာဏ် ရင့်သန်လာပြန်ရကား၊ ပညာဉာဏ် မျက်စိတွင် အထက်ပါ အဋ္ဌကထာရှင် မိန့်ဆိုတော်မူသည့် အတိုင်း ထင်မြင်လာတော့၏။

အနက်မှာ-တဿ၊ ခန္ဓာတို့၏ အပျက်ကိုသာ မြင်နေသော ဉာဏ်ရင့်သန်လာသော ထို ယောဂီ သူမြတ်အား။ အတီတာ သင်္ခါရာ၊ လွန်ခဲ့သော အတိတ်သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ် ပျောက် ပျက်စီးခဲ့လေပြီ။ ပစ္စုပ္ပန္နာ၊ လက်ရှိပစ္စုပ္ပန် သင်္ခါရတို့ သည်။ နိရုဇ္ဈန္တိ ချုပ်ပျောက် ပျက်ဆဲပင်။ အနာဂတော၊ လာ လတံ့သော အနာဂတ်ကာသဉ္ဈ၊ နိဗ္ဗတ္တနသင်္ခါရာပိ၊ ဖြစ်လတံ့ သော သင်္ခါရတရားတို့သည်လည်း။ ဝေမေဝ၊ ဤနည်းအတူပင်။ နိရုဇ္ဈိဿန္တိ ချုပ်ပျောက် ပျက်စီးရကုန်လတံ့။ ဣတိ၊ ဤသို့။ ပဿတော၊ မြင်လတ်ပြန်သော်။ တေသံ ဌာနေ၊ ဤသည့် အခြင်း အရာသည်။ ဘယတုပဋ္ဌာနဉာဏံနာမ၊ ကြောက်စရာကြီးပါ တကားဟု ထင်မြင်လာသော ဉာဏ်သည်။ (ဝါ)ဘယဉာဏ်သည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာတော့၏။

အဓိပ္ပါယ်လိုရင်းမှာ-ဘင်္ဂဉာဏ်ကို ကြိမ်ဖန်များစွာ ကျီးစား ပွားများနေသော ယောဂီသူမြတ်၏ စိတ်တွင် တဆင့်တက်ခါ

အမြင်ပေါက်လာသည်မှာ လွန်ခဲ့သည့် ရုပ်ခေတ် နာမ်ခေတ်တို့သည် ချုပ်ပျောက်ခဲ့ရလေပြီ။ ယခုလက်ရှိ ရုပ်နာမ်ခန္ဓာတို့မှာလည်း ချုပ်ပျောက် ပျက်စီးလျက်ပင် ရှိနေ၏။ နောင်လာလတံ့သော အချိန်များတွင် ဖြစ်ရဦးမည်ဖြစ်သော ရုပ်နာမ်တို့မှာလည်း ဤကဲ့သို့ပင် ချုပ်ပျောက် ပျက်စီးရဦးမှာပါ တကားဟု ယောဂီသူမြတ်စိတ်တွင် အမြင်သစ်တခု တိုးတက်ဖြစ်ပေါ် လာတော့၏။

ယင်းသို့ အတိတ်အပျက်၊ ပစ္စုပ္ပန်အပျက်၊ အနာဂတ်အပျက်၊ အပျက်သုံးပါးကို ကိုယ်တိုင် ပညာဉာဏ်မျက်စိတွင် တွေ့မြင်လာသောအခါ ယောဂီသူမြတ်သည် ခန္ဓာကိုယ်ကြီး ဖြစ်ရဦးမည်ကို ကြောက်ရွံ့စက်ဆုတ်လာတော့၏။ ခန္ဓာ ၅-ပါး၌ တွေ့ကြုံရမည့် ဘေးဆိုးကြီးကို ကြောက်ရွံ့လာတော့၏။

အဘယ်သို့နည်းဟူမူ သား ၃-ယောက်ရှိသော မိခင်သည် မိမိရှေ့တွင် မိမိ၏သားကြီးအား ဓားလှံလက်နက် အမျိုးမျိုးတို့ဖြင့် မိမိရှေ့တွင် ညှဉ်းဆဲသတ်ဖြတ်လိုက်သည်ကို မြင်သဖြင့် အလွန်ကြောက်ရွံ့ခြင်းသည် ဖြစ်၏။ ထိုအတူ သားလတ်ကိုလည်း သတ်ဆဲဖြစ်နေ၍ တုန်လှုပ်ကြောက်ရွံ့လျက် ရှိနေစဉ် သားထွေးကိုလည်း ရှေ့အတို့တွင် ညှဉ်းဆဲသတ်ဖြတ် ဦးမည်အဘွက် ကြောက်ရွံ့ဘိသကဲ့သို့ ယောဂီသူမြတ် စိတ်တွင် လွန်ခဲ့သည့် အတိတ် အပျက် လက်ရှိပစ္စုပ္ပန် အပျက်၊ လာလတံ့သော အနာဂတ် အပျက်များကို ပညာမျက်စိတွင် ကိုယ်တိုင်တွေ့မြင်

တို့ကို ကြောက်သော ကြောက်ရွံ့ခြင်းမျိုးမဟုတ်၊ ယောဂီသူမြတ်၏ ဉာဏ်မျက်စိတွင် ခန္ဓာကိုယ်၏ ဒုက္ခကို ငြီးငွေ့ကြောက်ရွံ့ခြင်းသာ ဖြစ်၏။

## အာဒီနဝဉာဏ်

သားကြီး, သားလတ်, သားငယ်, သား ၃-ယောက်ကို အသတ်ခံရသဖြင့် ထိုဘေးကို ကြောက်ရွံ့ခြင်းဉာဏ် ရင့်သန်လာသောအခါ ယောဂီသူမြတ်သည် အာဒီနဝဉာဏ် ဖြစ်ပေါ်လာတော့၏။ အာဒီနဝဉာဏ်ကား အဘယ်နည်းဟူမူ။

ဥပ္ပါဒေါ ဘယန္တိ၊ ဘယတုပဋ္ဌာနေ၊
ပညာ အာဒီနဝေ ဉာဏံ (ပဋိသမ္ဘိဒါမဂ်)

ဥပ္ပါဒေါ၊ ရှေးပြုလုပ်ခဲ့သော ကံတွေကြောင့် ယခုဖြစ်နေရခြင်းသည်။ ဘယန္တိ၊ ကြောက်စရာကောင်းလှကုန်၏ဟု။ ဘယတုပဋ္ဌာနေပညာ၊ ကြောက်ဘွယ်ဘေးကို ထင်မြင်သိရှိလာခြင်းသည်၊ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

အာဒီနဝဉာဏ်ခဏ်းတွင် အလုပ်ကိစ္စ ၂-ရပ်ဖြစ်ပေါ်လာ၏။ တရပ်မှာ ဘေးကို ကြောက်ရွံ့ခြင်းဖြစ်၍ ကျန်တရပ်မှာ ထိုဘေးကို လွတ်လို၍ ချမ်းမည့်တဘက်ကို ထောက်ဆ ရှုမျှော်ခြင်းဖြစ်၏။ ထိုရှုမျှော်သောဉာဏ်ကို သန္တိပဒဉာဏ်ဟု ခေါ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်တွင် တဘက်ပါအတိုင်း ဖေါ်ပြထား၏။

ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ၊
သန္တိပဒေ ဉာဏံ၊ ပဝတ္တံ ဒုက္ခံ၊
အပဝတ္တံ သုခန္တိ၊ သန္တိပဒေဉာဏံ။

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းရှိသော သင်္ခတတရားသည်။ ဒုက္ခံ၊ ဒုက္ခဆင်းရဲ အပေါင်းတို့သည် မပြတ်မလတ် နှိပ်စက်အပ်သော ကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ မဖြစ်ပေါ်ခြင်း လက္ခဏာသာ လျှင်ရှိသော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သည်။ သုခံ၊ ဒုက္ခ အပေါင်းတို့ မနှိပ်စက်အပ်သောကြောင့် ချမ်းသာလှပေ၏။ ဣတိ၊ ဤသို့။ ဝိဇာနနံ၊ သိသောဉာဏ်သည် သန္တိပဒေ၊ အလုံးစုံ သော သင်္ခါရတရားတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ပဝတ္တံ၊ ဘုံ ၃-ပါး၌ ဖြစ်ပေါ်ခြင်းရှိသော တရားသည်။ ဒုက္ခံ၊ ဆင်းရဲအပေါင်းတို့ မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲ၏။ အပဝတ္တံ၊ မဖြစ်ပေါ်ခြင်း လက္ခဏာသာလျှင်ရှိသော အသင်္ခတ ဓာတ်မြတ်သော နိဗ္ဗာန်သည်။ သုခံ၊ ဒုက္ခအပေါင်းတို့မှ မနှိပ်စက် အပ်သောကြောင့် ချမ်းသာလှပေ၏။ ဣတိ၊ ဤသို့။ ဝိဇာနနံ၊ သိသောဉာဏ်သည်။ သန္တိပဒေ၊ အလုံးစုံသော သင်္ခါရတရားတို့၏ ငြိမ်းရာငြိမ်းကြောင်း ဖြစ်သော နိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ် သည်။ ဟောတိ၊ ဖြစ်၏။

ထိုသို့ ခန္ဓာ ၅-ပါး ဖြစ်ပေါ်မှုအတွက် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးအားဖြင့် ဒုက္ခအမျိုးမျိုးကို ခံနေရခြင်း ကြောင့် ဒုက္ခအပေါင်း လွတ်ငြိမ်းရာ နိဗ္ဗာန်ကို ထောက်ဆရှုမျှော်

သောဉာဏ်သည် အာဒီနဝ ဉာဏ်ပင်တည်း။ နိဗ္ဗာန်သို့ ထောက်ဆရှုမျှော်သော ဉာဏ်သည် လာလတံ့သော သင်္ခါရပေက္ခာဉာဏ်ခဏ်းတွင် ပို၍ထင်ရှားစေအံ့။

—‡—

## နိဗ္ဗိဒါဉာဏ်

အမှန်အားဖြင့်ဆိုသော်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ ဤဉာဏ် ၃-ပါးမှာ အခေါ်သာကွဲ၍ သဘောသဘာဝမှာ အနုအရင့်မျှသာ ကွာခြားလေသည်။ ထိုကြောင့် ယောဂီသူမြတ်အတွက် လုပ်ငန်းမှာ ဘယဉာဏ်စခန်းကိုပင် ကြိမ်ဖန်များစွာ အာသေဝနပစ္စည်း ရင့်သည်ထက်ရင့်အောင် ဆင်ခြင်ပွားများရာ၏။ ယင်းသို့ ပွားများဆင်ခြင်ပြီးသော် ဤသို့လည်း ဆင်ခြင်ပွားများရမည်။

ဥပ္ပါဒံနိဗ္ဗိန္ဒံ။ ။ပဋိသန္ဓေအခါ အစမှာ ခန္ဓာ နာမ်ရုပ်တို့၏ ဖြစ်ပေါ်လာခြင်းသည် စက်ဆုတ်ဘွယ်ဖြစ်၏ဟု ဆင်ခြင်ရမည်။

ပဝတ္တံနိဗ္ဗိန္ဒံ။ ။ပဝတ္တိအခါ အစဉ်မပြတ် ခန္ဓာနာမ်ရုပ်တို့၏ ဖြစ်ပေါ်လာခြင်းသည် စက်ဆုတ်ဘွယ် ရှိ၏ဟု ဆင်ခြင်ရမည်။

နိမိတ္တံနိဗ္ဗိန္ဒံ ။ ။သင်္ခါရ နိမိတ်သည် စက်ဆုတ်ဘွယ်ရှိ၏ဟု ဆင်ခြင်ရမည်။

**အာယုဟာန်နိဗ္ဗိန္ဒ**။ ။အား ထုတ် အပ် သော ကုသိုလ်ကံ အကုသိုလ်ကံသည် စက်ဆုတ်ဘွယ်ရှိ၏ဟု ဆင်ခြင်ရမည်။

ပဋိသန္ဓိ နိဗ္ဗိန္ဒ ။ ။ပဋိသန္ဓေ စွဲနေရခြင်းသည် စက်ဆုတ်ဘွယ် ရှိ၏ဟု ဆင်ခြင်ရမည်။

ဤသို့ ဆင်ခြင်ပွားများဖန် များလတ်သော် ယောဂီသူမြတ်၏ စိတ်တွင် အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းသို့ရောက်၏။ မမွေ့လျော်နိုင်တော့ပြီ။ ဝိသုဒ္ဓိမဂ်၌လာသော ဥပမာကို ပြရမည်ဆိုသော်၊ အလွန်သာယာဘွယ်ရှိသော ငှာနတို့၌သာ ပျော်မွေ့လေ့ရှိသော ရွှေဟင်္သာမင်းသည် ဒွန်းစဏ္ဍားတို့၏ ရွာအနီး မကောင်းသည်တို့ကို စွန့်ပစ်ရာ အိုင်ငယ်တွင် မွေ့လျော်ခြင်းငှာ မဖြစ်နိုင်ဘိသကဲ့သို့တည်း။

တနည်းဆိုသော် ယူဇနာအားဖြင့် သုံးထောင်ကျယ်သော ဟိမဝန္တာ၌သာ မွေ့လျော်သော ခြင်္သေ့မင်းသည် ရွှေချိုင့်၌ လှောင်ထားရာတွင် မပျော်မွေ့နိုင်သကဲ့သို့တည်း။

တနည်းဆိုသော် ငွေတောင်ပမာ ကိုယ်လုံးဖြူသော ဆဒ္ဒန် ဆင်မင်းသည် ရွာလယ် မြို့လယ်တွင် ကောင်းမွန်စွာ ထားသော်လည်း မမွေ့လျော်နိုင်ဘိသကဲ့သို့ ယောဂီသူမြတ်သည် လောကကြီးတွင် မွေ့လျော်ခြင်းငှာ မတတ်နိုင်တော့ပြီ။ လောကကြီးကို ယခုဘဝ အတွက်သာမက နောက်ပြန်လည် ဖြစ်ရမည်ကိုပင်

ကြောက်ရွံ့ခြင်းမက ကြောက်ရွံ့ပြီးလျှင် ငြီးငွေ့ခြင်းမက ငြီးငွေ့လာတော့၏။ ဤကား နိဗ္ဗိဒါဉာဏ်တည်း။

## ဝိပဿနာ နတ်သားကို နတ်သမီးများက မှန်ဆောင်ပြရခြင်း

တကယ်တန်း ဝိပဿနာလုပ်ငန်းကို ဆင်ခြင် လေ့လာပွား များလာသူ ယောဂီသူမြတ်သည် အဘယ်မျှ ခန္ဓာ ၅-ပါးကို ငြီးငွေ့လာပါသနည်းဆိုသော် စာမျက်နှာ ၁၆၇-တွင် ဖော်ပြခဲ့သည့်....

စက္ခုသိုံ ဟညတိ၊
မနာပါ မနာပေတိ ရူပေတိ။

စသည်တို့အတိုင်း ဒွါရ ၆-ပေါက်တို့မှ ဝင်ရောက် လာသော ဝေဒနာဟူသမျှတို့ကို ကောင်းသည်ကိုလည်း အလိုမရှိ။ မကောင်းသည်ကိုလည်း အလိုမရှိဘဲ ဖြစ်လာတော့၏။ ထိုအခါတွင် ယောဂီသူမြတ်သည် ၅-ပါးသီလကို မဆိုထားဘိ အလိုအလျောက် ၈-ပါးသီလ၊ ၉-ပါးသီလ၊ ၁၀-ပါးသီလ စသည်တို့ကို ဆောက်တည်ခါ အသက်သတ်လွတ် စားရမည်မှာလည်း ဝန်မလေးတော့ချေ။ ခန္ဓာကိုယ်ကြီး နောက်ထပ် ဖြစ်မည့်အရေး၊ ပဋိသန္ဓေနေရမည့်အရေး၊ အိုရမည့်အရေး၊ သေရမည့်အရေး၊ နာရမည့်ဘေး၊ သေရမည့်ဘေးတို့ကို အထူးကြောက်ရွံ့ ငြီးငွေ့လာ၏။ မည်သည့် ကာမဂုဏ်ကိုမျှ မခံစားရဲတော့ပြီ။ထိုကြောင့် ဘုရားရှင် လက်ထက်တော်၌....

## သမဏနတ်သား

သည်ဝိပဿနာတရားကို တဦးထည်း ကြီးစွာသော လုံ့လ ဝီရိယဖြင့် ကျိုးစားလတ်သော် ဝိပဿနာတရားကို အားထုတ် ကျိုးစားရင်းပင် အင်အားဖျော့တော့၍ တမဂ်တဖိုလ်သို့ မရောက် မီပင် စုတေမနေ ပြန်လွန်တော်မူရှာလေ၏။

ထိုသောအခါ တာဝတိံသာ နတ်ပြည်တွင် ရွှေဗိမာန်ကြီး အလယ် ထက်ဝယ်ဖွဲ့ခွေ နေလျက်ပင် နတ်သားအဖြစ်သို့ရောက်ရှိ လေ၏။ ယင်းသို့နတ်သားဖြစ်လျှင်ဖြစ်ခြင်း များစွာသော နတ် သမီးတို့သည် ငါတို့သခင် ဗိမာန်ရှင်နတ်သား ရောက်ရှိလာပြီ ဆိုခါ ရှင်လန်း ဝမ်းမြောက်စွာ ပျော်ပါး ခံ့စားရန် ရောက် လာကြလေသည်။

ဤကဲ့သို့သော အခြင်းအရာကို သမဏ နတ်သားမြင်သော် အလို-ရပ်ထဲ ရှာထဲက တကာမတွေ ရဟန်းသံဃာကို ဖူးမျှော် ကန်တော့ကြရန် ကျောင်းသို့ လာနေကြပါပကောဟု ထင်မှတ် ပြီးလျှင် တိုး၍ပင် အာရုံမပြန့်လွင့်စေရန် စက္ခုဣန္ဒြေကို သိမ်း ဆည်း၍ နေလေ၏။ ယင်းသို့သော နတ်သား၏ အမူအရာကို နတ်သမီးပေါင်းများစွာတို့ မြင်လတ်သော် ဤနတ်သားကား ရှေးဘဝက ရဟန်းတရား အားထုတ်ရင်း စုတေ၍ ရောက်လာ သော နတ်သားဖြစ်တန်ရာ၏။ မိမိနတ်အဖြစ်ကို ရောက်ရှိမှန်း မသိသေး၊ သိရှိရလေအောင် ဤသို့ဆိုကြကုန်၏။

အရှင်နတ်သား ဤနေရာကား လူ့ပြည်မဟုတ်ပါ၊ နတ်ပြည် ဖြစ်၍ အရှင်သည် နတ်သားဖြစ်၍နေပါပြီ၊ ထိုကြောင့်နတ်၏ စည်းစိမ်ကို ပျော်ပါးခံစားတော်မူပါဟု လျှောက်ဆိုကြ၏။

သို့ရာတွင် သမဏ နတ်သားသည် ဤတကာမတွေ့သည် ကြမ်းတမ်းလှချေ၏တကား။ ငါ့အား အသို့လျှင် မသင့်လျော်သော စကားကို ဆိုကြဘိ၏ဟု အမှတ်ပြုခါ ထပ်မံပိုမို သိမ်းဆည်းလျက် နေပြန်၏။ ထိုအခါ အချို့ နတ်သမီးတို့သည် အကြံရရှိသဖြင့် ကိုယ်လုံးပေါ်မှန်ကြီးကို သယ်ယူလာပြီးလျှင် နတ်သား၏ ရှေ့တွင် ထောင်လျက်ပြထားလေသော် နတ်သားသည် မိမိ၏ အရိပ်ကို မှန်တွင် ထင်ရှားစွာ မြင်လေ၏။

ထိုသောအခါ နတ်သားသည် စိတ်၌ မသက်မသာဖြစ်ခါ ငါသည် ဤနတ်တို့၏ စည်းစိမ်ကို ခံစားလို၍ တရားကို ကျိုးပမ်းသမှု ပြုသည်မဟုတ်၊ နိဗ္ဗာန်ကိုသာ အလိုရှိ၍ အားထုတ်ပါသည်ကို ဤကဲ့သို့ အသုံးမကျ အကျိုးမရှိသောဘာဝမျိုးတွင် လာရောက်ဖြစ်ရပြန်ချေ၏တကားဟု ထိတ်လန့် ကြောက်ရွံ့ခြင်းသည် ဖြစ်လာတော့၏။ တဖန် ထိုမှ ဤမှ လှည့်လည် ကြည့်ရှုလတ်သော် မိမိ၏ ပတ်ဝန်းကျင်၌ ပျော်ပါး ခံစားရန် စောင့်ဆိုင်းနေကြသော နတ်သမီးအပေါင်းတို့ကို မြင်ပြန်ရာ မြေဘုတ်ဘီလူးမများသာဟု ထင်ပြန်လျက် ဘုရားရှင် အထံတော်သို့ အတင်းပြေးခါ သံသရာဝဋ်မှ လွတ်မြောက်ရေးတရားကို ချီးမြှင့်ဟောကြားတော်မူပါ ဘုရားဟု လျှောက်ထား တောင်းပန်ရှာလေသည်။

ထိုအခါ ဘုရားရှင်သည် မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာတရားကို ဆင်ခြင်ပွားများရန် နည်းလမ်းပြသဟောတော် မူရာတွင် သမဏ နတ်သားနှင့်တကွ နယသမီးများစွာပင် သောတာပန်အဖြစ်၌ တည်ကြလေ၏။ ဤသည်ကား ခန္ဓာ ၅-ပါး ဖြစ်ရခြင်းဘေးကို ငြီးငွေ့တော် မူရှာသော သမဏ နတ်သား၏ ထုံးကို သဂါထာ

ဝဂ္ဂသံယုတ် ဒုတိယအနာထပိဏ္ဍိကဝဂ်နှင့် ၎င်းအဋ္ဌကထာ၌လာရှိ၏။ ဤတွင်လည်း ယောဂီသူမြတ်တို့သည် ခန္ဓာ ၅-ပါး ပြန်လည်ဖြစ်မည့်ဘေးကို ရှုံ့ကြောက် ငြီးငွေ့ခါ ဝိပဿနာဘာဝနာကို တိုးတက်ဆင်ခြင် ပွားများတော်မူကြရန် ဖေါ်ပြလိုက်ခြင်းဖြစ်၏။ဤသို့လျှင် နိဗ္ဗိဒါဉာဏ်ခဏ်းကိုဆုံးစေ၍ မုဉ္စိတုကမျတာဉာဏ်ကို ဆက်ပေအံ့။

## မုဉ္စိတုကမျတာဉာဏ်

ယောဂီသူမြတ်သည် နိဗ္ဗိဒါဉာဏ်ခဏ်းတွင် ပြခဲ့သည့်အတိုင်း ရုပ်တရား နာမ်တရား ခန္ဓာ ၅-ပါးကို ငြီးငွေ့နေရာမှ ဝိပဿနာလုပ်ငန်းကို ဆက်လက်အားထုတ်နေပြန်ရာ မကြာမီသော အချိန်တွင် နိဗ္ဗိဒါဉာဏ်စခန်းမှ မုဉ္စိတုကမျတာဉာဏ်စခန်းသို့ ရောက်ရှိလာတော့၏။ရောက်ရှိလာခြင်းမှာ မိမိက တိုးတက်ရသည်မဟုတ် ဝိပဿနာ ဘာဝနာစခန်းတွင် ဉာဏ်အမြင် ရင့်သန်လာခြင်းဖြစ်၏။ မိမိက တိုးတက်ပေးခြင်းသည် အတုမျှဖြစ်၏။

မိမိက တိုးတက်ပေးမှုနှင့် သဘာဝအတိုင်း ဝိပဿနာ ဘာဝနာကို တပ်ခါထပ်ခါ နှမ်းကို ဆီထွက်ရန် အကြိမ်ကြိမ် အဖန်ဖန် ကြိတ်နယ်ရသကဲ့သို့ လုံးလပြုပါမှ ဉာဏ်ရင့်သန်လာမှုတို့မှာ တခုနှင့်တခု များစွာ ကွာခြားလျက်ရှိ၏။

ဝိပဿနာဉာဏ် ရင့်သန်လာ၍ လောကကြီးကို ငြီးငွေ့လာသော နိဗ္ဗိဒါဉာဏ်မှ လွတ်အောင် ရှုန်းလိုသော မုဉ္စိတုကမျတာ

စခန်းသို့ ရောက်ရှိလာသော ယောဂီသူမြတ်သည် စာမျက်နှာ ၁၂၁-မှ ၁၂၃-အထိ ဖော်ပြခဲ့သော....

တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ။

စသည် အဖြစ် အဆက်ဆက်ကို ကြောက်ရွံ့လှသဖြင့် (ဝါ) ငြီးငွေ့လှသဖြင့် ဝေဒနာအာဝဝကို မခံစားရဲတော့ပြီ။ စာမျက်နှာ ၇၉-၌ ဖော်ပြခဲ့သော တိရစ္ဆာနကထာကိုလည်း မပြောရဲ မကြားရဲတော့ပြီ။ (ဝါ)ဒွါရ ၆-ပေါက်ကို ပိတ်ဆို့ခါသာ နေချင်တော့၏။ (ဝါ) ဣန္ဒြိယ သံဝရသီလကြီးကို စောင့်ထိန်းခါသာ နေလိုတော့၏။ ဤသည်ကား ဝိပဿနာ ဘာဝနာကို ကျနစွာ လေ့ကျင့်ခဲ့သဖြင့် ဓမ္မနိယာမအားဖြင့် ရရှိရောက်ရှိလာသော မုဉ္စိတုကမျတာ ဉာဏ်စခန်း ဌာနပေတည်း။

(များသော အားဖြင့် ယောဂီလုပ်လိုသူတို့သည် ဝိပဿနာကိုကား လုပ်လိုကြ၏။ သို့သော် သီလကို ကြိုတင် မထိန်းသိမ်းနိုင်သည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်များအတွက်မှာ မလုပ်ဘဲနေမည့်အစား ဝိပဿနာလုပ်ငန်းကို တွင်တွင်အားထုတ်ပါ သီလ အလိုလိုလုံခြုံလာလိမ့်မည်။)

ထိုသောအခါ ယောဂီသူမြတ်သည် လောကကြီးကို ငြီးငွေ့ဆာမှ လွတ်မြောက်ရာထွက်ပေါက် ရရှိရေးအတွက် ကျိုးစားပြန်တော့၏။ အဘယ်သို့နည်းဟူမူ၊ မြုံးကွန်အတွင်း၌ ကျရောက်

နေသောငါးသည် မြုံး, ကွန်အတွင်းမှ လွတ်ရန် များစွာ အလိုရှိဘိသကဲ့သို့ငှင်း၊ မြွေ၏ ခံတွင်းသို့ ရောက်ရှိနေသော ဖါးသည် မြွေ၏ ခံတွင်းမှ လွတ်လိုဘိသကဲ့သို့ငှင်း၊ မုဆိုး၏ ကျော့ကွင်းတွင် မိနေသော သမင်သည် ကျော့ကွင်းမှ လွတ်လိုဘိ သကဲ့သို့ငှင်း၊ ယောဂီသူမြတ်အား ဖြစ်လာတော့ရကား ယောဂီ သူမြတ်သည် ဆက်ခါဆက်ခါသာ ကျိုးစားပြန်တော့၏။

—‡—

## ပဋိသင်္ခါဉာဏ်

လောကကြီးကို ငြီးငွေ့၍ လောကကြီးမှ လွတ်လို၍ နောက် ထပ်မံပြီး ခန္ဓာ ၅-ပါးကို မပြတ်စေလိုသော ယောဂီသူမြတ်သည် ခန္ဓာ ၅-ပါးကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်ပြန်၏။ ဆင်ခြင်ပုံမှာ စာမျက်နှာ ၂၅၈-တွင် ပြဆိုခဲ့သော တော ၄၀-ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ထပ်ခါထပ်ခါ ဆင်ခြင်ပွားများ ပြန်၏။

ထိုသောအခါ ခန္ဓာ ၅-ပါးသည် နိစ္စမဟုတ်၊ မမြဲသော အနိစ္စ။ ခန္ဓာ ၅ ပါးသည် သုခမဟုတ် ဆင်းရဲသော ဒုက္ခ။ ခန္ဓာ ၅-ပါးသည် အတ္တမဟုတ်။ ငါ-အစိုးမရ၊ ငါ-မပိုင်သော အနတ္တ။ ခန္ဓာ ၅-ပါးသည် ရှုချင်စဘွယ် သုဘမဟုတ်။ စက်ဆုတ်ဘွယ် အသုဘဟု ယောဂီသူမြတ်စိတ်တွင် ရှေးကထက် ပိုမိုထင်ရှား လာပေတော့၏။

ထိုအချိန်တွင် ယောဂီသူမြတ်စိတ်၌ အဘယ်ကဲ့သို့ ဖြစ်ပေါ် လာသည်ကို ဥပမာပြုရသော် တံငါယောကျ်ားသည် ဆောင်းနှင့်

ငါးကိုဘမ်းရာ ဆောင်းအတွင်းရှိ ငါးကိုဘမ်းခါ အပေါ်သို့ ဆွဲထုတ်လိုက်၏။ ထိုအခါ ငါးကိုမတွေ့ရ လည်ရေး ၃-ရစ်ရှိသော အဆိပ်ပြင်းထန်သည့် မြွေကိုမိလျက်ရှိသည်ကို တွေ့ရလေ၏။ ဤ၌ တံငါယောကျ်ားသည် နောင်အခါ အန္တရာယ် မပြုနိုင်အောင် ထိုမြွေကြီး အားနည်းအောင် ပြုပြီးလျှင် မိမိလက်ကို ရစ်ပတ်ထားသည်ကို ဖြည်ကာ ဦးခေါင်းပေါ်တွင် မြွေကို ၂-ကြိမ်၊ ၃-ကြိမ် အရှိန်ရအောင် ပတ်ပတ် လှည့်ပြီးနောက် ကဲ-မောင်မင်းကြီးသား ရောက်ချင်ရာ ရောက်ပေတော့ဟု စွန့်ပစ်လိုက်ပြီးလျှင် ကန်ဘောင်သို့တက်ခါ အင်း- မောင်မင်းကြီးသား မြွေဆိုးကြီးဘေးမှ လွတ်ရပေပြီတကားဟု ဆိုခါ လာသော ခရီးကိုကြည့်လျက် တည်၏။

—‡—

## သင်္ခါရုပေက္ခာဉာဏ်

ပဋိသင်္ခါဉာဏ်ကို ကျော်လွန်လာသော ယောဂီသူမြတ်သည် ကျော်လွန်လာသော ဘေးဘယတို့ကို တည်ကြည်သော သမာဓိဖြင့် ကြည့်ပြီးလတ်သော် မြင်မြင်သမျှ သင်္ခါရတို့ အပေါ်တွင် အနှစ်သာရ မရှိသည်ကို တွေ့မြင်၏။ ခင်တွယ်ခြင်းကို စွန့်တော့၏။ ငါ-ဟူ၍ရင်း၊ ငါ၏ ဥစ္စာဟူ၍ရင်း၊ မစွဲလန်း။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှ လာသော ဥပမာကို ပြရသော် ယောကျ်ားတဦးတွင် အလွန်နှစ်သက်အပ်သော အကြင်မယားသည်ရှိ၏။ ယင်းသို့ ချစ်ခင်လှစွာသော မယားပင် ဖြစ်လင့်ကစား ထိုမိန်းမသည် မယား၏ ဝတ်ကို မစောင့်ရှောက်ဘဲ အခြား

တပါးသော ယောက်ျားတဦးနှင့် ပျော်ပါးနေသည် မျှမက မိမိအသက်ကိုပင် ရန်ရှာမည်ကို သိသောအခါ ထိုယုတ်မာသော မိန်းမကို စွန့်လွှတ်လိုက်၏။ ထိုနောက် ၎င်းမိန်းမ အပေါ်တွင် မည်သို့မျှ မစွဲလန်း နှလုံးမသာခြင်းသို့ မရောက်တော့ဘဲ လျစ်လျူရှုခါ ဥပေက္ခာပြု၍ နေသည်ဖြစ်ရာ၏။

ထိုအတူ ယောဂီသူမြတ်သည် အလုံးစုံသော သင်္ခါရတို့မှ လွတ်လိုသည်ဖြစ်၍ ဆက်လက်ခါ ဝိပဿနာ ဘာဝနာကို ဆင်ခြင်သိမ်းဆည်းပြန်၏။ အဘယ်သို့ ဆင်ခြင်သိမ်းဆည်း ပြန်သနည်းဆိုသည်ကို အတိုချုပ် ဖေါ်ပြရသော်....

ခန္ဓာ ငါးပါးတွင် အတ္တဆိုသော ငါမရှိ။ ငါမရှိခြင်းကြောင့် ငါ၏ ဥစ္စာဆိုသည် မရှိတော့ပြီ။ သူတပါး ယောကျ်ားမိန်းမ ဆိုသည်မရှိ။ သူတပါး မရှိခြင်းကြောင့် သူတပါး ပိုင်သော ဥစ္စာဆိုသည် မရှိတော့ပြီ။ ထိုကြောင့် သင်္ခါရ တရားတို့သည် ငါ ငါ့ဥစ္စာ၊ သူတပါး- သူတပါး ဥစ္စာမှ ကင်းဆိတ်၏ဟု ဆင်ခြင်ပွားများနေ၏။

တနည်းလည်း ဤသို့ဆင်ခြင် သိမ်းဆည်းပြန်၏။ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့သည် သတ္တဝါမဟုတ်၊ ဇီဝဟုခေါ်ဆိုသော အသက်မဟုတ်၊ ဆောင်တတ်သော ကိုယ်မဟုတ်၊ မာန၏ဖြစ်ရာ ကိုယ်မဟုတ်၊ မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ်၊ ကိုယ်ကောင်မဟုတ်၊ ငါကောင်မဟုတ်ဟု ဆင်ခြင် ပွားများနေခြင်းဖြင့် အတ္တသုညတ ကို တိုးတက်ရင့်သန်စေ၏။

ဤသင်္ခါရုပေက္ခာဉာဏ်၌ သိရှိရန်မှာ ပြင်းစွာ ပူပန်ဆင်းရဲသော ခန္ဓာတရားသည်။ သင်္ခါရ တရားမည်၏။ ထိုသင်္ခါရ တရားကို မုန်းခြင်း၊ ချစ်ခြင်းမရှိဘဲ မျှတညီညွတ်စွာ ရှုတတ်သော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာ တရားမည်၏။ ထိုသင်္ခါရ- ဥပေက္ခာတရား ၂-ပါးကို သိမြင်တတ်သော ပညာ တရားသည် သင်္ခါရုပေက္ခာ ဉာဏ်မည်၏။ သတိပြုရန်ကား မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်။ ဤဉာဏ် ၃-ပါးမှာ အခေါ်သာကွဲ၍ သဘောမှာ အတူတူပင် ဖြစ်လျက် အနု-အရင့်မျှသာ ကွာခြားလေသည်။

မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် တို့ ရင့်သန်လာသော အခါ အာဒီနဝဉာဏ်ခဏ်း စာမျက်နှာ ၃၀၉-တွင် ပြဆိုခဲ့သော ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ သန္တိ ပဒေဉာဏံ။ အနက်မှာ- ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းရှိသော သင်္ခတတရားသည်။ ဒုက္ခံ၊ ဒုက္ခဆင်းရဲ အပေါင်းသည် မပြတ် မလတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ မဖြစ် ပေါ်ခြင်း လက္ခဏာသာလျှင်ရှိသော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သည်။ သုခံ၊ ဒုက္ခအပေါင်းတို့ မနှိပ်စက်အပ်သောကြောင့် ချမ်းသာလှပေ၏။ ဣတိ၊ ဤသို့။ ဝိဇာနနံ၊ သိသောဉာဏ်သည်။ သန္တိပဒေ၊အလုံးစုံသော သင်္ခါရတရားတို့၏ ငြိမ်းရာငြိမ်းကြောင်း ဖြစ်သော နိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် ဝိပဿနာကို ပွားများဖန်များသဖြင့် သဘာဝ မေ့အတိုင်း ဉာဏ်ရင့်သန်လာပြီးလျှင် လောကကြီးတွင် ပြန်၍

ဖြစ်ရခြင်း၏ ဒုက္ခအပေါင်းကိုမြင်၍ တဘက်တွင် ဒုက္ခအပေါင်း ကင်းငြိမ်းသော အသင်္ခတဓာတ် နိဗ္ဗာန်ကိုသိသော ဉာဏ်ဖြစ်လာသောအခါ ယောဂီသူမြတ်သည် သမာဓိကို တည်ကြည်စေလျက် နိဗ္ဗာန်သို့ သန္တိပဒဉာဏ်ဖြင့် ရှုအပ်၏။

အသို့နည်းဟူမူ သမုဒ္ဒရာကို ကူးဖြတ်သော သင်္ဘောသားတို့သည် ကမ်းသို့ သိလို ရောက်လို၍ (ဒိသာကာက)ကျီးကို လွှတ်၏။ ကျီးသည် လွှတ်လပ်လို၍ အရပ်လေးမျက်နှာသို့ ပျံသန်းခါ ကမ်းကို ရှာ၏။ ကမ်းကို မတွေ့သောအခါ သင်္ဘောသို့ပင် ပြန်ရောက်ခါ နားရပြန်၏။ အကယ်၍ ကမ်းကိုမြင်အံ့၊ ထိုမြင်ရာ ကမ်းသို့ ပျံသွားလေတော့၏။

ထိုအတူ သင်္ခါရုပေက္ခာ ဉာဏ်သည် ပူပန်ခပ်သိမ်း ဒုက္ခအပေါင်းတို့၏ ငြိမ်ရာဖြစ်သော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို ငြိမ်သက်သော သန္တိအားဖြင့် ငြိမ်သက် ပိုင်နိုင်စွာ ရှုမြင်နိုင်၏။ ထိုသို့ ရှုမြင်နိုင်သော အခါသည် အလုံးစုံသော သင်္ခါရတရားတို့ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာ ပြေးဝင်လေတော့၏။

## အနုလောမဉာဏ်
## ဂေါတြဘုဉာဏ်
## မဂ်ဉာဏ်—ဖိုလ်ဉာဏ်

သင်္ခါရုပေက္ခာဉာဏ် ရင့်သန်သဖြင့် အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်၍ လာရန်မှာ ဆိုအပ်ခဲ့ပြီးသော အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာတို့ဖြင့် ပွားများ သိမ်းဆည်း၍ သုညအားဖြင့် မြင်ပြီးသည်ရှိသော် လက္ခဏာရေး သုံးပါးသို့တင်လျက် အလုံးစုံသော ခန္ဓာသင်္ခါရတို့၌ ငါ၏ကိုယ်၊ ငါ၏ဥစ္စာဟု စွဲသမ်းခါမယူတော့ဘဲ ကြောက်ခြင်း၊ နှစ်သက်ခြင်း၊ မုန်းခြင်းတို့ကို စွန့်ပယ်လျက် အညီအညွတ်သာ ရှုနေ၏။

အကယ်၍ အနုလောမဉာဏ် မရင့်သန်သေး၍ နိဗ္ဗာန်ကို ဒုက္ခ ခပ်သိမ်း ငြိမ်းအေးခြင်း၊ သန္တိသဘောအားဖြင့် မမြင်သေးမူကား၊ ဝါဂွမ်းကို အကြိမ်ကြိမ် အခါခါ ဖန်ခြင်းကဲ့သို့ ခန္ဓာသင်္ခါရ တရားတို့ကို အကြိမ်ကြိမ် အဖန်ဖန် အနိစ္စ အနုပဿနာ ဒုက္ခ အနုပဿနာ၊ အနတ္တ အနုပဿနာ၏ အစွမ်းအားဖြင့် တည်နေ၏။

အနိစ္စ အနုပဿနာ၊ ဒုက္ခ အနုပဿနာ၊ အနတ္တ အနုပဿနာ အားဖြင့် သုံးပါးသော အနုပဿနာတို့တွင် တပါးပါးသော အနုပဿနာ အားကြီးသော ယောဂီသူမြတ်အား သဒ္ဓိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေအားဖြင့် သုံးပါးသော ဣန္ဒြေတို့တွင် တပါးပါးသော ဣန္ဒြေသည် အားကြီးလှ၏ဟု မှတ်အပ်၏။

သဒ္ဓိန္ဒြေအားကြီးမူ အနိစ္စ အနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်သို့ရောက်ရ၏။ ထိုသို့ရောက်သောအခါ နိဗ္ဗာန်သည်အနိမိတ္တ နိဗ္ဗာန်မည်၏။ မဂ်သည် အနိမိတ္တဝိမောက္ခမဂ် မည်၏။ အနိစ္စ အနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်သည် အနိမိတ္တ ဝိမောက္ခမုခ မည်၏။

သမာဓိန္ဒြေအားကြီးမူ ဒုက္ခ အနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်သို့ ရောက်ရ၏။ ထိုသို့ရောက်ရာအခါ၌ နိဗ္ဗာန်သည် အပ္ပဏိဟိတ နိဗ္ဗာန်မည်၏။ မဂ်သည် အပ္ပဏိဟိတဝိမောက္ခမဂ် မည်၏။ ဒုက္ခအနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်သည် အပ္ပဏိဟိတ ဝိမောက္ခမုခ မည်၏။

ပညိန္ဒြေအားကြီးမူ အနတ္တ အနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်သို့ ရောက်ရ၏။ ထိုသို့ရောက်ရာအရပ်၌ နိဗ္ဗာန်သည် သုညတ နိဗ္ဗာန်မည်၏။ မဂ်သည် သုညတ ဝိမောက္ခမဂ် မည်၏။ အနတ္တအနုပဿနာ သင်္ခါရုပေက္ခာ ဉာဏ်သည် သုညတ ဝိမောက္ခမုခ မည်၏။

ဤသို့လျှင် သင်္ခါရုပေက္ခာဉာဏ် ရင့်သန်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ၊ နိဗ္ဗာန်အမည်သုံးမျိုးရပုံ၊ မဂ်ဉာဏ် အမည်သုံးမျိုးရပုံ၊ သင်္ခါရုပေက္ခာဉာဏ် အမည်သုံးမျိုး ရကုန်၏။

ဤသို့လျှင် အနိစ္စ, ဒုက္ခ, အနတ္တတို့၌ တပါးပါးကို ဆင်ခြင်သုံးသပ်နေရာ သင်္ခါရုပေက္ခာဉာဏ်ကို ကျော်လွန်၍ အနုလုံဂေါတြဘူ ဉာဏ်စခန်းသို့ ရောက်ရှိလာလေသည်။ အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ် ကွာခြားပုံမှာ အနုလုံဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာသာလျှင် သတ္တိရှိ၏။ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာမူကား မတတ်စွမ်းနိုင်။ ဂေါတြဘူဉာဏ်သည်ကား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုနိုင်၏။ သစ္စာကို ဖုံးလွှမ်းသော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းကိုကား မတတ်စွမ်းနိုင်။တနည်းသိရှိရန်မှာ ဂေါတြဘူဉာဏ်သည် ပုထုဇဉ်အနွယ်ကို ဖြတ်လျက်အရိယာ အနွယ်ကို ဆက်၏။ ထိုသို့ ဆက်စပ် ပေးသောကြောင့် ဂေါတြဘူဉာဏ်ကို အနွယ်ဆက် **အဗ္ဗောဟာရိကဉာဏ်**ဟုလည်းခေါ်၏။

ဂေါတြဘူဉာဏ်သည် အနုလုံ၏ အာရုံကို မယူမူ၍ မဂ်အာဝဇ္ဇန်းအရာ၌တည်လျက် မဂ်ဉာဏ်အား အာသေဝနသတ္တိကိုပေးသကဲ့သို့ဖြစ်၍ ချုပ်သောအခါ မဂ်သည်လည်း ဂေါတြဘူပေးသော ပစ္စည်းသတိကို မလွှတ်ဘဲ အနမတဂ္ဂ သံသရာမှစ၍လာခဲ့သော လောဘ, ဒေါသ, မောဟ တို့ကို ဖေါက်ခွဲလျက်သောတာပတ္တိ မဂ်စိတ်သည် ဒုက္ခသစ္စာကို သမ္မောဟအားဖြင့်ပိုင်းခြား၍သိလျက် သမုဒယသစ္စာကို သမုစ္ဆေဒအားဖြင့် ပယ်ရှားလျက် နိရောဓသစ္စာကို ပဋိဝေဓအားဖြင့် မျက်မှောက်ပြုလျက် မဂ္ဂသစ္စာကို သမာဓိ ပညာ၊ သော တရားတို့၌ အချင်းချင်းမလွန်စေသော အားဖြင့် ပွားစေလျက် မဂ်ဟူ၍ တကြိမ်သောတာပတ္တိဖိုလ်-ဖိုလ်-ဟု နှစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။

# နိဗ္ဗာန်
# နှင့်
# သောတာပန်

သောတာပန်ဖြစ်ရန်နှင့် နိဗ္ဗာန်အကြောင်း နိဂုံးချုပ်အားဖြင့် တိုတိုနှင့် လိုရင်းကို နားလည်အောင် ရေးရသော် မိမိစိတ်ကို စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ တည်းဟူသော ဒွါရ ၆-ပေါက်မှ လာသမျှ သုခ ဒုက္ခ စသည့် ဝေဒနာဟူသမျှ တို့ကို တဏှာသို့ မကူးစေဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဖြင့် ပွားများ ကြိတ်နယ်နေရမည်ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်တော် ဟောတော် မူအပ်သော မဟာသတိပဋ္ဌာန် ပါဠိတော်အစ၌....

ကာယေ ကာယာနုပဿီ ဝိဟရတိ၊
အာတာပီ သမ္ပဇာနော သတိမာ၊
ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဟူ၍ ဟောတော်မူ၏။ အဓိပ္ပါယ်လိုရင်းကို ရှင်းရှင်းဆိုရသော် အဘိဇ္ဈာဒေါမနဿံဆိုသည့် လောဘစိတ်၊ ဒေါသစိတ်၊ မဖြစ် ပေါ်ရန် မိမိစိတ်ကို ကိုယ်ခန္ဓာကြီးအပေါ်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘောသဘာဝ ဖြစ်ပျက်နေပုံတို့ကို ပွားများဆင်ခြင် နေရမည်ဟု မိန့်တော်မူခြင်းဖြစ်၏။ ထိုအတူ ဝေဒနာစိတ် စသည် တို့ အပေါ်၌လည်း ပွားများဆင်ခြင်နေရမည်ဟု မိန့်တော်မူ၏။ အဘိဇ္ဈာဒေါမနဿံဆိုသော လောဘစိတ်၊ မောဟစိတ်၊ မဖြစ် ပေါ်ရန် လက္ခဏာရေး ၃-ပါးကို ဆင်ခြင်ပွားများနေခြင်းသည်

အဝိဇ္ဇာမဟုတ်ခြင်းကြောင့် မောဟစိတ်မှလည်း ကင်းကွာနေတော့၏။ ထို့ကြောင့် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် မဖြစ်စေဘဲ အလောဘ, အဒေါသ, အမောဟ, စိတ်များ ဖြစ်နေတော့၏။ ထို့ကြောင့် ပါဠိတော်မူရင်းကိုပြန်၍ တိကျစွာစစ်ဆေးသော် စိတ်ကို လောဘ,ဒေါသ, မောဟ, စိတ်ဖြစ်၍ မနေစေရ။ အစဉ် အလောဘ,အဒေါသ,အမောဟ,စိတ်သာ ဖြစ်နေရမည်ဟု မိန့်တော်မူခြင်းဖြစ်၏။ သတိလစ်လျှင်လစ်ခြင်း အဝိဇ္ဇာ ဝင်လာတော့၏။

ထိုသို့ အလောဘ, အဒေါသ, အမောဟ ဖြစ်နေစေသော ယောဂီသူမြတ်သည် သာမန် သီလကို စောင့်ထိန်းနေသည်မဟုတ်၊ ဣန္ဒြိယသံဝရ သီလကြီးကို စောင့်ထိန်းနေသည်သာမက၊ ဘုရားရှင် အလိုအရှိဆုံးဖြစ်သော ဥဒယဗ္ဗယ ဥာဏ်ကြီးကိုလည်း ဆင်ခြင်ပွားများနေသဖြင့် လောကတွင် အကောင်းဆုံး တရားကြီးကို ကျိုးစားအားထုတ်နေခြင်းဖြစ်၏။ ထိုမျှ သီလစင်ကြယ်နေသော ပုဂ္ဂိုလ်သည် အဘယ်လျှင် မိမိရည်ရွယ်ချက်သို့ မရောက်ဘဲ ရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် ဘုရားရှင်သည်....

သီလဝတော ဘိက္ခဝေ
စေတောပဏိဓိ ဣဇ္ဈတိ ဝိသုဒ္ဓတ္တာ။

ဟူ၍ ဟောတော်မူခဲ့လေပြီ။ ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့။ သီလဝတော၊ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား။(ဝါ)သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ သီလဝိသုဒ္ဓတ္တာ၊ သီလတရားစင်ကြယ်သည်၏ အဖြစ်ကြောင့်။ စေတောပဏိဓိ၊ မိမိ၏ စိတ်ထဲက

...ပသော အမျိုးမျိုးသော အကျိုးတရားသည်။
...ယ့်စုံနိုင်ပေသတည်း။ ထိုကြောင့်ဤမျှ သီလရှိသူ
...မဂ်တဖိုလ်ရရှိရေးသည် သီလ၏ စင်ကြယ်သန့်ရှင်းမှု
...ယဉ်းတော့ပြီ။ လွယ်၍လွယ်၍သာ လာတော့၏။

...အတွက်ကား ဝိပဿနာယောဂီသူမြတ်၏ စိတ်သည်
...က်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊
...ဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါ
...ါရုပေက္ခာဉာဏ် အထိ အကြိမ်ကြိမ် အဖန်ဖန်
... သမာဓိ တည်ကြည်မှုသည် အားမသေးတော့ချေ။
...မြတ်၏ စိတ်သည် သမာဓိ အားကောင်းသဖြင့် အထူး
...မ်သက်ပြီးလျှင် အလွန်အလွန် ဖြူစင် ကြည်လင်နေ
...ို့ကဲ့သို့ ယောဂီသူမြတ်စိတ်သည် တည်ကြည်ငြိမ်သက်
...ပါမှ သန္တိပဒဉာဏ်သည် အစွမ်းအာနိသင် ရှိနိုင်
... ယောဂီသူမြတ်၏ စိတ်သည် အလွန့်အလွန် ဖြူစင်
...ငြိမ်သက်မှု သမာဓိ မရရှိသေးလျှင် သန္တိပဒဉာဏ်
... မစူးရှနိုင်ချေ။

...ယောဂီသူမြတ်၏ စိတ်သည် သမာဓိ အားကောင်းခါ
...နသော အချိန်တွင်၊ နိဗ္ဗာန်က နိယာမအစဉ်အလာ
...ါ ထွက်နေသော အာရမ္မဏသတ္တိ၊ အဓိ တိသတ္တိ၊
...တ္တိ ၃-ပါးသည် အထူးပိုမို ထိခိုက်လာရကား၊
...ာဂီသူမြတ်၏ စိတ်ဝီထိသည် ဘဝင်္ဂလေန၊ ဘဝင်္ဂု
...နာဒ္ဒါရာ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံဂေါတြဘူ၊
...တ္တိမဂ်စိတ်တကြိမ်၊ သောတာပတ္တိ ဖိုလ်စိတ် ၂-ကြိမ်၊

တော်တော အ...
ဏ္ဍတိ၊ ပြ...
အတွက် တ...
ကြောင့် မ...

သမာဓိ ...
သမ္မသနဉာဏ်...
အာဒီနဝဉာ...
ဉာဏ်၊ သင်...
ထုံအပ်သော...
ထိုယောဂီသူ...
တည်ကြည်ငြိ...
တော့၏။ ထ...
ကြည်လင်နေ...
လေသည်။
တည်ကြည် ...
အစွမ်းသတ္တိ...

ထိုသို့ ...
တည်ကြည်...
အားဖြင့် ...
ဥပနိဿယ...
မကြာမီ ပေ...
ပစ္စေဒ၊ မ...
သောတာပ...

၃-ကြိမ်၊ ဘွင်.... ဘွင်.... ဘွင်.... ထိုအခါ ယခင် စာမျက်နှာ ၁၁၅ တွင် ဖော်ပြခဲ့သော အနုသယ ၇-ပါး အနက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂-ပါးမှာ အမြစ်ပါ ပြုတ်သွားတော့၏။ ဤသို့လျှင် ောမဂ်တဖိုလ်သို့ ရောက်ရှိပေတော့၏။

## နိဗ္ဗာန်အယူအဆ

နိဗ္ဗာန်အယူအဆမှာ အတိုချုပ်အားဖြင့် အယူအဆ ၃-မျိုး ကွဲနေသည်ကို တွေ့ရှိရ၏။ ယင်းသို့ကွဲပြားသော်လည်း ကိုးကားသော ပါဠိတော်များမှာ အလွန်ခိုင်မာလှသော ပါဠိတော်များသာ ဖြစ်ရကား သာမန်လူတို့၏ အရာမဟုတ်ချေ။ ရေးသားတော်မူကြကုန်သော ဆရာတော်ကြီးများမှာလည်း မြန်မာနိုင်ငံတော်တွင် နေတာဆူ လတာဆူကဲ့သို့ ထင်ရှားကျော်ကြားကုန်သော ဆရာတော်ကြီးများသာ ဖြစ်ကြလေသည်။

ပဌမဝါဒကား နိဗ္ဗာန်တွင် ခံစားနေသော သတ္တဝါ ရှိသရောင်ရောင်ဖြစ်၏။ ထိုဝါဒမှာ အချို့က သဿတဒိဋ္ဌိမှမလွတ်ဟု စောဒက တက်ကြ၏။ ဒုတိယဝါဒမှာ ခန္ဓာ ၅-ပါး နောက်ထပ်မပေါ် ချုပ်ငြိမ်းသွားသည်ဟု ဆို၏။ ၎င်းဝါဒကို အချို့က ဥစ္ဆေဒဒိဋ္ဌိနှင့် ငြိ၏ဟု စောဒက တက်ကြ၏။ တတိယ ဝါဒကား နိဗ္ဗာန်တွင် သွားရောက်ခံစားသူပုဂ္ဂိုလ် အတ္တ မရှိ၊ ရှိခဲ့လျှင် သဿတဒိဋ္ဌိနှင့် ငြိ၏။ တဘက်တွင် ခန္ဓာ ၅-ပါး ချုပ်ပျောက်သွားသည်ဟူကလည်း ဥစ္ဆေဒဒိဋ္ဌိနှင့် မလွတ်တန်ရာ၊ ထို့ကြောင့် နိဗ္ဗာန်ကို ယထာဘူတကျစွာ သိရှိရန်မှာ အနည်းဆုံး တမဂ်ဘဖိုလ် ရရှိသူများ အလုပ်သာဖြစ်၏ဟု အဆိုရှိ၏။

ဤတွင် သတိပြုရန်ကား ဘုရားရှင်တရားတော်တို့မှာ ဟုတ်မှန်သည်သာဖြစ်၏။ မည်သည့်အခါမဆို ပဋ္ဌမမူရင်းကို အားလုံးသဘောတူ ဝန်ခံကြ၏။ သို့ရာတွင် အငြင်းပွား ကြသည်မှာ အဖျား၌သာ အငြင်းပွားနေကြခြင်း ဖြစ်၏။ ဥပမာဆိုသော် မိဘကိုသတ်လျှင် ပဉ္စာနန္တရိယ ကံကြီးထိုက်၏ဟု အားလုံးဝန်ခံကြ၏။ သို့ရာတွင် ဆူပူ သောင်းကျန်းမှုကြောင့် ရွာတွင်းမှ သေနတ်နှင့် ပစ်လိုက်ရာ သောင်းကျန်းသောသူတဦး ကျဆုံးသွား၏။ ထိုသူကား အခြားမဟုတ် ရွာတွင်းမှ သေနတ်ဖြင့် ပစ်လိုက်သောသူ၏ ဖခင် ဖြစ်ရှိနေတော့၏။

ထိုအခါ ရွာတွင်းမှ သေနတ်နှင့်ပစ်လိုက်ရာ ဖခင်မှန်းမသိ၍ ဂရုကံကြီးမထိုက်ဟု တဦးက ယူဆ၏။ တဦးက ဂရုကံကြီးထိုက်၏ဟု ယူဆ၏။ ဤသို့လျှင် အဖျား၌သာ အငြင်းပွားလျက်ရှိကြလေသည်။ အရေးကြီးလှသည့် ပဓာနဖြစ်သော မူရင်းကိုကား ငြင်းသည်မဟုတ်။

ထိုကြောင့် တရားတော်၌ မူရင်းကိုသာ ပဓာနထားရာ၏။ အဖျားအတွက် အငြင်းပွားနေရန်မသင့်ပြီ။ ဤသို့ ဖြစ်ပါလျှင် နိဗ္ဗာန်ကို အငြင်းပွားနေရန် မသင့်ပြီ။ အထက်တွင် ဖော်ပြခဲ့သော ဆရာတော်ကြီးများ ထက်လည်း ပါဠိတော်ကို ပို၍ မကိုးကားနိုင်ချေ။ တတိယ ဝါဒအတွက် နောက်ဆုံး ရေးသားတော်မူသော ကျမ်းအမည်မှာ တိပိဋကမေဒရာသီ ကျမ်း ဖြစ် ၍ စာမျက်နှာ (၅၀၀) ငါးရာခန့်ရှိ၏။ ကျမ်းပြု ဆရာတော်မှာ ကင်းဝန်မင်းကြီး ဆရာတော် ဦးပညာသီဟ ဖြစ်တော်မူလေသည်။ ထိုကျမ်း၌ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန် အကြောင်းကို ရှင်းထားသည်မှာ စာမျက်နှာ (၅၀) ငါးဆယ်ကျော်ပင်။

ထိုကြောင့် နိဗ္ဗာန်သည် ချမ်း၏။ သန္တိသုခရှိ၏။ အိုခြင်း နာခြင်း, သေခြင်း, ပဋိသန္ဓေနေရခြင်း စသော ဒုက္ခအပေါင်းတို့မှ ကင်းဝေး၏ဆိုသော မူရင်းကိုသာ လက်ခံခါ တမဂ်တဖိုလ် ရောက်ရှိရေးကိုသာ အစွမ်းကုန် ကျိုးစားအားထုတ်တော်မူကြပါကုန်။ ငြင်းခုံခြင်းသည် ဒေါသဖြစ်တတ်၏။ ဒေါသသည် အကုသိုလ်၊ တရားရရှိရန် ကျိုးစားရာတွင် အကုသိုလ် မဖြစ်စေသင့်ပေ။

ဤသို့လျှင် စာအုပ်အစတွင်ပါရှိသော ဘုရားရှင် ပရိနိဗ္ဗာန်ပြုမည့်ဆဲဆဲ အရေးတကြီး နောက်ဆုံးမှာကြားခဲ့သော....

ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

နှင့်လည်းပြည့်စုံစေ၍ စာအုပ်အစတွင် ဖော်ပြခဲ့သော အပါယ် ၄-ပါး တံခါးကို ပိတ်စေပြီးလျှင် ဝိသာခါ, အနာထပိဏ်, သိကြား စသော သောတာပန် များကဲ့သို့ ဘုံစဉ် စံစားခါ အသင်္ခတခေတ် မြတ်သော နိဗ္ဗာန်သို့ ဝင်စံနိုင်ကြပါစေသတည်း။

ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

ပဏ္ဍိုင်

(၁၂-၈-၅၂)

# ဦးပဂ္ဂိုဒ်-ရေး

| | | | |
|---|---|---|---|
| | | | (ကျပ်–ပြား) |
| ၁။ | ဂမ္ဘီရ ဝိပဿနာရှုဘွယ်ကျမ်း | (ပ) | ၂-၈၀။ |
| ၂။ | ၎င်း | (ဒု) | ၂-၈၀။ |
| ၃။ | ကမ္ဘာ့ဝိပဿနာ(ကျောက်ပုံ) | | ၃။ |
| | [ဓမ္မစေတီဆရာတော်-ရေး] | | |
| ၄။ | နိဗ္ဗာန်လမ်းပြဓမ္မကထိက ပဒေသာလက်သုံး | | ၃-၅၀။ |
| ၅။ | သောတာပန်လမ်း အလင်းကျမ်း | | ၃-၅၀။ |
| ၆။ | သမစိတ္တဘာသာကျမ်း | | ၂-၅၀။ |
| ၇။ | ဓမ္မဝိဇ္ဇာနရ နိဗ္ဗာနကျမ်း | | ၂-၅၀။ |
| ၈။ | ပဋိစ္စသမုပ္ပါဒ်လမ်း မေး-ဖြေကျမ်း | | ၂။ |
| | [ဆရာဗကြီး-ရေး] | | |
| ၉။ | သဘာဝနတ်လမ်းညွှန် (ပ-ဒု-တ-စ) | | ၁-၅၀ စီ။ |
| ၁၀။ | မောင်ကြီးနတ် | | ၁-၂၅။ |
| ၁၁။ | ခေတ္တမဂ္ဂဝိနိစ္ဆယ | | ၁-၅၀။ |
| ၁၂။ | စံပြဝိပဿနာ[နေမျိုးရာဇာ ဦးမောင်ကြီး] | | ၃-၅၀။ |
| ၁၃။ | ပရမတ္ထစက္ခု | | ၃-၅၀။ |

**ပညာမဥ္ဇူပိဋကတ်စာအုပ်ဆိုင်၊**
အမှတ်-၁၇၊ ရွှေတိဂုံဘုရားဈေး၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။